www.burmeseclassic.com

# မမသဒ္ဒါမောင်

## အသည်းကိုအလျော်ပေးမယ်




(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်
၂၀၁၆၊ ဒီဇင်ဘာလ။

ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၀၂၄၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချေး – ၁၇၀၀ ကျပ်

အုပ်ရေ – ၅၀၀ အုပ်

၈၉၅ ・ ၈၃

မမသဒ္ဒါမောင်
အသည်းကို အလျော်ပေးမယ်/ မမသဒ္ဒါမောင် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၆ ။
၃၀၂ – စာ ၊ ၁၂ ・ ၃ × ၁၈ စင်တီ။
(၁) အသည်းကို အလျော်ပေးမယ်


# မမသဒ္ဒါမောင်

# အသည်းကို အလျော်ပေးမယ်

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာများတယ်ဆိုတဲ့အလုပ်က ယောက်ျားတွေရဲ့သဘာဝမှာပဲ ရှိတာမဟုတ်ဘူး။ ချစ်သူဖြစ်တဲ့ကာလလေးမှာတောင် "ဝိုင်း" က "ကိုကို" ရဲ့ နံပါတ် (၁) နေရာမှာမရှိရင် ဘယ်အချိန်မှာမှ အဲဒီနေရာကို "ဝိုင်း" ပိုင်ဆိုင်ရမှာလဲ။ မိသားစုအတွင်းမှာ ပထမဦးစားပေးခြင်းခံရတာ "ကိုကို" တစ်ယောက်တည်းလို့ ထင်မနေပါနဲ့။ ဘယ်သားသမီးမဆို မိဘတိုင်းရဲ့ ဦးစားပေးတန်ဖိုးထားခြင်းကို လက်ခံခဲ့ရတာချည်းပါပဲ။ မိဘတွေထက် ပိုချစ်လို့ "ကိုကို" ကို "ဝိုင်း" ရွေးချယ်ခဲ့တာ။ "ဝိုင်း" ကိုယ်"ဝိုင်း"ထက် ပိုမြတ်နိုးလို့ "ကိုကို"လက်ထဲကို ဘဝကြီးတစ်ခုလုံး ပုံပေးဖို့ မိုက်မိုက်မဲမဲ ဆုံးဖြတ်ခဲ့တာပါ။ "ဝိုင်း" ယုံကြည်ထားတဲ့ ချစ်ခြင်းရဲ့အဓိပ္ပာယ်က ဒီလိုကျော့ခိုင်းချန်ထားခဲ့ခြင်းတဲ့လား။ ကောင်းပြီ "ကိုကို"။ ဘယ်အရာမဆို တူညီတဲ့တန်ဖိုးနဲ့ တုံ့ပြန်မှုတစ်ခုခုတော့ ရှိနေမှာ မွေတာပဲ။ "ကိုကို" ခြွေခဲ့တဲ့ "ဝိုင်း" ရဲ့ အသည်းနှလုံးအတွက် ပြန်ပေးရမယ့်လျော်ကြေးက ကြီးလိမ့်မယ်ဆိုတာကိုတော့ သိထားပေးပါ။

**ဝိုင်းဝေသန်းအေး**

www.burmeseclassic.com

www.burmeseclassic.com

It is the unexpected that always happens.

မမျှော်လင့်ထားသည်တို့က အမြဲတစေ ဖြစ်တတ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်းရှိ ဧည့်ကြိုဆိုသာ ခုံတန်းမှာ ခရီးသွားမည့်သူတို့နှင့် ရောၡ ထိုင်နေမိပါ၏။ လူက ကျောက်ရုပ်နှယ် ငြိမ်ငြိမ်လေးထိုင်နေပေမယ့် စိတ်တို့ကဖြင့် ယောက်ယက်ခတ်နေမိလေသည်။ မျက်ဝန်းအကြည့်တို့က လက်မှနာရီကို တစ်ချက်ကြည့်၍လည်းကောင်း၊ တဖွဲဖွဲဝင်လာကြသည့် လူတွေကို လည်းကောင်း စုန်ချည် ဆန်ချည် ကြည့်နေမိလေ၏။

"တောက်!"

"ဟဲ့! တစ်ယောက်တည်း ဘယ်လိုဖြစ်နေလဲ။ Passport



www.burmeseclassic.com

တွေ၊ dollar တွေ ပါ,မပါ သေချာစစ်ဦးလေ။ Wedding လုပ်မယ့်သူတာ စိတ်မလှုပ်ရှားရဘူး၊ သူ့ပဲ ပျာယာခတ်နေတယ်”

ရင်တွင်း မုန်တိုင်းထန်နေသည်ကို မရိပ်မိပါဘဲ အလိုက်မသိ ဟောက်လိုက်ပါသည့် ဝမ်းကွဲအစ်မ ‘မမမီးမီး’ ကို မျက်စောင်းခဲလိုက်မိပါသည်။ အိမ်ထောင်ကျပြီး ကိုကို ‘ကျော်ရွှေဦးမောင်’ က Austira မှာ အပြီးသွားနေပြီဖြစ်လေ၏။ အခုတစ်ခါ မမ ‘နိုင်နှင်းဝေဝေ’ က သူ့ချစ်သူနှင့် American နိုင်ငံမှာ လက်ထပ်ကြမှာပါ။

ဒီတော့ အငယ်ဆုံးဖြစ်သည့် ‘ဝိုင်း’ က အိမ်မှာကျန်ရစ်ခဲ့ရမှာ မဟုတ်လား။ မေမေနှင့် ဘွားဘွားတို့ရှိတာမှန်ပေမယ့် အစ်ကိုတွေ အစ်မတွေနှင့် အတူမရှိတာ အဘယ်မျှ အထီးကျန်ရပါသလဲ။ တစ်အိမ်တည်း အတူနေသည့် ဝမ်းကွဲအစ်မ ‘မမမီးမီး’ ခေါ် ‘နှင်းယုယထွေး’ နှင့် မတည့်အတူ တကျက်ကျက်မို့ သိပ် အစေးမကပ်ပါလေ။

“အလကားနေရင်း မျက်ရည်မကျနေနဲ့၊ နားက နားကပ်ချွတ်ခဲ့ဦးလေ။ ယူသွားလို့မရဘူး”

Privite school မှ ကလေးတွေကို စာသင်ပြ guide လုပ်ပေးနေသည့် ‘မမမီးမီး’ က ဆရာမီသစ္စာ တစ်ခုချင်း လိုက်သတိပေးနေပြန်လေ၏။ ပြောမှပင် သတိရပြီး ရေတ်ကောင်းစေ့ခန့် မဟုရာ ကျောက်လေးနှင့်လုပ်ထားပါသည့် တစ်လုံးတည်း ရွှေနားကပ်လေးကို





ချွတ်လိုက်ရပါသည်။ ဤနားကပ်လေးကို ဘယ်သောအခါမျှ မချွတ်ဘဲ ဝတ်ခဲ့တာ အဘယ်မျှ ကြာခဲ့ပါပြီလဲ။

“ငါ မင်္ဂလာဆောင်မှာမို့ လိုက်ချင်တယ်ပြောပြီး အခု စိတ်ပြောင်းပြန်ပြီလား။ အချိုးမပြောင်းနဲ့နော် အငယ်မ၊ ဟိုမှာ နင့်အစ်ကို အကုန်စီစဥ်ထားပေးတာ ဖျက်လို့မရဘူး”

“လေယာဥ်လေးဆင့်တောင် စီးရမှာဆို”

“အဲဒါဘာဖြစ်လဲ၊ နင်လည်း Bangkok သွားခဲ့ဖူးတာပဲ။ အခုမှ အဆန်းလုပ်မနေနဲ့၊ လေးငါးရက်လေး လိုက်ရမယ့်ဟာကို ပေကပ်ကပ်မလုပ်ချင်နဲ့”

“ဝိုင်း ဘာလုပ်လို့လဲ”

“မျက်နှာက ကြက်မှခိုးမလို ဖြစ်နေတာ မသိဘူး ထင်နေလား။ ဟင်း! ... ငါ မပြောလိုက်ချင်ဘူး”

လူကို ကလေးလိုပင် မြင်နေတုန်းမို့ ခုထိ အဆူခံရတာက မလွတ်သေးပါလေ၊ ‘ဝိုင်း’ အသက် (၂၁) ရောက်ပြီဟု အော်လိုက်ရမကောင်းလို့ပါ။ ‘မမမီးမီး’ ၏ လက်ထဲသို့ ထည့်ပေးလိုက်ရသည့် နားကပ်လေးကို မပျောက်စေရန် Tissue paper လေးဖြင့် သေသေသပ်သပ် ခေါက်ထုပ်ပြီးမှ ပိုက်ဆံအိတ်ထဲသို့ ထည့်စေပါသည်။

“ဝိုင်းရဲ့ပါးပြင်လေးပေါ်က သနပ်ခါးလေး ကြိုက်ချင်တာ”



www.burmeseclassic.com

www.burmeseclassic.com



နားထဲမှာ တစ်စုံတစ်ယောက် ခပ်တိုးတိုးပြောလိုက်သည့်နှယ် မြှန်ကြားယောင်လိုက်မိပါ၏။ ကြာတော့ကြာခဲ့ပါပြီ။ သုံးနှစ်လား၊ လေးနှစ်နီးပါးလောက်တော့ ရှိပေမည်။ ပါးပြင်ပေါ်က သနပ်ခါးပါးကွက်လေး ဖြစ်ချင်သည့် 'သူ'က ဒီမဟူရာနားကပ်လေးကို ကိုယ်တိုင် ပန်ဆင်ပေးခဲ့တာပါလေ။ အခုတော့လည်း ပုံပြင်လေးတစ်ပုဒ် ဖြစ်သွားလေပြီ။

"ဖြစ်နေလိုက်တာ၊ ပြန်ရောက်ရင် ပန်လို့ရတာပဲကို။ နှင့်နားကပ်ပိစိလေး ငါ ယူမတော်ပါဘူး ဝိုင်းချစ်ရဲ့"

"မမမီးမီး မယူမှန်းတော့ သိတာပေါ့။ ပျောက်သွားမှာပဲ စိုးတာ"

"ငါက ကလေးမှမဟုတ်တာ။ ပျောက်စရာလား။ ပျောက်လည်း အသစ်ပြန်ဝယ်ပေးမယ်"

"အဲဒါက အစားပြန်ဝယ်လို့ရတဲ့ အရာမှ မဟုတ်တာ။ မမမီးမီး သိရဲ့သားနဲ့"

'ဝိုင်း'၏စကားက 'မမမီးမီး' ၏အရှိက်ကိုပါ ထိသွားပါ၏။ ဒီနားကပ်လေး၏ ရာဇဝင်ကို 'ဝိုင်း' နှင့် 'မမမီးမီး' သာသိထားတာပါ။ ပြန်ပြောရင် ယံယောဖွဲ့ဖြစ်ပြီး ဒီမျက်ရည်က ကျလာဦးမည်။ အသည်းမာသည့် 'မမမီးမီး' ကဖြင့် နာမည်နှင့်ဆန့်ကျင်စွာ ခပ်မာမာပါလေ။





လူကလည်း 'ဝိုင်း' တို့ မောင်နှမသုံးယောက်လို ဝိနိဝိနိပါးပါးလေ မဟုတ်ပါဘဲ ခပ်ပြည့်ပြည့်ထောင်ထောင်မောင်းမောင်းမို့ 'နှင်းယုယ ထွေး' ဆိုသည့် အမည်နှင့် မည်သို့မျှ မလိုက်ဖက်ပါချေ။

လည်ပင်းဆန့်ကာ အဝင်ဝဘက် လှမ်းကြည့်မိပြန် တကယ်ပဲ မလာဘူးလား။ လိုက်ပါမယ်လို့ ပြောခဲ့ပေမယ့် ငယ်ရွယ် သူ၏ စကားကို အလေးအနက်မထားလေသလား။ သို့တည်းမဟုတ် မမနောက်မလိုက်ခင်က နှစ်ယောက်သား ကတောက်ကဆ စကားများ ခဲ့ကြတာကိုပဲ အတည်မှတ်သွားလေသလားကွယ်။

"ကိုကို"

စိတ်ထဲမှ တီးတိုးရေရွတ်လိုက်မိပါ၏။ ကိုယ့်ကို တစ်အိမ်လုံး စုပုံပြီး ဝိုင်းချစ်ခဲ့ကြပါလျက် ဒီနှလုံးသားက ကိုယ့်ထက် ပိုချစ်ရမယ့် သူကို မျက်စိကျခဲ့တာမို့ ခက်သားလား။ အလုကြိုက်သည့် ပန်းကလေး က ခပ်မိမိ ခပ်မိုက်မိုက် လိပ်ပြာလေးကိုမှ နှစ်သက်စုံမက်မိခဲ့တာပါ လေ။ သိပ်ချစ်ခဲ့ပါတယ် ကိုကို။ သိပ်ချစ်လေ သိပ်အူတိုလေ သိပ်စိုး ရိမ်လေ ဖြစ်ရတာ 'ဝိုင်း' အပြစ်လေလား။

"ဝိုင်းချစ်"

"ဟင်!"

"နှင် ဘယ်သူကို မျှော်နေတာလဲ။ မှန်မှန်ပြောနော်"

www.burmeseclassic.com

www.burmeseclassic.com



'ဝိုင်း' ကို ရိပ်မိသွားပါသည့် 'မမဝီးဝီးက' က လေသံတိုး၍ မေးလိုက်လေ၏။ 'မမ' က နိုင်ငံခြားမှ phone ဝင်လာ၍ ပြောနေသဖြင့် 'ဝိုင်း' တို့ကို အာရုံမရောက်ပါလေ။ ဘယ်လိုလဲ၊ တစ်စုံတစ်ယောက်ကို မျှော်နေတာများ ရိပ်မိသွားလေသလား။

"ဝိုင်းချစ်"

"မမျှော်ပါဘူး"

"ကြည့်စမ်း! . . . နင် စိုပြေ့ကိုစောင့်နေတာပေါ့လေ။ ဘာတွေလျှောက်လုပ်ဖို့ စဉ်းစားနေလဲ။ အန်တီသိရင် နင် ဗိုက်ခေါက်ပြတ်မှာ သိရဲ့လား"

ဗိုက်ခေါက်ပြတ်တာကနောက်မှပါ အခုက ရင်ဘတ်ကြီးတစ်ခုလုံး ဆုပ်ညှစ်ခြေမွခံရသည့်နှယ် ဖြစ်နေတာလေ။ 'ကိုကို' သတ္တိမရှိဘူးလား။ ဒီလောက်လေးတောင်မှ မိဘကို မခံနိုင်ရဲဘူးလား။ နှစ်ဖက်မိဘ သဘောတူစေရန် လူငယ်ဖြစ်သည့် 'ဝိုင်း' က ညှိယူနေပေမယ့် သူတို့ဘက်က မချေမငံ ပုံစံမျိုး ပြသလာတာပါလေ။

ချစ်သူထားတယ်ဆိုတာ ကိုယ့်မိဘနှင့် ကိုယ့်ကိုယ်ကိုယ်ထက် ပိုချစ်လို့မဟုတ်လား။ သို့သော် သူကဖြင့် မိခင်စကားကို သေမိန့်ပေးသည့်နှယ် မြေဝယ်မကျ နာခံတတ်သည်က မြင်ပြင်းကပ်စရာပင် ကောင်းလွန်းပါ၏။ 'ဝိုင်း' တို့မိဘတွေ အုပ်ချုပ်ပုံနှင့် သူတို့မိဘတွေ





အုပ်ထိန်းပုံက လုံးဝကို ကွာခြားလွန်းလေသည်။

"မေ့သား ဘယ်ရောက်နေလဲ" ဟု phone လာသည်နှင့် ကြိမ်တို့ခေါ်ပြီးခံရသည့်နှယ် ဖင်တကြွကြွ ဖြစ်လာတာက အကြိမ်ကြိမ်ပါပဲ။ ချစ်သူရည်းစားဟူ၍ နာရီဝက်ထက် ပိုတွေ့ချိန်မျိုးမရှိခဲ့ပါ။ ညဘက် အေးအေးဆေးဆေး phone ပြောကြလျှင်လည်း နည်းနည်းကြာလာသည်နှင့် 'သားလေး phone ပူမယ်နော်' ဟူသည့် သတိပေးသံက ထွက်လာတော့လေ၏။

ဤမျှအထိ အရိပ်သဖွယ် စောင့်ကြည့်ခံနေရတာက လွန်ပြီထင်ပါသည်။ မိန်းကလေးလည်း မဟုတ်ပါဘဲ 'ဆေးကျောင်းသား' ဟူသည့် ဂုဏ်ပုဒ်သေးသေးလေးသာ ရှိသည့်သားကို သည်းသည်းလှုပ်ပြလွန်းတာ မဟုတ်ပါလား။ ဂုဏ်ရည်မတူရအောင်လည်း 'ဝိုင်း'က ဆင်းတောင့်ဆင်းရဲ အသိုင်းအဝိုင်းကမှ မဟုတ်တာလေ။ မေမေမရှိတော့တာကလွဲပြီး မိသားစု အဆင်ပြေပြေဖြင့် ကိုယ့်လုပ်အားခ ကိုယ်ရှာသုံးနေကြတာပါ။

သူတို့မောင်နှမကသာ ခုချိန်အထိ ကျောင်းမပြီးကြသေးတာမို့ မိဘထံမှ လက်ဖြန့်တောင်းသုံးနေကြတာ ဖြစ်လေ၏။ ကလေးသုံးယောက် တွဲဖြစ်ကြတာကို မနှစ်သက်လျှင်လည်း ရှင်းရှင်းလင်းလင်း ပြော၍ ခွဲတာမျိုး မလုပ်ဘဲ ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုးနှင့် အငြိုးပြားလို



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာနှစ်ဖက်နှင့် လူတွေပါလေ။

"ဝိုင်းတို့မိသားစုက ချွေမျိုး အသိုင်းအဝိုင်းတွေ ဝင်ထွက်ပြီး ရယ်မောပျော်ရွှင်ရကာ စကားကို ဘွင်းဘွင်းရှင်းရှင်းပင် ပြောလေ့ရှိပါ၏။ တုတ်ထိုးအိုးပေါက် ပြောတတ်လွန်းသဖြင့် တော်ရုံနှင့် အပေါ်ယံ ပေါ်သင်းသည့် သွေးငယ်ချင်းမျိုး မထားပါ။ ဟန်ဆောင်ပန်ဆောင်ဖြင့် ရှက်ရွံ့ဟန်မျိုး မလုပ်တတ်၍လည်း ချွေးမလောင်းအဖြစ် မမြင်ကြလေ သလား။

သက်ရှိသတ္တဝါတိုင်းမှာ မွေးဖွားလာသည့် သားသမီးတိုင်း အရွယ်ရောက် အတောင်စုံတာနှင့် မိခင်အသိုက် မိဘရင်ခွင်မှ အဝေး ကို ထွက်ခွာတတ်ကြတာ သဘာဝပါ။ ဘုရားတရားမြှိုပါသည်ဆိုသည့် သူ့မိခင်က သင်္ခါရသဘောတရားကို ဥပေက္ခာပြုထားသလို သားကို ကြွက်သားအုပ်မကြီးနှယ် ပိုက်ထားပြီး ဥစ္စာခြောက်နေတာလေ။

အခုလည်း 'ဝိုင်း' ကို ယူပါဆိုပြီး မိန်းမရှေးအကျခံကာ တောင်းဆိုနေတာမျိုး မဟုတ်ရပါ။ ဘေးပယောဂတွေကြောင့် ချစ်သူ နှစ်ဦး၏ ချစ်ခရီးလမ်းကို ဆက်လျှောက်ဖို့ ရှေ့တိုးရမည်လား။ သို့တည်းမဟုတ် နောက်ဆုတ်ဖို့ ဒီနေရာမှာပဲ ရပ်တန့်လိုက်ရမလား ဆိုတာကို ပြောဖို့ အချိန်တန်ပြီဟု ယူဆမိလို့ပါပဲ။ ရှေ့ရေးအတွက် အချိန်ယူစဉ်းစားဖို့ အစည်းအဝေးလေးတောင်မှ ထိုင်ဖို့ အချိန်မပေးနိုင်





ဘူးတဲ့လား။ မှုကြိုတက်နေသည့် လေးနှစ်သားကလေးလည်း မဟုတ် တော့ပါဘဲ မိခင်ကို မျက်နှာတစ်ချက် အညှိုးမခံသည့် သူ့လိုသားမျိုးက ဒီကမ္ဘာမှာ တစ်ယောက်ပဲရှိနေမည် ထင်ပါရဲ့။

"သူ့ကို ခေါ်ထားတယ်"

"ဟဲ့!...ဟိုက ကျောင်းတက်နေတာ မဟုတ်လား"

"ဒီနေ့ သူ ကျောင်းပိတ်ပါတယ်။ အခါကြီးရက်ကြီးပဲဟာ"

"ဟင်!...အဲဒါကမှ ကျိုးငိတက်မှာ။ သူ့အမေ ဘုရားသွား တာ၊ ဥပုသ်စောင့်တာကို လိုက်ပို့ပေးရတာမျိုး ရှိနေမှာပေါ့။ သူ့အမေ အကြောင်း နင်သိရဲ့သားနဲ့"

ရင်ထဲ ကျဉ်ခနဲဖြစ်သွားရပါ၏။ ဒီတစ်ခါလည်း 'ခေါ်သမြေ ညို' နှင့် 'ဝိုင်း' က ပြိုင်ဘက်ဖြစ်ရပြန်ပြီလား။ ဘယ်တော့မဆို 'ဝိုင်း' က သူ့ဘဝမှာ နံပါတ် (၁) နေရာမှာ မရှိခဲ့ပါလေ။ 'ဝိုင်း' ချစ် သလောက် ပိုမချစ်နိုင်ရင်တောင် တူညီသည့် ချစ်ခြင်းမျိုးနှင့်တော့ ချစ်စေချင်ပါသည်။ 'ဝိုင်း' ကများ ရင်ထဲရှိသည့်အတိုင်း အချစ်ကို အကုန်အစင် ဖွင့်ဟသိစေခဲ့လို့များ အထာကိုင်လေသလား။

'ဝိုင်းလေး' ဟု ခပ်ဖွဖွ ခေါ်ခဲ့သည့် ခပ်နွေးနွေးအကြည့်တစ်ခု ကို အမှတ်ရနေမိ၏။ သိပ်ငယ်လွန်းသည့်အရွယ် [အထက်တန်းစာမေး ပွဲဖြေပြီးကာလ (၁၆) နှစ်အရွယ်လေး] မှာ ကြုံခဲ့ရပါသည့် ဝိုင်းခွန်ခြင်းက



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းလေလား၊ စိတ်လှုပ်ရှားခြင်းလေလား သေချာမသိခဲ့ပါ။

အိမ်ကိုလာတိုင်း 'ဝိုင်း' အတွက် မုန့်တစ်ခုခုပါအောင် ဝယ်လာပေးတတ်ကျင့်ကြောင့် မုန့်ကျွေးသည့်အစ်ကိုကြီးအနေဖြင့် ချစ်ခင်တွယ်တာမိတာထင်ပါရဲ့။ 'ကလေးကို ဖြားယောင်းသွေးဆောင်တာမျိုး မလုပ်ပါနဲ့' ဟူသည့် မေမေ၏ ရက်စက်လှပါသည့်စကားက 'ကိုကြီး' ၏ ရင်ကို နာကျင်စေခဲ့ပေမည်။ အခုရော သူ ခံစားခဲ့ရသလို ဝဋ်ကြွေး အဖြစ် 'ဝိုင်း' ကို တန်ပြန်ခံစားစေပြီလား။

'ဝိုင်း' ဝဋ်လည်ပြီလားဟင်။

"Phone လာနေပြီ ဝိုင်းချစ်"

သတိပေးသံကြောင့် လက်မှာကိုင်ထားပါသည့် phone ကို ကြည့်လိုက်မိပါ၏။ မျှော်နေသည်က လူကိုယ်တိုင်ဖြစ်ပေမယ့် ရောက်အောင်မလာဘဲ လွယ်လင့်တကူ phone ပဲ ဆက်တာပေါ့လေ။ ခဏတာ ဝေးရမှာကိုတောင် 'ကိုကို' ခံနိုင်ရည်ရှိတယ်ပေါ့။ 'ဝိုင်း'နဲ့ခွဲနေနိုင်တယ်ပေါ့။ မမြင်လည်းရတယ်၊ မကြားရလည်း ဖြစ်တယ်ပေါ့နော်။

"ဝိုင်း"

"ဘာလို့မလာတာလဲ"

"ကိုယ် မေမေ ဥပုသ်စောင့်တာကို လိုက်ပို့နေရလို့ပါ။ ညနေစောင်းမှ လာလို့ရမယ် ဝိုင်းရဲ့"





"ဝိုင်းသာ ဆေးရုံမှာ အသက်ထွက်ခါနီး ဖြစ်နေရင်လည်း ဒီလို လေအေးအေးလေးနဲ့ပဲ ပြောမှာလား"

"ဝိုင်းကလည်း"

"နာရီဝက်လောက်လေးတောင်မှ လာမတွေ့နိုင်ဘူးလား။ တစ်ပတ်လောက်မမြင်ရမှာမို့ အလွမ်းပြေအောင် မျက်နှာလေးတောင်မှ လာမပြချင်ဘူးလား ကိုကို"

"ဝိုင်းကလည်းကွာ၊ ကိုယ်ပြောနေတယ်လေ"

"တော်ပါပြီ ကိုကို၊ ဒီလိုလေပြည်လေးနဲ့ စိတ်ပျော့အောင် ဖမ်းစားတတ်တာ ဝိုင်းအတွက် ရိုးနေပါပြီ။ ဘာမှမသိနားမလည်တဲ့ ကလေးလိုမျိုး ချောင်ထိုးခံရတာ ရပ်သင့်ပြီလို့ထင်တယ်"

"ဝိုင်းရယ် ပြန်လာတော့မှပဲ တွေ့ကြရအောင်"

"မလိုတော့ပါဘူး ကိုစိုးပြေ၊ ရှင်နဲ့ဝိုင်း ဒီမှာတင်ပြတ်ပြီ။ ပြန်လာလာ မလာလာ ရှင်နဲ့ဆက်ပြီး ပတ်သက်စရာမလိုတော့ဘူး။ ရှင့်ကိုချစ်မိတာကိုက မှားတာ၊ ရှုံးတာ။ မိုက်မဲခဲ့မိတာအမှန်ပဲ။ ရှင်နဲ့ ပတ်သက်ခဲ့ဖူးတာ အားလုံးအတွက် ရင်ထဲနာတယ်ရှင်! နောက်ကို မဆက်သွယ်နဲ့တော့၊ ဒါပဲ!"

Phone ကိုပိတ်လိုက်ပြီး 'မမမီးမီး' ၏ လက်ထဲသို့သည့်ပေးလိုက်တော့၏။ 'မမ' ခေါ်နေပြီမို့ ကိုယ့်အဝတ်အစားထည့်လာပါ



www.burmeseclassic.com

www.burmeseclassic.com



သည့် Luggage ကို ကိုင်းမှုဆွဲ၍ လိုက်လာခဲ့ရလေသည်။ ပါးပြင်ထက်မှ မျက်ရည်တို့ကို လက်ခုံဖြင့် သုတ်လိုက်ရပါ၏။ ထိုမြင်ကွင်းကို ငေးကြည့်နေပါသည့် လူတစ်ဦးကိုဖြင့် 'ဝိုင်း' မမြင်ခဲ့ပါလေ။

❋



## အခန်း (၂)

### လွှမ်းခဲ့သော လေးနှစ်ကျော်ခန့်

မေမေ ဈေးဝယ်နိုင်းလိုက်သည့်ပစ္စည်းတွေကို စက်ဘီးခြင်းတောင်းထဲသို့ထည့်ကာ ပိုသည့်ငွေအကြွေဖြင့် နေကြာစေ့တစ်ထုပ်နှင့် ဇီးယိုတစ်ထုပ် ဝယ်လိုက်ပါ၏။ ဒါက 'ဝိုင်း' အတွက် လုပ်အားခ မုန့်ဖိုးပင် မဟုတ်ပါလား။ အိမ်မှာ အဝယ်ခိုင်းမို့ ဘယ်သူ ဘာခိုင်းခိုင်း ဖင်ပေါ့စွာ ပြေးဝယ်ပေးပေမယ့် မုန့်တစ်ထုပ်ဖိုးမျှ မကျန်လျှင် နှုတ်ခမ်းကို တစ်တောင်ခန့် စူပုတ်ပြကျင့်ရှိလေသည်။

အမှန်တော့ 'ဝိုင်း' တို့အိမ်က ရပ်ကွက်ဈေးလမ်းကြီးထက်မှာသာ ရှိလေ၏။ ဈေးထဲပတ်ဖို့က မိနစ်ပိုင်းမျှပင် ကြာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဝိုင်း' တို့အိမ်ရှေ့မှ ဆက်သွားလျှင် လမ်းအဆုံးမှာ 'တောင်ပေါ် ဘုန်းကြီးကျောင်းရှိပါ၏။ ထို့အပြင် ဈေးလမ်းထက်မှာ နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်းရှိလေသည်။ ဈေးလမ်းအတက် ကုန်းဆင်းမှာ အလယ်တန်းကျောင်းရှိပြီး ထိုကုန်းကို ဆက်တက်ပါလျှင် ကတ္တရာလမ်းမကြီးသို့ရောက်ပြီး 'ဝိုင်း' တို့စာသင်ခဲ့ပါသည့် အထက်တန်းကျောင်းကို ရောက်ပါ၏။

အိမ်သို့ မရောက်ခင်မှာ လမ်းချိုးတစ်ခုရှိပြီး ထိုလမ်းက စောစောက ကတ္တရာ 'မင်းကြီးလမ်း' သို့ ပြန်ပေါက်လေသည်။ အဲဒီလမ်းမှာတော့ 'ဝိုင်း'တို့ငယ်စဉ်က (သူငယ်တန်းမှ အဋ္ဌမတန်းအထိ) တက်ခဲ့ရသည့် အလယ်တန်းကျောင်းရှိလေ၏။ 'ဝိုင်း' တို့နေသည့်နေရာက အင်းစိန်ဆေးရုံ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် ဘုရားကျောင်းတို့နီးကာ အချက်အချာကျသည့်နေရာလည်း ဖြစ်ပါသည်။

ရပ်ကွက်ဆေးခန်း၊ ဆံပင်ညှပ်ဆိုင်၊ စာအုပ်အငှားဆိုင်၊ စက်ချုပ်ဆိုင်၊ မုန့်ဆိုင်၊ အရုပ်ဆိုင်၊ ကြေးအိုးဆီချက်ဆိုင်၊ အသုပ်မုန့်ဟင်းခါးဆိုင်တို့ကအစ သူ့အချိန်၊ သူ့ရာသီနှင့် အမြဲဖွင့်လေ့ရှိသဖြင့် ဝေးဝေးလံလံ ဈေးကြီးမျိုးကိုပင် သွားစရာမလိုအပ်ပါလေ။ ပိတ်စရောင်းသည့်ဆိုင်လည်းရှိသလို Ready made အထည်ဆိုင်တွေလည်း ရှိလေ၏။





မေမေ့ရွာ (ပုသိမ်ဘက်မှ) အမျိုးတွေက ကုန်သယ်ပို့တာ၊ ဆေးလာကုတာမျိုး မကြာခဏရှိကာ 'ဝိုင်း' တို့အိမ်မှာပင် လာတည်းကြလေ၏။ အိမ်မှာ ဆွေမျိုးမပြတ်သလို ဆန်အိတ်တွေ၊ ပဲအိတ်၊ ကြက်သွန်အိတ်၊ ရေတိတ်အိတ်နှင့် ငါးပိပုံးတို့က စတိုခန်းလုပ်၍ လှောင်ထားရပါသည်။ မေမေက တစ်နိုင်မွေးမြူရေးသာလုပ်တတ်ပြီး စက်ချုပ်တာကိုတော့ ညီအစ်မတွေ အကုန်ကျွမ်းကျင်လေ၏။ ဖေဖေကွယ်လွန်စဉ်က ကျန်ခဲ့ပါသည့် ငွေလေးဖြင့် ရွာမှာ လယ်ကွက်ဝယ်၊ စပါးပေး၊ ပဲပေး ငွေရင်းထားသဖြင့် ရာသီပေါ်ပစ္စည်းတို့က တကူးတက ဝယ်စရာမလိုဘဲ အချိန်တန် အိမ်သို့ရောက်လာတတ်ကြပါသည်။

ဤသို့ဤနှယ် 'ဝိုင်း' တို့အိမ်က ဆွေမျိုးစုံလျက် ဆူဆူညံညံရှိနေတတ်သည့် မိသားစုပင် ဖြစ်လေ၏။ အခုလည်း ရွာမှအဒေါ်တစ်ယောက် အစာအိမ်ရောဂါဖြစ်၍ ဆေးရုံလာပြသဖြင့် အိမ်မှာ လူမမာရှိနေပါသည်။ အစာမာမာ မစားနိုင်၍ လူမမာကို ဆန်ပြုတ်ပြုတ်ပေးရသည့်တာဝန်ကို 'ဝိုင်း' ပင် ယူထားပါ၏။ 'ဝိုင်း'က လူမမာစာ ခေါက်ဆွဲတို့ ကြာဆံတို့ ပြုတ်စားတာမပင်မက ဆန်ပြုတ်ကိုလည်း အင်မတန်နှစ်သက်ခုံမင်လေ့ရှိပါသည်။ အသား ငါးနှင့် မပါလျှင်တောင်မှ စားနိုင်ပြုတ်သည့် ဆန်ပြုတ်နွေးနွေးကို တအားကြိုက်သည့် ရှိပါလေ။

စက်ဘီးကိုတွန်းလာခဲ့ပြီး လူရှင်းသည်နှင့် တဝါးဝါးလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



လမ်းဆုံအရောက်မှာ ကိုယ်ပိုင်ကားတစ်စီးက ကိုးလို့ကန့်လန့် ရပ်ထားသဖြင့် စိတ်တိုသွားရလေသည်။ ဒီနေရာမှာ ဒီလိုရပ်ထားလို့ မရမှန်း မသိဘူးလား။ စက်နှိုး၍ရပ်ထားတာမို့ ခဏမှန်းသိလိုက်သဖြင့် စက်ဘီးပေါ်မှဆင်းကာ ကားကိုရှောင်ကွေ့လျက် လျှောက်လိုက်ရပါ၏။

"ဟဲ့! ဟဲ့! ပိုင်းချစ် ခဏနေဦး"

စက်ဘီးပေါ်တက်စီးရန် ပြင်လိုက်စဉ် [ဖရဲသီး၊ ကန်စွန်းဥမြှုတ်၊ ပြောင်းဖူးပြုတ်နှင့်ကွမ်းယာ] ရောင်းသည့်အစ်မက လက်ခုပ်တီးလျက် လှမ်းခေါ်လိုက်လေသည်။ ရော်! အရှိန်နှင့် စက်ဘီးစီးတော့ ပါမယ်ဆိုမှပဲ။ စိတ်မရှည်တတ်သူမို့ စိတ်က ပို၍တိုလာရလေတော့၏။

"ဘာလဲ"

"နင့်ကို မေးမလို့။ နင်းယုယတွေးတို့အိမ် သိလားတဲ့။ ဒီမှာ ညွှသည့်တွေ မေးနေတယ်"

ကြည့်စမ်း! ဒါဖြင့် 'မမီးမီး' ရဲ့ညွှသည့်တွေပေါ့လေ။ ဘယ်ကနေ ရောက်လာကြပါသဲ။ အဝေးသင်တက်ရင်း (၉) တန်း၊ (၁၀) တန်းကလေးတွေကို Guide လုပ်နေပါသည့် 'မမီးမီး' ကို အိမ်နာမည်သာသိသူများကြပြီး စာသင်ပေးသည့် 'ဆရာမမီးမီး' ဟုသာ ခေါ်လေ့ရှိကြပါ၏။ မိသားစုဝင်တွေသာ နာမည်အရင်းကို သိကြလေသည်။





ကျောင်းမပြီးသေးသည့် အစ်မအငယ်ကို အမျိုးသားတွေ လာရှာကြတာပေါ့လေ။ လောလောဆယ် 'ပိုင်း' ခေါ်လမ်းကို လာပိတ်ပြီး အလုပ်နှောင့်ယှက်ခ lesson ပါးပါးလေးတော့ ပေးသင့်ပြီထင်ပါသည်။ ဆယ်ကျော်သက်အရွယ်၏ မသိစိတ်မှ ညစ်ကျယ်ကျယ်ဉာဉ်ဆိုး ဝိစိညှောင့်တောင့်လေးက ထိုးထွက်လာလေ၏။

"သိဘူးလေ"

"ဒီနားတစ်ဝိုက်လေးမှာပဲ နေတာတဲ့"

"အိမ်လိပ်စာနဲ့ ရှာမှပေါ့"

"လိပ်စာမပါဘဲ လာခဲ့တာတဲ့ ပိုင်းချစ်ရဲ့"

"ရန်ကုန်မြို့မှာ နေရပ်လိပ်စာမပါဘဲ လိုက်ရှာလို့ကတော့ ကောက်ရိုးပုံထဲ အပ်ပျောက်ရှာသလို ဖြစ်နေမှာပေါ့။ အတော်ညံ့တာပဲ"

"ဟယ်! ... ပိုင်းချစ်ကလည်း။ နင်သိမလားလို့ မေးမိတာပါ"

"မစန်းကလည်းလေ ပိုင်းက နေရာတကာ လူတကာ သိမှာမလား။ မသိဘူး။ ကိုယ့်အားကိုယ်ကိုးပြီး ရှာကြပါစေ"

ပြောပြီးသည်နှင့် ခေါင်းကို ဆတ်ခနဲလှည့်ကာ စက်ဘီးနင်း၍ ထွက်ခဲ့လေတော့၏။ ရှာကြစမ်းပါ။ ဒီနားလေးတစ်ဝိုက်တင် ဘယ်နှနာရီကြာအောင် ရှာနိုင်မလဲ။ ခြံရှေ့သို့ရောက်စဉ် စက်ဘီးကိုဆင်းလိုက်ပြီး မြောင်းကူးတံတားလေးကိုဖြတ်၍ ခြံထဲဝင်လိုက်ပါ၏။ ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



‘မမ’ ကားထားရန်လုပ်ထားပါသည့် (အမိုးသာရှိသည့်) ကားရပ်ရာနေရာမှာ စက်ဘီးကိုသော့ခတ်လိုက်ပြီး ဈေးဝယ်လာတာတို့ကို ယူ၍ အိမ်ရှေ့မှ ဝင်ခဲ့ပါသည်။

“ဘယ်သူလဲ”

“ပိုင်းချစ်ပါ မေမေရဲ့”

“အေး . . . နင့်အဒေါ်အတွက် ဘာဝယ်လာခဲ့လဲ”

“ငါးရံ့ရလို့ ဝယ်လာတယ် မေမေ။ ငါးဈေးတွေကလည်း ခေါင်ခိုက်နေတာပဲ။ တောမှာဆို များလိုက်ရုံပဲ။ အလွယ်လေးနော် ဒေါ်လေးရယ်”

အခန်းထဲမှဒေါ်လေးကိုတွဲ၍ ထွက်လာသည့် မေမေ့ကို ပြန်ဖြေလိုက်ပြီး မီးဖိုခန်းဘက် ဆက်ဝင်ခဲ့ပါ၏။ သိမ်းရမည့်အသားငါးတို့ကို ရေခဲသေတ္တာထဲသို့ ထည့်သိမ်းထားလိုက်ပါသည်။ အိမ်မှာက ဈေးနှင့်နီးသဖြင့် အကြာကြီး ထည့်သိမ်းဖို့ ဝယ်စရာမလိုပါ။ ခရစ်ယာန်ရပ်ကွက်မှ ဈေးမို့ (၆) ရက်သာ ရောင်းကြပါ၏။ Sunday ဆို အထက်တန်းကျောင်းဘေးလမ်းမှာ ယာယီရွှေ့၍ ဈေးရောင်းတာမို့ မနက်ပိုင်းဈေးဝယ်ဖို့ မပူရပါချေ။

မေမေချက်ပြုတ်ပြီးသား မီးသွေးအကျန် (မီးကျည်းခဲ) ကို မီးသွေးနည်းနည်းထပ်ထည့်လျက် မီးပြန်ပျိုးလိုက်ပါ၏။ ငါးရံ့ကို





ရေဖလုံထဲသို့ အရင်ထည့်လိုက်ပြီး စဉ်းတီတုံးနှင့်ဓားမပေါ့က အကြေးခွံချွတ်၊ ဗိုက်ခွဲတာ၊ ပါးဟပ်ဖြတ်တာတို့ကို လုပ်လိုက်ပါသည်။ ပြီးနောက် ရေစင်စင်ဆေးကာ ရေနည်းနည်း ငန်ပြာရည်နည်းနည်းဖြင့် ပြုတ်လိုက်ပါ၏။ အစာအိမ်ရောဂါသည်မို့ ဂျင်း (ချင်း) တို့ ငရုတ်သီးမှုန့်တို့ အပူအစပ်တွေ ထည့်ကျွေးလို့မရပါချေ။ ‘ပိုင်း’ ကတော့ ဘာစားစား ပူပူစပ်စပ်ဖြင့် အရသာရှိရှိ စားဖြစ်လေသည်။

ငါးပြုတ်တာကျက်မှ ထမင်းအိုးထဲမှ ထမင်းကို ယောက်မဖြင့် အနည်းငယ်မျှ ခပ်လိုက်ပြီး ငါးပြုတ်အိုးထဲသို့ထည့်ကာ ရေထပ်ထည့်လိုက်ပါ၏။ အဖုံးကို ပြန်ဖုံးထားလိုက်ပြီး ဆီသပ်ရန်အတွက် ကြက်သွန်ဖြူအခွံနွှာကာ ပါးပါးလှီးထားလိုက်ပါသည်။ အိမ်မှာက ထမင်းဟင်းထက် ငါးပိတို့စရာကို ခုံမင်စွာ များများစားတတ်သဖြင့် တို့စရာကို လင်ပန်းအသေးလေးထဲပြင်ရကာ ငါးပိရည်ကိုလည်း ပန်းကန်လုံးအကြီး (ဟင်းရည်သောက်ပန်းကန်လုံး) ဖြင့် ငါးမီးဖုတ် (သို့မဟုတ်) ပုစွန်ခြောက်ဖြင့် စပယ်ရှယ်ဖျော်ရလေ၏။ ငရုတ်သီးစိမ်းလှော်ပြီး ထောင်းမထည့်လျှင်လည်း ငရုတ်သီးအကြက်မှုန့်ဖြင့် ထည့်တတ်ပါသည်။ ငါးပိပိုမွှေးစေရန် ကြက်သွန်ဖြူကိုတော့ မဖြစ်မနေ ထောင်းထည့်ရလေ၏။

ဝယ်လာပါသည့် သခွားသီးသေးသေး၊ ခရမ်းချဉ်သီး၊ ဆလတ်ရွက်၊ ပဲတောင့်ရှည်၊ ဆီးဖြူသီးနှင့် ဖန်ခါးသီးတို့ကို လှီးတန်



www.burmeseclassic.com

www.burmeseclassic.com



လို့။ ဖြတ်တန်တာဖြတ်ကာ ရေဆေး၍ လင်ဗန်းလေးထဲ အမြင်ကောင်းစေရန် စီထည့်လိုက်ပါသည်။ မေမေဖြုတ်ထားပါသည့် ဟင်းရွက်ဖြုတ်အိုးထဲမှာ ရေစိမ်ထားပါသည့် မုန်လာပင်ပေါက်၊ ခရမ်းဖြုတ်သီး ပဲစောင်းလျားသီး၊ ဘူးသီးစိတ်တို့ကို ဆယ်ယူ၍ စောစောက လင်ဗန်း၏ဘေးတစ်ခြမ်းမှာ သေချာစီထည့်လိုက်ပါ၏။ အလယ်တည့်တည့်မှာ ငါးပိပန်းကန်လုံးထည့်ဖို့အတွက် နေရာလပ်ထားထားလိုက်လေသည်။

မေမေ ဒီနေ့ချက်ထားပါသည့် ဟင်းတို့ကို လှန်လှော၍ ကြည့်လိုက်ပါ၏။ ပဲပင်ပေါက်ပဲပြားကြော်၊ အာလူးကတ်တလိပ်၊ ပုစွန်ဆီပြန်၊ ငါးကြော်နှပ်နှင့် မှိုစိမ်းချဉ်ပေါင်ဟင်းမို့ ရသာအစုံပါပဲ။ ငါးပိဖျော်ဖို့အတွက် လှော်ထားပါသည့် ငရုတ်သီးစိမ်းနှင့် ကြက်သွန်ဖြူနွာထားတာကို ရောထောင်းကာ မီးသွေးမီးဖိုအောက်ထဲမှာ ဖုတ်ထားပါသည့် ငါး (ငါးပနော်) ကို အသားနွှင်ကာ ထပ်ထည့်ထောင်း၍ ငါးပိရည်အိုးထဲမှ ငါးပိရည်ခပ်ကာ ဖျော်လိုက်ပါ၏။

ပြီးနောက် တို့စရာဗန်းထဲသို့ထည့်ကာ အုပ်ဆောင်းအုပ်ထားလိုက်ပါသည်။ ဆန်ပြုတ်အိုးဆူလာပြီမို့ ဆားနှင့်ဟင်းခတ်မှုန့် ခတ်ကာ မြည်း၍ အိုးကိုခဏချထားလိုက်ပါသည်။ ဆေးကြောထားပါသည့် ဒယ်အိုးကို မီးဖိုပေါ်တင်ကာ ဆီအနည်းငယ်မျှထည့်ကာ ပဲ့ပဲ့လို့ထား





ပါသည့် ကြက်သွန်ဖြူကို ဆီသပ်လိုက်၏။ ကြက်သွန်ကျက်ကာ အနံ့မွှေးလာတော့မှ ဆန်ပြုတ်အိုးဖွင့်ကာ လောင်းချလိုက်ပါသည်။

မီးဖိုမှ မီးသွေးခဲရဲရဲတို့ကို မီးညှပ်ဖြင့် ညှပ်ယူလျက် မြေအိုးထဲသို့ထည့်ကာ အဖုံးအုပ်လျက် မီးသတ်လိုက်၏။ ပြီးမှ စောစောက ချထားပါသည့် ဆန်ပြုတ်အိုးကို မီးငွေ့နည်းနည်းကျန်နေပါသည့် မီးဖိုထက်ပြန်တင်လျက် ဖိုအောက်ရှိအပေါက်ကို ပိတ်ထားလိုက်ပါသည်။ ပေနေသည့် စဉ်းတီတုံးနှင့် ငရုတ်ဆုံကို ရေ ဆပ်ပြာတို့ဖြင့် သေချာဆေး၍ မှောက်ထား (ထောင်ထား) ကာ လက်ကို သေချာစင်အောင်ဆေးလိုက်ပါ၏။

“ဒေါ်လေး ဆန်ပြုတ်ရပြီနော်၊ စားတော့မလား”

“ခဏနေမှ ဆေးသောက်ခါနီးမှ သောက်မယ် သမီး”

“ဟုတ်!”

မေမေ့စက်ချုပ်ခုံအနီးရှိထိုင်ခုံမှာ ထိုင်လျက် ဒေါ်လေးက လှမ်းပြောလိုက်လေ၏။ အလုပ်ပြီးပြီမို့ အိမ်ရှေ့အပေါက်ဝနားရှိ ခုံတန်းမှာ ထွက်ထိုင်လိုက်ပါသည်။ စောစောက ဝယ်လာသည့် နေကြာစေ့ထုပ်ကို ဖောက်၍စားနေမိ၏။ ခြံရှေ့ခြမ်းမှာ ငှားထားပါသည့် ဆံပင်ညှပ်ဆိုင်မှ ‘အန်တီထက်’ ၏ စက်ချုပ်ဆိုင်က အခုမှ တံခါးဖွင့်လေသည်။ ဒါဆို မနက် (၉) နာရီကျော်ပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဟုတ်တယ်ခင်ဗျ ခဏနော်၊ ပိုင်းချစ်ရေ! . . . ဒီမှာ မီးမီးညှိသည်"

နေကြာစေ့ တဖျောက်ဖျောက်ဝါးနေရင်းမှ မျက်ခုံးပင့်ကာ ပြုံးစိစိဖြစ်သွားရပါ၏။ ထင်ထားသည့်အတိုင်း နာရီဝက်ခန့် ခေါင်းမီးတောက်အောင် ရှာလိုက်ရတာ မဟုတ်လား။ ခြံထဲမှလူတွေနှင့် မတွေ့မချင်း ဒီနာမည်ကို မေးရှုံရမည်မထင်ပါ။ ဆံသဆိုင်မှ 'ကိုညီ' ၏ လှမ်းပြောသံကြောင့် ခြံဝသို့ လျှောက်လိုက်ရပါသည်။

"ဘာကိစ္စလဲ"

"နှင်းယု၊ ဟောဗျာ! စောစောကပဲ တွေ့လိုက်တာ မဟုတ်လား"

"သိဘူးလေ"

"ကြည့်စမ်း! ကိုယ့်အိမ်က ကိုယ့်အစ်မကို မသိဘူးပြောရလား ပိုင်းချစ်ရဲ့"

"ကိုညီမသိပါဘူး။ ဝင်မပါပါနဲ့။ မမမီးမီးမရှိဘူး၊ စာသွားသင်နေတယ်"

"ဟင်!"

"ဟဲ့! . . . ညှိသည်လာတာကို ခြံဝကနေ ပိတ်ပြောနေပြန်ပါပြီ။ ပိုင်းချစ်နော် . . . သားတို့လာကြလေ"





"ဟုတ်ကဲ့ အန်တီ"

"မီးမီး ခဏနေပြန်လာမှာပါကွယ်။ နင့်အစ်မကို phone ခေါ်မှပေါ့။ မတိုင်ရင် message ပို့လိုက်လေ"

မေမေက 'ပိုင်း' တမင်တကာလုပ်ထားတာကို ရိပ်မိသွားလေ၏။ အိမ်ထဲရောက်လာပါသည့် ညှိသည်နှစ်ယောက်က အတော်ကြည့်ကောင်းပြီး ရည်မွန်သည့်လူရွယ်တို့ ဖြစ်နေပါသည်။ 'ပိုင်း' ကို အတော်ဆိုးသည့်ကလေးဟူသည့်အကြည့်ဖြင့် တစ်ယောက်က ပြောပေမယ့် ကျန်တစ်ယောက်ကဖြင့် ပြုံးစစဖြင့်သာ ကြည့်နေလေ၏။

"ဘာလို့မသိဘူးပြောရတာလဲ"

"အမြင်ကပ်လို့"

"ပေါဗျာ"

ဗီရိုထက်တင်ထားပါသည့် phone ကို လှမ်းယူလျက် message သာပို့လိုက်ပါ၏။ စာသင်ချိန်မှာ 'မမမီးမီး'က phone ခေါ်လျှင် ကြိုက်လို့ပါပဲ။

*



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

နှစ်ယောက်သား ဧည့်ခန်းဆက်တီတို့မှာ ဝင်ထိုင်လိုက်ပါ၏။ သိမ့်တလင်းသာ အကြမ်းခင်းထားတာမို့ ဖိနပ်စီးလျက်ပင် ဝင်လိုက်ရလေသည်။ ဧည့်ခန်းမှာ TV စင်နှင့် အပ်ချုပ်စက်မှလွဲ၍ တခြားအလှပြပစ္စည်းတို့ ဘာဆိုဘာမှ ရှိမနေပါ။ ဗီရိုနှစ်လုံးရှိသော်ငြား သစ်သားအလုံပိတ်မို့ အထဲမှပစ္စည်းတို့ကို မမြင်ရပါ။ အပ်ချည်စက်ဘေးရှိ ဗီရိုအပုလေးကိုဖြင့် မှန်ဖြင့်လုပ်ထားသဖြင့် အတွင်းမှာ အထပ်လိုက်ရှိနေပါသည့် ပိတ်စတို့နှင့်အတူ စက်ချုပ်ကိရိယာ (အပ်ချည်လုံးစသည်တို့) ထည့်ထားပါသည့် သံဘူးသာရှိနေလေ၏။





အဘယ်မျှ ရိုးစင်းရှင်းလင်းနေသည့်အိမ်လေးပါပဲ။ တခြားအိမ်တွေမှာဆိုလျှင်ဖြင့် ရှိသမျှပစ္စည်းစုစွာတွေကို (ရွှေ ငွေမှလွဲ၍) showcase ဗီရိုတွေထဲမှာ for show ပုံစံဖြင့် ထားတတ်ကြတာလေ။ ကောင်မလေး၏အမေက သူတို့ကို ဧည့်ခံရန်အတွက် စီစဉ်ပေးရန် အိမ်အနောက်ဘက်သို့ ဝင်သွားလေ၏။ ကောင်မလေးကဖြင့် စောစောက ခုံမှာပင် ပြုံးတိုင်လျက် နေကြာစေ့ ဆက်စားနေလေသည်။

"ညီမလေး"

"_____"

"ချွတ်! ချွတ်! ဟေ့! . . . ခေါ်နေတာ မကြားဘူးလား"

လူကို ဘုကြည့်ပြန်ကြည့်လိုက်ပါသည့် မျက်ဝန်းနက်တို့နှင့် ဆုံစဉ် ရင်ထဲ ဒိတ်ခနဲဖြစ်သွားရပါသည်။ ကြည့်ပါဦး။ အဘယ်မျှ တောက်ပနက်မှောင်နေသည့် မျက်ဝန်းလဲ့လဲ့လေးတွေပါလဲ။ ပါးပြင်နှစ်ဖက်မှာ သနပ်ခါးပါးကွက်ကို ခပ်ကြီးကြီးလူးထားပြီး ဆံပင်ကိုလည်း ခပ်မြင့်မြင့်လေး နှစ်ဖက်ခွဲစည်းထားသည်က Welcome Myanmar ဝိုးဝရုပ်နှင့်ပင် တူနေပါသေးသည်။ လက်ဖောင်း blouse အင်္ကျီနှင့် Mini skirt ဒူးဖုံးရုံလေး ဝတ်ထားသဖြင့် အသက်ကို (၁၅) (၁၆) ဟုသာ ခန့်မှန်းလိုက်မိပါ၏။

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နာမည်က ဝိုင်းချစ်လား"

"ဟုတ်တယ် ... ဟုတ်တယ်၊ တစ်အိမ်လုံး ရှိသမျှလူအကုန်စုပြီး ဝိုင်းချစ်ကြလို့ ပေးထားတဲ့နာမည်။ အဲဒါ ဘာဖြစ်လဲ၊ ယောက်ျားလေးဖြစ်ပြီး စပ်စုလိုက်တာ"

"မဟုတ်ပါဘူး။ မရှိမသေ ရေအိမ်တက်ချင်လို့ မေးမလို့ပါ"

"ဒါများ ... အဲဒီရှေ့တည့်တည့်သာ ဝင်သွားလိုက်။ အခန်းတွေ အဆုံးမှာရှိတယ်"

"Toilet လား သား။ ရှေ့ကိုဆက်လျှောက်သွားရင် တံခါးအဖြူလေးနဲ့ တွေ့လိမ့်မယ်။ သွား ... သွား"

သူက အန်တီ့ရှေ့မှာ ခေါင်းငုံ့ခါးကိုင်း၍လျှောက်ပြီး နောက်ဖေးဘက်ကို ဆက်ဝင်ခဲ့ပါ၏။ အိပ်ခန်းသုံးခန်းမျှကျော်ပြီးမှ Toilet ကို ရောက်လေသည်။ ရိုးရိုးကမုတ်နှင့် Toilet က သပ်သပ်၊ ရေချိုးခန်းနှင့်တွဲလျက် ဘိုထိုင် Toilet ကိုပါ တွေ့ရပါ၏။ အပေါ်ထပ်လည်းရှိနေသေးသဖြင့် မိသားစုဝင် အတော်များမည်ဟု ထင်ရလေသည်။

"ဟော! ... ရောက်လာပါပြီ"

"ကိုဇေ ... ရောက်တာကြာပြီလား"

"သိပ်မကြာသေးပါဘူး"

"တစ်ယောက်တည်းလား"





"မဟုတ်ဘူး။ သန့်ဇင်ပါ ပါတယ် ယုယရဲ့"

"ဘယ်မှာလဲ"

"Toilet သွားတယ်"

"အိမ်ရှာတာ ကြာနေတယ်ဆို"

"အဲဒီမှာလေ နင့်ညီမက လမ်းမှာတွေ့လို့မေးတာကို မသိယောင်ဆောင်ပြီး ပြန်လာလေရဲ့"

"မေမေကလည်း"

"ဟုတ်တယ်၊ ဒီမှာက မီးမီးလို့ပဲ အိမ်နာမည်ကို သိကြတာ။ နာမည်ရင်းသိသူက ရှားတယ် ကိုဇေရဲ့"

အိမ်ရှေ့သို့ သူပြန်ထွက်ခဲ့စဉ် 'ယုယ' ပြန်ရောက်နေလေပြီ။ အန်တီက ကော်ဖီဖျော်တိုက်ပေးမယ့် သူ့ရော 'ဇေယျာ' ပါ မသောက်ဖြစ်သေးပါချေ။ အိမ်လည်တာမျိုး သိပ်မရှိသဖြင့် အနည်းငယ်မျှ ရှိန်နေမိ၏။ 'ဇေယျာ' က 'ယုယ' နှင့် မတွေ့တာကြာပြီဖြစ်၍ တမင်ပင် ရောက်လာရတာပါ။ 'ယုယ' ကလည်း အပြင်မှာ Date တိုင်း အိမ်မှာလူကြီးတွေရှိ၍ အိမ်ကိုပင်လာခိုင်းလေ၏။

"မီးရဲ့အန်တီကြီးလေ ... ဒေါ်မြသီတာတဲ့။ ဝိုင်းချစ်ရဲ့မေမေပေါ့။ ဒါ ... မီးပြောဖူးတဲ့ ကိုဇေယျာပါ အန်တီကြီး။ ဒါက ကိုသာချို သန့်ဇင်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက်စလုံး (Y.I.T) အင်ဂျင်နီယာ ကျောင်းတက်နေကြတာလား"

"ဟုတ်ပါတယ် အန်တီ"

"ကော်ဖီသောက်ကြလေ သားတို့"

"ဟုတ်ကဲ့"

"အိမ်ကိုလာလို့ ဧည့်ခံတာကို မသောက်ဘူးငြင်းရင် နောက်ဘယ်နှစ်ခါလာလာ ရေတောင်သောက်ရမယ် မထင်နဲ့"

"ဟဲ့! သမီးနော် ... ဧည့်သည်ကို ဒီလိုပဲပြောရလား"

"အိမ်က ထုံးစံကို ပြောထားတာလေ မေမေရဲ့"

"တီ!"

"ဟော! ... နှင့်အစ်မ ပြန်လာပြီ"

မမက ကားကို ခြံရှေ့မှာတင် ရပ်ထားခဲ့ပြီး ခြံထဲဝင်လာလေ၏။ မျက်စိအဝေးမှုန်နေသည့်အတွက် မျက်မှန်ဝတ်ထားတာကို ချွတ်လိုက်ပြီး အိမ်ထဲဝင်လာစဉ် ဧည့်သည်နှစ်ဦးစလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြပါသည်။ ဒီအိမ်က မိန်းကလေးတွေထဲမှာ 'မမ' က အသွယ်ဆုံး အချောဆုံး မဟုတ်လား။ 'မမီးမီး' က အူတိုသည့် အကျင့်မရှိတာမို့ တော်ပါသေးရဲ့။ လူငယ်နှစ်ယောက်စလုံးက ငေးမော ကြည့်နေတာကို 'မမ' လည်း သတိမထားမိပါလေ။





"ဆာလိုက်တာ မေမေရယ်။ ကလေးနှစ်ယောက်ကို ကျောင်းပို့ပေးပြီး အန်တီသန့်ကို ဈေးကြိုပို့လုပ်ရတာနဲ့ မောနေပြီ။ ခဏနေ အငယ်လေးကို ကျောင်းသွားပြန်ကြိုရဦးမယ်၊ ဟင်းကျက်ပြီလား"

"ကျက်လို့ စားဖို့အဆင်သင့်ပါတော်။ သမီးငယ် နှင့်မှမကို ခူးခပ်ကျွေးလိုက်ဦး။ မီးမီးတို့ပါ တစ်ခါတည်းစားလိုက်ပါလား"

"ဟုတ်သားပဲ၊ ကိုဇေတို့လည်း စားလိုက်နော်။ မီးသွား ကျူပြင်ပေးလိုက်မယ်"

"ဟာ! ... နေပါစေ မဟုတ်တာ"

"ဘာမဟုတ်တာလဲ သားတို့ရဲ့။ ရှိတာလေးနဲ့ စားသွားပါ။ တကူးတက ဖိတ်ကျွေးတာမဟုတ်တော့ ဟင်းတွေ မကောင်းပါဘူး။ အားနာပါရဲ့"

'ဝိုင်း' က မျက်နှာပူအားနာနေပါသည့် ဧည့်သည်တွေကို မျက်စောင်းခဲလိုက်ပြီး နောက်ဖေးဘက်သို့ ဝင်လိုက်ပါ၏။ 'မမ'က ရေသန့်ဘူးထဲမှ ရေကိုပင် ငုံသောက်နေပါသည်။ သူဌေးအိမ်မှာ မိန်းကလေး driver အလုပ်ကို လုပ်ရသူမို့ ပင်ပန်းမှာပါပဲ။ ခရီးတွေ သွားလျှင်လည်း 'မမ' မောင်းတာကိုပင် စိတ်ချ၍ လိုက်ပို့ရလေ့ ရှိလေသည်။

"အတူတူ တစ်ဝိုင်းတည်း စားလို့ဖြစ်ရဲ့လား မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့မဖြစ်ရမှာလဲ၊ ငါက မြန်မြန်စားပြီး ပြန်သွားရမှာကို"

"မမက အကြောင်းမဟုတ်ဘူးလေ၊ ညည်းသည့်နှစ်ယောက်က အကြောင်း"

"ဘာလို့လဲ ဝိုင်းချစ်ရဲ့"

"နှစ်ယောက်သား ရှက်ကိုးရှက်ကန်းဖြစ်မှာ။ ပြီးတော့လည်း မမကိုငဲ့ပြီး မစားနိုင်ရင် ဘယ့်နှယ်လုပ်မလဲ"

"ဟယ်! ... အငယ်မကတော့ ပြောတော့မယ်။ ငါ့ထက် ငယ်ကြပါတယ်"

"ယောက်ျားလေးပဲ ဝိုင်းချစ်ရယ်။ ဘူးနဲ့အူး နှစ်မျိုးပဲရှိတာကို။ မျက်စိနဲ့ကြည့်တာ ကြည့်ပါစေ၊ နော် မမရယ်"

"ဟုတ်ပါ့ ... အဆန်းမှမဟုတ်တာ"

ကောင်းပါလေ့။ အစ်မနှစ်ယောက်စလုံး အပေးအယူမျှနေသဖြင့် 'ဝိုင်း' က ဝင်ပြောစရာမလိုဘဲ အနေသာကြီးပါ။ 'မမမီးမီး' ဝိုင်းကူပြင်ပေးသဖြင့် ထမင်းဝိုင်းက မြန်မြန်ပြီးသွားပါ၏။ 'မမ'က အချိန်မရှိသဖြင့် အရင်ဆုံးထိုင်စားနှင့်နေပြီ။ 'ဝိုင်း' က ဒေါ်လေး အတွက် ဆန်ပြုတ်နွေးနွေးကို ကြက်သွန်မြိတ်လှီးထားတာ အနည်းငယ် ဖြူး၍ ပန်းကန်လုံးထဲထည့်ပြီး နောက်မှ ပန်းကန်ပြားခံလျက် သယ်လာ ခဲ့ပါသည်။





"ကိုဇော်တို့လာကြလေ"

"အားနာလိုက်တာ ယုယရယ်"

"လာပါ အားမနာပါနဲ့"

"အဲဒါဘာလဲဟင် မွှေးလိုက်တာ"

"လူမမာအတွက် ဆန်ပြုတ်ရှင့်။ ဘာလဲ ဒါမျိုးစားချင်လို့ လား"

"ဟင်! ... မဟုတ်ပါဘူး"

သူကလည်း သူပါ။ မျက်စိရှေ့မြင်မိတာကို မမေးဘဲ မနေနိုင် တာမို့ လွှတ်ခနဲ ပြောမိသည်နှင့် လူကို မျက်စောင်းခဲပြုရတယ်လို့။ ဘယ်လိုလေးမှန်းမသိတော့ပါ။ ဒီမျက်ဝန်းနက်နက်လေးနှင့် အကြည့် ဆုံလိုက်တိုင်း ရင်ဘတ်ထဲမှ နှလုံးသားက ခတ်နှင့်တို့လိုက်သလို ဒုတ်ခနဲ ခုန်မိတာက ခဏ ခဏပါပဲ။

ဘုရားရေ! သူတော့ ဤချာတိတ်ငယ်ငယ်လေးအပေါ် မရိုး မသားစိတ်များ ဝင်နေပြီလား။ တကယ်ချောမောလွန်းတာက စောစော က ပြန်လာသည့် အစ်မဖြစ်သူသာဖြစ်ပြီး သူမကဖြင့် ကလေးဆန်ပြီး အပြစ်ကင်းစင်သည့် မျက်ဝန်းတို့နှင့် မျက်နှာလေးသာဖြစ်တာပါလေ။ လူကို မကျေနပ်ဟန်ဖြင့် ဖျတ်ခနဲ စူပြီး ပြောလာသည့် နှုတ်ခမ်းဖူးဖူး လေးကိုမှ သူ အသည်းယားမိတာ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... စားကြနော်။ အစ်မက အလုပ်ပြန်ဝင်ရမှာမို့ မြန်မြန်စားနေတာ။ ငါ့မောင်တွေကို ကောင်းကောင်းဧည့်မခံနိုင်တာ နားလည်ပေးကြ၊ ထိုင် ... ထိုင်"

"ဟုတ်ကဲ့"

"မီးမီးကောင်လေးက ဘယ်တစ်ယောက်လဲ။ နှစ်ယောက်လုံး ခန့်ချောလေးတွေပဲ"

"အာ ... မမကလည်း"

"တို့ညီအစ်မတွေက ဒီလိုပဲ ပွင့်ပွင့်လင်းလင်းပြောတတ်တယ်"

"ကိုဖေယျာပါ မမ။ ဒါက သူ့သူငယ်ချင်း ကိုကျော်သန့်ဇင်ပါ။ မမ နိုင်နှင်းဝေဝေပါ ကိုဖေ"

"ဟုတ်ကဲ့"

"ဟော် ... ဟင်းရည်ထည့်ဖို့ မေ့နေပြီ"

"ငိုင်းထည့်ပေးမယ့် မမမီးမီး"

နောက်မှလိုက်ဝင်လာပါသည့် သူမက ပန်းကန်လုံး ခပ်လတ်လတ်နှစ်လုံးဖြင့် ဟင်းရည်ကို ခပ်ထည့်ပေးပါ၏။ စားပွဲထက် ပြင်ထားပါသည့် ဟင်းလျာတို့ကို သူ စေ့စေ့ကြည့်လိုက်မိပါသည်။ အလို! ဒါလား ဘာမှမရှိတဲ့ ဟင်းကောင်းတဲ့လေ။ အိမ်မှာလို ဆီအမြုပ်ချက်ထားပါသည့် အသားဟင်းလျာမျိုး မဟုတ်ပါဘဲ ပုစွန်ဆီပြန်ခြောက်ခြောက်ဟင်း။ ငါးကြော်နှပ်၊ အသားနှစ်ခွက်သာပါပြီး အရန်ဟင်းဖြစ်သည့် အရွက်ကြော်ကဖြင့် ပဲပင်ပေါက် ပဲပြားကြော်နှင့် အာလူးကတ်တလိပ်ပါ။ မှုစ်ချဉ်ပေါင်ဟင်းထဲမှာလည်း ငါးခြောက်အတုံးလေးတွေ ထည့်ချက်ထားတာမို့ အဘယ်မျှ လိုက်ဖက်သည့် ဟင်းလျာတွေပါလဲ။

"သုံးဆောင်ပါ ကိုဖေ။ ကိုသန့်ဇင်ရော အားမနာနဲ့နော်"

'ယုယ' က သူတို့မစားတတ်မှာစိုးသဖြင့် ဇွန်းနှင့်ခက်ရင်း နှစ်စုံ ထုတ်ပေးပါ၏။ ခုံယူ၍ ထိုင်လိုက်စဉ် 'မမ' ဘေးမှာထိုင်လိုက်သည့် သူမက အလယ်မှာရှိနေပါသည့် ငါးပိရည်လင်ဗန်းကို သူမဘက်သို့ ဆွဲယူလိုက်လေသည်။ အလို! ဒီလင်ဗန်းထဲမှ ငါးပိ တို့စရာအစုံကမှ သူမတို့ အားထားစားသည့် ဟင်းများလား။ သူ အံ့ဩသွားရလေ၏။

"ဘာကြည့်တာလဲ။ ဒါမစားဘူး မဟုတ်လား"

"အငန်တွေစားတာ ဝက်ခြံထွက်မှာ မစိုးရိမ်ဘူးလား"

"ဟင့်အင်း ... ငိုင်းတို့အိမ်မှာ ငါးပိရှောင်တဲ့သူ တစ်ယောက်မှမရှိဘူး"

"ငိုင်းရော ဝက်ခြံမပေါက်ဖူးဘူးလား"

ရယ်လေတော့၏။ ဘယ်လိုလဲ။ သူမေးသည့်မေးခွန်းက ရယ်စရာလား။ ပါးပေါ်မှာ သနပ်ခါးပါးကွက်လေးနှင့် ပြုံးလိုက်သည့်







www.burmeseclassic.com

www.burmeseclassic.com



အပြုံးချိုချိုလေးက သူ့ရင်ကို ခုန်စေပြန်လေ၏။ ဒုက္ခပါပဲ။ ဒီပုံစံအတိုင်း သာဆိုလျှင်ဖြင့် ဒီချာတိတ်မလေးနှင့်တွေ့တိုင်း သူတော့ နှလုံးရောဂါ ရတော့မည် ထင်ပါရဲ့။

“မပေါက်ပါဘူး။ ဗိုင်းတို့အိမ်ကလူတွေက အပူအစပ် အငန် အချဉ် အစုံစားတယ်။ ချောင်တာက အချိုပဲရှိတာ”

“စားလို့ကောင်းရဲ့လား။ ထမင်းထပ်ယူကြဦးလေ”

‘မမ’ က စားပြီးပြီမို့ အလုပ်ပြန်သွားရန် ထသွားလေတော့၏။ သိပ်စားမဝင်ဘူးထင်ထားပေမယ့် ဗိုက်ထဲသို့ နှစ်ပန်းကန်လောက် ထမင်းရောက်သွားသဖြင့် ကိုယ်တိုင် အံ့သြသွားရလေသည်။ ဘယ်လို ပါလိမ့်။ ဒီအိမ်မှာ လူအများကြီးရှိနေကြတာမို့ အားမနာမိပါဘဲ ထမင်း စားဝင်ခဲ့ရတယ်လို့။

သူနှင့် ‘ဖေယျာ’ တို့အပြန်မှာ ခြံအထိ လိုက်ပို့ပေးသည့် ‘ယုယ’ နှင့်အတူ သူမပါ ရပ်နေလေ၏။ လက်ထဲမှာ အာလူးကြော် ထုပ်ဖောက်စားနေပါသည့် ချာတိတ်မလေးကို သဘောကျစွာဖြင့် ပြုံး ကြည့်လိုက်မိတော့သည်။ တကယ်ပါ ‘ကျော်သန့်ဇင်’ ရဲ့ဘဝမှာ မထင် မှတ်ဘဲ ဆုံခဲ့ရသည့် အမှတ်တရပုံရိပ်အဖြစ် ဒီမိန်းကလေးက ရှိခဲ့တာ ပါလေ။

❋



## အခန်း (၄)

မေမေ ငါးသလောက်ပေါင်းစားချင်သည်ဆို၍ ဈေးကို စော စောထထွက်ခဲ့ရပါ၏။ အိမ်မှာ မေမေ့ကို ကူညီချက်ပြုတ်ပေးနေရ သဖြင့် သင်တန်းတက်ဖို့အချိန်ကို နေ့လယ်ပိုင်းကိုသာ ရွေးပြီးတက်ရ လေသည်။ အိမ်မှာက စားသည့်ပါးစပ်တွေကသာ များပြီး ချက်ဖို့ကို ဖြင့် သေအောင်ကြောက်ကြပါ၏။

လူကြီးများသည့်အိမ်မို့ ရေနွေးအိုးကို အမြဲတစေတည်ထားပြီး လျှပ်စစ်အိုးထက် ထင်းမီးသွေးကိုသာ အသုံးများလေသည်။ ‘ဗိုင်း’ ကိုယ်တိုင်လည်း ပေါင်းအိုးနှင့်ချက်သည့် ထမင်းထက် ရေငွဲ့ချက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည့် ထမင်းကို ပိုနှစ်သက်ပါ၏။ ထမင်းရည်ပူပူလေးကို ဆားနှင့်သကြား အနည်းငယ်ထည့်ဖျော်ကာ အလုပ်လုပ်ရင်း သောက်ရတာလောက် အရသာရှိတာ မပြောပါနှင့်။

ငါးပေါင်းက နောက်နေ့မှစားဖြစ်မှာမို့ ဒီနေ့ချက်ရမည့် ဟင်းလျာတို့ကိုတော့ စိစဉ်ပြီးဝယ်ရပါသည်။ နောက်နေ့ ဘာစားမည်ဆိုတာထက် ဈေးမှာ အဆင်ပြေတာကိုသာ ဝယ်ရတာပါ။ မနက်ဖြန် ငါးစားမှာမို့ ဒီနေ့အတွက် ကြက်သားချက်ရမည်ဟု ဆုံးဖြတ်ကာ ကြက်သားဆိုင်သို့ အရင်ဆုံး ဝင်လိုက်မိ၏။

"ဘာယူမှာလဲ ညီမလေး။ ဗမာကြက်လား ဥတုံးလား။ စီပီလား"

"စီပီပဲပေးပါ အစ်မ။ ခပ်လတ်လတ်တစ်ကောင်လောက်။ ကြီးရင်တော့ ရင်ပုံပိုင်းပဲပေးပါ"

"တစ်ပိုင်းနဲ့ လောက်ရဲ့လား"

"လောက်အောင်စားရမှာပေါ့ အစ်မရဲ့။ ဘူးသီးတို့ အာလူးတို့နဲ့ ရောချက်မှာ"

ကြက်ချိန်တာကို စောင့်ပြီး ငွေရှင်းပေးလိုက်ပါ၏။ ပြီးတော့ ငါးဆိုင်မှာ ငါးသလောက် ခပ်ဝဝနှစ်ကောင် ရွေးဝယ်လိုက်ပါသည်။ မနက်ပိုင်း ဟင်းကုန်သွားပါက ညနေစာ စားစရာမရှိမှာစိုး၍ ငါးကြင်း





တစ်တုံးကို အနည်းငယ်မျှ ပိုင်းဝယ်ထားလိုက်ပါ၏။ အသားဝယ်တာပြီးပြီမို့ ဟင်းရွက်တန်းဘက် လှည့်လိုက်ပါသည်။

အိမ်မှာ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ပုစွန်ခြောက်နှင့်ငါးခြောက်တို့ကို မေမေ့ဇာတိရွာမှ အမြဲလာပို့လေ့ရှိသဖြင့် ဝယ်စရာမလိုပါ။ ဟင်းစားအသီးအရွက်သားငါးကိုသာ ဝယ်ရသဖြင့် ဈေးဖိုးခွေ့တာရာရောက်လေ၏။ လိုအပ်သည့် တိုလီမိုလီတို့ကိုသာ မကြာခဏ ဝယ်ဖြည့်ရသဖြင့် မဆလာ၊ ဟင်းခတ်မှုန့်တို့အတွက်သာ ငွေကုန်ပါသည်။

ကျောက်ဖရုံသီးတစ်စိတ်၊ ပေါင်းလင်း၊ နံနံပင်၊ ရှောက်ရွက်၊ သံပရာသီး၊ ဘူးသီး၊ ခရမ်းချဉ်သီး၊ ကန်စွန်းရွက်၊ သခွားသီး၊ ပူစီနံတို့စရာတို့ကို နည်းနည်းစီရွေးဝယ်လိုက်ပါ၏။ ပန်းဂေါ်ဖီနှစ်ပွင့်နှင့် ဂေါ်ဖီထုပ်အသေးလေးကိုပါ ဝယ်လိုက်ပါသည်။ ငရုတ်သီးစိမ်း၊ ပိန္နဲသီးနှင့် အတောင့်ရှည်ကိုပါ ချိန်ခွင်ဖြင့် ချိန်စေလိုက်ပါ၏။

"အစ်မရေ . . . ရှာလကာရည်တစ်ဘူးလောက်ပေးပါ"

"ဟယ်! . . . ခြင်းထဲမှာအပြည့်ပါပဲလား။ ဘာတွေချက်စားမလို့လဲ ပိုင်းချစ်ရဲ့"

"တုံးစံအတိုင်း အတို့အမြုပ်သာ များတာပါ အစ်မရယ်"

"အေး . . . အဲဒါတွေက ဈေးဖိုးပိုကုန်တာဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဗိုင်းတို့လည်း ရွာကနေ အမျိုးတွေလာမှပဲ ဟင်းရွက် အဝအလင်စားရတယ်။ ရေတ်ကောင်းမှုနဲ့ ပေးပါဦး"

ဈေးခြင်းတောင်းကို စက်ဘီးကယ်ရီယာထက် ကြိုးဖြင့် တုပ်နှောင်ချည်လိုက်ပါ၏။ ကျန်တာတို့ကိုတော့ စက်ဘီးရှေ့ခြင်းထဲ ထည့်ကာ စက်ဘီးကိုတွန်းခဲ့ပါသည်။ ဈေးအဆုံး လူရှင်းလေမှ စက်ဘီးနင်းလာခဲ့ပါ၏။ အရမ်းစောနေသေးသဖြင့် အနိတ့်စက်ချုပ်ဆိုင်နှင့် 'ကိုညို' ဆံသဆိုင်က မဖွင့်သေးပါ။ ခြံတံခါးအသေးလေးကို တွန်းဖွင့်ကာ ဝင်လိုက်ပါသည်။

စက်ဘီးကို ဒေါက်ထောက်ထားခဲ့ပြီး ပစ္စည်းတွေကို မနိုင်မနင်း သယ်ခဲ့ရပါ၏။ ဘွားဘွားက ဘုရားရှိခိုးပြီးပြီမို့ အိမ်ပေါ်ထဝ်မှ ဆင်းလာလေပြီ။ မနက်စာ ဘယ်သူမှ အဆာပြေမလုပ်ပေးသေးဘူး ထင်ပါရဲ့။ လှေကားကကျယ်ပြီး လက်ရန်းပါသဖြင့် ကိုင်ပြီး ဖြည်းဖြည်း ချင်းဆင်းလာသည့် ဘွားဘွားကို ကူရန် ပြင်လိုက်မိပါ၏။

"ရတယ် မြေးငယ်။ ဘွား သေချာကိုင်ပြီးဆင်းမှာပါ။ သွား သွား ပစ္စည်းတွေမနိုင်မနင်းနဲ့"

"ဘွား . . . အဆာပြေမစားရသေးဘူး မဟုတ်လား"

"အေး . . . သမီးကြီး ပဲပြုတ်ဝယ်ထားတယ် ပြောတာပဲ"

"ခဏလေးနော် ဘွားဘွား . . . ဗိုင်း ထည့်လာပေးမယ်"





"အေး . . . အေး"

မီးဖိုခန်းသို့ ဝင်လိုက်စဉ် မေမေက ထမင်းကြော်ဒယ်အိုးမွှေရင်း အလုပ်ရှုပ်နေလေ၏။ ဆွမ်းတော်ကပ်ပြီးပြီမို့ ထမင်းပူရှုးလို့ရလေပြီ။ ဝယ်လာသည့်ပစ္စည်းတွေကို စားပွဲဝိုင်းလေးထက်တင်ကာ လက်အရင်ဆေးလိုက်ပါသည်။ ရေသံကြားမှ မေမေ လှည့်ကြည့်လိုက်လေ၏။

"သမီးငယ် ပြန်ရောက်လာတာနဲ့ အတော်ပဲ။ သမီးဘွားဘွားအတွက် ထမင်းပူလေး ပဲပြုတ်နဲ့ နယ်ပေးပါဦး။ မေမေ ရေနွေးထည့်ပြီး လက်ဖက်ခြောက်နှပ်ထားပေးတယ်"

"ဟုတ်ကဲ့ မေမေ"

ကြွေပန်းကန်ပြားထဲသို့ ထမင်းပူပူအနေတော်ထည့်ကာ ပဲဆီမွှေးနှင့် ဆားအနည်းငယ်ထည့်၍ နယ်လိုက်ပါ၏။ မေမေ ဝယ်ထားပါသည့် ပဲပြုတ်ထဲမှ အနည်းငယ်ကို ယူ၍ ရောနယ်လိုက်ကာ ဇွန်းတပ်လိုက်ပါသည်။ လက်ပေသွားတာကို ပြန်ဆေးပြီးမှ ကြွေမတ်ခွက်ထဲသို့ လက်ဖက်ခြောက်နှပ်ထားပါသည့် ကရားအိုးထဲမှ ရေနွေးကို အနည်းငယ် ငှဲ့ထည့်ကာ ဓာတ်ဘူးထဲမှ ရေနွေးဖြင့် ရောလိုက်ပါ၏။ လင်ပန်းအလတ်လေးထဲသို့ ထမင်းပန်းကန်နှင့်အတူ ရေနွေးခွက်တင်ပြီး ပန်းကန်ပြားအသေးလေးထဲသို့ ရေတ်သီးငါးပိကြော် ပုလင်းဖွင့်၍ ဇွန်းဖြင့် ခပ်ထည့်ကာ တင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့သို့ သယ်လာစဉ် ဘွားဘွားက အလယ်ခန်းရှိ ခုံမှာထိုင်၍ တရားစာအုပ် ဖတ်နေလေ၏။ မျက်မှန်တပ်ထားပါသည့် ဘွားဘွား 'ဒေါ်မြမေ' က 'ဝိုင်း' ကို လှမ်းကြည့်လိုက်သဖြင့် မောနေသည့်ကြားမှ ပြုံးပြလိုက်ရလေသည်။ ဒီအဘွားနားကပ်၍ အိမ်တား ဒီအဘွားကို နှိပ်နယ်ပြုစုတာက 'ဝိုင်း' တစ်ယောက်သာ ရှိနေတာပါ။

"မြေး . . . သင်တန်းသွားရမှာ မဟုတ်လား"

"နေ့လယ်နှစ်နာရီမှပါ ဘွားရဲ့။ ဘာခိုင်းချင်လို့လဲ"

"ဪ . . . . နေ့ခင်းရေချိုးရင် ဘွားဘွားအဝတ် နှစ်စုံလျှော်ပေးဖို့ ပြောမလို့ပါ"

"ဝိုင်း လျှော်ပေးမှာပါ ဘွားရယ်။ စိတ်ချပါ"

"အေးပါကွယ် . . . ငါ့မြေးကို အားကိုးရမှန်း သိပါတယ်"

"အဲဒါမှ ဘွားဘွားဆီက အမွေရမှာလို့ ပြောလိုက်လေ ဝိုင်းချစ်ရဲ့"

"အန်တီငယ်ကလည်း ဝိုင်းက အဲဒါတွေ မမက်ပါဘူးနော်"

"ဒါပေမဲ့ မေမေ့ရဲ့နီလာနားကပ်ကိုတော့ မျက်စိကျနေတာ မဟုတ်လား"

"အမလေး ငါ့မြေးလိုချင်ရင် အကုန်ပေးမယ်၊ မနာလိုမရှိကြနဲ့"





အန်တီငယ် 'ဒေါ်မြမာလာ' က 'ဝိုင်း' ကို စနောက်ပြီး အဆောင်ပြောစာရန် အိမ်နောက်ဖေးသို့ ဝင်သွားလေ၏။ မနက်ကို ဝိုက်ပြည့်အောင်ဖြည့်ပြီးမှ တစ်နေ့တာလုပ်ငန်းကို အားအပြည့်ဖြင့် လုပ်နိုင်မှာမို့ပါ။ အဒေါ်အငယ်ဆုံးနှင့် ဝမ်းကွဲအဒေါ် 'ဒေါ်မေထက်' က အိမ်မှာ ပင်တိုင်စက်ချုပ်ကြသဖြင့် တစ်နေကုန် အညောင်းထိုင်ကြရလေ၏။ အန်တီငယ်က ဖဲလာဝတ်စုံတွေ၊ ဂါဝန်တွေ၊ suit တွေ၊ skirt တွေကို style ကျကျ ချုပ်တတ်သဖြင့် အကောင်းစားစိတ်စတွေ ကိုသာ ချုပ်ရတာ များလေသည်။

အဒေါ်ဝမ်းကွဲကဖြင့် ကျောင်းဝတ်စုံတွေနှင့် ရပ်ကွက်ထဲမှ အမျိုးသမီးဝတ်စုံတွေ လုံချည်၊ ပုဆိုးတွေ အချုပ်များကာ အပ်ထည့်ပုံပြီး အလုပ်အများဆုံးဖြစ်လေသည်။ ထို့ကြောင့် 'အန်တီထက်' ချုပ်ထည်တို့ကို လက်ချုပ်လိုက်ပေးတိုင်း 'ဝိုင်း' ပဲ ကူညီပေးရပါ၏။

"ဝိုင်းချစ်ရော မစားဘူးလား။ မီးမီးရော"

"လာပြီ အန်တီငယ်ရေ"

'မမီးမီး' က အပေါ်ထပ်မှ အပြေးအလွှားဆင်းလာလေသည်။ မနက်နှင့် ညပိုင်းမှသာ မိသားစု စုံညီ ထမင်းစားရပြီး နေ့လယ်ပိုင်းမှာဖြင့် အားတဲ့လူသာ အမြန်ပြီးအောင် အလျင်စလို စားရသဖြင့် မဆုံကြတော့ပါလေ။ မနက်ပိုင်း အဆာပြေကို စားသောက်ပြီးတတ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ထမင်းကြော်စားလျှင်စား၊ သို့တည်းမဟုတ် ရွာမှပါလာသည့် ပဲတစ်မျိုးမျိုးကို ငါးပိချက် ချက်ထားတာဖြင့်လည်း စားလေ့ရှိကြပါ၏။

"ငါးသလောက်နဲ့ရတယ်"

"နှာခေါင်းက ရွှေပါပဲ။ ဟုတ်တယ်၊ မနက်ဖြန်စားဖို့ ပေါင်းမလို့ ဝယ်လာခိုင်းတာ"

"ထမင်းတော့ စားကောင်းဦးမယ်"

"နင် စားမကောင်းတာ ဘယ်တုန်းက ရှိခဲ့လို့လဲ"

"အနိုတီငယ်ကလည်းနော်၊ ကိုယ့်ကုသိုလ်နဲ့ကိုယ် ခန္ဓာကိုယ်ပြည့်တာ မနာလိုဖြစ်နေပြန်ပါပြီ"

"ဟုတ်ပါ့ ပြောလိုက်စမ်း မီးမီးရယ်"

တစ်မျိုးတစ်ခွေလုံးက ဝိုင်းကြပေမယ့် ခွေမျိုးဝမ်းကွဲ 'မမမီးမီး'က ခပ်ပြည့်ပြည့်လေးမို့ မကြာခဏ စနောက်တတ်ကြလေ့ရှိလေသည်။ ညနေဘက်မှသာ ကလေးတွေကို စာလိုက်ပြရပြီး မနက်ပိုင်းမှာက ဝိတ်ရက်ရှိမှသာ 'မမမီးမီး' က စာပြရလေ၏။

"မနက်ဖြန် အရည်ဟင်းက ဘာချက်မှာလဲဟင်"

"သြော် . . . ဒီနေ့ စားဖို့တောင်မှ မချက်ရသေးဘူး။ မနက်ဖြန်အတွက် ပူနေပြန်ပါပြီ။ သမီးငယ် ညနေကျရင် ပဲတီစိမ်းတစ်ဘူးလောက် လှော်ရအောင်၊ မနက်ဖြန်ချက်ဖို့အတွက်"





"ဟုတ်ကဲ့ မေမေ"

"ဒီနေ့က ကြက်သားကို ဘူးသီးနဲ့ကာလသားဟင်းချက်ပေးမယ်။ ညနေစာမလောက်တော့ရင် ငါးကြင်းဆီပြန်နဲ့ ကျောက်ဖရုံသီးကြက်ရိုးဟင်းချို ချက်ပေးမယ်"

"Good!"

"မ good နေနဲ့။ ငါ့ကို ကန်စွန်းရွက်ကူချွေပေးဦး"

'မမမီးမီး' ဇက်ပုသွားလေတော့၏။ ဝိုင်းလုပ်ဝိုင်းစားအိမ်မို့ အချိန်ရလျှင်ရသလို အကူအညီပေးရမှာပါ။ 'မမမီးမီး' က သူတို့အိမ်မှာလည်း အငယ်ဆုံးဖြစ်ပြီး မီးဖိုချောင်အလုပ်ကို သိပ်မလုပ်တတ်ပါချေ။ ဝိုင်းနှင့်က အငယ် အငယ်ချင်းမို့ မကြာခဏ စကားများပြီး မတည့်သလို ဖြစ်တတ်လေ၏။

"ဝိုင်းချစ် ဘယ်အချိန်သွားမှာလဲ"

"ဆယ့်နှစ်ခွဲလောက်ပေါ့"

"စာအုပ်ဝယ်စရာရှိလို့ ငါနဲ့အတူသွားမယ်"

"ပြီးရော"

မေမေ ဟင်းဆက်ချက်မည်မို့ ရေတ်သီးထောင်းတာ၊ ကြက်သွန်နွာတာတို့ကို 'ဝိုင်း' ကူလိုက်ပါသည်။ မေမေက ready made ရေတ်မှုန့်ကို မကြိုက်သဖြင့် ရေတ်ပွ (ငရုတ်ပု) လေးတောင့်ကို



www.burmeseclassic.com

www.burmeseclassic.com



အညှာခြွေကာ ရေနွေးဖြင့် စိမ်ထားပြီးမှ ညက်နေအောင် ထောင်းရပါ၏။ ညက်တော့မှ ချင်း၊ ကြက်သွန်အဖြူအနီကို ထပ်ထည့်၍ ထောင်းရပါသည်။ ကြက်သားဟင်းထဲထည့်ရန် ဝယ်လာသည့် စပါးလင်အစည်းမှ နှစ်ချောင်းကိုယူ၍ အရင်းကို ပါးပါးလှီး၍ သပ်သပ်ထောင်းထားပြီး အရွက်ရင့်ကို ဖွယ်ခွာကာ အဖျားပိုင်းကို လိမ့်ချည်၍ ရေတက်ကျည်မွှေ့ဖြင့် နာနာထုထားလိုက်ပါ၏။

ကြက်သား ဆားနယ်နှင်းနယ်တာကို အဆင်သင့်လုပ်ပေးထားလိုက်ပြီး ငါးပိရည်ဖျော်ရည်နှင့် တို့စရာပြုတ်ဖို့ကိုပါ တစ်လက်စတည်း ပြင်ထားပေးပါ၏။ အဆာပြေစားသောက်ပြီး အပေတွေခေးကြောတာကို လုပ်ပေးကာ အဝတ်လျှော်ရန် ပြင်ရလေတော့သည်။ 'မမမီးမီး' စာအုပ်ဝယ်တာကို အဖော်လိုက်ပေးရမည်မို့ စောစောလေး အိမ်မှ ထွက်ရပေမည်။

"ဝိုင်း သင်တန်းသွားဖို့ပြင်တော့မယ် မေမေ၊ ဘာမှာစရာ ရှိသေးလဲ"

"မမှာတော့ပါဘူး သမီးရယ်။ နှင့်အန်တီငယ်တို့ကိုပဲ မေးလေ"

"မမှာတော့ပါဘူး မကြီးရေ၊ ကြယ်သီးတပ်ဖို့က အထည်နဲ့ တိုက်ပြီးမှ ဝယ်ရမှာဆိုတော့ ကိုယ်တိုင်ရှာဝယ်မှ ဖြစ်မှာ"





"ဒါဆို ဝိုင်း ရေချိုးတော့မယ်"

"အေး အေး"

'မမမီးမီး' အရင်ချိုးတာကို စောင့်ပြီးမှ 'ဝိုင်း' အလှည့်သို့ ရောက်လေ၏။ ဘယ်သွားသွား အိမ်မှာပဲနေနေ 'ဝိုင်း' က သနပ်ခါး ကြိုက်သူမို့ နှုတ်ခမ်းနီ မျက်ခုံး မျက်လုံး မဆိုးပါဘဲ သနပ်ခါးကိုသာ နှစ်နှစ်ခြိုက်ခြိုက် လိမ်းဖြစ်ပါသည်။ ဆံပင်ကိုလည်း ခပ်စင်းစင်းလေးသာ ထားပြီး ဖွတ်မြီးကျစ်တာ စည်းနှောင်တာတို့ကို အမြဲလုပ်လေ့ရှိပါ၏။ 'ဝိုင်း' တို့အမျိုးက ဆံပင်နက်ကောက်ဖြစ်ကြပြီး 'ဝိုင်း' သာ ငယ်စဉ်ကတည်းက ဆံပင်ဖြောင့်ရှိခဲ့သူပါ။ ကိုကိုနှင့် (၁၃) နှစ်ကွာသလို 'မမ' နှင့် အသက် (၁၀) နှစ်ကွာသည့် 'ဝိုင်း' က 'ကိုကို့' သား 'ဝိုင်း' ၏တူလေးနှင့် ရက်ပိုင်း လပိုင်းမျှသာ ခြားပြီး မွေးလာရပါသည့် အငယ်ထွေးလေးပါလေ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ကျောင်းမှအပြန် လှည်းတန်းဈေးဘက်သို့ ကားကို ကွေ့မောင်းလိုက်ပါ၏။ လိုအပ်သည့် စာရွက်စာအုပ်တို့ကို ဒီမှာ ရှာလို့မရလျှင် ပန်းဆိုးတန်းဘက်သို့ ဆက်သွားရမှာပါ။ စာအုပ်ဆိုင်တွေ တစ်ဆိုင်ပြီးတစ်ဆိုင် ဝင်ရင်း လိုသည့်ပစ္စည်းတွေ ရှာဝယ်ကာ ပြန်ရန် ပြင်လိုက်ပါသည်။

ကားကို လမ်းရှင်းမည့် လမ်းကြောရှာရန် ပြင်နေစဉ် platform ထက် ကျောင်းသူကျောင်းသားတွေ ပြုံဆင်းလာတာကို မြင်လိုက်ရလေ၏။ ကြည့်ရတာ သင်တန်းပြီး၍ ဆင်းလာကြသလိုပါ။





ညနေစောင်းပြီးမို့ ကားကို လိုသလို အလျင်နှင့် မောင်းလို့မဖြစ်တော့ သဖြင့် ဖြည်းဖြည်းသာ မောင်းခဲ့ရင်း သူ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရပါ၏။

အလို! သူ၏ လမင်းလေးက ဘယ်လိုဖြစ်ပြီး မျက်စိရှေ့ ရောက်လာရပါလိမ့်။ လက်ထဲမှာ file တစ်ခုကို ပိုက်ထားပြီး ဘေးမှာ သူငယ်ချင်းနှစ်ယောက်နှင့်အတူ စကားပြောပြောဖြင့် လျှောက်နေလေ၏။ သူက ကားကို လမ်းဘေးချရပ်ရန် အချက်ပြပြီး နေရာယူ၍ ရပ်လိုက်ပါသည်။ ကားပေါ်မှ ဆင်းလိုက်စဉ် ခပ်မှန်မှန် လျှောက်လာနေပါသည့် ချာတိတ်မလေးကဖြင့် သူ့ကို မမြင်ပါချေ။

"ဝိုင်းလေး"

"အမေ့! . . . ဩော် . . . ဟိုလူကြီး"

"ဘယ့်နှယ် ဟိုလူကြီးလဲ။ သင်တန်းလာတက်တာလား"

"ဟုတ်! "

"Computer လား၊ Speaking လား"

"နှစ်ခုစလုံးပဲ"

"အိမ်ပြန်မှာမဟုတ်လား။ လိုက်ပို့ပေးမယ်လေ"

ချာတိတ်မက မျက်လုံးကို ပေကလတ် ပေကလတ်လုပ်နေပြီး ဘာမှ ပြန်မပြောပေမယ့် ဘေးမှ ကောင်မလေးတွေကဖြင့် ပြုံးစိစိ ဖြစ်နေလေပြီ။ ညနေစောင်းလေပြည့်က သူတို့အနီး ဖြတ်တိုက်သွား



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် သနပ်ခါးရနံ့ကို ခပ်ပြယ်ပြယ်လေး သူ ရှူရှိုက်လိုက်မိလေသည်။ အဘယ်မျှ အသည်းယားဖွယ်ရာ ပါးကွက်ကြားလေးပါလဲ။

"ဝိုင်းလေး"

"ဟဲ့! ... ခေါ်နေပြီ ဝိုင်းချစ်ရဲ့"

"ခဏလေး စဉ်းစားနေတာပါ"

"ဘာများလဲ ဝိုင်းရယ်"

"ဘယ်မှာနေလို့ ဝိုင်းတို့ကို လိုက်ပို့ပေးမယ်လို့ ပြောနေရတာလဲ"

သူ ပြုံးမိပါ၏။ အဘယ်မျှဖြတ်ထိုးဉာဏ် ကောင်းလိုက်သည့် ကလေးပါလဲ။ သူက သူမတို့နှင့် လမ်းကြောင်းမတူသည့်နေရာမှာ နေထိုင်သည့်လူပါ။ ဒါကို ရိပ်မိလိုက်ပါသည့် ဤချာတိတ်မက လူကို အနေခက်စေရန် ဒီလိုမေးခွန်းမျိုး မေးရပါသလား။ မင်းတော့ မလွယ်ဘူး 'ကျော်သန့်ဇင်' ရေ။

"ကိုယ်က အန်တီလေးအိမ်ကို သွားစရာရှိတာနဲ့ လမ်းကြုံ ခေါ်လိုက်တာပါ ဝိုင်းရဲ့"

"အဲဒီအန်တီလေးက ဘယ်မှာနေတာလဲ"

"ခဝဲခြံမှာပါ ခင်ဗျာ"

"ခဝဲခြံ ဘယ်နားမှာနေတာလဲ"





"သိလို့လားကွ၊ ဒေါက်တာ ရွှေနှံ့သာဆိုတာ"

"ဟယ်! ... သိတယ်, သိတယ်၊ အဲဒါ ဦးရဲ့အန်တီလား"

သူမ၏သူငယ်ချင်းထံမှ 'ဦး' ဟူသည့် အခေါ်အဝေါ်ကြောင့် တွန့်သွားရပါ၏။ အသက် ဤမျှမကွာပါဘဲ ဤသို့သော အခေါ်အဝေါ်မျိုး သုံးနှုန်းရတယ်လို့။ သူ၏လဝန်းလေးကဖြင့် အခုထိ သူ့ကို နာမည်နှင့်အတူ အဖျားဆွတ်ပြီး မခေါ်သေးပါလေ။ ကောင်းပြီ၊ သူငယ်ချင်းတွေနှင့် အရင်ရောမှဖြစ်ရင်လည်း ဖြစ်ပါတယ် 'ဝိုင်း' ရယ်။

"ကိုယ့်အန်တီကို သိလို့လား"

"သိတာပေါ့ ဦးရဲ့။ အဲဒီဒေါက်တာက စုတို့နဲ့ တစ်လမ်းတည်း နေကြတာလေ"

"ဪ"

ကောင်မလေး နှုတ်ခမ်းစူသွားလေ၏။ ဒီလိုပဲ ဖြစ်ရမှာပေါ့။ ကိုယ့်ထက် ပိုရင်းနှီးသွားမည့် သူငယ်ချင်းအပေါ် ဝန်တိုမှုတော့ သေးသေးလေး ရှိရမှာလေ။ ချစ်ခြင်းမှာ ရိုးသားမှုရှိရမှာ မှန်ပေမယ့် နည်းလမ်းကတော့ မျိုးစုံ သုံးတတ်ရမှာ အမှန်ပါပဲ။ ခဝဲခြံမှာနေသည့် ကလေးမတွေနှင့် လမ်းကြောင်းတူနေပြီမို့ သူ့ကို ငြင်းပယ်လို့ ဘယ်ရတော့မှာလဲ။

"ရပိုက်မှာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ချင်ပါဘူး"

"ဟောဗျာ"

"ဟုတ်တယ်လေ၊ သက်စုနဲ့ ပုရုးမတို့နှစ်ယောက်က ခဝဲခြံနို့ လမ်းကြောင်းတွေလို့လိုက်တာ အကြောင်းလား။ ဝိုင်းက အဝေးကြီး ဆက်သွားရမှာကို"

"ကိုယ်ပြောပြီးပြီလေ ဝိုင်းရယ်၊ လိုက်ပို့ပါမယ်လို့"

"အန်တီ ဒေါက်တာဆီ သွားမလို့ဆို"

"ဟုတ်တယ်လေ၊ အဲဒီကို အပြန်မှဝင်လည်ရတယ်၊ မဝင်လည်း ဖြစ်တာပဲ"

ချာတိတ်မလေးတွေရယ်ချေပြီ။ သူ့အကြံအစည်ကို မသိဘဲ နေပါ့မလား။ သုံးလေးခွန်းပြောရုံဖြင့် စကားထဲမှ အဖြေပေးတော့တာ လေ။ သနပ်ခါး သေချာမခြစ်ထားပါသည့် ဖင်ရော်တောင်ပုံသဏ္ဌာန် မျက်နှာတွေက တွန့်ချိုးသွားသဖြင့် သူ ပြုံးမြိမြိဖြစ်သွားရလေ၏။ ဤချာတိတ်ရှေ့မှာ ဘာကိုမှ ဖုံးကွယ်ထားလို့ မရပါလားနော်။

"အဲဒါ ညာတာပဲ"

"ရော် ... ကိုယ် ဘယ်မှာညာလို့လဲ"

"ပြောတော့ဖြင့် အန်တီဒေါက်တာ့ဆီ သွားမှာမို့ လမ်းကြုံ ခေါ်တာဆို"





"ဝိုင်းလေးကလည်းကွာ၊ အိမ်ပြန်နောက်ကျရင် အဆူခံရမှာ ကို တွေးမပူဘူး။ ဘယ်လိုဖြစ်ပြီး လူကြီးကို စစ်ဆေးနေရတာလဲ"

"လူကြီးဆိုရင် မှန်မှန်ကန်ကန် ပြောတတ်ရမှာပေါ့"

"ဟုတ်ပါပြီ၊ အမှန်အကန် ဝန်ချသန့်ဇင်ပါပဲ ဝိုင်းရယ်၊ လာပါ"

လက်ကောက်ဝတ်နေရာကို ဖျတ်ခနဲ ဆွဲခေါ်လိုက်သဖြင့် 'ဝိုင်းလေး' က ပါလာသလို သူငယ်ချင်းနှစ်ယောက်ပါ နောက်ဘက်မှ အပြေးအလွှား လိုက်ခဲ့ကြလေ၏။ ကားရှေ့ခန်းတံခါးကိုဖွင့်၍ 'ဝိုင်း' ကို ထိုင်စေပြီး ဟိုကလေးမနှစ်ယောက်ကိုတော့ နောက်ခန်းတံခါးကို ဖွင့်ပေးလိုက်ပါသည်။ အချစ်မှာ တစ်ခါရှောစ်ရဲ့ ရဲတင်းဖို့လည်း လိုမည် ထင်ပါ၏။

"ကိုယ်ပိုင်ကားပေါ် ဇိမ်ရှိရှိနဲ့ ထိုင်လိုက်ရတာ ဒီတစ်ခါပဲ ရှိတယ်"

'သက်စု'က ဖော်ရွေစွာ ပြုံး၍ရေရွတ်လိုက်လေ၏။ ဖြစ်နိုင် လျှင် 'ဝိုင်း'တို့ နေ့စဉ်တက်နေရပါသည့် သင်တန်းတို့ကို အသွားအပြန် ကြိုပို့လုပ်ပေးချင်တာလေ။ သို့သော် ကျောင်းမပြီးသေးပါသည့်သူ့အဖို့ ဒီအခွင့်က ယူဖို့မလွယ်ပါချေ။

သူ၏'ဝိုင်းလေး'ကဖြင့် မှုန်ကုပ်ကုပ်ဖြင့် ပါလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူဆွဲခေါ်လာတာကိုများ မကျေမနပ်ဖြစ်နေလေသလား။

"ကိုယ်ကလည်း နေ့တိုင်း ကြိုပို့ဖယ်ရီလုပ်ပေးချင်ပါတယ်ဗျာ။ မဖြစ်လို့ပါ"

"ဦးက အလုပ်ဝင်နေပြီလား"

"No! ... ကျောင်းမှမပြီးသေးတာ"

"ဘာကျောင်းလဲဟင်"

"Y.I.T ပါ ခင်ဗျာ"

"တော်လိုက်တာ"

"တော်အောင် ကြိုးစားခဲ့ရတာကိုးဗျ"

"စာတွေ ဘယ်လိုများ ကျက်ခဲ့လဲမသိဘူးနော်။ စုတို့ဖြင့် အထက်တန်းကို ပျော့ပျော့လေး အောင်မြင်အောင် မနည်းကြီး စာကျက်ခဲ့ရတာ ဦးရဲ့။ စာအုပ်ကိုင်လိုက်တာနဲ့ မျက်ခွံက ခဲဆွဲခံရသလို သူ့အလိုလို အိကျလာတော့ ဘယ်လိုလုပ်ရမှာလဲ"

သူ အလိုက်သင့်ပင် ပြုံးနေလိုက်ပါသည်။ အခုမှ နာမည် သိရပါသည့် 'သက်စု' က ပေါက်ပေါက် လျော်နေသလောက် သူမက ဖြင့် နှုတ်ခမ်းကို စေ့ပိတ်ထားလေ၏။ ဘာမှ သိပ်မကြာပါဘဲ ခဲ့ခြံသို့ ရောက်နေပြီမို့ 'သက်စု' နေပါသည့် အနက်တီတို့လမ်းထိပ်မှာပင် ကားကို ရပ်ပေးလိုက်ပါသည်။





"ကျေးဇူးပါ ဦး။ နောက်ကို လမ်းကြုံလည်း ခေါ်ပါနော်"

"Ok ပါဗျာ"

လက်ပြနေသဖြင့် သူလည်း လက်တစ်ဖက်ထောင်ပြကာ နှုတ်ဆက်လိုက်ရပါ၏။ ကားကို မောင်းထွက်၍ ငုံ့ကြည့်စဉ် မျက်စောင်း လှလှလေးနှင့် ဆုံသွားရလေသည်။ ရယ်ချင်သွားရပေမယ့် မျက်နှာကို အမြန်တည်လိုက်ရပါ၏။ သူ့လဝန်းလေး မှောင်မိုက်သွားမှာကို စိုးရိမ်မိလို့ပါပဲ။

"ဘယ်တုန်းကတည်းက သိဖူးလို့ ဒီလောက်ပျော်နေတာလဲ"

"ဟောဗျာ ... အဲဒါ ဝိုင်းသူငယ်ချင်းတွေပဲ မဟုတ်လား"

"အဲဒါတော့ ဟုတ်တယ်လေ၊ အဲဒီလိုပဲ ကောင်မလေးလှလှ မြင်တာနဲ့ပဲ ပြုံးပျော်နေရောလား"

"ခော် ... မျက်နှာကို မပြုံးထားလို့ မဲ့ပြရမှာလား ဝိုင်းလေးရဲ့။ ဝိုင်းလေးသူငယ်ချင်းမို့ ကိုယ်က ဖော်ဖော်ရွေရွေ ပြန်ပြောရတာပါ။ မိန်းကလေးလှလှဆိုတော့ သက်စုတို့က လှလို့လား"

"လှကြီးနော် ... ဟိုက ဦးခေါ်လိုက်တာနဲ့ပဲ ယိုင်ချင်နေပြီ။ မပြောလိုက်ချင်ဘူး"

သူ တဟားဟား အော်ရယ်မိတော့၏။ ဝန်တိုခြင်းဆိုသည်က ချစ်ခြင်း၏အစ ဆိုပါလျှင် သူမထံမှ သူ့အပေါ် ချစ်ခြင်းတို့စပျိုးနေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဟူသည့် အရိပ်အရောင်ကို မြင်နေရလို့ပါပဲ။ မင်းငယ်ပါသေးတယ် ကလေးရယ်။ လောကကြီးအကြောင်းနဲ့ ချစ်ခြင်း၏ အဓိပ္ပာယ်အပြည့် အစုံကို သေချာနားမလည်သေးပါဘူး။

"ဘာလို့ရယ်နေတာလဲ"

"သဘောကျလို့ပါ"

"ဘယ်လို"

"ဟုတ်တယ်လေ၊ ကိုယ့်ကို စတွေ့တုန်းက အခုလိုမျိုး ဖော်ဖော်ရွှေရွှေပြောခဲ့လို့လား။ ဝိုင်းတုန်းက အစိမ်းရောင်ပြခဲ့ပြီးမှ သူများ colour တစ်မျိုး ပြတာကို မနာလိုမရှိနဲ့လေ"

"အံမယ် အနေသာကြီးပါနော်။ ဝိုင်းတို့က မိုက်မဝတဲ့အပြုံး မျိုး ဖောဖောသီသီ မပေးတတ်ပါဘူး။ စေတနာ သဒ္ဓါအပြည့်နဲ့ မိုက်ဝစေတဲ့ ထမင်းဟင်းတွေပဲ ချက်ကျွေးတတ်တာပါ။ သူတို့ဘာသာ အပေါ်ယံ red တွေ၊ pink တွေ၊ blue တွေပဲဖုံးဖုံး ဝိုင်းက I don't care ပဲ"

"ဟင်း ဟင်း … ဘာပဲဖြစ်ဖြစ်၊ နည်းနည်းတော့ ရော်ဝင် တယ် မဟုတ်လား"

"မဟုတ်ပါဘူး"

ငြင်းဆိုပုံက မြန်မြန်ဆန်ဆန်ပါပဲ။ စိတ်ဆိုးမှာကိုတော့ သူ





စိုးရိမ်ပါ၏။ သိပ်ကြီးမြန်လို့တော့ မဖြစ်ပါလေ။ Step by step ပေါ့ 'ကျော်သန့်ဇင်'။ အရမ်းကြီး အနီးကပ်သွားလျှင် မျက်စိရှေ့ကနေ အရိပ်တောင်မမြင်ရဘဲ ပျောက်သွားနိုင်တာ မဟုတ်လား။

"ဒါဖြင့် နောက်တစ်ခါလာလည်ရင် ထမင်းမကျွေးတော့ဘူး ပေါ့လေ"

"ကြည့်! … ဝိုင်းပြောမိလို့လား"

"မသိဘူးလေ၊ တော်ကြာ စိတ်ချပြီး မကျွေးတော့ရင် ဘယ်လိုလုပ်မလဲ"

"အစားအသောက်နဲ့တော့ ဝိုင်းက မတွန့်တိုတတ်ပါဘူး နော်"

"ဒါဖြင့် အချစ်နှင့်ပတ်သက်လျှင်တော့ ဝန်တိုတတ်မယ်ပေါ့"

ဟူသည့် စကားကိုဖြင့် သူ မပြောသေးပါ။ စောပါသေးသည်။ အခုပဲ ရေတွင်းတူးပြီး အခုပဲ ရေကြည်သောက်ချင်လို့ ဘယ်ဖြစ်နိုင်ပါ့မလဲ။ ဖြည်းဖြည်းချင်းပေါ့နော်။ မင်းထံ တဖြည်းဖြည်း လှမ်းလာနေသည့် ကိုယ့်ခြေလှမ်းတွေကို မြင်တတ်ပါစေလား။

"တော်သေးတာပေါ့"

"အိမ်ရှေ့အထိ မပို့ပါနဲ့။ လမ်းဆုံနားမှာပဲ ရပ်ပေးပါ"

"ဘာဖြစ်လို့လဲ ဝိုင်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သက်စုတို့ကိုလည်း လမ်းထိပ်မှာပဲ ရပ်ပေးတာ မဟုတ်လား"

"မှန်တယ်လေ၊ ဒါပေမဲ့ သူတို့က သူတို့ ဝိုင်းက ဝိုင်းပဲဟာ"

"ဟင်!. . . ဘာကြီးလဲ"

မျက်လုံးတောက်တောက်လေးတို့နှင့် အကြည့်ဆုံသွားစဉ် သူက ကား dashboard ထဲ ထည့်လာပါသည့် ချောကလက်တောင့်လေးကိုယူ၍ သူမလက်ထဲသို့ ထည့်ပေးလိုက်မိ၏။ ကလေးကို မုန့်ကျွေးပြီးကြိုက်သည်ဟု ဝေဖန်ချင်လည်း ပြောကြပါစေတော့။

"စိတ်ဆိုးမှာစိုးလို့ အချိုကျွေးပြီး ချော့တာပါ၊ ယူနော်"

"ပြီးတာပဲ၊ ကျေးဇူးလည်း မတင်ဘူး လက်လည်းမပြပါနဲ့။ ဒီနေ့ကိစ္စကို ဒီမုန့်နဲ့ပဲ သင်ပုန်းချေပေးမယ်"

ပြောပြီးသည်နှင့် ကားတံခါးဖွင့်ကာ ဆင်းသွားပါသည့် ချာတိတ်မလေးကို သူ ပြုံး၍ ကြည့်နေမိလေ၏။ လမ်းလျှောက်သွားရင်း ဖျတ်ခနဲ ပြန်လှည့်ကြည့်စဉ် ခုချိန်ထိ မသွားသေးပါဘဲ ကားရပ်ထားတာကို မြင်သွားသဖြင့် ပြန်ရန် လက်ဖြင့်အချက်ပြလိုက်လေသည်။ Step One ကို အောင်မြင်စွာ တက်ပြီးလေပြီ။

❋



## အခန်း (၆)

Sunday ဝိတ်ရက်မို့ လျှော်ထားပြီးဖြစ်သည့် အဝတ်တွေကို ဖျာထက်ပုံကာ မီးပူတိုက်ရန် ပြင်ဆင်လိုက်ပါသည်။ နေ့တိုင်း အဝတ်မလျှော်ဖြစ်ပေမယ့် သုံးရက်တစ်ကြိမ် လျှော်ဖြစ်ပြီး ဒီလိုပိတ်ရက်မျိုးမှာမှ အကုန်စုပြီး မီးပူတိုက်ပြီးခေါက်ဖြစ်လေ၏။ 'မမီးမီး' လည်း နားရက်ဖြစ်သဖြင့် အနားယူရင်း ဝတ္ထုစာအုပ်ဖြင့် နှပ်နေလေသည်။

"မမီးမီး"

"အင်း"

"အိပ်ပျော်နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မပျော်သေးပါဘူး"

"Phone သံ မြည်နေသလားလို့"

"ဟင်! . . . ငါ့ phone လား"

"ထင်တာပဲ"

အပေါ်ထပ် ဝရန်တာမှာ Dream bed ဖြင့် အိပ်ယစ်နေပါသည့် 'မမီးမီး' က အမြန်ထရပ်လိုက်ပြီး အိပ်ခန်းထဲ အပြေးဝင်သွားလေတော့၏။ ဘုရားခန်း (အခန်းကျယ်) မှာ ဖျာခင်း၍ မီးပူတိုက်နေရင်း အကြောသားဖြစ်နေပါသည့် လုံချည်တို့ကို ရေဘူးဖြင့် (spray) ဖြန်းကာ ပြန့်အောင်တိုက်နေပါသည်။ အင်္ကျီတွေ တိုက်ပြီးပြီမို့ စကပ်တွေ၊ ဘောင်းဘီတွေနှင့် လုံချည်တွေက နောက်ဆုံးတိုက်ခြင်းပါပဲ။

"အင်း . . . အင်းပါ . . . မေးပေးမယ်"

အိပ်ခန်းတံခါးကိုဖွင့်ပြီး ထွက်လာပါသည့် 'မမီးမီး' က လေသံကို တိုးလိုက်သဖြင့် အသိတွေ၊ တပည့်တွေ၊ အမျိုးတွေထံမှ ခေါ်သည့် phone မဟုတ်မှန်း ရိပ်မိလိုက်ပါ၏။ 'မမ' လည်း ထိုသို့ပင် ချစ်သူနှင့် phone ပြောတိုင်း လေသံတိုးသွားတာ မဟုတ်ပါလား။ 'မမီးမီး' ရယ်ရင်း လှေကားမှအောက်သို့ လှမ်းကြည့်ကာ 'ဝိုင်း'အနီးသို့ ရောက်လာလေသည်။

"ဝိုင်းချစ်"





"ရှင်!"

"ဒီနေ့ ဘယ်သွားစရာရှိလဲ"

"ညနေ"

"အေး"

"မရှိပါဘူး။ ထမင်းချက်ဖို့ပဲ ရှိတာ"

"ဒါဆို ငါနဲ့အပြင်လိုက်မလား"

"ဘယ်ကိုလဲ"

"ကျစ်! . . . လိုက်မယ်၊ မလိုက်ဘူးပဲ ပြောဟာ"

"မမီးမီးနော် . . . ဘယ်သွားဖို့ ခေါ်မှန်းမသိဘဲနဲ့ ဝိုင်းက လိုက်ရမှာလား။ TV မှာ နေ့တိုင်းလိုလို ပြနေတဲ့သတင်းကို သိပါ့။ ဆွေမျိုးလည်း မယုံနဲ့။ သူငယ်ချင်းမိတ်ဆွေလည်း ယုံပြီး လိုက်မသွားမိစေနဲ့တဲ့။ လူကုန်ကူးမှုတွေမဖြစ်အောင် သတိပေးနေတာ"

"အမလေး! . . . ပြောလိုက်ရင် လွန်မလိုက်အောင် စကားလုံးအကြီးကြီးတွေ ထွက်လာပြီ။ ငါက ကိုယ့်ညီမကို ရောင်းစားမယ့်ပုံလား"

"မပြောနိုင်ဘူးလေ"

"လိုက်ခဲ့ပါဟယ်။ နစ်ယောက်တည်းသွားရမှာ စိတ်မဲ့လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့လဲ"

"ကိုဇေနဲ့ပါ။ သူမွေးနေ့မို့ အပြင်မှာ တစ်ခုခုလိုက်ကျွေးချင်လို့တဲ့"

"အာ ... မွေးနေ့ဆိုမှတော့ လက်ဆောင်ပါမှ ဖြစ်မှာပေါ့။ ဝိုင်းမှာ ပေးစရာမှ မရှိတာ။ လိုက်လို့ ဘယ်ဖြစ်ပါ့မလဲ"

"ဩော် ... ကလေးဆီက လက်ဆောင်မျိုး မျှော်မလား ဝိုင်းချစ်ရယ်။ အဖော်ဖြစ်အောင် လိုက်ခဲ့ပါဆိုမှပဲ"

"မေမေ့ကို ပြောရဦးမှာ"

"ငါ့တာဝန်ပါဟယ်၊ လူကြီးမသိအောင် ခိုးလုပ်မယ့်အလုပ်မှ မဟုတ်တာ"

တာဝန်ယူမည်ပြော၍ ကိစ္စမရှိပါ။ လုပ်လက်စအလုပ်ကို အာရုံစိုက်၍ ဆက်လုပ်နေမိ၏။ 'မမမီးမီး' က အိမ်အောက်ထပ်သို့ ဆင်းသွားပါသည်။ မေမေ့ထံမှ ခွင့်တောင်းပေးမလို့ပါပဲ။ မီးပူတိုက်ပြီး သွားပါသည့် အဝတ်တို့ကို သူ့အပုံနှင့်သူ စီထားလိုက်ပြီး ဖျာကို နံရံဘက်သို့ ရွေ့ကပ်ထားလိုက်ပါ၏။ ဘွားဘွားနှင့်မေမေ့အဝတ်ပုံကိုသာ ယူ၍ ဗီရိုထဲထည့်သိမ်းပြီး 'ဝိုင်း' အပုံကို နောက်ဆုံးမှ ယူလျက် ကိုယ့်ဗီရိုထဲ စီထည့်လိုက်ပါသည်။ မွေးနေ့ပွဲဆိုပေမယ့် အပြင်မှာ သီးသန့်ကျွေးမည်ဆို၍ ဇာလေးတွေကွပ်ထားပြီး ချုပ်ထားပါသည့်





ကျိုင်းတုံ့အကျႌ blouse ကို ဂျင်းစကပ်နှင့် တွဲဝတ်သွားရန် ဖယ်ထားလိုက်ပါ၏။

ညနေ ဘယ်အချိန်ပြန်ရောက်မည်မှန်း မသိသဖြင့် မေမေ ပင်ပန်းမှာကို စိုးပါသည်။ မနက်ကတည်းက ချက်ထားပြီးသားဟင်းကို အရည်ဟင်းသာ ပူအောင်ပြန်နွှေးစရာသာလိုပြီး ညနေစာ ထမင်းတစ်အိုးတည်ရုံပဲမို့ တော်ပါသေး၏။ မီးပူက နွေးနေသဖြင့် ချည်စောင်ထက်မှာ မလဲကျစေရန် ဂရုစိုက်၍ ထောင်ထားလိုက်ပါသည်။

"ဝိုင်းချစ်"

"ရှင်"

"Ok တဲ့။ ကိုဇေက နေ့လယ် (၂) နာရီအရောက်လာခဲ့မယ်တဲ့။ ရေမိုးချိုးပြီး လိမ်းတော့"

"ဟင်! ... ပြောတော့ ညနေဆို"

"မိုးချုပ်မှာစိုးလို့နေမှာပေါ့။ မြန်မြန်လုပ်တော့လေ။ ငါ အရင်ချိုးရမလား"

"ချိုးလေ ... ဒါဆို ဝိုင်း သနပ်ခါးသွေးထားနှင့်မယ်"

"အေး ... အေး"

ရေချိုးခန်းလုရမှာမို့ 'မမမီးမီး' ကို ဦးစားပေးပြီး 'ဝိုင်း' က မှန်တင်ခုံရှေ့မှ ကျောက်ပျဉ်ထောင်ထားတာကို ချလိုက်ပြီး ရေ



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်ဆေးလိုက်ကာ ရှင်မတောင်သနပ်ခါးအစုံဖြင့် သွေးလိုက်ပါ၏။ 'မမမီးမီး' က ချစ်သူနှင့်တွေ့လျှင် မိတ်ကပ်သာလိမ်းလေ့ ရှိသဖြင့် 'ဗိုင်း' အတွက်သာ များများနှင့် ခပ်ပျစ်ပျစ်လေး သွေးထားလိုက်ပါသည်။ 'မမမီးမီး' ပြီးချိန်လောက်မှ ရေချိုးရန် အပေါ်ထပ်မှ ဆင်းလာခဲ့၏။

"ဒါက ဘယ်ကိုလဲ"

"ကိုဇော်မွေးနေ့ အပြင်မှာ ကျွေးချင်တယ်ဆိုလို့ မမရဲ့"

"အဲဒါ အငယ်လေး ဘာလိုက်ရှုပ်မှာလဲ"

"မီး အဖော်ရအောင် ခေါ်တာပါ"

"Beer တွေ ဘာတွေမသောက်ပြီး မူးမလာစေနဲ့နော်"

"ဩော် ... မီးတို့ပါတာ သောက်ပါ့မလား မမရဲ့။ ဒီလောက်တော့ ကိုဇော်လည်း သိမှာပါ"

"လာခေါ်မှာလား"

"ဟုတ်တယ်၊ ပြန်လည်းပို့ပေးမှာပါ"

"အေး အေး"

'မမ' က 'ဗိုင်း' တို့နှစ်ယောက် အပေါ်ထပ်မှ ဆင်းလာတာကို မြင်သွားပြီး သတိပေးလေ၏။ နေ့လယ်ခင်း လင်းလင်းထင်းထင်းမို့ စိတ်မပူဘဲ လွှတ်ပေးလိုက်ပါသည်။ 'မမမီးမီး' က ထုံးစံအတိုင်း





style pants ဝတ်တာပါ။ အပေါ်မှာ ဝတ်ထားပါသည့် blouse အပေါ် ဂျာကင်ခပ်ပါးပါးဖြင့် ဝတ်ထားလေ၏။ 'ဗိုင်း' က နေ့ခင်းအပူ ရှိန်ကြောင့် blouse အင်္ကျီလက်တိုနှင့် ဂျင်းစကတ် (ဒူးဖုံးရုံအရှည်) ကိုသာ ဝတ်ခဲ့ပါသည်။

နှစ်ယောက်သား ခြံထဲမှထွက်ခဲ့စဉ် 'ကိုဇော်' ကားက လမ်းဆုံ အကွေ့ကို ချိုးကွေ့ဝင်လာသည်နှင့် တိုးလေတော့၏။ အကြာကြီး မစောင့်ရတာမို့ တော်ပါသေးရဲ့။ ကားရှေ့ခန်းမှာ 'မမမီးမီး' ထိုင်လိုက်သဖြင့် 'ဗိုင်း' က အလိုက်တသိဖြင့် နောက်ခန်းမှာပင် ထိုင်လိုက်ရပါသည်။ ဘယ်မှာစားမည်ဟု မပြောပါဘဲ မြို့ထဲဘက်သို့ အတော်ကြာကြာ မောင်းခဲ့လေ၏။

"ကိုသန့်ဇင် မပါဘူးလား"

"ဆိုင်ကိုပဲ လာမှာပေါ့ ယုယရဲ့"

"မလာမှာ စိတ်မပူရဘူးပေါ့လေ"

"မလာလည်း ဖြစ်ပါတယ်။ ကိုယ်က ဘော်ဒါတွေကို မနေ့ကတည်းက ကြိုပြီးကျွေးမွေးပြီးသားပါ။ ဒီနေ့က ယုယကို သီးသန့် လိုက်ကျွေးတာ။ သူတို့ ရှုပ်စရာမလိုအောင်"

"ဟင်! ... ဒါဖြင့် ဗိုင်းက အရှုပ်ထုပ်ဖြစ်ရောပေါ့"

"ဟောဗျာ! ... မဖြစ်ပါဘူး ဗိုင်းရဲ့။ ယုယလိုက်လို့ ဗိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပါမယ်ဆိုတာ ကြိုသိပြီးသားပါ"

"ဒါ . . . ကိုဇေ့ဖို့ birthday gift ပါ"

"ဘာတွေလဲ၊ မလိုပါဘူး ယုယရယ်"

"အမှတ်တရပေါ့ ကိုဇေရဲ့"

"ဝိုင်းက ကစ်ဖြောင်းဖို့ ဘာလက်ဆောင်မှ မပါဘူးနော်"

"ဟုတ်ပါပြီဗျာ၊ ကိုယ်ကလည်း ကလေးဆီက မမျှော်ပါဘူး စိတ်ချပါ"

Restaurant ခပ်ကောင်းကောင်းရှေ့မှာပင် ကားကိုရပ်လိုက်ပါ၏။ 'မမဝီးဝီး' တို့အနောက်မှ အူကြောင်ကြောင်နှင့်ပင် လိုက်ခဲ့ရလေသည်။ Hall ခန်းထဲမှ စားပွဲမှာပင် ထိုင်လိုက်ကြသဖြင့် စိတ်ပူတာလျော့သွားရပါ၏။ ရောက်ရောက်ချင်း အအေးဘူးသာ မှာထားပြီး ခဏမျှ နားဖြစ်လေသည်။

"အပြန်နည်းနည်းမှောင်ရင် ဖြစ်တယ်မဟုတ်လား"

"ဟင်! . . . ဘယ်သွားဦးမလို့လဲ"

"ရုပ်ရှင်ကြည့်မလို့လေ။ ကိုယ်တို့ကြိုက်တဲ့ Action ကားဖို့ လက်မှတ် booking လုပ်ထားပြီးပြီ"

"အဲဒါ ကိုဇေတို့ပဲ ကြည့်ကြလေ"

"ခေါ်! မွေးနေ့အမှတ်တရပွဲကြည့်ပါမယ်ဆိုမှ ယုယကလဲ။





ဟော! . . . လာပါပြီ"

'ကိုဇေ' လှမ်းကြည့်လိုက်သဖြင့် 'ဝိုင်း' လည်း အနောက်သို့ လှည့်ကြည့်လိုက်မိ၏။ တကယ်ပင် ဟိုလူကြီး ရောက်လာလေသည်။ 'ဝိုင်း' ကို မြင်လိုက်ရ၍ သူက မျက်ခုံးပင့်ပြကာ ပြုံးစိစိဖြစ်သွားပါ၏။ မကျေလည်ခဲ့တာက ကြာသွားပြီမို့ 'ဝိုင်း' လည်း မေ့လုလုဖြစ်နေပါပြီ။ 'ဝိုင်း' ၏ ဘေးခုံကိုသာ သူက ဆွဲယူထိုင်လိုက်လေသည်။

"မှာပြီးပြီလား"

"No! "

"မှာလိုက်တော့လေ၊ ညနေပွဲမီအောင် ကြည့်ရမယ့်ဟာ"

"မင်းကျွေးမှာဆိုတော့ စောင့်နေတာပေါ့"

"ကျွတ်! . . . မဟုတ်တာ ရစ်နေပြန်ပြီ။ ဗေယျာကတော့လေ၊ ဟော့! ချာတိတ်! . . . ချွတ်! ချွတ်! "

သူက waiter ကို အသံခပ်အုပ်အုပ်ပေး၍ လှမ်းခေါ်လိုက်ပြီး menu ထဲမှ အစားအသောက်တို့ကို မှာလေတော့၏။ မွေးနေ့ရှင်က မကျွေးပါဘဲ ဘယ်လိုဖြစ်ပြီး သူက ရှင်းမှာတဲ့လဲ။ 'ဝိုင်း' တို့ ညီအစ်မပင် မျက်စိလည်သွားရလေသည်။ သူက 'ဝိုင်း' ရှေ့မှ အအေးဘူးကို ဖျတ်ခနဲ ယူမော့လိုက်သဖြင့် တားချိန်မရလိုက်ပါလေ။

"ကိုဇေ ရှင်းမှာမဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်နဲ့ ဖေယျက မွေးနေ့တစ်ရက်တည်းပဲ ယုယရဲ့။ အဲဒါကြောင့် သူငယ်ချင်းတွေကို ကျွေးတိုင်း နှစ်ယောက်ပေါင်းပြီး ကျွေးဖြစ်တယ်။ မနေ့က ဖေယျာရှင်းတာဆိုတော့ ဒီနေ့ ကိုယ်ရှင်းမှာပေါ့"

"ကြည့်စမ်း! ... ကိုဖေ မွေးနေ့လက်ဆောင် ညာယူတယ်"

"မယူပါဘူး ယုယရဲ့။ ရုပ်ရှင်ကြည့်ကာနီး ဖာလူဒါ ဝယ်တိုက်ဦးမှာပါ။ ရုပ်ရှင်လည်း ကိုယ်ပြမှာလေ"

'မမီးမီး' နှင့် 'ကိုဖေ' တို့ ထုတာ နက်တာတွေ ဖြစ်ကုန်တော့၏။ လူကြီးဝိုင်းမှာ ကလေးပါသည့်နှယ် ဝိုင်းက ငုပ်တုတ်လေး ငြိမ်နေရလေသည်။ မိုးချုပ်မှ အိမ်ကိုရောက်မှာလား။ ကိစ္စမရှိပါ။ အိမ်အထိ ပြန်လိုက်ပို့ပေးမှာမို့ ပြဿနာမဖြစ်ဘူးထင်ပါရဲ့။

"အဝစားရမယ်နော် ဝိုင်းလေး"

"ဟုတ်ကဲ့"

"ငါ့ကို မွေးနေ့လက်ဆောင် မပေးရလို့ စိတ်မကောင်းဖြစ်နေတာ။ မင်းရဲ့မွေးနေ့ပါဆိုတော့"

"အင်း ... နောက်တော့ ပေးမှာပေါ့"

"ဆုပဲ တောင်းပေးရင် ဖြစ်ပါတယ် ဝိုင်းရယ်။ ကိုယ် ဘာမှ မလိုချင်ပါဘူး"

လေးယောက်စာထက်မက ပိုလျှံစွာ မှာထားသည့် အစား





အသောက်တွေကြောင့် နှမြောစရာပါ။ 'ဝိုင်း' တို့အိမ်မှာက အစားအစာကို လွှင့်ပစ်ရသည်အထိ မဖြစ်အောင် ချက်ပြုတ်တတ်ရပါ၏။ ဗိုက်ထဲ ဆန့်အောင် စားတာက အကြောင်းမဟုတ်ပါလေ။ မလိုအပ်ဘဲ သုံးတာက အဖြုန်းပင် မဟုတ်ပါလား။

"Bill ရှင်းမယ်"

လင်ဗန်းလေးထက်တင်လာပါသည့် bill ကို သူ အတော်များများ ငွေရှင်းလိုက်ရလေ၏။ စားပွဲထက် ကျန်နေခဲ့ပါသည့် ဟင်းလျာတို့က နှမြောစရာပါလေ။ Restaurant ရှေ့မှာ ရပ်ထားပါသည့် သူ့ကားပေါ်သို့ 'ဝိုင်း' လက်ကိုဆွဲ၍ တက်စေသဖြင့် လိုက်စီးခဲ့ရလေသည်။ ရုပ်ရှင်ရုံလမ်းမှာ ကားပါကင်ထိုး၍ ကြိုမှာထားသည့် လက်မှတ်ကို ယူကာ ဝင်ခဲ့ကြပါ၏။ 'မမီးမီး' က 'ကိုဖေ' ကို မုန့်ရွေးမည်ဆိုပြီး ဆွဲခေါ်သွားလေသည်။

ရုပ်ရှင်ရုံထဲရောက်စဉ် တအောင့်လေး၌ မီးမှောင်ကျကာ အလင်းမှိန်မှိန်သာရှိတော့၏။ ရုံထဲမှ Aircon က လူအပူရှိန်များသည့် အတိုင်း လွှတ်ထားသဖြင့် အေးစိမ့်လာလေသည်။ မုန့်တွေလှမ်းပေးတိုင်း ခေါင်းခါပြရင်း လက်ပိုက်ထားမိ၏။ လက်ဖျံပါးပါးဝတ်လာမိသည့် ဒုက္ခက စပြလေပြီ။

"ကိုယ့်နားကို ကပ်ထိုင်လေ"



www.burmeseclassic.com

'ဝိုင်း' ကိုယ်ပေါ် ဂျာကင်ထပ်ဝတ်ပေးကာ လက်မောင်းကို ဖိုင်ပေးသည့် သူ့ကို ကျေးဇူးတင်ရမှာလား။ Action ဇာတ်ကား မည်သို့ ပြီးဆုံးသွားသည်ကိုလည်း သေချာမမှတ်မိပါ။ ချမ်းစိမ့်စိမ့် အအေးဓာတ် ကြားမှာ ရင်တွေသာ အခုန်မြန်နေခဲ့တာပါလေ။

# အခန်း (၇)

"ဘာကွ!"

'ဖေယျာ' ၏ သူ့ကို အံ့သြတကြီးဖြင့် ကြည့်နေပါ၏။ နောက်ဆုံးနှစ် စာမေးပွဲလည်း ပြီးပြီမို့ မေမေက သူသူငယ်ချင်းတွေကို အိမ်ခေါ်ပြီး ထမင်းဖိတ်ကျွေးတာမို့ တစ်နေ့လုံး ဆူညံနေကြတာပါ။ ညနေစောင်းမှာမှ သူနှင့် 'ဖေယျ' တို့ သူ့အိပ်ခန်းအတွင်းမှာ စကား အေးအေးဆေးဆေး ပြောဖြစ်လေသည်။

"အဲဒါနဲ့ ဖွင့်ပြောလိုက်ရောလား"

"ကျစ်! . . . မပြောပါဘူးကွ။ မေးရုံပဲ မေးကြည့်တာပါ"

www.burmeseclassic.com



"ယုယတို့အိမ်မှာက ဘာပဲလုပ်လုပ် အကုန်လုံး လူကြီးတွေကို အသိပေးပြီးမှ လုပ်ကြတာကွ။ သူမှာ ချစ်သူမရှိသေးမှန်း ငါလည်း သိနေတာပဲ"

"ဒါတော့ မင်းပြောမှလား။ ငါလည်း သိတာပဲဟာ။ ဒါပေမဲ့ ပြောလို့မရဘူးလေ။ First year တက်ပြီဆိုမှတော့ ဘာညာသာရကာ အပျော်မျိုး ရည်းစားထားတာလည်း ရှိနိုင်တာပဲ"

"အဲဒီတော့ ဝိုင်း ဘာပြောလဲ"

"No တဲ့"

သူက ခုတင်ထက် လှဲအိပ်ချလိုက်ကာ ခေါင်းအုံးဖောင်းဖောင်းလေးကို တအားဖိတ်ဖက်ထားလိုက်မိလေ၏။ 'ဝိုင်း' သာ ဒီခေါင်းအုံးလေး ဖြစ်လိုက်ရင် အဘယ်မျှ ကောင်းလိုက်ပါ့မည်နည်း။ မျက်နှာက အလိုလိုပြုံးရင်း ထိုရွှေညခင်းကို အာရုံထဲ မြင်ယောင်ကြည့်နေမိလေ၏။ ရုပ်ရှင်ကြည့်ရင်း သူ့ရင်တွေ ရှုပ်ခဲ့ရတာကို ဘယ်သူသိမှာတဲ့လဲ။

"ဝိုင်း"

"ဟင်"

"ချစ်သူရှိလား"

"အာ ... ဝိုင်းက ခုမှ (၁၇) ထဲ ဝင်ကာစရှိသေးတာ





ချစ်သူထားစရာလား"

"ငယ်လိုက်တာ၊ ကိုယ့်ထက် အသက် (၆) နှစ်ကျော်ကြီးတောင်မှပဲ"

"အိမ်ပြန်ရင် အဆူခံထိမှာ သေချာနေပြီ"

"ဘာလဲ ... မိုးချုပ်သွားလို့လား"

"အင်းပေါ့၊ ပြောတော့ဖြင့် တစ်ခုခုစားဖို့ပဲဆိုပြီး။ အခုတော့ ဒီထဲရောက်နေပြီ"

"ဘာဖြစ်လဲ၊ တစ်ခါတလေ လူကြီးတွေမသိအောင် ခွတ်လုပ်မိတာက ပျော်ဖို့ကောင်းပါတယ် ဝိုင်းရဲ့"

"ကြည့်! အဲဒါ လူကြီးက ကလေးကို သင်ပေးစရာလား"

လက်ခုံထက် ဆွဲဆိတ်ခြင်းခံလိုက်ရလေ၏။ နေကြာစေ့တဖျောက်ဖျောက်ဝါးနေသည့် 'ယုယ' တို့စုံတွဲထံမှ ရယ်သံသဲ့သဲ့မျှ ထွက်လာလေသည်။ သူနှင့် 'ဝိုင်း' ကဖြင့် နီးနီးကပ်ကပ် တိုးတိုးကျိတ်ကျိတ် စကားပြောရင်း ရုပ်ရှင်ကဖြင့် မကြည့်တစ်ချက် ကြည့်တစ်ချက်ပါလေ။

"လူကြီးတို့ ယောက်ျားလေးတွေက ဘာမဆိုလုပ်ရဲတယ်၊ ဝိုင်းတို့က မိန်းကလေးလေ"

"မိန်းကလေးလည်း ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ပါလား၊ မဟုတ်တာတွေ သင်မပေးနဲ့နော်"

"တိုင်ပြောမယ်ပေါ့လေ"

"တိုင်တာထက် ပိုင်းရဲ့မေမေက ဆူရင် လက်ပါတတ်တယ် ရှင့်"

"ဒါဖြင့် ကိုယ်က ပိုင်းကိုယ်စား ခံပေးမယ်ဆိုရင်ရော ဖြစ်တယ်မဟုတ်လား"

သဘောကျသဖြင့် အသံမထွက်အောင် ရယ်လေတော့၏။ ပါးပြင်ထက်မှ သနပ်ခါးပါးကွက်ကြားလေးက သူ့ကို ပို၍ ရင်ခုန်စေသည့်နှယ်ပါ။ အပြစ်ကင်းစင်သည့် အရွယ်လေးကိုမှ စိတ်ကစားတတ်အောင် သင်ပေးသလိုများ ဖြစ်နေပြီလား။ သို့သော် အချစ်ဟူသည်က အခြေအနေ အချိန်အခါ အရွယ်မရွေး ရင်ဘတ်ထဲ ဖြစ်တည်လာတတ်သည့် အရာတစ်ခုပါလေ။

ရပ်ရှင်ကားမှ သေနတ်ပစ်သံတွေက တဒိုင်းဒိုင်း။ သူ့ရင်ထဲမှာ နှလုံးခုန်သံက တဒုတ်ဒုတ်နှင့် ဆူဆူညံညံဖြစ်နေလေတော့၏။ ကြည်လဲ့လဲ့ မျက်ဝန်းတို့ဖြင့် သူမ ဖျတ်ခနဲ ကြည့်လိုက်တိုင်း သူတ သက်ပြင်းသာ ရှိုက်နေရတော့တာပါ။ ဒီလိုနဲ့တော့ မလွယ်တော့ပါလား 'ပိုင်း' ရယ်။

"လူကြီး"





"ကျစ်! . . . အဲဒီလိုပဲ ခေါ်နေတော့မှာလား။ နည်းနည်းပါး ပါး ပြောင်းမခေါ်ချင်ဘူးလား ပိုင်းရဲ့"

"ဒါဖြင့် ကလေးလို့ ခေါ်ရမှာလား"

နဖူးထက် လက်သီးဆုပ်ဖြင့် ခပ်ဖွဖွ ထုလိုက်မိလေ၏။ စည်းကျော်မိသွားပြီလား။ သူနှင့် သူမက ခုထိ ဘာဆိုဘာမှ မသက်ဆိုင်သေးတဲ့ သူစိမ်းတွေသာ ဖြစ်နေတာလေ။ သို့သော် စံပယ်တော့ စံပယ်၊ အရိုင်းစံပယ်ဖြစ်နေပါလည်း နမ်းရှိုက်ချင်စိတ်က ဖြစ်လာနေတော့ ခက်သားလား။

"အ!"

"နာသွားလား"

"နာတာပေါ့၊ သူ့အားကြီးနဲ့"

"ဦးဖွ! . . . ဦးဖွ!"

"ဒါဖြင့် ဘယ်လိုခေါ်ရမှာလဲ"

"ကိုကြီးလို့"

"အာ . . . အသည်းတုန်စရာကြီး"

နှစ်ယောက်သား အတူတူတီးတိုးရယ်လိုက်မိကြပါ၏။ မျက်ဝန်းချင်း စကားပြောတာများလား။ အပြုံးချင်းဖလှယ်ကြရော ဖြစ်နိုင်ပါသလား။ သေချာတာကဖြင့် တစ်ဦး၏စိတ်ကို တစ်ဦး အလိုလို



www.burmeseclassic.com

www.burmeseclassic.com



နားလည်နေသလိုပါပဲ။ နှလုံးသားကို ပူတစ်လှည့် အေးတစ်လှည့် ဖြစ်စေတာက အချစ်ပင် ဖြစ်မည်ထင်ပါသည်။

"သန့်ဇင်"

"ငါ ဝိုင်းကို တကယ်ချစ်နေမိပြီ ဖေယျာ၊ အဲဒါ အသေအချာပဲ"

"ဟာ! ... သွားပြီ၊ ကုရာနတ္ထိ ဆေးမရှိ ဖြစ်နေပါရောလား"

'ဖေယျာ' က တဟားဟားဖြင့် လှောင်ရယ်လေတော့၏။ လှောင်လည်း ခံရုံပါပဲ 'ဝိုင်း' ရယ်။ ကိုယ့်အဖြစ်က အခုမှ ကလေးကို မုန့်ပေးပြီး ကြိုက်သည်ဟု ထင်စရာပါလေ။ စကားပြောလိုက်တိုင်း ခပ်ဖွဖွ နှုတ်ခမ်းလေးစူသွားတာ၊ အကြည့်ဆုံလိုက်တိုင်း မျက်တောင်နက်လေး ပုတ်တတ်တာတို့က နှလုံးသားကို ဆွဲထုတ်ယူငင်သွားသည့်နှယ်ပါ။

ချစ်ခြင်း၏အဓိပ္ပာယ်ကို Dictionary (အဘိဓာန်) စာအုပ်ထဲမှာ ရှာ၍မရနိုင်ပါ။

ချစ်ခြင်းကြောင့် ပူလောင်စေတာ။

ချစ်ခြင်းကြောင့် ရယူပိုင်ဆိုင်ချင်လာတာ။

ချစ်ခြင်းကြောင့် လိုချင်တပ်မက်မှုတို့ ဖြစ်လာစေတာ။

ချစ်ခြင်းကြောင့်ပင် ဣဿာမစ္ဆရိယဆိုသည့် မနာလို





ဝန်တိုမှုတို့ ဖြစ်တည်လာစေတာဆိုပါလျှင် –

အလုံးစုံသော ကိုယ်စိတ်နှလုံး သုံးပါးစလုံးနှင့် 'ဝိုင်း' အပေါ် ချစ်နေပြီဆိုသည့် မှန်သောစကားကို ဝန်ခံချင်ပါသည်။

"အတည်ကြီးလား သန့်ဇင်"

"မဟုတ်ဘဲနဲ့ ငါ လျှောက်ပြောပါ့မလား"

"ပြဿနာပဲ"

"ဘာလို့လဲ"

"ငါနဲ့ယှဉ်ယှဉ် ကျိုင်တက်တော့မှာပေါ့ကွ"

"ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ သန့်ဇင်ရာ။ ယုယဆီကိုခေါ်သွားမိလို့ ဝိုင်းကို တွေ့ခဲ့တာ မဟုတ်လား။ ယုယခေါ်လာလို့ မင်းတို့နှစ်ယောက် နောက်ထပ်တစ်ကြိမ် ဆုံခွင့်ရပြီး"

"ဝိုင်းနဲ့ငါဆုံတာ အခုမှ နှစ်ကြိမ်ပဲရှိတယ်ဆိုပြီး အထင်မြင်သေးတာလား ဖေယျာ"

"အဲဒီလိုမဟုတ်ပါဘူး"

"မင်းမသိဘဲ ငါနဲ့သူဆုံခဲ့တဲ့ အကြိမ်တွေ ရှိခဲ့ပါသေးတယ်။ အချစ်မှာ အချိန်အတိုင်းအတာဆိုတာမျိုး ရှိလို့လား။ ပြောစမ်းပါဦး"

'ဖေယျာ' က သူ့ကို ပါးစပ်အဟောင်းသားဖြင့် ကြည့်နေလေ



www.burmeseclassic.com

www.burmeseclassic.com



တော့ဗျ။ ဒင်းတို့ကျ မိုးမမြင် လေမမြင် ချစ်ခွင့်ရှိပြီး သူ့အလှည့်မှာဖြင့် အတားအဆီးတွေ၊ ဝိတ်ပင်ကာဆီးတာမျိုးတွေ ရှိသင့်ပါသလား။ ကာယကံရှင်နှစ်ဦးက အခုမှ ရင်ဘတ်သံစဉ်ချင်း စည်းကြရုံသာ ရှိသေးတာပါလေ။ ချစ်တယ် ကြိုက်တယ်ဆိုသည့်ကိစ္စက ခုပြောရုံနှင့် Yes ဆိုပြီး ဖြစ်လာရတာမျိုးမှ မဟုတ်ဘဲ။ အချစ်ဆိုတာ မလွယ်ကူပါဘဲ ခက်ခဲသည့်အရာတဲ့လား။

"ငါက မင်းကို အပြစ်တင်နေတာ မဟုတ်ဘူး သန့်ဇင်။ နောက်ဖြစ်လာမယ့်ကိစ္စကို တွေးလိုက်မိလို့ပါ။ ယုယက သူတို့အိမ်နဲ့ ဆွေမျိုးပဲတော်ရုံတော်တာ သန့်ဇင်။ အရင်းအချာမျိုး မဟုတ်ဘူး"

"အဲဒီတော့"

"အေးလေ ... အဲဒီတော့ လူကြီးတွေနဲ့ မင်း ရင်ဆိုင်ရမှာကို ပြောနေတာ"

"ဝိုင်းက First Year တက်တော့မှာပဲကွာ"

"အေး ... မင်း အဲဒီလိုပြောမယ်မှန်း ငါသိပြီးသား"

"ဘာ"

"(၁၆) (၁၇) ဆိုတာ ငါတို့မျက်စိထဲမှာတော့ အရွယ်ရောက်ပြီထင်ပေမယ့် သူ့အမေမျက်စိထဲမှာတော့ ကလေးလိုပဲ မြင်နေမှာကွ။ အဲဒါကို မင်းသိရဲ့လား"





"ညည်းစားထားတာ အဲဒီလောက် chance နည်းရမှာလား။ ငါတို့က ခုတွေ့ ခုကြိုက် ခုယူမှာမျိုးမှ မဟုတ်တာ"

"ပြောခ်က်လိုက်တာကွာ။ မင်း အတော်ခေါင်းမာတာပဲ"

ကြည်နူးစိတ်တို့ဖြင့် ရင်ဖွင့်နေကာမှ ဘယ်ပျောက်ကုန်မှန်း မသိတော့ပါ။ သူငယ်ချင်းဆိုတာ ဒီလောက်တော့ နားလည်ပေးနိုင်ရမှာလေ။ အခုတော့ ထိုသို့မဟုတ်ပါဘဲ သူနှင့် 'ဝိုင်း' ကို မနီးစပ်စေချင်သလို ဝိုင်းခြားပြနေတာ မဟုတ်ပါလား။ သူက ဒင်းချစ်သူကို လုနေတာမျိုးလည်း မဟုတ်ပါဘဲ 'ဖေယျာ' ဘာဖြစ်နေပါလိမ့်။

"မင်းက ယုယကို ကြောက်တာလား၊ ဒါမှမဟုတ် သူ့အိမ်က လူကြီးတွေကို လန့်နေတာများလား"

"နှစ်ခုစလုံးပဲ"

"ကျစ်! ... အရေးမပါတာတွေ"

"အဲဒီလိုမပြောနဲ့ သန့်ဇင်၊ ဝိုင်းက သူ့တို့အိမ်မှာ အငယ်ဆုံး အချစ်ဆုံး တန်ဖိုးအထားဆုံး ကလေးကွ။ လွယ်လွယ်နဲ့ရလိမ့်မယ်လို့ လျှော့မတွေးနဲ့"

"ငါသိပါတယ်"

"ဘာပဲဖြစ်ဖြစ် အပြောတော့ခံရမှာပဲ၊ ငါ ခေါင်းကြိုမ်းမှာ"

"တော်ပါပြီဖေယျာ။ ဘာမှ ဆက်မပြောပါနဲ့တော့၊ မင်းက



www.burmeseclassic.com

www.burmeseclassic.com



ငါ့ရဲ့သူငယ်ချင်းမို့ ရင်ထဲရှိသမျှ အကုန်ဖွင့်ပြောမိတာပါ။ ဒါကြောင့် လျှို့ဝှက်သင့်သည့်ကိစ္စမှန်သမျှ လျှို့ဝှက်ထားရမည်ဆိုတာ တကယ့် လက်တွေ့ပါပဲလား"

"သန့်ဇင်"

"ငါ့ကို မင်း စိတ်ခုနေပြီ မဟုတ်လား"

"မင်းကလည်း မဟုတ်တာ"

Phone မှ message ပို့သံကြောင့် နှစ်ယောက်သား စကားပြောခြင်းက ရပ်သွားပါ၏။ သူက ခုတင်ထက် လှဲနေသူမို့ phone လှမ်းယူရန် ဝေးနေလေသည်။ စားပွဲရှေ့ရှိ ခုံမှထိုင်နေသည့် 'ဇေယျာ' က သူ့ phone ကိုယူကြည့်လိုက်လေ၏။ စိတ်စတာမျိုး မဟုတ်ပေမယ့် ဘာရယ်မဟုတ် ကြည့်လိုက်ပုံပါ။ သို့သော် 'ဇေယျာ' က ပါးစပ်အဟောင်းသားဖြင့် သူ့ကိုလှည့်ကြည့်လိုက်လေသည်။

"ဘာလဲ"

"ဒီမှာ"

ယူပေးလိုက်ပါသည့် သူ့ phone ကို ကြည့်လိုက်မိပါ၏။ Handset scream ထက် ပေါ်နေပါသည့် message က သူ့ရင်ကို အခုန်မြန်လာစေပြန်လေသည်။ ကြည့်စမ်း! ထင်မထားတဲ့အချိန်မှာ မထင်မှတ်တဲ့ လက်ဆောင်မျိုး သူရလိုက်တာပါပဲလား။





ကိုကြီး . . .

ကိုဇေယျာကို မယမီးမီးက လက်ပတ်နာရီ ဝယ်ပေးနိုင်ပေမယ့် 'ဝိုင်း' က မဝယ်ပေးနိုင်ပါ။ ဒါကြောင့် ကိုကြီးအတွက် 'ဝိုင်း' ကိုယ်တိုင် ရှပ်အင်္ကျီချုပ်ပေးထားပါတယ်။ အသားအေးအေးလေးနဲ့အဖြူရောင် လေးပါ။

'ဝိုင်း'

'ကိုကြီး' တဲ့လား။ သက်မဲ့ပစ္စည်းတွေပေးတာထက် ဤသို့ အခေါ်အဝေါ်လေးဖြင့် စခေါ်တာလေးကိုပဲ ကျေးဇူးတင်ပြီး ဝမ်းသာပါ တယ် 'ဝိုင်း' ရယ်။ ရင်ထဲမှာ ပြောမပြတတ်အောင်ပါပဲ။ ကိုယ်တိုင် ချုပ်ပေးတာတဲ့လား။ အဘယ်မျှ တန်ဖိုးရှိလိုက်ပါသလဲ။ ငွေကြေးဖြင့် လွယ်လင့်တကူ ဝယ်ပေးလိုက်တာမျိုး မဟုတ်တဲ့ အပင်ပန်းခံ အချိန် ကုန်ခံပြီး ချုပ်ပေးတဲ့ စေတနာကို မြင်သာပါရဲ့။

လွမ်းလိုက်တာ 'ဝိုင်း' ရယ်။ သနပ်ခါးနဲ့ သင်းသင်းလေးကို ရှူရှိုက်ခွင့်က ဘယ်တော့မှန်းမသိပေမယ့် အခုကတည်းက ကြို့ပြီး ရင်တွေခုန်နေတော့ ခက်သားလား။ 'ချစ်တယ်' ဆိုတဲ့စကားတစ်ခွန်း ကို 'ဝိုင်း'သိအောင် ပြောနိုင်ဖို့ ကိုယ် အားမွေးရပါဦးမယ်။ ကြည်လဲ့လဲ့ မျက်ဝန်းလေးရဲ့ မျက်တောင်းတစ်ချက်နဲ့ ခပ်ဖူးဖူးနှုတ်ခမ်းပါးလေးရဲ့ ရှုပြုံးကို ကိုယ်သာ အပိုင်စားရပါရစေနော်။

'ဝိုင်း' ကို ကိုယ်သိပ်ချစ်လွန်းလို့ပါ။

❋

www.burmeseclassic.com

## အခန်း (၈)

မနေ့က လျှော်ပြီး လှန်းထားပါသည့် ['ကိုကြီး' အတွက် ချုပ်ထားပေးသည့်] ရှပ်အဖြူကို သေချာမီးပူတိုက်ပြီး plastic ထဲ ကတ္တူစက္ကူပြားခံလျက် ခေါက်ထည့်လိုက်ပါ၏။ ပြီးမှ မိုးပြာရောင် ပါကင်စက္ကူဖြင့် သေချာပတ်ဖုံးလိုက်ပါသည်။ သူများတွေ လုပ်သလို စံက္ကူဘူးဖြင့် သေချာမပေးနိုင်ပေမယ့် အတတ်နိုင်ဆုံး သပ်သပ်ရပ်ရပ် ဖြစ်စေရန်တော့ 'ဝိုင်း' လုပ်နိုင်ပါ၏။

'ကိုကြီး' သဘောကျမှာပါနော်။

"သမီးငယ်!"





"ရှင်! မေမေ ... လာပါပြီ"

မေမေ့ခေါ်သံကြောင့် အခန်းထဲမှ စားပွဲပေါ်မှာပင် အထုပ်ကို တင်ခဲ့ပြီး အောက်ထပ်သို့ အပြေးအလွှား ဆင်းလိုက်ရပါ၏။ အလယ် ခန်းမှာ မမမီးမီးနှင့်အတူ ရှိနေပါသည့် မေမေ့မျက်နှာက တင်းမာနေ သယောင်ပါ။ ဘာလဲ မမမီးမီးနှင့် ပြဿနာဖြစ်ကြပြန်ပြီလား။ တူမ ဖြစ်သူကိုပါ အုပ်ထိန်းနေရပါသည့် မေမေက နယ်မှညီမကိုယ်စား ဆုံးမပဲ့ပြင်တာမျိုး အမြဲလုပ်၍ ထိန်းမတ်ပေးလေ့ရှိပါသည်။

"ဝိုင်းရောက်ပြီ မေမေ"၊

"ဘာလုပ်နေတာလဲ"

"ဟင်! ... ဘာမှမလုပ်ပါဘူး"

"နောက်ကို မီးမီး ဘယ်ခေါ်ခေါ် လိုက်စရာမလိုဘူး ကြား လား"

"ဘာဖြစ်လို့လဲ မေမေ"

"မေမေက ဒါဆို ဒါလိုက်ပေါ့ ဝိုင်းချစ်၊ ဘာလို့ မေးခွန်း ပြန်ထုတ်နေရတာလဲ"

အကြည့်က 'မမမီးမီး' ထံသို့ ရောက်သွားပါ၏။ 'ဝိုင်း' ကို မကြည့်ပါဘဲ သံမံတလင်းကိုသာ မှန်ကုပ်ကုပ်ဖြင့် စိုက်ကြည့်နေပုံဖြင့် အုံ့ညှိုသွားရလေသည်။ အိမ်မှာက 'မမ' ရော 'မမမီးမီး' ပါ အသည်းမာ



www.burmeseclassic.com

www.burmeseclassic.com



ၾကၿပီး ေတာ္ရုံအေျပာအဆိုခံရုံမွ်ျဖင့္ မ်က္ရည္မ၀ဲတတ္ပါေလ။ ‘ပိုင္း’ သာ အငယ္ဆုံးမို႔ အခ်ြဲဆုံးျဖစ္ၿပီး ထစ္ခနဲရွိ မ်က္ရည္က တေပါက္ေပါက္က်တတ္တာပါ။

“ေျပာေလ”

“ဟုတ္! . . . ဟုတ္ကဲ့ေမေမ”

“ေအး၊ နင့္အန္တီငယ္ ေခၚထားတာ သြားလိုက္ဦး”

ဖက္ေလးပုကာ အိမ္ထဲမွထြက္လာၿပီး အိမ္ေရွ႕စက္ဆိုင္ထဲသို႔ ၀င္လိုက္ပါသည္။ အိမ္ထဲမွ စက္မွာသာ ခ်ဳပ္ေလ့ရွိသည့္ အန္တီငယ္ေရာ [အိမ္ေရွ႕စက္ဆိုင္မွာ စက္ခ်ဳပ္သည့္] အန္တီေလးပါ အတူရွိေနၾကပါ၏။ အန္တီငယ္က ခ်ဳပ္ၿပီးသည့္အထည္တို႔ကို ေခါက္၍ အိတ္ေတြထဲ စုထည့္ေနပါသည္။

“အန္တီငယ္”

“ေအး . . . ပိုင္းခ်စ္လာတာ အေတာ္ပဲ”

“အိမ္မွာ ဘာေတြျဖစ္ေနလဲ”

“႐ႈး! တိုးတိုး . . . မွန္တိုင္းက နင့္ကိုပါ ေရာသမေမႊသြားလိမ့္မယ္”

ဆိုင္ေနာက္တံခါးက ဟင္းလင္းဖြင့္ထားသျဖင့္ အိမ္ထဲကို လွမ္းျမင္ေနရကာ အသံသဲ့သဲ့မွ် ၾကားရပါ၏။ အန္တီေလး ဖြင့္ထား





ပါသည့္ ေရဒီယိုကို အသံတိုးလိုက္ၿပီး အိမ္ထဲမွအသံတို႔ကို နားစြင့္လိုက္မိသည္။ ‘မမမီးမီး’ ဘာအမွားလုပ္မိလို႔ ေမေမ ဒီေလာက္ ေဒါသထြက္ေနရပါသလဲ။

“နင္ကိုယ္တိုင္လည္း ကေလးေတြကို စာျပေပးေနတဲ့ ေက်ာင္းဆရာမမို႔ အရိပ္ျပရုံနဲ႔ အေကာင္ျမင္မွာပါ မီးမီး။ အရြယ္ေရာက္လို႔ ရည္းစားထားတာကို အန္တီႀကီး အျပစ္မတင္ပါဘူး။ ထားပါ။ စည္းကမ္းရွိရွိနဲ႔ လူႀကီးေတြ မ်က္စိေအာက္မွာပဲ ေတြ႕ရမွာေပါ့။ သြားခ်င္ရာသြား ျပန္ခ်င္တဲ့အခ်ိန္ ျပန္တာ အက်င့္ျဖစ္သြားရင္ ၀န္းက်င္က ဘယ္လိုျမင္ၾကမလဲ။ အိမ္မွာ ေယာက္်ားသားမရွိလို႔ ပတ္၀န္းက်င္နဲ႔ သင့္ေလ်ာ္ေအာင္ေနေနတဲ့ မိသားစုပါ မီးမီး”

“မီး အဲဒီတစ္ရက္ပဲ ႐ုပ္ရွင္ၾကည့္လို႔ အိမ္ျပန္ေနာက္က်သြားတာပါ”

“မွန္တယ္၊ ႐ုပ္ရွင္ပဲၾကည့္ၾကည့္၊ ဘယ္ပဲသြားသြား အေမွာင္ေစာေပါ့။ နင္တို႔စုံတြဲသြားၾကတာက အေၾကာင္းလား။ နင့္ညီမ ေမအုမေလးညီေလးကို သင္ျပသလို ေခၚေနတာေတာ့ မမွန္ဘူး မီးမီးရဲ႕”

“——————”

“အစရွိ အေနာင္ေနာင္တဲ့။ တစ္ခါသြားစရွိရင္ ေနာက္တစ္ႀကိမ္ဆိုတာေတြ ရွိလာေတာ့မွာ”



www.burmeseclassic.com

www.burmeseclassic.com



"ကိုဇော်တို့မွေးနေ့မှ ဝိုင်းချစ်ကို အဖော်ခေါ်သွားတာပါ အန်တီကြီး"

"မွေးနေ့ပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ်ပေါ့ ဝိုင်းချစ်က ပါစရာလား။ နင့်အစ်မချစ်သူထားတာ အဲဒီလိုပဲလား။ အိမ်ကို ဘယ်နှစ်ခါ တစ်ချောင်းချောင်းလာပြီးခေါ်သလဲ။ Phone တဂွမ်ဂွမ်ဆက်နေတာရော ကြားဖူးလား။ အေး! တစ်လတစ်ကြိမ်ခေါ်တာတော့ ရှိမှာပေါ့။ အမြဲတမ်းတွေနေရအောင် သမီးရည်းစားထားကြတာ ပြောစရာတွေ မကုန်အောင် အဲဒီလောက်များလား။ ဘာတွေများပြောကြသလဲ"

"မဟုတ်ပါဘူး"

အလို! အတော်တင်းမာနေတာပါလား။ အဲဒီနေ့က တစ်ညနေလေး အပြင်လိုက်သွားပြီး ည (၈) နာရီလောက်မှ အိမ်ပြန်ရောက်ခဲ့သည့်အပြစ်က ဤမျှ ကြီးလိမ့်မည်ဟု မထင်မိပါ။ အခုလည်း 'မမမီးမီး' ကို အပြင်ထွက်မှုဖြင့် အပြစ်တင်တာ မဟုတ်ပါဘဲ 'ဝိုင်း' ကို ခေါ်သွားတဲ့အတွက်ကြောင့်တဲ့လား။

"ယောကျ်ားလေးတွေနဲ့ မခင်ရ၊ မပြောရဆိုပြီး ပိတ်ပင်ရအောင် ငါ ဒီလောက် ခေတ်နောက်မကျသေးဘူး။ ဒါပေမဲ့ အရွယ်မရောက်သေးပါဘဲ ငါ့သမီးလေး ချစ်သူထားမှာကိုတော့ တားမြစ်ရမှာပဲ။ ဝိုင်းချစ်ကို ငါနိုင်အောင် ထိန်းနိုင်ပေမယ့် နင်က အခရာပဲ မီးမီး"





"မီးမှာ အဲဒီလို စိတ်ယုတ်မျိုး မရှိပါဘူး"

"အေးပါ ... ငါသိတယ်။ ဖြစ်လာမယ့်အကျိုးဆက်ကို ကြိုမြင်နေလို့ ပြောရတာပဲ။ ငါက အခေါ်ဆိုပေမယ့် နင့်အမေကိုယ်စား ဆုံးမဖို့တာဝန်ရှိတယ်ဆိုတာ နင်အသိပါ"

"ကိုဇော်တို့က ဟော့ဟော့ရမ်းရမ်း လူငယ်တွေ မဟုတ်ပါဘူး"

"အန္တရာယ်ကို မဖြစ်ခင် ကြိုတင်ကာကွယ်နိုင်တာ ပိုမသင့်တော်ဘူးလား မီးမီး။ နင့်ကောင်လေးတွေကောင်းတာ တော်တာ ငါနဲ့ မဆိုင်ဘူး။ ငါနဲ့ ဆိုင်တဲ့ ငါ့သမီးဝိုင်းချစ်အတွက် ပြောနေတာ"

"ဝိုင်းက (၁၇) နှစ် ရှိပါပြီ အန်တီကြီးရယ်"

"အေး ... ဟုတ်တယ်၊ ဒါပေမဲ့ ငါ့မျက်စိထဲမှာတော့ ဝိုင်းချစ်က ကလေးပဲမီးမီး။ (၁၈) နှစ် မှတ်ပုံတင်မရသေးတာနဲ့ ကလေးအရွယ်ဆိုတာ နင်လည်း သိပါတယ်။ တူမဆိုပေမယ့် သားသမီးတွေနဲ့သမီးကို တစ်တန်းတည်းထားပြီး ချစ်ခင်ဂရုစိုက်ပေးတဲ့ အန်တီကြီးတို့ လူကြီးတွေရဲ့ မေတ္တာစေတနာကို အသိအမှတ်ပြုရင် သမီးညီမကို ရည်စားထားတဲ့လမ်းကြောင်းကိုတော့ သင်မပြပါနဲ့လို့ မေတ္တာရပ်ခံနေတာပါ"

ဘုရားရေ! နောက်ဆုံးတော့ အဓိကလူက 'ဝိုင်း' ပဲဖြစ်နေပါလား။ တိုးတိုးကျိတ်ကျိတ်ပြောနေသည့် ဆုံးမနေသည့်ကိစ္စက ပြီးသွား



www.burmeseclassic.com

www.burmeseclassic.com



ပါပြီ။ အန္တရာယ်ဖြစ်လာမှာကို ကြိုမြင်လို့ တားမြစ်နေတာတဲ့လား။ ငယ်နုလွန်းပါသည့် နှလုံးသားကို ထိရှစေတာက 'ကိုကြီး' မဟုတ်ပါဘဲ မေမေဖြစ်နေရတယ်လို့။

"ဝိုင်းချစ်"

"ဟင်!"

"ဪ . . . ပစ္စည်းသွားပို့ပေးမယ်ဆိုပြီး ငေးငိုင်နေပြန်ပါပြီ။ ဒါက ဈေးထဲက မုန့်ဟင်းခါးဆိုင်က ဒေါ်မြင့်အထုပ်နော်။ ဒါက နင့်သူငယ်ချင်း မာလာတို့အိမ် ဒါက"

နားထဲ ဘာမှမကြားသလို ငူငူငိုင်ငိုင်ဖြစ်သွားပါသည့် 'ဝိုင်း' ကို အန်တီငယ်က စိတ်မရှည်တော့တဲ့ လက်မောင်းကို တဖျတ်ဖျတ်ရိုက်လေတော့၏။ ပြီးနောက် အိတ်တွေထဲသို့ စာရွက်မှာ နာမည်ရေး၍ ထည့်ပေးလိုက်လေတော့သည်။ အထုပ်တွေကို စက်ဘီးခြင်းတောင်းထဲ ထည့်သယ်ကာ ရပ်ကွက်ထဲ ဟိုဒီပြေးရလေတော့၏။

'ကိုကြီး' နဲ့ 'ဝိုင်း' ကို နီးစပ်သွားမှာစိုးရိမ်လို့တဲ့လား။ သူ့ကိုလည်း တွေ့ဖူး မြင်ဖူးစကားပြောဖူးပါလျက်နဲ့ မည်သို့ဖြစ်ရပါသလဲ။ အမှန်ဆို 'ဝိုင်း' က အခုမှ ရင်ခုန်ကာစသာရှိနေသေးတာပါ။ သူ့ကြောင့် စိတ်တွေလှုပ်ရှားပြီး ရင်ခုန်တတ်လာကာမှ မေမေက Don't! ဆိုပြီး တားမြစ်ပိတ်ပင်လိုက်ရတယ်လို့။





ဪ 'ကိုကြီး' ရယ်။

ကားကို ခြံရှေ့လမ်းဘေးမှာပင် ရပ်လိုက်ပါ၏။ မျှော်လင့်ထားသလို ခြံဝကိုပြေးကြိုမည့် ချာတိတ်ကိုဖြင့် မတွေ့ရတော့ပါ။ "ဘာမုန့်ပါလဲဟင်" ဆိုပြီး တီတီတာတာပြောရင်း မကြိုဆိုတော့ဘူးလား။ ထူးထူးဆန်းဆန်း 'ဖေယျာ' ကတစ်ဆင့် 'ယုယ' က အိမ်ကို လာစေချင်သည်ဆို၍ တစ်ညနေလေး လာဖြစ်ခဲ့ရတာပါ။ ဘာများပြောမလို့ပါလိမ့်။ ကားပေါ်မှဆင်းစဉ် 'ဝိုင်း' နှစ်သက်သည့် မုန့်တွေထည့်လာပါသည့် မုန့်ထုပ်နှင့်အတူ အန်တီတို့အတွက် ရည်ရွယ်ပြီး ဝယ်လာပါသည့် သစ်သီးထုပ်ကို ယူလိုက်ပါ၏။

"ယုယ ရှိပါသလား"

"ကိုသန့်လား လာလေ"

ခေါ်သည့်သူက အိမ်မှာ အခဝင်သင့်ရှိနေ၍ တော်ပါသေး၏။ လက်ထဲမှ အထုပ်တွေကို 'ယုယ' လက်ထဲသို့ ပေးလိုက်ပြီး ဆက်တီမှာ ဝင်ထိုင်လိုက်ပါသည်။ 'ယုယ' က အထုပ်တွေကို သယ်မသွားသေးဘဲ သူ့အနီးကပ်ကာ ခပ်တိုးတိုးပြောလိုက်လေ၏။ တကယ်တမ်းတွေ့ဖို့ ခေါ်တာက 'ယုယ' မဟုတ်ဘဲ 'ဝိုင်း' ၏ မေမေတဲ့လား။

"ကိုသန့်ကို မီး အားနာပါတယ်။ အန်တီကြီးက တွေ့ချင်တယ်ဆိုလို့ ခေါ်လိုက်ရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ယုယရဲ့"

"ဝိုင်းချစ်နဲ့ပတ်သက်ပြီး ပြောစရာရှိလို့ပဲ ထင်ပါတယ်။ မီးလည်း တော်တော်လေး အဆူခံလိုက်ရတယ်"

"ဪ"

"ဘာပဲဖြစ်ဖြစ်  မီးနဲ့ပတ်သက်ပြီးဖြစ်လာတဲ့ ပြဿနာမို့ ကိုသန့်ကို မျက်နှာပူမိတာအမှန်ပဲ။ အန်တီကြီးကိုတော့ စိတ်မဆိုးစေချင်ဘူး။ သမီးဇောနဲ့ဆိုတော့ တင်းမာတာတွေရှိလို့ပါ"

"ကိုယ် နားလည်ပါတယ်"

'ယုယ' နောက်ဖေးဘက်သို့ ဝင်သွားစဉ် အန်တီက အအေးဖျော်လာပေးပြီး သူ့ရှိရာဆီ ရောက်လာလေ၏။ ရင်ကိုပူအောင် မီးမွှေးပြီးမှ ဒီအအေးနဲ့ ငြိမ်းစေမှာတဲ့လား။ 'ဖေယျာ' ပြောခဲ့သည့်အတိုင်း အနှေးနဲ့အမြန်ကာလကဖြင့် သူ့ထံကို ရောက်လာချေပြီ။ တော်ဝင်ထား 'ကျော်သန့်ဇင်' ရေ။

"သုံးဆောင်ပါ မောင်သန့်ဇင်"

"ဟုတ်ကဲ့"

တကယ်လည်း ရင်ပူလာပြီမို့ အမောပြေ သံပရာရည်ကို တစ်ငုံမျှ မော့သောက်လိုက်ပါ၏။ ချိုချိုအေးအေးလေးဖြစ်မသွားပါဘဲ ချဉ်များ ချဉ်သွားလေသလားဟု တွေးမိလေသည်။





သောက်ရိုးသောက်စဉ် ('ဝိုင်း' ဖျော်လာပေးသလို) ချိုချဉ်လေး မဟုတ်သလိုပါပဲလား။ အန်တီက သူ့ အမောပြေတာကို အနည်းငယ်မျှ စောင့်ပြီးမှ ဆက်ပြောလေ၏။

"မောင်သန့်ဇင် အခု အသက်ဘယ်လောက်ရှိပြီလဲ"

"(၂၃) နှစ်ကျော်ပါပြီ အန်တီ"

"ငယ်တော့ ငယ်သေးတာပဲ။ ဒါပေမဲ့ အန်တီ့သမီးက ပိုငယ်မှာပါ"

"ဟုတ်ကဲ့"

"ရင်းနှီးသင့်သလောက် ရင်းနှီးနေပြီမို့ အန်တီ ပွင့်ပွင့်လင်းလင်းပဲပြောပါ့မယ်။ တကယ်ဆို ကိုယ့်သားသမီးမလိမ္မာရင် ဆုံးမပေးရမှာက မိဘရဲ့တာဝန်မှန်း အန်တီလည်းသိပါတယ် မောင်သန့်ဇင်။ အခုက ဝိုင်းချစ်အနေအထိုင်မတတ်လို့ အပြုအမူမတတ်လို့ အသွားအလာမသင့်တော်လို့ ပြောရတာမျိုးမဟုတ်တာဆိုတော့"

"ဝိုင်းက ဝိုင်းကောင်းကျောက်ဖိ ကတယ့်ကိုလိမ္မာတဲ့ကလေးပါ အန်တီ"

"အေးကွယ်၊ အဲဒါကို သားသိနေရင် အကြီးဖြစ်တဲ့ သားဘက်က ကြိုပြင်နိုင်ရင် ပိုမကောင်းဘူးလား"

"ဗျာ!"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီဆိုလိုတာကို မင်းနားလည်လိမ့်မယ်လို့ ယုံပါတယ်။ မင်းထက် အသက်သိပ်ငယ်တဲ့ကလေးကို ဖြားယောင်းသွေးဆောင်တာမျိုး မလုပ်ပါနဲ့။ အန်တီ အနူးအညွတ် မေတ္တာရပ်ခံနေတာပါ"

သူ ဘာဆက်ပြောရမည်မှန်းပင် မသိတော့ပါလေ။ ကိုယ့်သိက္ခာကို စော်ကားသည်ဟုလည်း မထင်မိပါ။ စောစောကလေးတင် 'ယုယ' က အရိပ်အမြွက်ပြောခဲ့ပြီးပြီမို့ အတိုင်းအတာတစ်ခုအထိ ခံနိုင်ရည်ရှိအောင် စိတ်ကိုတင်းထားခဲ့ရတာပါလေ။ ဝေးဝေးနေပါတဲ့ 'ဝိုင်း' ရယ်။

ကိုယ်က မင်းနဲ့နီးဖို့ မင်းရဲ့အနီးဆုံးကို ရှေ့တိုးဆက်လှမ်းဖို့ ရွယ်ခဲ့ပေမယ့် ကိုယ်တို့နှစ်ဦးကြားမှာ မဟာတံတိုင်းကြီး အခြားခံရပါရောလား။ လောကမှာ အဆင့်အတန်းဆိုပြီး ဂုဏ်ရည်မတူတာကိုသာ ခွဲခြားတတ်တာမျိုးသာ ရှိခဲ့ကြတာပါ။ သို့သော် သူ့အလှည့်မှာဖြင့် အသက်ဟူသည့် ခေါင်းစဉ်ဖြင့် ဝိုင်းခြားခံခဲ့ရတယ်လို့။

"ဝိုင်းလေး"

သိပ်ချစ်ခဲ့ရသလောက် သိပ်ရင်နာခဲ့ရပါတယ်။ ဒါပေမဲ့ . . . တစ်နေ့နေ့တော့ ကိုယ်တို့ ပြန်လည်ဆုံဆည်းရမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ အရူးတစ်ယောက်သဖွယ် အိပ်မက်တွေမက်နေဆဲပဲဆိုတာကို 'ဝိုင်း' သိနိုင်မယ်ဆိုလျှင်ဖြင့်။

❋

ယခင်ကတည်းက မိဘစကားကို အမြဲနာခံခဲ့သဖြင့် အကျင့်လိုဖြစ်ခဲ့ရပါ၏။ မေမေစိတ်ခုမှား ငြိုငြင်မှာကို နည်းနည်းမျှ မဖြစ်စေခဲ့ပါ။ အပြစ်လုပ်မိသည့်အခါမျိုးမှာ ဆူပူရိုက်နှက်ခဲ့ခြင်းမျိုး မရှိဘဲ "မေမေ မကြိုက်ဘူး" ဟူသည့်စကားတစ်ခွန်းနှင့်အတူ လိမ္မာပြခဲ့ရတာလေ။ ထိုသို့ မေမေသိပ်ချစ်ခဲ့ပါသည့်သားဖြစ်သူက မေမေ့စိတ်နှင့်မတွေ့သည့် မိန်းကလေးကိုမှ ချစ်မိသွားရတယ်လို့။ ဘာမဆို မေမေနှင့် ဆန့်ကျင်ဘက် ဖြစ်နေတတ်ပါသည့် "ဝိုင်း" နှင့် အမိန့်ပေးနာခံစေလေ့ရှိသည့် မေမေတို့နှစ်ဦးကြားမှာ သူက ကြေးပင်နယ် ဖြစ်နေခဲ့ရလေသည်။ တစ်ဦးနှင့်တစ်ဦး အလျှော့မပေးကြပါဘဲ သူ့ကို လွန်ဆွဲသလို ဆွဲနေကြပါသည့် မေမေနှင့် "ဝိုင်း" ကို ဘယ်ဘက်ကိုမှ မယိုင်မိဘဲ တွေဝေခဲ့မိတာ သူ့အမှားလား။ သေချာတာတစ်ခုကတော့ မေမေ့ကို သူသိပ်ချစ်သည်။ ထို့အတူ "ဝိုင်း" ကိုလည်း . . .

(နိုဝေမြ)

www.burmeseclassic.com

www.burmeseclassic.com

ရင့်သီးရက်စက်တဲ့ စကားလုံးတွေထက်

စိမ်းကားစူးရှတဲ့ မင်းမျက်ဝန်းတွေက

ကိုယ့်နှလုံးသားကို

အက်ဆစ်ပက်ခံရသလိုမျိုး

ခံရခက်စေခဲ့တာ အမှန်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

မေမေ ဥပုသ်လာစောင့်ပါသည့် ဘုန်းကြီးကျောင်းဝင်း၏ သရက်ပင်အောက်မှာ တစ်ဦးတည်းရပ်နေပြီး ကျောက်ရုပ်နှယ်ဖြစ်နေသည့် သူက ဆေးကျောင်းသား 'စိုးပြေ' ပါ။ လူက တည်ငြိမ်နေသော်ငြား စိတ်တွေကဖြင့် ယောက်ယက်ခတ်နေတော့တာလေ။ 'ဝိုင်း' က ပြတ်ပြီတဲ့။ မဆက်သွယ်နဲ့တော့တဲ့လား။ ဒီလိုပဲ ရင်နင့်နင့်စကားလုံးတွေကို ခပ်လွယ်လွယ်နဲ့ ပြောထွက်တယ်ပေါ့လေ။

"ကိုကို"

ခေါ်သံသဲ့သဲ့ကြောင့် လှည့်ကြည့်လိုက်စဉ် ညီမဖြစ်သူ မေသူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာတာကို တွေ့ရလေ၏။ ညီမလေး လိုက်ပို့လျှင်လည်း ရပါလျက်နှင့် မေမေက သူမှသူဆိုပြီး နေရာတကာ ခေါ်နေတော့ ခက်သားလား။ ဒီနေ့လိုအရေးကြီးသည့်နေ့မျိုးမှာမှ တိုက်တိုက်ဆိုင်ဆိုင်ကြုံရတယ်လို့။ ဘာမဆို အငယ်ဖြစ်သည့် 'ဝိုင်း' နှင့်အပြိုင် မေမေက သူ့အပေါ် အုပ်စိုးထိန်းချုပ်လွန်းတာပါလေ။

"မျက်နှာက ဘယ်လိုဖြစ်နေပြန်တာလဲ"

"သွားပြီထင်ပါရဲ့ သူသူရယ်"

"ဘာကိုလဲ"

"ဝိုင်းက ဝိုင်းက"

"ကျစ်! လာပြန်ပြီလား ဒီဝိုင်း"

"သူ့အစ်မ wedding ရှိလို့ America ကိုလိုက်သွားတာ"

"အဲဒါ အပြီးလိုက်သွားတာမှ မဟုတ်ဘဲ ကိုကိုရယ်။ ပြန်လာမှာပေါ့"

"ပြန်လာမှတော့သိတာပေါ့။ ဒါပေမဲ့ ငါ့ကို အရမ်းစိတ်ဆိုးသွားတာ"

"ဟင်း! ... သူ စိတ်ဆိုးတာများ အဆန်းလုပ်လို့ ကိုကိုရာ။ အမြဲတမ်း ကိုကို့အပေါ် စိတ်ဆိုးစိတ်ကောက်ပြတတ်တာပဲကို ဆန်းလို့လား"





ခါတိုင်းလို ခဏလေးနှင့် စိတ်ပြေမည့်ကိစ္စမျိုးမှ မဟုတ်တာလေ။ ဟုတ်ပါတယ်၊ သူထက် (၂) နှစ်ငယ်ပါသည့် 'မေသူ' နှင့် ရွယ်တူ 'ဝိုင်း' က သူ့အပေါ် နွဲ့ဆိုးဆိုးပြတာမျိုးတော့ ရှိခဲ့ပါ၏။ သို့သော် အဲဒါက သေးသေးမွှားမွှားကိစ္စမျိုးသာ ဖြစ်ခဲ့တာပါ။ ဥပမာ– သူ ရေမွှေးဆွတ်လာတာကို မကြိုက်တာ၊ သူ ဆံပင်မညှပ်ဖြစ်ဘဲ ညှဉ်းသိုးသိုး style ကို မုန်းသည်ဟုပြောတာ။ နှစ်ယောက်သား တွေ့ကြဖို့ အချိန်အတိအကျပြောထားပါလျက် (၁၀) မိနစ်ကျော်မှ သူ နောက်ကျပြီး ရောက်ခဲ့တာမျိုးသာဖြစ်လေ၏။

ယခုလို ဒေါ်ကြီးမောကြီး (ပိုသံပါစွာဖြင့်) ပြောတာမျိုး တစ်ကြိမ်မှ မရှိခဲ့ပါလေ။ ဤသို့မဖြစ်ခင် 'ဝိုင်း' နှင့် ဆုံခဲ့စဉ်က 'ဒီပုံနဲ့တော့ ကြာရင်မဖြစ်တော့ဘူး' ဟု ညည်းညူသလိုမျိုးသာ ရှိခဲ့တာပါ။ အခုတော့ဖြင့် ပြတ်သားရဲရင့်သည့် စကားလုံးတွေကို မည်သို့များ ပြောထွက်လာရပါသနည်း။ ဒီကိစ္စ ပြဿနာက မေမေ့ကြောင့်မှန်း သူသိနေပါ၏။

ခက်ပါ့ 'ဝိုင်း' ရယ်။

"ဝိုင်းက အမြဲတမ်း စိတ်ကောက်တတ်တဲ့သူမှ မဟုတ်တာ"

"အဲဒါ ကိုကိုပဲသိတာလေ။ သူသူ့အမြင်ကတော့ ကိုကို့အပေါ် အမြဲတမ်း နိုင်စားလွန်းတယ်ဆိုတာပဲ။ အသက်ကွာတာကဖြင့် နှစ်နှစ်ကျော် သုံးနှစ်လေးပဲ ရှိတာ။ ငယ်တဲ့သူက ကြီးတဲ့သူ့အပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ထိ နိုင်ဖို့မသင့်ဘူး''

''သူသူကလည်းကွာ''

''ဟုတ်တယ်လေ၊ မှန်တာပြောတာပဲ။ အခုလည်း ဘယ်လောက်ကြာအောင် စိတ်ဆိုး စိတ်ကောက်ပြီးမလဲမသိ။ တစ်ပတ်လား။ အလွန်ဆုံး ဆယ်ရက်ပေါ့။ ကိုကို့လို တစ်နေ့ ဆရာဝန်ဖြစ်မယ့် ယောက်ျားမျိုး သူ လက်လွှတ်ခံနိုင်မှာမှ မဟုတ်တာ''

ကြည့်စမ်း! အထင်သေးလှချည်လား။ သူနှင့်ပတ်သက်ပြီး တစ်နေ့ ခွေမျိုးတော်စပ်ရမည့် 'ဝိုင်း' ကို မေမေရော သူသူပါ ဤသို့ မြင်နေတာပေါ့လေ။ ''ရှေ့နေ့ငှားမှ ထောင်လုံးလုံးကျ'' ဆိုသလို များ ဖြစ်နေပြီလား။ တကယ်ဆို မေမေက သားကို နှမြောပြီး တွန့်တို နေလျှင်တောင် ညီမဖြစ်သူက ယောက်မတော်ရမည့် 'ဝိုင်း' အပေါ် ရေလိုက် ငါးလိုက်ဖြင့် အလိုက်သင့်လေးရှိနေရမှာပါ။

အခုတော့ သူ့အပေါ် 'ဝိုင်း' ကသာ နိုင်စားသည်ဟု တစ်ဖက်သတ်အမြင်ဖြင့်သာ ကြည့်တတ်ကြပါရောလား။ တကယ်တမ်း လွန်နေတာက သူကိုယ်တိုင်ပဲဆိုတာကို သူသာသိနေတာပါလေ။ ဘယ်တော့မဆို 'ဝိုင်း' ဘက်ကချည်း လိုက်လျောနားလည်ပေးခဲ့တာကို သူ မသိတာမှ မဟုတ်ဘဲ။

စိတ်ဆိုး စိတ်ကောက်ပြီး ဆက်သွယ်မရ မေ့ထားသည့်





ညပေါင်းများစွာကို သူမည်သို့ ဖြတ်သန်းရပါ့မည်နည်း။ မခေါ်မပြောဘဲ ပစ်ထားခံရရင် 'စိုပြေ' ဆိုသည့်ကောင်က ရူးမလောက် ခံစားရတော့မှာပါ။ မခေါ်မပြောသည့်အသံ၊ ဥပေက္ခာပြုတော့မည့် မျက်ဝန်း၊ ကျောခိုင်းပေးတော့မည့် 'ဝိုင်း' ၏ ကိုယ်ခန္ဓာကို သူ မည်သို့မှ ခံစားနိုင်မည် မဟုတ်ပါချေ။

မနေနိုင်လို့ပါ 'ဝိုင်း' ရယ်။ ပထမဆုံးအချစ်၊ ပထမဆုံး နှစ်လုံးသားနဲ့ 'ဝိုင်း' အပေါ် နှောင်တွယ်မိတသည့် ချစ်ကြိုးကို တိခနဲ ဖြတ်ချဖို့ မစဉ်းစားလိုက်ပါနဲ့။ 'ဝိုင်း' ရက်စက်တဲ့နောက်ပိုင်းမှာ ဒီကောင် နစ်မြုပ်သေဆုံးသွားနိုင်တာကို 'ဝိုင်း' အသိဆုံးဖြစ်မှာပါ။ ကိုယ်က ပိုချစ်မှန်းသိပါလျက်နဲ့ ပိုခံစားရလေအောင် မပြုစားလိုက်ပါနဲ့လား။

''ဝိုင်း မာနကြီးမှန်း သိရဲ့သားနဲ့ အဲဒီလို မပြောပါနဲ့''

''သူ့မာနလောက်များ ဂရုစိုက်လို့။ ကျွမ်းဝင်တာမှ ဘာကြာသေးလို့လဲ။ သူ့လို လခစားအဆင့်လောက်နဲ့ ကိုကို့လို ဆေးကျောင်းသားကို နောက်ထပ်တွေ့အောင် ရှာကြည့်နိုင်းပါဦး။ ထမင်းထုပ်သာ သိုးသွားမယ်၊ တွေ့လိမ့်မယ် မထင်ပါနဲ့''

''ဟာ! သူသူရာ . . . ဘယ်လိုပြောလိုက်တာလဲ''

''ဟုတ်တာပြောတာလေ။ ကိုကို့ကို လက်လွှတ်နိုင်သူသား သေချာစောင့်ကြည့်လိုက်ပါဦး။ အဲဒီလောက် မျက်စိမျက်နှာ မပျက်ပါ



www.burmeseclassic.com

www.burmeseclassic.com



နဲ့။ ဒါကြောင့် ကိုကို့အပေါ် သူ ဒီလောက်နိုင်နေတာ ဖြစ်မှာ”

ခေါင်းထဲပင် ကိုက်လာရပါလေ၏။ ရင်ဖွင့်ဖော်ဖြစ်မလား ထင်ပြီး ညီမဖြစ်သူကို ပြောမိကာမှ ပိုဆိုးနေလေပြီ။ တစ်နေ့ တစ်နေ့ မေမေ့လောင်းရိပ်အောက်မှာ စောင့်ကြည့်ခံနေရတာက သူ့အဖို့ ဘယ်လောက် stress များတယ်ဆိုတာကို မသိသလိုပါပဲလား။ ‘ဝိုင်း’ နှင့် ဆက်နွှယ်သည့်ကိစ္စတိုင်း ညီမဖြစ်သူကပါ မေမေနှင့် တက်ညီလက်ညီ ကန့်ကွက်ပြနေတာလေ။

“မိန်းမချင်းမို့ သူသူက ကိုကို့ထက် ပိုသိပါတယ် ကိုကိုရဲ့။ အဲဒီမိန်းမက မာယာကို များလွန်းနေတာ”

“အပုတ်ချည်း မပြောပါနဲ့ သူသူ”

“ကျစ်! ကိုကိုကလည်းကွာ။ ခေါက်ထားလိုက်စမ်းပါ။ သူသူ ဘော်ဒါတွေထဲမှာ လှပေ့ ထောပေ့ဆိုတဲ့ Queen တွေမှ အများကြီးပဲ။ ကြိုက်ရာရွေးစမ်းပါလေ့။ ကိုကို့ကို ပန့်ကြွေမယ့် မဒီတွေချည်းပဲ”

“ငါက ဝိုင်းကိုပဲ ချစ်တာ”

“ကြည့်! ... အဲဒီလို ရိုးလွန်းလို့ ဒီမိန်းမ ပိုက်ကွန်ထဲ ကိုကို ကွိခနဲ မိနေတာ သိရဲ့လား။ အချစ်က ဘာများအရေးပါလို့လဲ။ သူသူ တွဲနေတဲ့ကောင်လေးတွေလည်း ဒီလိုပဲ အမြဲပြောနေတာ။ ပြီးတော့လည်း နောက်တစ်ယောက်ပြောင်းသွားကြတာချည်းပဲ”





သက်ပြင်းရှိုက်ထုတ်မိပါ၏။ တွေ့မှမတွေ့တာလေ။ သူ၏ ‘ဝိုင်း’ က ယောကျ်ားတွေကို ဖြားယောင်းသလို ခပ်မြူမြူအကြည့်မျိုး (ကြောကြည့်မျိုး) ကြည့်ဖို့ ဝေလာဝေးပါ။ လူကို စူးခဲ့ကြည့်သည့် မျက်ဝန်း တောက်တောက်၊ ခပ်တင်းတင်းစေ့ထားပါသည့် နှုတ်ခမ်း။ ခေါက်ရိုး ကျိုးမတတ် တွန့်ချိုးထားပါသည့် မျက်ခုံးတို့က တစ်ဖက်သားကို မင်သက်အံ့ဩသွားစေတာ မဟုတ်ပါလား။

အဲဒီမာနမျက်ဝန်းလေးရဲ့အကြည့်မှာပင် သူ ဖြိုလဲ နစ်မျောခဲ့ရတာပါလေ။

ဪ ... ‘ဝိုင်း’ ရယ်။

“ငါက ဟောတစ်ယောက် ဟိုတစ်ယောက် လျှောက်တွဲရအောင် အပျော်သဘော ရည်းစားထားတာမှ မဟုတ်တာ”

“အဲဒီစကားကို သူ့ရှေ့သွားမပြောမိပါစေနဲ့။ သူသာသိရင် အညှာကိုင်လို့ဆုံးမှာမဟုတ်ဘူး။ ကိုကို သည်းသည်းလှုပ်ပြလေ ဒင်းက ပိုဆိုးပြလေပဲ ဖြစ်တော့မှာပေါ့”

“လောကမှာ ငါချစ်တာ တစ်ယောက်တည်းပဲ သူသူ။ အဲဒီ တစ်ယောက်ကိုပဲ တစ်သက်တာ လက်တွဲဖို့ ဆုံးဖြတ်ထားတာပါ။ ငါ ‘ဝိုင်း’ ကိုပဲ လက်ထပ်မယ်”

“ရူးပြီ”



www.burmeseclassic.com

www.burmeseclassic.com



ပြောလည်းခံရုံပါပဲ။ တကယ်ချစ်မှုပါသည့် နှလုံးသားကသာ ထိခံစားမှုမျိုး သိနိုင်မှာပါ။ တေးရေးဆရာတွေ၊ ကဗျာဆရာတွေလို စကားလုံးလှလှလေးတွေ သူ မစီပြတတ်ပါ။ သို့သော် 'ဝိုင်း' ကို နှင့်နှင့်သီးသီးချစ်သည်ဆိုတာကိုဖြင့် သူသာအသိဆုံးပါပဲ။ အိပ်မပျော် စားမဝင် ဘမ်ိုင်မှိုင် တတွေတွေနဲ့ နာရီပေါင်းများစွာကို 'ဝိုင်း' မရှိလျှင် သူ မည်သို့ ဖြတ်သန်းရပါ့မည်နည်း။

ချစ်သူကို ပြေးတွေ့ချင်စိတ်ဖြင့် မနက်မိုးလင်းသည်အထိ တစ်ညလုံး အိပ်ရာထဲ လူးလိမ့်နေခဲ့ရလို့ 'အဆိုတော်မျိုးကြီး' လို '၃–နာရီ' ဆိုပြီး ပေါက်ကွဲပြလိုက်ရမှာလား။ သို့တည်းမဟုတ် တစ်ယောက်တည်း ကြေကွဲရသ်မျှ မင်းရဲ့စေညွှန်ရာကို တမ်းတရင်း 'ဦးကျော်' လို 'အမိန့်' ဆိုပြီး ငိုညည်းပြရမည်လား။ သူ ဝေခွဲမရနိုင်ခဲ့။ သေချာတာတစ်ခုကဖြင့် 'ဝိုင်း'ကို သူ မခွဲနိုင်ဘူးဆိုတာပါလေ။

"ဟော! ... သမီးပါ ရောက်နေပြီလား"

"ဟုတ်ကဲ့ မေမေ"

"ဒါဆိုလည်း ပြန်ကြမယ်လေ။ သားက ဘာဖြစ်ပြန်ပြီလဲ။ မေမေ့ကို လိုက်စောင့်ပေးရတာ မကြည်ဘူးလား"

"မဟုတ်ပါဘူး မေမေ"

"ဝိုင်းနဲ့ချိန်းတာ လွဲသွားလို့တဲ့ မေမေရေ"





"ဘယ်လို"

"သူသူ"

ကားပေါ်တက်လိုက်စဉ် 'မေသူ' က မေမေသိအောင် ပြောလိုက်လေ၏။ လူငယ်တွေကိစ္စ လူငယ်တွေနဲ့ပင် ပြီးပြတ်ပါစေလား။ အဘယ့်ကြောင့် လူကြီးတွေကို ပါဝင်စေချင်ရပါသလဲ။ အထူးသဖြင့် သူ၏ 'ဝိုင်း' ကို ရှေ့မှာတစ်မျိုး နောက်မှာတစ်ဖုံ မျက်နှာနှစ်ခုဖြင့် ဆက်ဆံတတ်ပါသည့် မေမေ့သဘောထားကို အသိဆုံးပါလေ။

"မေမေနဲ့ သူ ဘယ်သူ့ပိုအရေးကြီးသလဲဆိုတာ နားလည်ရမှာပေါ့ သားရဲ့။ ပြီးတော့ ဘာသာရေးလုပ်တဲ့ကိစ္စမှာ သူ သဘောထား သေးနေရင် ငရဲရမှာ မကြောက်လို့လား။ အဲဒါတွေ မေမေ မကြိုက်တာပေါ့။ အကုသိုလ်များလိုက်တာ"

"အခုက သူ ခရီးသွားတာကို ကျွန်တော် လိုက်ပို့မယ်ဆိုပြီး ကတိပျက်သွားရလို့ပါ မေမေ"

"သွား၊ သွားနိုင်လွန်းတယ် ဒီခရီး။ ဘယ်လို မိန်းကလေးမှန်း ကို မသိဘူး။ အလုပ်လုပ်တာကလည်း တည်တည်ငြိမ်ငြိမ် နေရာ မရွေးဘဲ အားအားရှိ လမ်းပေါ်သလားတဲ့ အလုပ်မျိုး ရွေးတတ်ပါရဲ့။ မေမေ့သားနဲ့ ဘယ်လိုမှ match မဖြစ်ပါဘူးသားရယ်"

"အဲဒါကြောင့် ... မေ့လိုက်ဖို့ ကိုကို့ကို ပြောနေတာပဲ



www.burmeseclassic.com

www.burmeseclassic.com



မေမေရယ်။ သူကိုက ဝိုင်းမှ ဝိုင်း ဖြစ်နေတာ”

တိုမီး ရှိမီးပါလား။ သားအမိကြား ပြေလည်အောင် မညှိပေးပါဘဲ မေမေ အရှိန်တက်လာစေရန် တွန်းပို့နေပါသည့် ‘oxygen မေသူ’ ပါလေ။ သူနှင့် ‘ဝိုင်း’ ကို လမ်းခွဲဖို့အတွက် တွန်းအားတွေ မသိမသာ ပေးနေမှန်းသိနေပေမယ့် သူ စိတ်ဆင်းရဲမှာစိုးသဖြင့် ဒီလိုမျိုး ပြတ်သားစွာဖြင့် မပြောဖူးပါ။ တရားရှာလာပါသည့် မေမေက အဖျက်ကိစ္စကို ဘာကြောင့်များ ပြောခဲ့တာပါလိမ့်။

“ဒါကတော့ သမီးကိုကိုက သမီးနဲ့မှ မတူတာကွယ်။ တစ်သက်လုံး မေမေ့စကားကိုပဲ မြေဝယ်မကျ နားထောင်ခဲ့တာပဲ ကြည့်လေ။ မိန်းမဆိုတာ ဘယ်နှစ်ခါများ ထိတွေ့ခံစားခဲ့ရဖူးလို့လဲ။ ဒီတစ်ယောက်နဲ့ပဲ တွေ့ပြီး သူမှသူဖြစ်တာ ဆန်းပါ့မလား”

ဒီအမေ ဒီသမီးဟု ပြောရန်မလိုပါလေ။ တစ်လေသံတည်း ထပ်တူထွက်လာတာ မဟုတ်လား။ အိမ်မှာ သားဖြစ်သည့်သူက မေမေနှင့်ရုပ်ဆင်ပြီး မေမေ့နာမည် ‘ဒေါ်သပြေညို’ မှ ‘ပြေ’ကို ယူ၍ ‘စိုးပြေ’ ဟု မှည့်ပေးခဲ့သလို ဖေဖေ ‘ဦးအောင်သူ’နှင့်တူသည့် ‘မေသူ’ က ဖေဖေ့နာမည် ‘သူ’ကို ရခဲ့တာပါ။ သို့သော် ရုပ်ဆင်တာနှင့် စိတ်နေစိတ်ထားကဖြင့် တခြားစီပါပဲ။ သူက ဖေဖေ့လို ခပ်အေးအေး မတုန်မလှုပ် မဟုတ်လား။





“မေမေက ကျွန်တော်နဲ့ဝိုင်းကို ပြတ်စေချင်တာလား”

“အဲဒါက သားတို့ကိစ္စပဲလေ။ မေမေနဲ့မှ မဆိုင်တာ”

“ဒါပေမဲ့ မေမေပြောနေပုံက အဲဒီလို ထင်စရာ ဖြစ်နေလို့ပါ”

“ဟင်း ဟင်း . . . မေမေ့ကို လူကြမ်းတော့ ဝင်မလုပ်စေချင်ပါနဲ့ သားရယ်။ ပြတ်ချင်လည်း သားသဘောပါ။ မေမေကတော့ မင်္ဂလာခန်းမမှာ နှစ်ဖက်မိဘအစုံအလင်နဲ့ ပွဲကို ကျင်းပချင်တာ အမှန်ပဲ။ ဖြစ်နိုင်ရင်လို့ ပြောတာပါ သား။ ကံစီမံရာပေါ့ကွယ်”

အိမ်ရောက်ပြီမို့ ကားပေါ်မှဆင်းရင်း မေမေက လေပြည်ဖြင့် ပြောလေ၏။ စကားလုံးတို့က သေသသပ်လှပပါပေ့။ ပညာတတ် ပီသလွန်းစွာ မေမေ စကားတတ်လွန်းမှန်း နဂိုကတည်းက သူသိခဲ့တာပါ။ တစ်ဖက်သားကို နစ်နာစေရန် ဖိပြောတာမျိုး (ဒေါသတကြီးဖြင့်) မမြင်စေဘဲ မျက်နှာချိုချို စကားလုံးအေးအေးဖြင့် သာသာလေးပြောတတ်တာက ‘ဒေါ်သပြေညို’ ၏ လက်နက်ဆန်းပင် မဟုတ်ပါလား။

ကားကို ဂိုဒေါင်ထဲထည့်လိုက်ပြီး အိမ်ပေါ်သို့ သူ တက်ခဲ့ပါ၏။ အိပ်ခန်းထဲရှိ ခုတင်ထက် လှဲချအိပ်ကာ မျက်နှာကြက်ကို ငေးကြည့်နေမိသည်။ ဒီပုံအတိုင်း မိုးလင်းသွားမှာပဲလား။ ‘ဝိုင်း’ ရှိမနေတဲ့ အိမ်၊ ဒီမြေမှာ ‘ဝိုင်း’ ကို လွမ်းတဲ့အလွမ်းတွေနဲ့ ကိုယ်သေရတော့မှာ ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



'ဝိုင်း' ရယ် အမြန်ဆုံးပြန်လာပေးပါတော့လား။ မင်းကို သိပ်ချစ်တဲ့ ကိုယ်က ဒီမြေမှာ တစ်ယောက်တည်း အထီးကျန်ပြီး အသက်ဆက်ရှင်ဖို့ ခွန်အားတွေ လျော့နေပါပြီ။ 'ဝိုင်း' ရဲ့အကြည့်၊ 'ဝိုင်း' ရဲ့အပြုံး၊ 'ဝိုင်း' ရဲ့ရယ်သံ၊ 'ဝိုင်း' ရဲ့ချစ်ခြင်းတွေနဲ့ 'စိုပြေ' ရဲ့ ဘဝကို ခြောက်သွေ့ပျက်သုဉ်းအောင် မပြုစားလိုက်ပါနဲ့နော်။

❋



## အခန်း (၁၀)

### လွန်ခဲ့သောတစ်နှစ်ခန့်

ကုမ္ပဏီကာဖြင့် shopping mall ဆိုင်တွေကို ပစ္စည်းတွေ ချကာ စာရင်းတွေပါ တစ်ခါတည်း လုပ်နေရပါ၏။ လစဉ်လတိုင်း ကိုယ့်ကုမ္ပဏီမှ ပစ္စည်းတွေ အမြဲအသစ်ပို့ဖြစ်ပေမယ့် ဆိုင်တွေမှ sale girl တွေ၏ service ညံ့ဖျင်းမှုကြောင့် စိတ်အတော်ပူရလေသည်။ ပစ္စည်းတွေကို အစီအရီထားတာမျိုး သေသပ်မှုမရှိဘဲ ဖရိုဖရဲ နိုင်လွန်းသဖြင့် ဒေါသဖြစ်ရတာအမှန်ပါ။

"ဒီကောင်တာ ဘယ်သူတာဝန်ယူရလဲ"

Mall ထဲမှာ လျှောက်ပတ်ကြည့်ရင်း မေးလိုက်ပေမယ့် ဖြေမည့်သူမရှိပါ။ ဘယ်လိုလဲ CCTV ရှိရုံနှင့် တာဝန်ပြီးရောလား။ ဒီပစ္စည်းသေးသေးမွှားမွှားလေးတွေက တစ်ခုချင်းမှာ တန်ဖိုးသိပ်မရှိ



www.burmeseclassic.com

www.burmeseclassic.com



ပေးမယ့် ဒါဇင်လိုက်ပျောက်သွားလျှင်ဖြင့် အလျော်ပေးရမှာကို မသိဘူး ထင်ပါရဲ့။ ဒီဆိုင်မှာ မန်နေဂျာထက် ကောင်တာကို တာဝန်ယူထားပါသည့် ဝန်ထမ်းကသာ စိုက်လျော်ပေးရမှာပါလေ။

"ကျစ်!...မေးတာကို ဖြေတဲ့သူတောင် မရှိပါလား"

"ရှိပါတယ် မမ..သမီးပါ။ Casher ကို သွားပို့ပေးနေရလို့"

အနားသို့ရောက်လာပါသည့် မိန်းကလေးက 'ဝိုင်း' နှင့် ရွယ်တူလောက်ပါပဲ။ သို့သော် တာဝန်ကြီးလေးသည့်အပိုင်းကို ယူထားရပါသည့် 'ဝိုင်း' က သူတို့ sale girl ဝန်ထမ်းတွေထက် ရာထူးကြီးသဖြင့် "မမ" ဟုသာ အများက ခေါ်ဝေါ်ကြတာပါ။ ကွယ်ရာမှာတော့ တစ်မျိုး နာမည်ဝှက်ဖြင့် ခေါ်ကြမည်မှန်းလည်း သိနေပါသည်။

"Customer service ပေးတာ ဝမ်းသာပါတယ်။ ဒါပေမဲ့ ဆိုင်မဖွင့်ခင် နာရီဝက်ကြိုပြီးရောက်တိုင်း ယူရမယ့်တာဝန်ကိုတော့ ကျေပွန်သင့်တာပေါ့။ ဒီလိုဘူးတွေထဲမှာ pen က အနည်းဆုံး အချောင်း (၅၀) ချောင်စုံထည့်ထားရတယ်။ ဒီလိုအတန်းမှာ (၆) ချောင်းတွဲကတ်မျိုး စျေးနှုန်းတူ label ကပ်ပြီး (၁၀) ခုစီ ချိတ်ရတယ်။ အခုတော့ ဟိုလျော့ ဒီရှဲနဲ့ ကြည့်ကောင်းလား။ Cosmatic တွေရည်း ဂရုစိုက်ပြမနေနဲ့လေ။ ဒီပစ္စည်းတွေက အမြဲရောင်းကောင်းပြီး အမြန်ကုန်လွန်းလို့ မကြာခဏ လာပို့ပေးနေရတာကို"





"ဟို Cosmatic ကုမ္ပဏီက sale girl ရောက်မလာသေးလို့ ကူပေးရတာပါ မမ"

"အဲဒါ ကိုယ့်တာဝန်မဟုတ်ဘူးလေ။ မဆိုင်တာတွေ တလွဲလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ။ Supervisor နဲ့ တွေ့ရတော့မယ်"

"မမ"

နှုတ်မှလည်း တရစပ်ပြောနေပြီး လက်မှလည်း ပစ္စည်းတို့ကို ကြည့်ကောင်းစေရန် စီထည့်တာထည့်၊ ချိတ်မှာချိတ်တန်တာ ချိတ်ဖြင့် သေသေသပ်သပ်လုပ်ပေးစဉ် ဘူးလွတ်က သုံးခုခန့်ထွက်လာပြီး ချိတ်မှာလွတ်သွားသည်က လေးတန်းခန့်ရှိနေလေသည်။ ဘယ်ဆိုင်ကိုပဲ ဝင်ဝင် မျက်စိတစ်ချက် ဝေ့ကြည့်ရုံမျှဖြင့် ဘာပစ္စည်း ဘယ်နှမျိုး လိုအပ်သည်ကို သိသာသည့်စိတ်ကြောင့် အလုပ်လုပ်ရတိုင်း စိတ်ရောလူပါ မြန်ရပြီး ပင်ပန်းလွန်းရလေ၏။

"Customer တိုင်းက သူတို့ကြိုက်တာကို စိတ်ကြိုက်မွှေနှောက်သွားကြမှာပဲ။ ကိုယ်က လိုက်ကြည့်နေရောမှ မလိုတာ။ ဗီနပ်ကောင်တာလို Electronic ပစ္စည်းတွေမှ တန်ဖိုးကြီးတာမဟုတ်ဘူး။ ဒီသေးသေးမွှားမွှားတွေ ပါကင်လိုက်ပျောက်သွားလည်း မင်းပဲလျော်ရမှာ။ ကိုယ် တာဝန်ယူထားတဲ့အပိုင်းကို တန်ဖိုးထား ဂရုစိုက်ရအောင် မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"Supervisor ရောက်ပါပြီ"

"ဘာဖြစ်လို့လဲ၊ ဪ . . . ဝသန် ရောက်နေတာလား"

"ကိုကျော်မျိုးသန့်"

"ပြောပါ ဝသန်"

"အစ်ကိုတို့ Mall က ဝန်ထမ်းတွေ သိပ်တာဝန်ပေါ့လျော့လွန်းတယ်။ ဗိုင်းတို့ပစ္စည်းပို့ရတိုင်း ဒီဆိုင်က ရောင်းအားအနည်းဆုံးပဲ။ အခုလာကြည့်တော့မှ သိသာနေတာ။ ပစ္စည်းတွေကို လူမြင်ကောင်းအောင် စီတာမျိုး၊ ချိတ်တာမျိုး၊ ဖြည့်ပေးတာ လုံးဝမတွေ့ရဘူး။ ထင်းခနဲ မြင်သာတာမျိုး ရှိမနေတော့ သာမန် store ဆိုင်ကပဲ ဝယ်သွားတော့မှာပေါ့။ တစ်လတစ်ခါ Marketing ဆင်းလာတိုင်း ဒီဆိုင်ပဲ အမြဲ ပြဿနာတက်နေရင် ဘယ်လိုလုပ်ပေးရမှာလဲ"

"Sorry ဝသန်၊ ဒီကောင်တာမှာ ဝန်ထမ်းက အမြဲပြောင်းနေလို့ အခုလိုဖြစ်ရတာပါ"

"ကိုယ်ယူထားတဲ့တာဝန်ကိုတော့ မကျေပွန်ဘဲ မဆီမဆိုင် သူများ show box ထဲကပစ္စည်းတွေကို သွားပြပေးစရာမလိုပါဘူး။ အဲဒါမျိုး ရောင်းနိုင်ရင် အဲဒီကုမ္ပဏီမှာ ပြောင်းလုပ်ခိုင်းလိုက်ပါ"

"ကိုယ် သေချာဆုံးမလိုက်ပါ့မယ် ဝသန်၊ နောက်မဖြစ်စေရပါဘူး"





"အခုပါလာတဲ့ Box တွေကို ချပေးရမှာလား ဒါမှမဟုတ် ပြန်ယူသွားရမှာလား"

"ထားခဲ့ရမှာပေါ့ ဝသန်ရဲ့ ကိုယ် လက်ခံစာရင်း ဖွင့်ပေးပါ့မယ်"

"ပြီးရော"

"ဗိုင်ရှင်ထက် ဗိုကြောက်ရပါသည်" ဟူ၍ နာမည်နှင့် ဆန့်ကျင်စွာ နာမည်ကြီးလွန်းပါသည့် 'ဗိုင်းဝသန်ချစ်' ပါပဲ။ အလုပ်ကို ယောက်ျားလေးတွေနှယ် ရဲရဲပြတ်သားစွာ ဆုံးဖြတ်လုပ်ကိုင်နိုင်သဖြင့် boss ကပင် မျက်နှာလွှဲရသည့် 'ဗိုင်း' ပါ။ စေတနာအပြည့်ဖြင့် လုပ်ဆောင်ပေးရတာမှန်ပေမယ့် ပြန်ရရှိသည့်ရလဒ်ကဖြင့် လူမုန်းခံရခြင်းပါပဲ။

"ကားက အပြင်မှာလား"

"ဟုတ်တယ်"

"ဒါဖြင့် ကိုယ်လိုက်ခဲ့မယ်။ တခြားဝန်ထမ်းပါလာသေးလား"

"မပါဘူး Driver နဲ့ သိပ်အစေးမကပ်တာနဲ့ပဲ ကိုယ်တိုင်မောင်းလာခဲ့တာ"

"ပင်ပန်းတော့မှာပဲ ဝသန်ရယ်။ ပစ္စည်းအတင်အချလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတာ"

"သူများကိုပြောရတာ ပိုမောတယ် အစ်ကိုရေ။ ကိုယ်တိုင် ထလုပ်တာကမှ စိတ်သက်သာရသေးတယ်"

ဝက်လေ့ကာမှတစ်ဆင့် Mall အောက်ထပ်သို့ ပြန်ဆင်းခဲ့ရပါ၏။ Mall ရှေ့ ခပ်စောင်းစောင်းနေရာမှာ ရပ်ထားပါသည့် ကူပွန်ဇီ ကားနောက်ခန်းသော့ကို ဖွင့်လိုက်ပါသည်။ Voucher စာအုပ်လည်း အဆင်သင့်ရှိထားသဖြင့် ပေးရမည့် List ကို စီချရေးလိုက်ပါ၏။

"ကျစ်!"

"ဘာဖြစ်လို့လဲ"

"အဝယ် List ကျန်ခဲ့လို့"

"ရတယ် ပိုင်း မြင်သလောက်မှတ်လာတာပဲ ချပေးခဲ့မယ်။ လိုတာကို နောက်မှလာထပ်ပို့မယ်နော်။ အခု နောက်ဆိုင်တွေ ဆက်သွားရဦးမှာ"

'ဘယ်အထိလဲ"

"လှိုင်သာယာအထိ"

'မလွယ်ပါလား။ တစ်ယောက်တည်း ဖြစ်ရဲ့လား ဝသန်"

"Self control တဲ့။ ကိုယ့်ကိုယ်ကိုယ်မှ မထိန်းမတ်နိုင်ရင် လောကကြီးမှာ ဘယ်လိုရပ်တည်လို့ ရပါ့မလဲ အစ်ကိုရယ်"





"ဒါလည်း မှန်တာပဲ"

"ဒီငါးပုံ၊ ထားပေးခဲ့မယ်"

"Ok!"

"လက်မှတ်ထိုးပေးပါ"

"ဘာထိစာရင်းနဲ့ပဲ ငွေလွှဲပေးရမှာမဟုတ်လား"

"ဟုတ်ကဲ့"

Voucher စာအုပ်ထက် ဝိုသူရော လက်ခံသူပါ လက်မှတ်ထိုးကာ မင်ခံထက်ရှိ မူရင်းစာရွက်ကို ဖြဲဆုတ်၍ supervisor ကို ပေးလိုက်ရပါ၏။ ဆော့ပင်ဖြင့် မှတ်သားထားပါသည့် စက္ကူပုံးကြီး ငါးပုံကို ကားပေါ်မှ ချပေးစဉ် 'ပိုင်း' ကပါ ကူညီလိုက်ရလေသည်။ ဒီနေ့ခေတ်မှာ ယောက်ျားမိန်းမဆိုပြီး အလုပ်ပိုင်းခြားပြလို့ မရသလို နေရာတကာ နွဲ့နေလို့မှ မရတာလေ။

"သွားပြီ အစ်ကို"

"Ok! ဝသန်"

ကားကို စက်နှိုး၍ ထွက်လာခဲ့ပါ၏။ ကားမောင်းတာက 'မမ' လောက် 'ပိုင်း' မကျွမ်းကျင်ပါ။ 'မမ' က ကားကို ငြင်ငြင်သာသာ လေးမောင်းတတ်သလောက် 'ပိုင်း' ကဖြင့် ထွက်လည်း ကြမ်း break ဖမ်းလည်း ကြမ်းတမ်းလွန်းလေ၏။ ကားအတူစီးရသည့်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တူဝန်ထမ်းတိုင်း 'ဝိုင်း' မောင်းသည့်ကားကြောင့် မျက်လုံးပြူး 'ဘုရားတာ' ကြတာသာ များလေသည်။

ရှေ့နားက လမ်းဆုံမှာ ပိတ်မိနေသဖြင့် ကားကို အရှိန်လျှော့၍ မောင်းလိုက်ပါ၏။ အလုပ်ချိန်ဆို ကားတန်းရှည်ပြီး ကားလမ်းကျယ် လွန်းလေသည်။ ထို့ကြောင့် ကားရှင်းမည့် လမ်းကြောတွေကိုသာ ရွေး၍ ကွေ့ပတ်မောင်းကာမှ ဒီလိုကျပ်ညပ်သည့်လမ်းမျိုး ရောက်ရ ပြန်ပါရောလား။

"ကျွီ!"

"ဒုတ်!",

အရှိန်သတ်ထားပါသည့်ကားကို နောက်မှ ဝင်ဆောင့်သံက အသံသိပ်မကျယ်ပေမယ့် ကားပေါ်ပါလာသည့် 'ဝိုင်း'ကဖြင့် တုံ့ခနဲ ယိုင်သွားသည်သာ။ ဘယ်လိုလဲ၊ ဒီလောက်ကားတန်းရှည်ကြီးထဲ ဝင်လာတာတောင်မှ အရှိန်မသတ်တတ်ဘူးလား။ 'ဝိုင်း' ကိုယ် 'ဝိုင်း' မကျွမ်းကျင်ဘူးထင်နေကာမှ ကိုယ့်ထက်ပိုဆိုးနေသည့် လူနှင့် တိုးချေ လေပြီ။ တွေ့ကြသေးတာပေါ့လေ။

ရှေ့ခန်းတံခါးကို ဖွင့်ကာ ဆင်းလိုက်ပါ၏။ ဒီပွိုင့်က သိပ် မကြာပေမယ့် ပြဿနာဖြစ်တာကိုတော့ ချက်ချင်းရှင်းရမှာပါ။ အလုပ် ကားဆို့ အနည်းငယ်မြင့်ပြီး နောက်မှဝင်ဆောင့်လိုက်သည်က ကိုယ်ပိုင်





ကားပါပဲ။ ကုမ္ပဏီကားက ဘာမှ သိပ်မဖြစ်၍ တော်ပါသေးသည်။ သို့သော် ဝင်ဆောင့်လိုက်သည့် ကိုယ်ပိုင်ကားမှ ရှေ့မီးသီးကြီးက အက်သွားပါရောလား။

"ဒီမှာ"

"ခေါက်! ခေါက်!"

ကားတံခါးမှန်ကို ခေါက်လိုက်ပြီးခါမှ ကားထဲမှလူက မှန် တံခါးကို ချလိုက်လေ၏။ အတွင်းမှ လွှတ်ထားပါသည့် Aircon အရှိန်က 'ဝိုင်း' မျက်နှာကို လာဟပ်လေသည်။ အထဲမှာ ဇိမ်ဖြင့် စားလာတာမို့ အပြင်ကိုမထွက်နိုင်ဘူး ထင်ပါရဲ့။

"ဘာများလဲ"

"ရှင့်ကားက နောက်ကဝင်ဆောင့်တာ ရှင့်အမှားနော်။ ရှေ့ ကားက မီးလည်း ပြထားပါရဲ့နဲ့ အရှိန်မလျှော့ဘဲ တိုက်ရလား"

ကိုယ့်အမှားမဟုတ်ပါဘဲ လျော်ကြေးတောင်းတာမျိုး ဖြစ်လာ လျှင် 'ဝိုင်း' သာ နစ်နာရမှာပါ။ ကုမ္ပဏီမှာ နာမည်ပျက်မရှိအောင် 'ဝန်ထမ်းထူးချွန်ဆု' ရထားပါသည့် 'ဝိုင်း' က ကိုယ်တာဝန်ကျသည့် နေရာအထိ ပြဿနာလာရှာတာခံရလျှင်ဖြင့် မလွယ်ကြောပါလေ။ ဒီတော့ သူ့အမှားကို သူမြင်အောင်တော့ မရမက ရှင်းရမှာပါ။

"အလျော်မတောင်းပါဆိုတဲ့ ပြောစာ အခုပဲ ရေးပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



နာမည်ရော မှတ်ပုံတင်ပါ ထည့်ရေးပေး”

‘ဝိုင်း’ စိတ်တိုစွာပြောနေပါလျက် ထိုပုဂ္ဂိုလ်က ဘာမှ ပြန်မပြောပါဘဲ လူကို အငေးသားကြည့်နေလေ၏။ ရော်! ပြဿနာပါပဲ။ တစ်နေကုန် ပြေးလွှားနေရပါသည့် ‘ဝိုင်း’က အခုချိန်မှာ ချွေးနံ့တွေဖြင့် ကြည့်ရဆိုးနေမည်သာ။ ကုမ္ပဏီမှ Uniform ကို (coat နဲ့ skirt တွဲ၍) ဝတ်လာသဖြင့် ဝန်ထမ်းနာမည်ကတ်ကိုများ ကြည့်နေသလားအထင်ဖြင့် ကတ်ကို လက်ဝါးဖြင့် ကွယ်လိုက်မိလေသည်။ အံကြည့်ရဲ့ လူချည်လား။

“ဒီမှာ!”

“ဟင်”

“ပြောနေတာကိုမကြားဘဲ လူကို ဒီလောက်တောင်မှ ငေးနေရလား။ ရှင် လူမမြင်ဖူးဘူးလား”

“လှလို့ပါ”

“ဘာပြောတယ်”

ဗုဒ္ဓေါ! ဒီလောက်ရန်တွေ့နေပါလျက်နှင့် လူကို ‘လှလို့’ ဟု နှုတ်ရဲစွာ ပြောရံ့တယ်ပေါ့လေ။ မျက်နှာရှုံ့မှုလားဟု တွေးလိုက်မိပေမယ့် ပုံစံက ရည်မွန်ကာ ကြည့်ကောင်းနေပြီး ပြိတ်တီဟန်မျိုး မမြင်ရပါချေ။ ကြည့်ရတာ အမှတ်တမဲ့ ရေရွတ်လိုက်သလိုပါပဲ။





“ဒီမှာရှင့်!”

“ဟင် ဟင် ... ဘာလဲ ဝိုင်း”

“ကြည့်စမ်း! ... ရှင် ဝိုင်းနာမည်ကြည့်လိုက်တာပေါ့လေ။ ဘယ်လိုလူလဲ”

“ဝိုင်းလို့ပဲ မြင်လိုက်ရတာပါ”

“ပြောထားတာ ရေးပေး”

“ဟင်! ... ဘာကိုလဲ”

“စောစောက ပြောထားတာလေ။ ရှင် နားလေးနေလား နာမည်ရယ်”

“ဪ ... သိပြီ ရော့ပါ”

“အလျှော်မတောင်းဘူး ရေးပေးဦးလေ”

“တကယ်မတောင်းပါဘူး။ ကတိပေးပါတယ်။ စိတ်ချပါ။ ကိုယ့်ဘက်က မှားတာပဲ”

“ဒါဖြင့်လည်း ပြီးတာပဲ”

လက်ထဲရောက်လာပါသည့် visiting card ကို ယူ၍ လှည့်ထွက်လာခဲ့ပါ၏။ အလုပ်အကိုင်မရှိသေးပါဘဲ ဒီလို card မျိုး ကိုင်ထားရပါသလား။ ထူးဆန်းပါလေ့။ နောက်ဘက်မှ ကားတွေ တတီတီဖြင့် ဟွန်းသံပေးနေပြီမို့ ကားပေါ်တက်ကာ မောင်းထွက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။ ဒီနေ့တော့ တကယ့်ပြဿဒါးနေ့ပါပဲလား။ မနက်က တည်းက စလုပ်ခဲ့သည့် အလုပ်မှ ညနေအထိ ချောချောမောမောနှင့် မပြီးမြောက်ခဲ့ရပါချေ။

အခုလည်း ကားချင်းထိရုံဖြင့် ပြဿနာရှင်းရသေးတာလေ။ 'စိုပြေ' တဲ့။ ဆေးကျောင်းသား ခပ်အေးအေးလေးနှင့် ပထမဆုံးအကြိမ် ဆုံစဉ်က ဘုန့်ဘောက်ပါပဲလား။

❋



## အခန်း (၁၁)

"အံမယ် အံမယ် ... မျက်နှာက ငါးချဉ်ပြုံးသလို အပြုံးနဲ့ ကိုစိုပြေပါလား။ ဘာတွေများ သဘောကျလာတာလဲ"

"ဘာမှမဟုတ်ပါဘူး"

"အစ်မေးလည်း မပေါ်ဘူး ငြိမ်းချမ်းရေ့။ မင်းကောင်က (အမက) သား နှုတ်လုံသလား မမေးနဲ့"

"ငါက မူလတန်းကျောင်းသားမှမဟုတ်တာ"

"အခြေခံမူလတန်းကျောင်းကိုပြောတာ မဟုတ်လူး စိုပြေ။ အမေကြောက်သားလို့ အတိုသုံးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မြင့်မြတ်ကလည်း ငါက အမေချစ်တာပါ"

"အလို! ... ချစ်ဆိုတဲ့စကားတော့ တစ်ခွန်းထွက်လာပြီ။ ဒီကောင် မရိုးတော့ဘူး။ ပြောစမ်း! ... မင်းရင်ထဲက တိတ်တိတ်ပုန်း ဖောက်လစ်း"

ကျောင်းဝင်းထဲရှိ Canteen ခုံမှာ ထိုင်ရင်း ဝိုင်းကျပ်နေကြ ပါသည့် သူငယ်ချင်းတွေကြောင့် နေရခက်လာပါ၏။ တတွေချည်း လုံးထွေး ကျက်မှတ်နေရသဖြင့် ခေါင်းရှုပ်ရန် တစ်ခါတလေတော့ သူလည်း Canteen ထိုင်ဖြစ်ပါသည်။ "အချစ်" တဲ့။ သူသိပ်ကြီး မရင်းနှီးသေးသည့် စကားလုံးပါပဲ။

"အေး ... ဟုတ်တယ် စိုးပြေ။ ဘာလဲ Junior တန်းက မှန်းကေသီကို ငြိနေပြီလား"

"ဘယ်ကလာ မဟုတ်ပါဘူး"

"နီးစပ်လာပြီ ဆက်မေး ငြိမ်းချမ်းရေ၊ ဒီကောင်ပေါ်တော့ မယ်"

"နေပါဦး။ ငါက ဘာမဟုတ်တာလုပ်နေလို့ အစ်အောက်မေး နေကြတာလဲ"

"ဟ! ... မင်း မှုမှုန်လို့ မေးရတာလေ။ တအုပ်ကိုကြည့် နေပါလျက်နဲ့ ပြုံးလား ပြုံးရဲ့၊ အခုလည်း ထမင်းဘူးကို မဖြစ်စလောက်





လေးစားရင်း ပြုံးနေသေးတာ။ မင်းအပြုံးက အသက်ပါနေပြီ ဘာလဲ ပြောစမ်း"

"ရော် ... လူကို တရားခံစစ်သလို စစ်နေကြပြန်ပါပြီ"

သူ မည်မျှပင် ငြင်းဆန်ပါစေ မရပါ။ သူ့သူငယ်ချင်းတွေက သူ့ထက်ပိုပြီး စကားတတ်လွန်းတာမဟုတ်ပါလား။ သူက တစ်ရက်နေ့ လို့ စကားဆယ်ခွန်းပြည့်အောင် မပြောဘဲ နှုတ်နည်းသည့်ကလေးဖြင့် သာ ကြီးပြင်းခဲ့ပါသည့် လူငယ်လေးပါပဲ။

"ဝန်မခံချင်လည်း မင်းမျက်လုံးကိုကြည့်ရုံနဲ့သိတယ် ဟော့ ကောင်ရေ။ ဖုံးနိုင်သလောက်ဖုံး။ ပုန်းနိုင်သလောက် ပုန်းနေစမ်းပါ ကြွက်လေးရာ"

"Jerry လုပ်စမ်းပါကွာ"

"အမြင်ကပ်လို့ဟ!"

"ဟော! ... ရယ်ပြန်ပြီ။ ဒီကောင်တော့ မှုမမှန်တော့တာ အသေအချာပဲ"

"Psychologist နဲ့ သွားပြဖို့လိုပြီလား စိုးပြေ"

သူ့ကို နှိပ်ကွပ်ချင်သလို သဘောရှိပြောနေကြပါရောလား။ သူမလည်း ထိုသို့ပင် သူ့ကို လေသံမာမာဖြင့် ပြောခဲ့တာပါလေ။ သူမထက် အသက်ကြီးမှန်း မခန့်မှန်းပါပဲ လူကို 'ရှင်' ဟုသုံးနှုန်းပုံက



www.burmeseclassic.com

www.burmeseclassic.com



အထက်စီးဆန်လွန်းပါပေ့။ အလျော်ပေးရမှာစိုး၍ ပြဿနာကို အမြန်ဖြေရှင်းနိုင်ပုံက ပြတ်သားသည့် စိတ်ဓာတ်ကို သိသာစေတာပါ။

"ဝိုင်း" တဲ့။

အဘယ်မျှ လှပလွန်းပါသည့် အမည်လေးပါလဲ။ စူးခနဲကြည့်လာပါသည့် မျက်ဝန်းတောက်တောက်လေးက ရင်ကို ထိုးစိုက်ဝင်ရောက်စေသည့် မြှားတစ်စင်းနှယ်ပါ။ သူ့စိမ်းယောက်ျားလေးတစ်ဦးကို မရှိန်မလန့် မကြောက်ရွံ့ပါဘဲ စိန်ခေါ်သလို အကြည့်စူးမျိုးဖြင့် ကြည့်ရဲရတယ်လို့၊ အံ့ဩမိပါရဲ့။

နှုတ်ခမ်းပါးလေးမှ ထွက်လာပါသည့် စကားလုံးတို့ကလည်း နူးညံ့ချိုသာမှု အလျဉ်းမရှိပါလေ။ လူကို ရန်သူကြီးတစ်ယောက်နှယ် စိမ်းကားပြတ်သားစွာ ပြောရဲဆိုရဲပါသည့် သတ္တိကဖြင့် မခေပါချေ။ မိန်းမဆန်သည့် ပုံစံဟန်ပန်တို့ဖြင့် အပြည့်ရှိထားပါလျက် အတွင်းအရှုပ္ပကဖြင့် ဆန့်ကျင်ဘက်ပါပဲ။

ကမ္ဘာဘီ Uniform အပြည့်ဖြင့် ကြည့်ကောင်းသပ်ရပ်နေသလို ဒေါက်ချွန်ဖိနပ်ကို နေသားတကျ ကျွမ်းကျင်စွာ စီးနိုင်သည့် မိန်းကလေး။ ဆံပင်ကို ပြင်သစ်ဆံထုံးဆန်ဆန် နောက်ဘက်မှာ လိမ်သွင်းလျက်ထုံးကာ သပ်ရပ်စေပြီး မြင့်မားသည့်အရပ်အမောင်းနှင့် ခပ်မတ်မတ် လမ်းလျှောက်ဟန်က သူမကိုယ်သူမ မည်မျှယုံကြည်မှု





ရှိသလဲဟု ခန့်မှန်းမိစေတာပါ။

အထူးသဖြင့် မာနရောင်တောက်ပနေပါသည့် အကြည့်စိမ်းစိမ်းတို့ကိုပါပဲ။

အဲဒီမျက်ဝန်းလေးကိုမှ သူ့ရင်ဘတ်ထဲမှ နှလုံးသားက မြင်တတ်ခဲ့တာပါလေ။

"ဟေ့ကောင်! စိုးပြေ"

"အင်း . . . ဘာလဲကွာ"

"ထမင်းကို ငြိမ်းအောင်စားလေကွာ။ နောက် class တက်ရဦးမှာ"

"ဝိုင်းကူစားပေးကြပါလား"

"No! . . . အဲဒါတော့ မကူနိုင်ဘူး။ သေရေးရှင်ရေးဆို တော်သေးတယ်"

"သွန်ပစ်ရတော့မှာပဲ"

"မင်းကိုယ်မင်း မူကြိုကျောင်းသား မဟုတ်တော့မှန်းတော့ သိပါတယ်နော်"

"အင်းလေ . . . ဘာဖြစ်လို့လဲ"

"ထမင်းစားလို့ မကုန်လည်းကြောက်၊ စာမေးပွဲကြေငြာချက် အရုတ်လျော့မှာလည်း ကြောက်။ ယုတ်စွအဆုံး အိမ်ကို အချိန်မှန်



www.burmeseclassic.com

www.burmeseclassic.com



ပြန်မရောက်မှာတောင် ကြောက်နေလို့ ရှဲပြီးမေးတာ"

သူ သက်ပြင်းရှိုက်ကာ ရေသန့်ဘူးကို ဖွင့်သောက်လိုက်မိ၏။ ဒီနေ့အထိ အပြင်စာကို ကော်ဖီလို အပူ၊ juice လိုအအေးမျိုးကလွဲပြီး သူ မစားခဲ့ရပါ။ အစားမှားသွားသည်နှင့် သူ့ဗိုက်က ပြဿနာရှာတော့တာ မဟုတ်ပါလား။ ကိုယ့်အကြောင်းကိုယ်သာ အသိဆုံးမို့ သူငယ်ချင်းတွေပြောသမျှ မတုံ့ပြန်နိုင်ပါချေ။

"မင်းတို့မှာလည်း အမေရှိကြတာပဲ"

"မတူဘူး ဟောကောင်ရေ ငါတို့အမေတွေက ငယ်ငယ်ကတည်းက အနားကပ်လာရင် ရှုပ်လွန်းလို့ဆိုပြီး ဝေးဝေးသွားနိုင်းတာ။ မင်းရဲ့အမေလို သည်းသည်းလှုပ်မချစ်ပြဘူး"

"ဟုတ်ပ။ အငယ်ရှိနေတာတောင် မင်းမှမင်း တုန်နေအောင် ချစ်ပြတာ လွန်လွန်းတယ်"

ဟုတ်လည်း ဟုတ်ပါသည်။ မေမေ့လောက် သူ့အပေါ် ဂရုစိုက်ပြီး ချစ်ပြသည့်မိခင်မျိုး မတွေ့ဖူးပါလေ။ ငယ်စဉ်ကတည်းက သူ့ကိုအနားမှာထားကာ 'မေသူ' ကဖြင့် 'နာနီ' လက်ထဲ ကြီးပြင်းခဲ့ရတာ မဟုတ်ပါလား။ နည်းနည်းလေး ရင်ထဲမကောင်းဖြစ်တာနှင့် မေမေ ပျာယာခတ်တာက ယခုအရွယ်အထိပါ။ 'မေသူ' တောင် သူ့လောက် ဂရုစိုက်မခံရပါလေ။





"ငါတော့ နောက်ဘဝမှာ မပြောကောင်းမဆိုကောင်း မိန်းမဖြစ်ခဲ့ရင်တောင် မင်းလိုသားမျိုးနဲ့ ဖူးစာမဆုံချင်ဘူး စိုငြေ"

"ဘာဖြစ်ရပြန်တာလဲ"

"သားကို သိပ်ချစ်တဲ့ ယောက္ခမနဲ့အတူ မနေနိုင်လို့ပေါ့ကွ"

"ဟုတ်ပ။ မင်းမို့ နေနိုင်နေတာတာတယ်။ မင်းရဲ့ချစ်သူ ဖြစ်လာမယ့် ကောင်မလေးတော့ သနားဓိပါရဲ့"

ရင်ထဲမှာ ဒိတ်ခနဲဖြစ်သွားရပါ၏။ သူငယ်ချင်းဖြစ်သူတွေက ထိုသို့ မြင်နေပါလျက် သူ၏ချစ်သူ ဖြစ်လာမည့် မိန်းကလေးက သူ့ကို မည်သို့မြင်လေမည်နည်း။ လောကမှာ အမေတစ်ခု သားတစ်ခုသာ ကြားဝင်လို့ မရမှန်း သူသိခဲ့တာအမှန်ပါ။ သို့သော် သူ့မှာက ညီမဖြစ်သူရှိပါလျက်နှင့် မေမေ ဤသို့ ဥစ္စာခြောက်သလိုမျိုးသူ့ကို ချစ်တာက အဘယ့်ကြောင့်ပါနည်း။

ကောင်မလေးတဲ့လား။ 'ဝိုင်း' လည်း သူ့အတွက်တော့ ကောင်မလေးအရွယ်ပေါ့လေ။ ချစ်စဖွယ်မျက်နှာထက်မှာ အပြုံးဆိုတာ ထက် ခပ်မာမာ မျက်စောင်းဒဏ်ကိုသာ သူရခဲ့တာ မဟုတ်ပါလား။ စိတ်တိုစိတ်ဆတ်ဟန်က သူ့လို အေးအေးတည်ငြိမ်သူနှင့် လားရာဆန့်ကျင်ဘက်များပါ။ သို့သော် အဲဒီမာနခဲလေးကိုမှ သူ စိတ်ဝင်စားမိနေတော့ ခက်သားလား။



www.burmeseclassic.com

www.burmeseclassic.com



"ဟောကြည့်! ... ပြုံးပြန်ပြီ"

"ငါ ကောင်မလေးတစ်ယောက်နဲ့ ဆုံခဲ့တယ်"

"ဘာလဲ ... ကျန်ခဲ့တဲ့ Friday ကလား"

"အေး"

"အဲဒီတော့ ဆက်ပြောပါဦး"

'ငြိမ်းချမ်း' ရော 'မြင့်မြတ်' ပါ သူ့အနီး ပြန်ကပ်လာလေ၏။ နောက်တုန်းက နောက်နေကြပြီး သူ အတည်ပြောမှန်းသိတော့လည်း ငြိမ်သွားပါလား။ တီးတိုးတိုင်ပင်စရာဆို၍ ဒီသူငယ်ချင်းနှစ်ယောက်သာ ရှိသဖြင့် ဘာမဆို ဖွင့်ဟပြောဖြစ်လေသည်။ ပြဿနာဖြစ်ပြီး သူ့ကား ရွှေ့မီးလဲလိုက်ရတာကို မှတ်မိကြသားပါပဲ။

"ကားက ကုမ္ပဏီကားဆိုတော့ အဲဒီကုမ္ပဏီမှာလုပ်မှန်း သိခဲ့ရတယ်"

"ဟုတ်ပြီ ... လှတပတလေးမို့ ခိုက်သွားတယ်ပေါ့လေ"

"အဟင်း ... လှလည်းလှတယ်၊ စွာလည်း စွာတယ်။ ပြီးတော့ မာနကြီးပုံလည်း ရတယ်"

"သွားပါပြီ၊ စလာကတည်းက opposite ပဲ။ မင်းကို ဆေးကျောင်းသားမှန်း မသိလို့ဖြစ်မှာပေါ့"

"သိတော့သိသွားပါတယ်။ ငါ့နာမည်နဲ့ phone card ထုတ်ပေးလိုက်တာကိုး"





"မီးလုံးကွဲသွားတာ သူ့ကြောင့်ပေါ့လေ"

"မဟုတ်ပါဘူး။ ငါက ငေးပြီး ဝင်ဆောင့်မိသွားတာ"

"မလွယ်ဘူး။ စလာကတည်းက ငွေ (၂) သိန်းကုန်တဲ့ case ပဲ"

"ဘယ်အရွယ်လဲ"

"ငါတို့ထက် နှစ်နှစ်,သုံးနှစ် ငယ်မယ် ထင်တယ်"

"ဒါဖြင့် (၂၀) ကျော်ပေါ့။ ဆိုးတော့မဆိုးပါဘူး။ မင်း mother နဲ့တွေ့ရင်တော့ မောမယ် စိုပြေ"

"နာမည်သိခဲ့လား"

"အေး"

"အံ့မယ် ဒီလိုဆိုတော့လည်း ငါတို့ဘော်ဒါက လျင်သားပဲ၊ ဘာတဲ့လဲ"

"ဝိုင်းတဲ့"

"ဟင်! ... တစ်လုံးတည်းလား"

"မဟုတ်ဘူး။ ရှည်တော့ရှည်တယ်။ သူ့နာမည်ကတ်ကို အမြန်ဖတ်လိုက်လို့ မြင်တာ"

"ညံ့ပါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



နှိပ်ကွပ်ပြန်ချေပြီ။ ပြောမနာ ဆိုမနာ သူငယ်ချင်းတွေမို့ သူ မနာပါ။ ပြီးတော့ ဒီသူငယ်ချင်းတွေသာ သူ့မိသားစု အထောက်ကို ကျေညက်စွာသိထားတာမဟုတ်လား။ ကိုယ့်ကို ညှို့တယ်တဲ့ 'ဝိုင်း' ရယ်၊ ငယ်စဉ်ကတည်းက ဒီအရွယ်အထိ စာကြမ်းပိုးဖြစ်ခဲ့ပြီး power မျက်မှန် တပ်နေရတာတောင်မှ ညှို့သတဲ့လား။ ဒီလိုဖိနှိပ်ပြောလည်း သူငယ်ချင်းမို့ သည်းခံနိုင်ရမှာလေ။

"ပြီးတော့လည်း ပြီးတာပဲပေါ့"

"မပြီးပါဘူး"

"ဘာဖြစ်လို့လဲ"

"ငါ သူ့ကို စမြင်ကတည်းက ရင်ထဲမှာ တဒိတ်ဒိတ်နဲ့ ရင်ခုန်ခဲ့ရလို့ပါ"

"ဘာ!"

"အချစ်ဆိုတာ ရင်ခုန်ခြင်းလား၊ ငါ သေသေချာချာ မသိဘူး။ ဒါပေမဲ့"

သူငယ်ချင်းနှစ်ဦး၏ လှောင်ရယ်သံကြောင့် သူ ဆက်ပြီး မပြောဖြစ်တော့ပါ။ ဖူးစာလား၊ ရေစက်လား၊ တိုက်ဆိုင်မှုလေလား။ သေသေချာချာ မဝေခွဲနိုင်ပါချေ။ မသေချာခြင်း ဇော်မြစ်ထက် 'စိုဖြေ' ဘယ်အချိန်ထိ လွင့်မျောနေဦးမှာပါလိမ့်။





တွေ့ချင်သေးတယ်၊ ဆုံချင်ပါသေးတယ်။ ရန်လိုနေတဲ့ မျက်ဝန်းလဲ့လဲ့လေးတွေကိုလည်း မြင်ချင်ပါသေးတယ်။ ပြီးတော့ မာနဖြင့် တင်းထားပါသည့် နှုတ်ခမ်းပါးလေးကိုလည်း နောက်တစ်ကြိမ် ငေးကြည့်ချင်သေးတာ အမှန်ပါ။ 'ဝိုင်း' တဲ့။ ကိုယ်နဲ့မင်း ဆုံခွင့်က ရှိနေဦးမှာပါနော်။

"တစ်ခါလေးတွေ့ရုံနဲ့ ဖြစ်နေလိုက်တာ"

"မပြောနိုင်ဘူးလေ။ ရေစက်ဆိုတာ ဆန်းကြယ်တာပဲ"

"ရေစက်မဟုတ်ဘဲ တိုက်ဆိုင်တာဆိုရင်ကော ဘယ်လိုလုပ်မလဲ"

"တိုက်ဆိုင်မှုဆိုတာက နှစ်ကြိမ်ထက် မပိုနိုင်ပါဘူးကွာ။ သုံးကြိမ်နဲ့အထက်သာဆိုရင် အဲဒါ ဖြတ်မရတဲ့ ရေစက်ပဲ"

"ဒါဖြင့် နောက်ဆုံးထွက်လာတဲ့ ရလဒ်က ဘာလဲ"

"ငါ သူ့ကိုချစ်တယ်"

"ကျွတ်! ကျွတ်! ... ငါတို့သူငယ်ချင်း ယဉ်ယဉ်လေး မှူးသွားရှာပြီကိုး"

"သနား သနား ... ဟိုက်! မင်းမားသား phone ခေါ်နေပြီ"

စားပွဲထက် တင်ထားပါသည့် phone ကို 'မြင့်မြတ်' က



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့သို့ ရွှေ့ပေးလိုက်လေ၏။ နေ့တိုင်းမြင်တွေ့နေရပါသည့် မေမေက သူ့ကို အချိန်တိုင်း စောင့်ကြည့်စစ်ဆေးနေတတ်တာပါ။ သူငယ်ချင်းတွေ ပြောသလို သူကောင်မလေးနှင့် သူ့မေမေကို မည်သို့တွေ့ပေးရပါမည်နည်း။ ခက်ပါ့ 'ဗိုင်း' ရယ်။

"ဟဲလို"

"မေ့သား lunch စားပြီးရဲ့လား"

"ဟုတ်ကဲ့"

"ဒီနေ့ အိမ်ကို စောစောပြန်လာမှာမဟုတ်လား သား။ မေမေ့သားကြိုက်တဲ့ ဝက်သားမွှေါင်းခိုင်းထားတယ်"

"ဟုတ်ကဲ့ပါ မေမေ"

သူ သက်ပြင်းကိုသာ ရှိုက်လိုက်မိပါ၏။ အဲဒါပဲကြည့်ပါတော့။ 'စိုပြေ' ဆိုတာ ကလေးမဟုတ်တော့ပါဘဲ ခုထိ မူကြိုကလေးနှယ် ဂရုစိုက်ခံနေရတုန်းပါပဲ။ သို့သော် အဲဒီကောင်လေးရဲ့ ရင်ဘတ်ထဲမှာ အချစ်ဆိုတာက ကိန်းအောင်းနေပြီလေ။

❋



## အခန်း (၁၂)

ဒီနေ့ off ရက်မို့ တက်လက်စသင်တန်းကို မနက်ပိုင်းတက်ရပါ၏။ 'ဗိုင်း' က Sunday ကိုသာ off ရက်အမြဲယူသဖြင့် လိုအပ်သည့် သင်တန်းတစ်ခုပြီးတစ်ခု တက်ဖြစ်ကာ ဒီပလိုမာ အောင်လက်မှတ်တွေ ယူဖြစ်လေသည်။ ဒါကြောင့်လည်း ဒီလို အသက် (၂၀) စွန်းရုံလေးဖြင့် ကုမ္ပဏီမှာ ရာထူးတိုးပြီးရခဲ့တာပါ။

မနက်ကတည်းက ဘာမှမစားခဲ့သဖြင့် (၁၀) နာရီကျော် သင်တန်းဆင်းရုံမှာပင် ဗိုက်ထဲမှ ဆန္ဒပြလေပြီ။ အဆာခံပါက နိုက်အောင့်လာတတ်သဖြင့် ဗိုက်ထဲ တစ်ခုခုဖြည့်ရန် စဉ်းစားမိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မုန့်ဟင်းခါးတွေ အသုပ်တွေ မစားချင်သဖြင့် ကော်ဖီနှင့်မုန့် တစ်ခုခု စားရန် ဆုံးဖြတ်ကာ Platform ပေါ်မှ ကားလမ်းကူးရန် ပြလိုက်မိလေသည်။

"ဟော!"

"ဘာလဲကွ အလန့်တကြား"

မီးပွိုင့်မှာ မီးနီမိ၍ ကားရပ်ထားစဉ် သူ့ကားရှေ့မှ လူကူးမျဉ်းကြားထက် လမ်းကူးသွားကြပါသည့် လူတွေကို ကြည့်လိုက်မိတာပါ။ ခါတိုင်းလို ဆံထုံးထုံးတာမျိုးမဟုတ်ဘဲ ဒီတစ်ခါတော့ ဆံပင်ကို မြင့်မြင့်လေးစည်းထားလေ၏။ မျက်နှာထက်မှာဖြင့် ထုံးစံအတိုင်း သနပ်ခါးပါးကွက်ကြားက အထင်းသားပါပဲ။

လူတွေကြားထဲမှာ blouse အဖြူကို Mini skirt အနက်၊ ကြိုးသိုင်းဖိနပ်ဖြင့် တွဲဝတ်ထားပါသည့် သူမက ထင်သာမြင်သာ ရှိနေလေ၏။ Slimbag ကြိုးရှည်ကို စလွယ်သိုင်း၍ လွယ်ထားပြီး လက်မှာက file ပန်းရောင်လေးကို ပိုက်ထားလေသည်။ ဘေးဘီကို မကြည့်ပါဘဲ ကားလမ်းကိုသာ အာရုံစိုက်ကူးသွားသည်က သူ၏ 'ဝိုင်း'. ပါပဲ။

"ဘာမြင်လိုက်လို့လဲ စိုပြေ"

"ဝိုင်းကို တွေ့လိုက်လို့"





"ဘယ်မှာလဲ"

"ဟိုမှာလေ၊ အင်္ကျီလက်မောင်းလေးနဲ့ လမ်းကူးသွားတာ"

"ဟုတ်လို့လားကွာ။ ဆင်တာဖြစ်ချင် ဖြစ်မှာပါ"

"မဟုတ်ဘဲ ငါပြောပါ့မလားကွ"

ကားက ချက်ချင်းကွေ့လို့ရသည့်နေရာ မဟုတ်ပါဘဲ မြို့လယ်ခေါင်ဖြစ်နေ၍ လမ်းကြောင်းပြောင်းလို့ရမည့်နေရာအထိ ဆက်မောင်းခဲ့ရပါ၏။ ကားဖြင့်မလာတာမို့ ဒီနေ့ သူမပိတ်ရက်ဖြစ်မည်ထင်ပါသည်။ တိုက်ဆိုင်မှုဆိုတာက ဒီတစ်ခါနှင့်ဆို နှစ်ကြိမ်ပေါ့နော်။

"ဒါက ဘာလုပ်တာလဲ၊ အိမ်ပြန်မယ်ဆိုပြီး"

"စောပါသေးတယ်ကွာ"

"ဘာလဲ . . . ဟိုကောင်မလေးနောက်ကို လိုက်မလို့လား"

"အေး"

"ဒီကောင်တော့ ပေါက်ကရတွေ စလုပ်နေပြီ။ မျက်နှာတော့ ခပ်လှုပ်လှုပ်ပဲ"

သူငယ်ချင်းသုံးယောက် အတူမြို့ထဲလည်ရန် ထွက်လာခဲ့တာပါ။ လိုအပ်သည့်စာအုပ်တွေကို phone ဖြင့် ကြိုမှာထား၍ ရှာစရာမလိုပါဘဲ ငွေရှင်းပြီး ပြန်ခဲ့ကြတာပါ။ 'မြင့်မြတ်' တို့ plaza ထဲ ဝင်မွှေချင်တာတောင်မှ လူရှုပ်၊ မျက်စိရှုပ်သည်ဆိုပြီး သူ့ဘာနဲ့ကွက်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် သူငယ်ချင်းနှစ်ယောက် ခေါ်သွားခဲ့တာပင်။ အခုတော့ သူက သူမကို ရှာရန်အတွက် ကားကိုပင် ကွေ့လိုက်မိချေပြီ။

မှန်တံခါးကို တွန်းဖွင့်၍ ဆိုင်ထဲဝင်လိုက်စဉ် Aircon မှ အေးခြင်းနှင့်အတူ cake ရနံ့တို့က မွှေးကြိုင်သွားလေ၏။ Shopping ထွက်ရန်ကိစ္စလည်း ရှိသေးသဖြင့် ခေါင်းရှင်းရင်း ခဏမျှ အနားယူရမှာပါ။ ကောင်တာမှန်ပုံးရှေ့မှာ ဖြည်းဖြည်းချင်း လျှောက်ရင်း စားချင်သည့်မုန့်ကို လက်ညှိုးညွှန်၍ ရွေးလိုက်ပါ၏။ ကော်ဖီတစ်ခွက် မှာပြီးမှသာ ထောင့်စားပွဲနေရာသို့ ဆက်လျှောက်လိုက်ပါသည်။

File ထဲမှ Note Pad စာရွက်ကို ယူလိုက်ပြီး ဝယ်ရမည့် စာရင်းရေးထားတာကို ထပ်ဖြည့်လိုက်ပါ၏။ လစာထုတ်ပြီးတိုင်း မေမေနှင့်ဘွားဘွားအတွက် အမှတ်တရတစ်ခုခု ရှာဝယ်ပြီးလျှင် 'ဗိုင်း' လိုအပ်တာကို ဝယ်ရလေသည်။ အခုလည်း ဖိနပ်ဝယ်စရာရှိတာမို့ လိုချင်သည့် brand ကို စိတ်ကြိုက်ရှာရမှာလေ။

"တွေ့ပြီ ... တွေ့ပြီ"

"မျက်စိက လျင်ပါ့။ ဘယ်မှာလဲ"

"ဆိုင်ထဲမှာ"

"ခပ်မိုမိုလေးပါလား"

သုံးယောက်သား ကော်ဖီဆိုင်ထဲသို့ ဝင်လိုက်ကြပါ၏။ သူမ





ရှိနေပါသည့် စားပွဲထံသို့ သူ ဦးတည်လိုက်စဉ် 'မြင့်မြတ်' နှင့် 'ငြိမ်းချမ်း' က သောက်စရာမှာရင်း ကောင်တာမှာကျန်ခဲ့လေသည်။ သူမရှေ့ရှိ တစ်ဖက်စားပွဲမှာပင် သူ ဝင်ထိုင်လိုက်ပါ၏။ ခြေထောက် ချိတ်ထိုင်လျက် တစ်ခုခုကို ငုံ့ရေးနေပါသည့် သူမက သတိမထားမိပါလေ။

ဆံပင်ကို အုပ်လုံးသိမ်းလျက် စုစည်းထားသဖြင့် နဖူးထက်မှာ ဆံစအချို့က ကပိုကယိုလေး ကျနေလေ၏။ အပေါ်ဘက်မှ Aircon စက်ကြောင့် မျက်နှာကို ဆံနွယ်လေးကျလာတာကိုက ကဗျာဆန်လွန်း နေတာပါ။ လက်ဖောင်းအင်္ကျီလေးနှင့် အဘယ်မျှ ချစ်စရာကောင်း လိုက်ပါသလဲ။

"ကျေးဇူးပါ"

ကော်ဖီနှင့်မုန့် ပန်းကန်ရောက်လာသဖြင့် သူမထံမှ အသံ သဲ့သဲ့ ထွက်လာပါ၏။ ရေးပြီးသားစာရွက်ကို slimbag ဖွင့်၍ ထည့် ကာ ဘောလ်ပင်ခလုတ်လေးကို နှိပ်လိုက်လေသည်။ Plastic file ထဲသို့ ဘောလ်ပင်ကို ပြန်ထည့်သိမ်းလိုက်ပြီး ရင်ဘတ်ပေါ် ဝဲကျနေ ပါသည့် ဆံနွယ်တို့ကို လက်ဖြင့်ဖယ်ကာ ကျောဘက်သို့ ရွှေ့လိုက်ပါ၏။

မျက်လွှာကို ပင့်လိုက်စဉ် လူကို စူးစူးစိုက်စိုက်ငေးနေပါသည့် မျက်လုံးအစုံနှင့် တိုးမိလေသည်။ အထူးသဖြင့် ပါဝါမျက်မှန်ကြည့်

www.burmeseclassic.com



လေးကြောင့် စိတ်ထဲမှ မြင်ဖူးတွေ့ဖူးသလို ထင်လိုက်မိပါ၏။ ဘယ်သူပါလိမ့်။ ဘယ်နေရာမှာများ တွေ့ဖူးခဲ့ပါသလဲဟု တွေးလိုက်မိစဉ် ထိုလူက 'ဝိုင်း' ကို လှစ်ခနဲ ရယ်ပြလိုက်လေသည်။

ကြည့်စမ်း! ... ဒါ ဘာသဘောပါလိမ့်။

"တစ်ယောက်တည်း လာတာလား။ ဒီနေ့ off ရက်ထင်တယ်"

"ဟင်!"

တရင်းတနှီးကြီး စကားလှမ်းပြောလိုက်၍ အူကြောင်ကြောင်ဖြစ်သွားပါသည့် သူမကြောင့် သူ ရယ်မိပါ၏။ သေချာပါတယ်။ ဒီမိန်းကလေး သူ့ကို မမှတ်မိပါလေ။ "အချစ်မှာ အရှက်ကို ဘေးဖယ်ထားရ၏" တဲ့။ ဒီတော့ ရဲစိတ်လေးတင်ပြီး အရဲကိုးရတော့မှာပါ။ သူငယ်ချင်းနှစ်ဦး ရောက်လာပြီမို့ စကားဆက်ရန် အဆင်ပြေသွားရပါသည်။

"ကိုယ့်ကို မမှတ်မိဘူးထင်တယ်။ ဟိုတစ်လောက ကားနဲ့ ဝင်ဆောင့်မိခဲ့တာလေ။ စိုပြေပါ ဝိုင်းရဲ့"

"ဩော် ... အင်း ... မှတ်မိပြီ။ ဒါကြောင့် တွေ့ဖူးတယ် ထင်နေတာ"

"တစ်ဝိုင်းတည်း စုထိုင်လိုက်လို့ ဖြစ်တယ် မဟုတ်လား"





"အဲ!"

"ဒါ ကိုယ့်သူငယ်ချင်းတွေလေ။ မြင့်မြတ်နဲ့ငြိမ်းချမ်းတဲ့။ သူငယ်ချင်းတို့ ဒါ ငါပြောတဲ့ ဝိုင်းပါ"

"တွေ့ရတာ ဝမ်းသာပါတယ် ဝိုင်း"

"ဟုတ်ကဲ့"

"နာမည်အရှည် မဟုတ်လား"

"ဟုတ်ကဲ့ ... ဝိုင်းဝသသန်ချစ်ပါ"

"လှလိုက်တာ"

"ရှင်!"

သုံးယောက်သား 'ဝိုင်း' ရှိနေပါသည့် စားပွဲမှာပင် လာထိုင်လိုက်သဖြင့် တားမြစ်မရလိုက်ပါ။ မျက်နှာရှုးတွေလို မဟုတ်တဲ့ ဆေးကျောင်းသားတွေမှန်း သိထားသဖြင့် မချေမင် တင်းတင်းမာမာလည်း ပြောတော့ပါလေ။ ခဏတစ်ဖြုတ် တွေ့ကြတာပဲ မဟုတ်လား။

"ဘယ်ကိုလာတာလဲ၊ နေတာကရော"

"အင်းစိန်မှာနေတာပါ။ အခုက သင်တန်းဆင်းပြီးတာ"

"အင်းစိန်ဆိုတော့ အဆိုတော်တွေ၊ စာရေးဆရာတွေ အများကြီးရှိနေတဲ့ မြို့နယ်ကပေါ့လေ"

"အဲဒါလည်း သိတာပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့"

"သူငယ်ချင်းလေး ဘာလေး အဖော်ခေါ်မလာဘူးလား။ ဒီလိုပဲ တစ်ယောက်တည်း သွားနေတာလား"

"အင်း ... မမတို့ အန်တီတို့နဲ့ သွားချင်သွားပါတယ်။ များသောအားဖြင့်တော့ တစ်ယောက်တည်းပဲ သွားဖြစ်တယ်။ သူတို့လည်း အလုပ်ကိုယ်စီနဲ့ မအားကြဘူးလေ"

"ချစ်သူရှိလား" ဟု တိုက်ရိုက်မမေးဘဲ လှည့်ပတ် ကွေ့ဝိုက်မေးရာမှ ပြန်ရလိုက်သည့်အဖြေက သူ့ကိုကျေနပ်စေလေသည်။ "အချစ်မှာ အမြဲ ရှုံးသားလို့မဖြစ်ပါ" တဲ့။ ကိုယ်လိမ်ညာနေတာမှ မဟုတ်ဘဲလေနော်။ သာမန်ပြောရိုးပြောစဉ်စကားတွေမို့ သူမလည်း ဖော်ရွေစွာ ပြန်ပြောလေ၏။ နည်းနည်းလေးတော့ နီးကပ်ပြီ ထင်ပါရဲ့။

"ဝိုင်းက ကိုယ်တို့ထက် ငယ်မယ်ထင်တယ်"

"ဟုတ်! ... (၂၀) ကျော်ပါ"

"ငယ်တယ်၊ သုံးနှစ်လောက် ငယ်တာ။ မမတွေကရော"

"အစ်မအရင်းက ဝိုင်းထက် (၁၀) နှစ်လောက်ကြီးတယ်။ ချစ်သူရှိတယ်။ ဝမ်းကွဲအစ်မက နှစ်နှစ်ပဲကြီးတယ်။ လက်ရှိ အတွဲ မရှိပါ"

"အားပါး! ... အစ်မတွေများတာ ကြွားတတ်ပါ့"





"ဝိုင်းမမက အများကြီးချောတာရှင့်။ ရုပ်ရှင်မင်းသမီးတွေ လှတာလောက်များ စာရင်းမရှိဘူး"

"ဒါပေမဲ့ ... အတွဲနဲ့ဆို"

"ဟုတ်တယ်လေ"

ကလေးဆန်စွာပြောနေပုံက အတော့်ကို ချစ်စဖွယ်ကောင်းလွန်းနေပါ၏။ ကော်ဖီတွေ အေးကုန်မည်စိုးသဖြင့် မုန့်နှင့်ကော်ဖီကို ခပ်မြန်မြန်စားလိုက်ရပါသည်။ ဘာဖြစ်မည် ညာဖြစ်မည်ဟု ပြောခဲ့ကြပါသည့် သူငယ်ချင်းတွေက ခုတော့ဖြင့် 'ဝိုင်း' နှင့်အဖွဲ့ကျကာ ရယ်မောပြောဆိုနေတော့တာပါလေ။

"ရင်းရင်းနှီးနှီးခေါ်ကြမယ်နော်။ ဝိုင်းက အငယ်ဆိုတော့ ကိုယ့်ဘော်ဒါတွေကို ကိုမြတ်နဲ့ ကိုချမ်းလို့ခေါ်ပေါ့"

"ဒါဆို မင်းကိုရော"

သူက ဆက်မပြောဘဲ ပြုံးစိစိလုပ်နေလေ၏။ သူများနာမည်တွေက တစ်လုံးချင်း အဖျားဆွတ်ခေါ်၍ အဆင်ပြေနိုင်ပေမယ့် သူ့ အမည်က ထိုသို့မဟုတ်ပါလေ။ လောလောဆယ် 'ကိုပြေ' လို့ခေါ်ချင်လည်း သဘောပါပဲ။ 'ဝိုင်း' က ဒီလောက် 'အ'မည် မထင်ပါလေ။

"ဘယ်သွားဦးမှာလဲ။ ကိုယ်တို့လည်း လျှောက်ပတ်ကြည့်မှာ။ အတူသွားမလား"



www.burmeseclassic.com

www.burmeseclassic.com



"ကားပါတယ်ပေါ့လေ"

"ဒါပေါ့"

"မလိုက်ပါဘူး"

"ဝိုင်းကလည်း အဲဒီလောက် မစိမ်းသက်ပါနဲ့။ ကိုယ့်ကို မယုံလို့လား"

"ဟုတ်တယ်၊ လောကမှာ ကိုယ့်ကိုယ်ကိုယ်တောင်မှ မယုံရတာ သူစိမ်းကို ဘယ်လိုယုံရပါ့မလဲ"

"ဒါဖြင့် ကော်ဖီနဲ့မုန့်ဖိုးတော့ ရှင်းပေးပါရစေ။ မိတ်ဆွေဖြစ်တဲ့ အထိမ်းအမှတ်နဲ့လေ"

ခေါင်းညိတ်ပြလေ၏။ ထိုစဉ်ကတည်းက သူခိုသည့် 'စိုးပြေ' က 'ဝိုင်း' ၏ ခေါင်းတစ်ညိတ်ကို စိတ်ရှည်စွာ စောင့်စားခဲ့ရတာပါလေ။ ပြောင် . . . 'ဝိုင်း' ရယ်။

❋



## အခန်း (၁၃)

ကုမ္ပဏီ Uniform ကို ဝတ်နေစဉ် 'မမိုးမိုး' က အခန်းထဲသို့ ဝင်လာလေ၏။ ရင်ဘတ်မှာ ဝန်ထမ်းကတ်တပ်နေတာမို့ လှည့်မကြည့်ပေမယ့် ခြေသံကိုတော့ 'ဝိုင်း'က အလွတ်ရနေပါသည်။ ဇိရိတံခါးကို ပြန်ပိတ်လိုက်စဉ် လက်ပိုက်ကြည့်နေပါသည့် 'မမိုးမိုး' ကို မြင်လိုက်ရလေ၏။

"ဘာပြောမလို့လဲ"

"နင် သိပ်မရိုးတော့ဘူး"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"မြင်ရိုးမြင်စဉ်ထက် နည်းနည်းလေးတော့ပိုလာတယ်။ မှန်မှန်ပြော"

မျက်ခုံးမွှေးဆွဲရန် ကျန်သေးတာကို မလုပ်ဖြစ်တော့ပါ။ လစဉ်ဆံပင်ညှပ်လေ့ရှိသည့် 'မမမီးမီး' က 'ပိုင်း' မျက်နှာအပြောင်းအလဲကို သတိထားမိလေသလား။ သိပ်ကြီးမသိသာစေရန် လုပ်ထားပေမယ့် အလှပြင်ဆိုင်အစ်မ 'ချိုဖင်' က ပြောလိုက်လို့များလား။ မှန်ထဲတစ်ချက်ကြည့်မိစဉ် မျက်ခုံးက သနပ်ခါးပင် မခြစ်ရသေးပါလေ။

"ဘာများဆန်းလို့လဲ။ ပိုင်းတို့က ထုံးစံအတိုင်း ရိုးရိုးကြီးပါပဲ"

"ကျစ်! . . . မဟုတ်သေးပါဘူး။ ငါ သိကိုသိနေပါတယ်"

"သိရင်ပြောလေ"

"ပိုင်းချစ်! အငယ်မ!"

"ရှင်! မမ"

"လိုက်မယ်ဆို မြန်မြန်လုပ်လေ"

'မမ' ကားနှင့် လမ်းကြုံလိုက်ဖြစ်မှာမို့ ကြိုပြောထားပါ၏။ Slimbag ကိုလွယ်လိုက်စဉ် 'မမမီးမီး' က အပေါက်ဝမှာ ဝိတ်ရပ်နေလေသည်။ 'ကိုကြီး' နှင့် အဆက်ဖြတ်ခဲ့ရစဉ် 'တစ်နွယ်ငင် တံစဉ်ပါ' ဆိုသည့်စကားအတိုင်း 'မမမီးမီး' ပါ 'ကိုဖေယျာ' နှင့် အလိုလိုပြတ်ခဲ့ရတာပါ။ သူတို့နှစ်ယောက်ကြောင့် 'ပိုင်း' နှင့် 'ကိုကြီး' ဆုံရ





သည်ဟူသည့် ပြစ်ချက်ကြီးကို 'မမမီးမီး' ရခဲ့ရတာပါလေ။

"လာပြီ မမရေ!"

"ငါသိပြီ"

"ဘာကိုလဲ"

"နင် မျက်ခုံးရိတ်ထားတယ်"

"အခုမှသိရလား . . . ဟား ဟား ဟား ဟား"

"ကြည့်စမ်း! . . . ပိုင်းချစ်မနော်။ ငါမသိအောင် မချိုဖင်ဆိုင် ဘယ်တုန်းက ဝင်လိုက်တာလဲ"

"သူပြောလို့သိတာ မဟုတ်ဘူးလား။ မမမီးမီးက တကယ် Spy ပဲကွာ"

လှေကားမှ အမြန်ပြေးဆင်းခဲ့ရလေ၏။ မေမေက ထမင်းကြော်ပန်းကန်ကို ဖွန်းတပ်ပေးပြီး ယူလာတာမို့ 'မမ' နှင့်အတူ ညှော်ခန်းမှာပင် အမြန်စားလိုက်ရပါသည်။ နှစ်ယောက်တစ်ပန်းကန်တည်းစားသဖြင့် ခဏလေးနှင့်ပင် ကုန်လေ၏။ 'မမမီးမီး' ကတော့ ထုံးစံအတိုင်း နေက်စာကို များများစားတတ်သဖြင့် မီးဖိုခန်းဘက်သို့ ဝင်သွားလေသည်။

"ဟုတ်လား ငယ်လေး"

"ဘာလဲ အန်တီငယ်"



www.burmeseclassic.com

www.burmeseclassic.com



"မီးမီးပြောတာလေ၊ နှင် ရည်းစားရနေပြီလားမသိဘူးတဲ့"

"ကိုယ့်ဘာသာကိုယ် အသက်တောင် မနည်းလုပြီးရှူနေရတာ။ ဘယ်ကရည်းစားကို ရှာလို့တွေ့မှာလဲ"

"ပြောလို့မရဘူးလေ၊ နှင်ပြောသလို ခလုတ်တိုက်ပြီး တွေ့ချင်တွေ့မှာပေါ့"

"မမမီးမီးသာ တွေ့အောင်ရှာပါနော်။ ဝိုင်းကို လိုက်ကျပ်မနေနဲ့"

နောက်ဖေးဘက်မှ လှမ်းပြောလိုက်သည့် 'မမမီးမီး' ကို အိမ်ရှေ့မှ အော်ပြောလိုက်မိလေ၏။ ပွင့်လင်းသည့် မိသားစုမို့ ဘာလုပ်လုပ် အိမ်ကိုသိအောင် ဖွင့်ပြောရတာလေ။ မေမေက အအေးခံထားသည့် ရေနွေးနှစ်ခွက်ကို လှမ်းပေးလိုက်လေသည်။ 'မမ' ရော 'ဝိုင်း' ပါ ထမင်းနှင်နေတာကို ရေနွေးဖြင့် မျှောချလိုက်ရပါ၏။

"တွေ့ရင်လည်းပြောနော် သမီးငယ်။ ကျိတ်ပြီး ရည်းစားထားဖို့ မစဉ်းစားနဲ့"

"မေမေ တားဦးမလို့လား"

မေမေ့မျက်နှာ ခပ်အမ်းအမ်းဖြစ်သွားလေ၏။ မရည်ရွယ်ပါပဲ လွှတ်ခနဲ ပြောလိုက်မိသဖြင့် အားနာမိသွားရပါသည်။ ကြာတော့ ကြာခဲ့ပါပြီ။ သို့သော် သုံးနှစ်ဆိုသည့် ကာလက 'ဝိုင်း' အတွက်တော့





မနေ့တစ်နေ့ကနှယ် ထင်ရှားပြီး အမှတ်ရစဲပါလေ။

"မသင့်လျော်တဲ့အရွယ်မို့ တားခဲ့တာကို မေမေ့အပေါ် အမှတ်ထားနေသလား"

'ဟင့်အင်း ... မဟုတ်ပါဘူး မေမေ။ ဝိုင်း လွှတ်ခနဲ ပြောမိသွားတာပါ"

"မေမေ လုပ်ခဲ့သမျှ မှားတယ်လို့ မထင်စေချင်ဘူး ဝိုင်း။ သမီးတို့အတွက် ရှေ့ရှုပြီး လုပ်ဆောင်ခဲ့တာချည်းပဲ"

"သမီးတို့သွားတော့မယ် မေမေ"

"အေး ... အေး"

'မမ' က စကားအမြန်ဖြတ်ပေးလိုက်တာမို့ တော်ပါသေး၏။ ဆူတာတော့မဟုတ်ပါ။ သို့သော် ရင်ထဲကဒဏ်ရာကို ဘယ်သူက မြင်နိုင်မှာတဲ့လဲ။ 'မမ' ကားတံခါးကို ဖွင့်ကာ တက်ထိုင်လိုက်ပါ၏။ ကုမ္ပဏီအထိ မရောက်တောင် အနီးဆုံးကားမှတ်တိုင်နားအထိ လမ်းကြုံစီးလို့ရတာမဟုတ်လား။

"သတိရတုန်းပဲလား"

"ဘာကိုလဲ"

"ကျော်သန့်ဇင်ကိုလေ"

ရင်ထဲ အောင့်သွားရပါ၏။ တမင်တကာ မေ့ထားရပါသည့်



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာကို 'မမ' ကိုယ်တိုင် လာဆွပေးနေပါရောလား။ ယခုတိုင် အချစ်ဦးနှင့် (လေးနှစ်ကျော်) တွဲနေပါသည့် 'မမ' က 'ဝိုင်း' ၏ ခံစားချက်ကို စာနာနိုင်မှာတဲ့လား။ အသည်းကွဲတယ်ဆိုတာ ကြားလို့ကောင်းတဲ့ ပုံပြင်မျိုးမှ မဟုတ်တာလေ။

"ဝိုင်းချစ်"

"မေ့ထားပါတယ် မမ"

"အချစ်ဦးဆိုတာ မြေဦးရေတောင် မမေ့တဲ့သူမျိုး အငယ်မရဲ့"

သိရင်လည်း ဘာလို့ပြောနေသေးလဲ။ တကယ်ဆို ထိရှလွယ်သည့် အရွယ်၏အသိနှင့် နှလုံးသားကို နည်းနည်းတော့ ငဲ့ညှာသင့်ပါတယ်လေ။ ကာယကံရှင်နှစ်ဦး၏ ဆန္ဒမပါပါဘဲ ဒီအချစ်တစ်ပွဲနှင့် ဇာတ်သိမ်းခဲ့ရတာ ရင်နာလွန်းပါရဲ့။ 'ကိုကြီး' လည်း 'ဝိုင်း' လိုပါပဲနေဦ။

"စိတ်ကစားတဲ့အရွယ်မို့ အလေးအနက် မဖြစ်လောက်ဘူးလို့ မေမေ ထင်ကောင်းထင်ပါလိမ့်မယ်။ မေမေ့ကို စိတ်မခုပါနဲ့"

"အင်းပါ"

"အမှန်တော့ (၂၀) ကျော်လောက်အရွယ်မှ အချစ်ကို ရှာတွေ့တာ အကောင်းဆုံးပဲ။ လေးနက်တည်ငြိမ်သင့်သလောက် ရှိပြီလေ။





ဟုတ်တယ်မှတ်လား"

Yes! (or) No! ဘာကိုမှ ပြန်မဖြေမိပါ။ ရင်ခုန်တတ်စအရွယ်မှာ နှလုံးသားကို အကျဉ်းချခဲ့ပြီး အခုမှ လွှတ်ပေးရတယ်လို့။ စိတ်ရှိ လက်ရှိ အရွဲ့တိုက်ပြီး တစ်လတစ်ယောက်ထားလိုက်ရမကောင်းပါဘူး။ ကိုယ်က မိန်းကလေးပေမယ့် မျက်နှာမများချင်ပါ။ စိတ်မတည်ငြိမ်သေးသည့်အရွယ်မှာ ကြုံခဲ့ရတာက 'အချစ်စစ်' မဖြစ်နိုင်ဘူးတဲ့လား။

အဲဒီနေ့ကို 'ဝိုင်း' တစ်သက် ဘယ်တော့မှမေ့မည်မဟုတ်ပါ။ အနက်တီငယ်ပို့နိုင်းသည့် ချုပ်ထည်တွေကို လိုက်ပို့ပြီး အပြန်မှာ လမ်းဆုံမှာ ရပ်ထားပါသည့် သူ့ကားကို တွေ့လိုက်ရတာလေ။ ကားမမောင်းပါဘဲ မျက်နှာမှောက်ကာ ငြိမ်နေသဖြင့် မှန်ကိုအသာခေါက်မိစဉ် မျက်ရည်အဝဲသားဖြင့် မော့ကြည့်လိုက်ပါသည့် မျက်ဝန်းအစုံက အိပ်မက်တွေထဲမှာ အမြဲတွေ့ခဲ့ရတာလေ။

"ဝိုင်း"

"ကိုကြီး ဘာဖြစ်လို့လဲ"

"ဝိုင်းလေး"

ကားပေါ်မှဆင်းကာ 'ဝိုင်း' ကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်လိုက်သဖြင့် ရင်တွေတုန်ပြီး အံ့အားသင့်ခဲ့ရပါသည်။ ဒီညနေတော့မည်



www.burmeseclassic.com

www.burmeseclassic.com



မှန်း သိထား၍ စက်ဘီးခြင်းထဲ အခင်သင့်ထည့်ထားပါသည့် လက်ဆောင်ထုပ်ကို လှမ်းယူလိုက်စဉ် သူ့လက်ထဲမှာလည်း ဘူးသေးသေးလေးကိုင်ထားတာကို မြင်လိုက်ရလေ၏။

"ဝိုင်းဖို့"

"ကိုကြီးဖို့"

ပြိုင်တူပြောဖြစ်ပြီး ဘာမှ ဆက်မပြောနိုင်ဘဲ အငေးသားကြည့်နေမိတာက အမှောင်ပျိုးစပြည်ပါလေ၊ သူက မျက်ရည်အဝဲသားဖြင့် ဘူးလေးကို ဖွင့်လိုက်ပြီး ကျောက်အမည်းလေးနှင့် လုပ်ထားပါသည့် (ရေတိုက်ကောင်းစေ့လောက်ရှိသည့်) ရွှေနားကပ်လေးကို ဝိုင်း၏နားကွင်းကို ချွတ်ဖယ်ခိုင်းကာ ကိုယ်တိုင် ဝတ်ပေးလေသည်။

"ကိုယ် ဝိုင်းကို သိပ်ချစ်တယ်"

"____"

လရောင်ထွက်ကာစ အလင်းပျပျအောက်မှာ မျက်ဝန်းချင်းဆုံနေမိလေ၏။ ခပ်တိုးတိုးပြောလိုက်ပါသည့်စကားကို နားထဲမှာ ပီပီသသကြီး ကြားနေရပါသည်။ 'ချစ်တယ်' လို့ပြောသည့်လူက မျက်ရည်အဝဲသားနဲ့ပါလား။ မေမေ ဘာများပြောလိုက်လို့ပါလဲ၊ လက်ထဲကိုဘူးလေးထည့်ပေးကာ သူ့လက်တို့ဖြင့် အုပ်ကိုင်ထားလေ၏။ နွေးထွေးလေစွ။





"ဝိုင်းအသက် သိပ်ငယ်သေးမှန်းသိလို့ ဖွင့်မပြောဘဲ မျိုသိပ်ခဲ့ပါတယ်။ ဒါပေမဲ့ . . ."

"ကိုကြီး"

"ကိုယ်တို့ ကိုယ်တို့နှစ်ယောက်ရဲ့ ရေစက်က ဒီမှာတင် တုန့်ပြီ ထင်ပါရဲ့"

ရင်ထဲနင့်သွားရပါ၏။ ငိုဖို့ပင် သတိမရပါဘဲ သူ့ကို အငေးသားဖြင့် မော့ကြည့်နေမိလေသည်။ သူများတကာတွေ ရည်းစားထားကြတာ ဒါမျိုးပဲလား။ အခုပဲချစ်တယ်ပြောပြီး လမ်းခွဲဖို့အတွက် စကားဆက်ပြောကြပါသလား။ ရင်ခုန်ဖို့အတွက် ကြိုပြင်ထားဖို့တောင်မှ 'ဝိုင်း' အတွက် အခွင့်က မရှိတာလေ။

"အသက်လောက်ချစ်ရပေမယ့် ချစ်ခွင့်မရှိလို့ ဒီနေရာကပဲ အပြီးနှုတ်ဆက်ရမှာပါ"

"ကို . . . ကိုကြီး"

"ကလေးကို မုန့်ကျွေးပြီး ဖြားယောင်းခဲ့တာ မဟုတ်ပါဘူးနော်"

"ဟင်!"

"ချစ်တတ်အောင်လည်း သင်ပေးဖို့ ကိုယ်မကြိုးစားပါဘူး ဒါပေမဲ့ ဝိုင်းကို ကိုယ် အမြတ်တနိုး ချစ်ခဲ့တာကိုတော့ ယုံကြည်စေ



www.burmeseclassic.com

www.burmeseclassic.com



ချင်ပါတယ်''

မွေ့ပိုက်သိုင်းဖက်လိုက်ပြီးနောက် နဖူးထက် ခပ်ဖွဖွ နမ်းရှိုက်လိုက်ခြင်းကို ခံလိုက်ရပါ၏။ ပြီးနောက် ကားပေါ်သို့တက်ကာ မောင်းထွက်သွားလေတော့သည်။ နှုတ်ဆက်လမ်းခွဲခြင်းတဲ့လား။ ညက အကျည်းတန်လေပြီ။ အချစ်ဆိုသည့် သင်ခန်းစာကို လေ့လာခွင့်မရပါဘဲ 'ဝိုင်း' အဖြစ်က ရင်နင့်ခြင်းတွေနဲ့သာ ပြည့်နှက်ခဲ့ရတာ အသေအချာပါ။

ကိုကြီးကိုလည်း 'ဝိုင်း' သိပ်ချစ်ခဲ့ပါတယ်။ အလိုလိုက်ခံရတာမို့ အားကိုးမှီခိုချင်တာ၊ ချွဲနွဲ့ဆိုးပြချင်တာ၊ အစ်ကိုတစ်ယောက်လိုဗိုလ်ကျချင်တာတို့က ရေမြောင်းထဲကျသွားပါသည့် အမှိုက်နှယ် အရာမရောက်တော့ပြီ။ ချစ်ခြင်းဓါးရက်စက်မှုနှင့် နှလုံးသားမှာ ဒဏ်ရာအကြီးကြီး ရခဲ့သည်က 'ကိုကြီး' ကြောင့်မှ မဟုတ်ခဲ့တာလေ။

ဪ . . . 'ကိုကြီး' ရယ်။

''ဝိုင်းချစ်''

''ဟင်''

''ဒီမှာရပ်ပေးရမှာလား''

''ဪ . . . အင်း . . . ရပြီ မမ''

Bus မှတ်တိုင်မှာ ကားရပ်ပေးလိုက်သဖြင့် ဆင်းလိုက်ပါ၏။





နောက်နှစ်မှတ်တိုင်လောက် ကားစီးရဦးမှာမို့ ကားစောင့်ရင်း ဂိတ်မှာရပ်နေမိပါသည်။ မချစ်သင့်တဲ့ အရွယ်တဲ့လား။ အဲဒီရက်ကတည်းက စုန်းစမြုပ်စပျောက်သွားပါသည့် သူ့ကို အရိပ်လေးတောင်မှ မတွေ့ဖြစ်တော့ပါလေ။

ရင်ထဲမှ နွမ်းလျမှုနှင့်အတူ သက်ပြင်းရှည်ကြီးကို ရှိုက်ထုတ်လိုက်မိပါ၏။ 'ဝိုင်း' ထက် ငယ်သည့်ကျောင်းသူလေးတွေကဖြင့် ရည်းစားတွေ အများကြီးထားပြီး ခုတစ်ယောက်ပြတ်၊ နောက်တစ်ယောက်တွဲဖြင့် တက္ကသိုလ်မှာ ပျော်နေခဲ့ကြတာလေ။ သူများပျော်လို့ ကိုယ်မပျော်နိုင်ခဲ့တာက ဘာကြောင့်ပါလိမ့်။ အရင်ဘဝက ကုသိုလ်နည်းခဲ့မိလို့များ ဒီဘဝမှာ အပြည့်အဝ မပျော်နိုင်ခဲ့တာပဲ ထင်ပါရဲ့။

ဘာလိုလိုနဲ့ သုံးနှစ်ကျော်ခဲ့ပြီနော်။ အခုဆို 'ဝိုင်း' အသက် (၂၀) ကျော်နေပါပြီ။ ဘွဲ့ရလို့ အလုပ်လည်းဝင်လုပ်နေပါပြီ။ ဒါကို သူသိပါရဲ့လား။ ရင်ဘတ်ထဲမှ နှလုံးသားကို နေရာလွတ်အတိုင်းပဲ ထားထားတုန်းပါ။ ဘယ်သူ့ကိုမှ နေရာယူခွင့်မပေးဘဲ ထားပေးထားတဲ့ ကွက်လပ်တစ်နေရာကို အချစ်တွေ ဖြည့်ပေးစေချင်တဲ့ သူက 'ကိုကြီး' တစ်ယောက်တည်းသာ ရှိတာပါလေ။

'ကိုကြီး' လည်း ကျောင်းပြီးလို့ အလုပ်ဝင်နေပြီပေါ့နော်။ အခုချိန်မှာ 'ကိုကြီး' လက်ကို တွဲထားမယ့်ချစ်သူ (သို့တည်းမဟုတ်)



www.burmeseclassic.com

www.burmeseclassic.com



ဇနီးဖြစ်ဖြစ် တစ်ဦးဦးတော့ ရှိနေလောက်ပါပြီ။ 'ပိုင်း' ကို ချစ်ခဲ့ပြီး မဆက်သွယ်ဖြစ်တော့တာမို့ မေ့နေပြီလား။ မေ့ချင်လည်း မေ့နိုင်မှာပါ။ သုံးနှစ်ဆိုသည့် ကာလက ရင်ထဲမှနလုံးသားကို အေးခဲစေနိုင်တာပါလေ။

ဩော် ... တစ်ခါတုန်းက 'ပိုင်း'ကို ချစ်ခဲ့ပါတဲ့ 'ကိုကြီး'ရယ်။

"ဟိ!"

ကားဟွန်းတီးကာ ရှေ့နားမှာ ရပ်သွားပါသည့် ကားကို လှမ်းကြည့်လိုက်မိလေ၏။ မှတ်မိသွားပါသည်။ ဆေးကျောင်းသားဖြစ်သည့် 'ကိုစိုးပြေ' ၏ ကားအပြာလေးပင် မဟုတ်ပါလား။ ကားပေါ်မှ ဆင်းလာသည့် style ကျကျ လူငယ်လေးကို လူတွေ ပိုင်းကြည့်နေကြလေတော့၏။

"ပိုင်း"

တွေးနေမိတာက တစ်ယောက်ဖြစ်ပြီး တွေ့တာကဖြင့် တခြားတစ်ယောက် ဖြစ်နေရတယ်လို့။ ဖော်ရွေစွာလာခေါ်ပါသည့် ကိုယ့်ထက်အကြီးကို ရိုင်းပျူမှုမဖြစ်စေရန် စကား သုံးလေးခွန်းပြောပြီးနောက် ကုမ္ပဏီကို ပို့ပေးမည်ဆို၍ ကားကြုံစီးဖြစ်လေတော့သည်။ ဖြစ်ရလေနော်။

❋



## အခန်း (၁၄)

ကုမ္ပဏီပိုင်ရှင် Boss မမ၏ သမီးလေး 'ဖူးပွင့်' မွေးနေ့ကို လာခဲ့ပါ၏။ ဝတ်နေကျပုံစံမျိုး မဟုတ်တော့ဘဲ အပေါ်မှ blouse အပြာနုရောင် ဖျော့ဖျော့လေးကို လုံချည်အဖြူထက် သစ်ခွပွင့်အခက်အပြာလေးတွေပါသည့် အဖျော့သားနှင့် တွဲဝတ်ခဲ့လေသည်။ အင်္ကျီက ထက်ဖောင်းအရှည်လေးဖြစ်ကာ ရင်ဘတ်မှာ ဖဲကြိုးအပြားပုံစံ ပြုလုပ်ထားပြီး နှစ်ခုချည်လိုက်မှ လည်ပင်းထက် ဖဲပွင့်ပုံပေါ်အောင် 'ပိုင်း' ကိုယ်တိုင် Design ဆွဲပြီး ချုပ်ထားတာပါ။

ကလေးက သုံးနှစ်သာရှိသေးတာမို့ စကားစပြောတတ်သည့်



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ပါ။ ချမ်းသာသည့်မိသားစုမှ ကလေးမို့ လက်ဆောင်တွေ အများကြီးရမှာ အမှန်ပါလေ။ အလုပ်မှာက အားလုံးရှုပြီး ငွေထည့်ကာ ဘာဝယ်ပေးဖြစ်သည်မသိပါ။ ‘ဝိုင်း’ က သိတာနောက်ကျသဖြင့် ငွေမထည့်တော့ဘဲ ကိုယ့်ဘာသာ သီးသန့်ပေးရန် ဆုံးဖြတ်ခဲ့တာပင်။ ဈေးထဲမှာ ကိုယ်တိုင်ပီတိစ စိတ်ကြိုက်ရွာဝယ်ခဲ့ပြီး ဂါဝန်ဆန်းဆန်း လေးချုပ်စေကာ ဂါဝန်နှင့်ဆင်တူ ဦးထုပ်အပျော့ကားကားလေးပါ ချုပ်ပေးဖြစ်လေသည်။ Hand made မို့ ‘မမထား’ လည်း သဘော ကျမည် ထင်ပါသည်။

Taxi ကားလာနေပြီမို့ လက်တားလိုက်ပြီး ကားပေါ်တက် လိုက်ပါ၏။ ရွှေတောင်ကြားလမ်း အိမ်လိပ်စာကို ပြောလိုက်ပြီး လက် မှာ ကိုင်ထားပါသည့် ပါဆယ်ဘူးကို ဘေးမှာချလိုက်ပါသည်။ Slim-bag အဖြူထဲမှ Phone ကိုယူလိုက်ပြီး message ရောက်သလားဟု ကြည့်လိုက်မိပါ၏။ အလုပ်မှ Junior တွေက အလုပ်ဆင်းရသဖြင့် မွေးနေ့အိမ်ကို စောစောသွားကြပြီး အလုပ်ဝင်ကြမှာမို့ မေးစရာရှိလျှင် ‘ဝိုင်း’ ကို message ပို့ပြီးမေးလို့ပါဖဲ။

Boss ခေါ်ပါက (စာရင်းချုပ်သည့်အချိန်တိုင်း) အိမ်ကို မကြာခဏရောက်ဖူးသဖြင့် သိပ်ကြီးစိမ်းမနေပါ။ တမင်ပင် လှရှင်းချိန် နေ့ခင်းဘက်ကိုသာရွေး၍ ထွက်လာဖြစ်ပါ၏။ အေးအေးဆေးဆေး





အချိန်ပေးပြီး ထွက်လာတာမို့ အပြန်မှာ မြို့ထဲဘက်လှည့်ပြီး အန်တီတို့ မှာလိုက်သည့် ကြယ်သီးလှလှလေးတွေနှင့် ဇာတွေ ရှာဝယ်ဖြစ်မှာပါ။

“ရပါပြီ ဦးလေး။ ခြံဝမှာပဲ ရပ်ပေးပါ”

ခြံဝင်းတံခါးဖွင့်ထားပေမယ့် ခြံထဲမှာ ကားတွေရှိနေမည်မို့ Taxi ကို ခြံဝမှာပင် ရပ်ခိုင်းလိုက်ပါ၏။ ကားခ လှမ်းပေးပြီး ကားပေါ်မှ ဆင်းလိုက်ပါသည်။ လက်ဆောင်ဘူးကို လက်မှပိုက်ကာ ခြံထဲဝင်ခဲ့ပါ၏။ အရိပ်အာဝါသ ကောင်းလွန်းပါသည့် ခြံက အေးစိမ့်ကာ အမော ပြေသွားစေလေသည်။

“ဟော! . . . ဝိုင်းချစ် လာပြီ။ မီးမီးရေ! . . . မမဝိုင်းချစ် ရောက်လာပြီဟေ့”

Boss မမက ‘ဝိုင်း’ ကို မြင်လိုက်သည်နှင့် အိမ်ထဲကို လှည့်ပြောလိုက်လေ၏။ အိမ်ထဲမှ တတောက်တောက်ပြေးလာပါသည့် ‘မူးပွင့်စံ’ ကို ‘ဝိုင်း’ က ချီလိုက်ရလေသည်။ ဒီကလေးက လှတိုင်းချီ လို့မရဘဲ မျက်နှာအလွန်ရွေးတတ်ပါ၏။ သို့သော် သနပ်ခါးကြိုက်သည့် ‘ဝိုင်း’ ကိုဖြင့် စတွေ့ကတည်းက လက်ကမ်းပြီး ချီခိုင်းတော့တာပါလေ။

“Happy birthday ပါ မီးမီးရယ်။ မကိုမျှော်နေတာလား”

“မုန့်မုန့်ပါလား မမ”

“ဟာ! မုန့်မုန့်တော့ ဘယ်ပါပါ့မလဲ မီးမီးရဲ့။ မီးမီးမွေးနေ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ မမက အင်္ကျီလှလှလေးပဲ ချုပ်ပြီးယူလာတာလေ”

“ဘယ်မှာလဲ”

“ဒီမှာပေါ့ . . . ဒီထဲမှာရှိတယ်”

“ကြည့်မယ်”

“နောက်မှကြည့်လေနော်”

“ဟင့်အင်း . . . ကြည့်မယ်၊ ကြည့်မယ်”

“ငါ့သမီးကတော့ လုပ်ပြီဟော့။ နိုင်တဲ့သူလာလို့ကတော့ တကယ်ပါပဲ”

ကလေးကို အောက်သို့ပြန်ချပေးလိုက်ရပါ၏။ အိမ်ထဲမှာ ဧည့်သည်တွေ အနည်းငယ်သာရှိတော့တာမို့ တော်ပါသေးရဲ့။ ‘မမထားထား’ က ‘ဗိုင်း’ လက်ဆောင်ထုပ်ကို ယူ၍ ပါကင်စက္ကူကို ဖြေလိုက်ပြီး ဘူးကို ဖွင့်လိုက်လေသည်။ အတွင်းမှာ နှင်းဆီပွင့်နီနီရဲရဲ ဇာအဖြူလေးတွေကို ရင်ဘတ်၊ ခါးနှင့် ဂါဝန်အောက်ပတ်လည်မှာ အတွန့်လေးတွေဖြင့် ချုပ်ထားပေးသလို ဦးထုပ်အဝိုင်းလေး၏ အထက်ဘေးမှာလည်း နှင်းဆီပွင့်ပါပြီး ဇာအနားကွပ်ပေးထားသဖြင့် Oneset လိုဖြစ်နေလေ၏။

“လှတယ် . . . လှတယ်၊ ဒါဝတ်မယ်”

“ဟယ်! . . . အခု မီးမီးဝတ်ထားတာက ပိုလှတယ်လေ”





“သိဘူး၊ သိဘူး။ လှလှဝတ်မယ်”

ဝတ်ထားပါသည့် ဂါဝန်အဖြူလေးကို အတင်းချွတ်နေပြီမို့ ‘မမထား’ နှင့်အတူ ‘ဗိုင်း’ ချုပ်လာသည့် ဂါဝန်အဝါလေးကို ဝတ်ပေးလိုက်ရလေ၏။ ဦးထုပ်ကိုပါ ဆောင်းလိုက်ပြီး ‘ဖူးပွင့်စံ’ တစ်ယောက် ခုန်ပေါက်မြူးတူး ရယ်နေလေတော့သည်။ ကလေးတိုင်း အနီရောင်နှင့် အရောင်တောက်တာကို ပိုကြိုက်ကြပေမယ့် ‘ဗိုင်း’ က မျက်စိအေးသည့် အရောင်ကိုပင် ရွေးချုပ်ခဲ့တာပါ။

“ဈေးမှာ မတွေ့ဖူးပါဘူး”

“အိမ်မှာချုပ်တာပါ မမ။ Design က ဗိုင်းဆွဲထားတာ။ အန်တီငယ် ချုပ်ပေးတာပါ”

“ဟယ်! . . . ဟုတ်လား။ နောက်ဆို သမီးအတွက် အင်္ကျီအပ်မှ ဖြစ်တော့မယ် ထင်တယ်။ ဈေးချုပ်တွေက ဈေးကြီးတာပဲရှိတယ်။ သိပ်အဝတ်မခံဘူး။ သုံးခါလောက်ဝတ်တာနဲ့ ပြဲရော”

“ကလေးအင်္ကျီအပ်လို့ရလား”

“အန်တီငယ်က Special အပ်ထည်တွေပဲ ချုပ်ပါတယ်။ မင်္ဂလာဆောင်ဝတ်စုံတို့ skirt တို့ pants တို့ပေါ့။ အန်တီလေးကို အပ်ရင် ရပါတယ်။ သူက ကလေးဝတ်စုံ ပိုချုပ်တတ်လို့ပါ”

ဆွေမျိုးတွေထဲမှ လာထပြောသဖြင့် သင့်လျော်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောလိုက်ရပါ၏။ အထူးညွှန်းသည်မဟုတ်တာမို့ စားပွဲဝိုင်းတွေမှ စားထားပါသည့် ပန်းကန်တွေကိုထပ်ပြီးယူနေစဉ် အိမ်အကူ မိန်းကလေးတွေက တားကြလေတော့သည်။ ဘယ်သူမှ ရှိမနေပါသည့် စားပွဲဝိုင်းမှာ နေရာယူလိုက်ရလေ၏။ ကြက်သားပလာတာကျွေးတာမို့ ဟင်းသက်သက် ပလာတာသက်သက်ဖြင့် လာထားပေးကြလေသည်။

"အဝစားနော် ဝိုင်းချစ်၊ ထူးထူးထွေထွေ ညွှန်းသည်မရှိဘူး။ ခွေမျိုးတွေပဲလာကြတာ။ ဟော! . . . ရောက်လာပြန်ပြီ ထင်တယ်"

"မမထား"

"ဟော! စိုပြေ . . . နင်တစ်ယောက်တည်းလား"

"ဟုတ်ကဲ့ မမ"

အလို! ဘယ်လိုဖြစ်ပြီး သူနှင့်မှ ဒီအိမ်မှာ လာဆုံတွေ့ပြန်ပြီလဲ။ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားပေမယ့် အိမ်အပေါက်ဝကို ကျောပေးလျက် ထိုင်နေတာမို့ မမြင်ယောင်ဆောင်လို့ ရပါ၏။ ထပြန်မှ တွေ့သွားရင်လည်း နှုတ်ဆက်လိုက်ရုံပေါ့လေ။ ဘာများခက်လို့လဲ။

"လေးလေး . . . မီးမီးဖို့ဘာပါလဲ"

"ပါပို့များ၊ ပါပို့။ Cindrella ဖိနပ်လေးပါ ခင်ဗျာ"

"စီးမယ် စီးမယ်"

"သမီးကတော့လေ၊ ချက်ချင်းချည်းပဲ။ အခုလေးတင်ပဲ





လက်ဆောင်ရတဲ့အင်္ကျီကို လဲဝတ်ပြီးနေပြီ"

"စီးပါစေ မမရယ်။ ကျွန်တော့်သူငယ်ချင်းရဲ့ယောက်ဖ နိုင်ငံခြားကပြန်လာတာနဲ့ ပါလာတာ။ သူဝယ်လာတဲ့ size က သူ့တူမနဲ့ မတော်တော့ဘူး။ ကလေးတွေက ကြီးနေပြီ။ မူကြိုနေတဲ့အရွယ် ဖြစ်နေတာနဲ့ ကျွန်တော် ပြန်ဝယ်ထားလိုက်တာ"

"လှလိုက်တာ၊ ငါ့သမီးအင်္ကျီလေးနဲ့ match ဖြစ်ပဲ့"

"ဒါ ဘာအရောင်လဲ မီးမီး"

"Yellow အဝါရောင်"

"တော်လိုက်တာ မှန်း! "

"ဟင့်အင်း . . . မွှေးနဲ့"

"ဘာဖြစ်လို့လဲ"

"ခါးခါးတွေ ပျက်ကုန်မယ်၊ နောက်မှ"

"အေးပါ . . . ဟုတ်ပါပြီ"

ကုန်သလောက်လေး ပလာတာနှင့် ကြက်သားအာလူးဟင်းအနည်းငယ်ကိုသာ ပန်းကန်ထဲ ထည့်စားနေပါ၏။ 'မိနီ' က 'ဝိုင်း' စားနေပါသည့် စားပွဲထက် ရွှေကြည်နန္ဒင်းမကင်းနှင့် အုန်းနို့ကျောက်ကျောပန်းကန်ကိုပါ လာထားပေးပြန်လေသည်။ ရော်! မြန်မြန်စားပြီးတာနဲ့ ထပြန်ပါမည်ဆိုကာမှ အချိုပွဲပါ တစ်ခါတည်း ဆက်စားနိုင်းနေ



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပါရောလား။

"ထိုင်လေ ငါ့မောင်ရဲ့"

"ဟောဗျာ! … ဝိုင်း"

သေစမ်း! … မျက်စိကလည်း လျင်ပ့ါ။ ဒီလောက်ကျောပေးထားတာကိုတောင် မြင်ရုံနှင့် မှတ်မိနေပါရောလား။ လှည့်မကြည့်မိမှာပင် 'ဝိုင်း' ဘေးမှာ သူထိုင်လိုက်လေတော့၏။ မုန့်စားရင်းဖြင့် သက်ပြင်းကိုသာ ကျိတ်ရှိုက်လိုက်မိတော့သည်။

"ဖြည်းဖြည်းစားနော် … ဖြည်းဖြည်း။ အမြန်စားလို့ နင်နေပါဦးမယ်"

"ငါ့မောင်က ဝိုင်းချစ်နဲ့ သိတယ်ပေါ့လေ"

"ကျွန်တော့်ရဲ့"

သူက စကားဖြင့်မပြောဘဲ လက်မနှင့်လက်ညှိုးထိပ်ကို ခပ်စောင်းစောင်းလေးထပ်ပြလိုက်သဖြင့် 'ဝိုင်း' မျက်လုံးကျယ်သွားရပါ၏။ အသည်းပုံစံ သေးသေးလေးကို မြင်၍ Boss မမက သဘောကျသွားရယ်လေတော့သည်။ ကြည့်စမ်း! ဒါက ဘာသဘောနဲ့ ဒီလိုအဓိပ္ပာယ်မျိုး လုပ်ပြရပါသလဲ။

"ကိုစိုပြေ"

"ကိုကိုလို့ခေါ်ပါလား။ ဒါမှ အဆင်ပြေမှန်းသိမှာ"





"ရှင်နော် … လူကို ဘာမှတ်နေလဲ"

"ကိုယ်ပြောမှုတယ်လေ၊ ပထမဆုံးစတွေ့တာက အမှတ်တမဲ့၊ ဒုတိယဆုံရင်တော့ တိုက်ဆိုင်မှု၊ တတိယဆုံစည်းခြင်းက ရေစက်တဲ့၊ အခု စတုတ္ထဆုံတွေ့ခြင်းက …"

"ဟယ်! … မုန့်ထည့်စားလေ။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ရင်ပြည့်မနေနဲ့။ စိုပြေ့ကို ထည့်ပေးလိုက်နော် ဝိုင်းချစ်။ မမဧည့်သည်တွေ ထပ်ရောက်လာလို့ ခွင့်ပြုဦး"

ကောင်းပါလေ့။ အရောက်ကိုတွန်းပို့ပေးတော့တာပါလေ။ သူက ပြုံးစိစိဖြင့် ပန်းကန်အလွတ်မှောက်ထားတာကို လှန်ပြီး 'ဝိုင်း' လက်ထဲကိုထည့်ပေးလိုက်လေ၏။ မတတ်နိုင်တော့ပါ။ မျက်စောင်းတစ်ချက်ခဲလိုက်ပြီး ညှပ်ထားပါသည့် ပလာတာကို steel ညှပ်လေးဖြင့် ခပ်များများ ထည့်ပေးလိုက်ရလေသည်။

"စေတနာအပြည့်ပါပဲလား။ ကိုယ် စားလို့မပြီးမချင်း ပြန်ဖို့ စိတ်မကူးနဲ့နော်"

"အံမယ် … ဘာဆိုင်လဲ"

"ဆိုင်တာပေါ့၊ ဝိုင်းထည့်ပေးတာ ကုန်အောင်စားရမှာမို့လေ"

"မမဝိုင်းပေးတာ၊ ဒါက လေးလေးပေးတာ"

"ဖူးမွင့်တို့တော့ ကြွေးပြီဟေ့"



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေစားပွဲဝိုင်းမှ ရယ်သံတွေ ထွက်လာလေ၏။ မွေးနေ့ရှင်က လာသမျှဧည့်သည် မေးသမျှတွေကိုဖြေပြီး 'ဝိုင်း' နှင့် သူ လက်ဆောင်ပေးတာကို ကြွားနေတာက ချစ်စရာလေးပါလေ။ Shoe အဝါရောင်လေးမှာ ဖဲပွင့်အနီလေးပါနေသဖြင့် 'ဝိုင်း' ပေးသည့် အကျီနှင့် အမှန်တကယ်ပင် လိုက်ဖက်နေလေ၏။

"တွေ့လား၊ ကိုယ်တို့ မူးစာဖက်ဆိုတာ မြင်တာနဲ့သိနိုင်တယ်"

"ကြီဖန်လျှောက်ပြောမနေနဲ့"

"ဝိုင်းက ဒီလို ခေတ်မီမီနဲ့ ယဉ်ယဉ်လေးလည်း ဝတ်တတ်သားပဲ။ လုလိုက်တာ"

"မြန်မာနိုင်ငံသူရှင့်၊ လုံချည်မဝတ်တတ်ပဲ ရှိမလား"

"ဘယ်သွားဖို့ plan ရှိသေးလဲ"

"ရှင်သိစရာမလိုပါဘူး"

"မပြောရင် ကိုယ်က ပိုသိချင်တာနော်"

"စားစရာရှိတာ စားပါ"

"အင်းပါ"

'ဝိုင်း' က အချိုပွဲပန်းကန်ထဲမှ တစ်တုံးစီစားကာ ရေအေး သောက်ပြီး ထရပ်ရန် ပြင်လိုက်စဉ် သူက 'ဝိုင်း' ၏ လက်ကောက်ဝတ်ကို ဆွဲကိုင်ထားလိုက်လေ၏။ 'ဝိုင်း' ရှုန်းလေ သူက ပို၍ ခပ်တင်းတင်း ဆုပ်ကိုင်ထားလေဖြစ်သဖြင့် ဒေါသဖြစ်လာရလေသည်။ တလေးမွေးနေ့မှာ ရှုည့်ပုည့်လာလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ။





"ဘာလုပ်တာလဲ လွှတ်နော်"

"လွှတ်လိုက်ရင် ပြန်သွားမှာပေါ့။ မလွှတ်ဘူး"

"ရှင်နော်"

"ကိုကိုနော်လို့ ခေါ်လေ"

"ကြည့်စမ်း! ... ဝိုင်စိုးပိုင်နင်းနဲ့"

"ဝိုင်ချင်လို့ခေါ်နိုင်းတာပေါ့ ဝိုင်းရဲ့။ ခုနပြောတယ်လေ။ တော့တွအကြိမ်ဆုံရင်တော့ မူးစာတဲ့"

"အံမာ"

"ခေါ်နော် ကိုကိုလို့၊ ကိုယ်ချစ်နေတာကို ဝိုင်းသိနေပြီးသားပဲတာ"

"ဟယ်! ... ကြည့်စမ်း! ... ဘာစကားကြီးလဲ"

"ချစ်စကားလေ၊ မသိဘူးလား"

"ဟိုကလေးနှစ်ယောက် ပြန်ချင်လည်း ပြန်ကြတော့နော်။ ဒီမှာ လူကြီးတွေရှိနေတယ် သတိလည်းထားကြဦး"

"ပြန်ပြီ မမရေ ... ပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"Present အတွက် Thanks ပါ ဝိုင်းချစ်"

"ဟုတ်ကဲ့ မမ"

သူက 'ဝိုင်း' လက်ကို မလွှတ်တမ်း ကိုင်ထားပြီး အိမ်ထဲမှ ဆွဲခေါ်၍ ထွက်လာလေတော့၏။ Boss မမကို အမြန်နှုတ်ဆက်ကာ သူကားကို လိုက်စီးခဲ့ရလေသည်။ စိတ်လည်းတို ဒေါသလည်းဖြစ်ကာ လက်မြန်သည့် 'ဝိုင်း' လက်က သူ့ကျောပေါ်ရော လက်မောင်းပေါ်ပါ တဘုန်းဘုန်း ရောက်လေတော့သည်။

တကယ်ပါ မမျှော်လင့်တဲ့အချိန် ထင်မှတ်မထားတဲ့နေရာမှာ မရည်ရွယ်ပါဘဲ ရင်တထိတ်ထိတ်ခုန်ရင်း အချစ်ကို ထပ်ရှာတွေ့ခဲ့ရပါတယ်။ သို့သော် ထိုချစ်ခြင်းက ဦးဆုံးမဟုတ်တာတော့ အသေအချာပါလေ။

❋



## အခန်း (၁၅)

အိမ်ရှေ့မှာ ကားကိုရပ်လိုက်ပါသည့် သူကားကြောင့် အိမ်ပေါ်မှ အပြေးဆင်းခဲ့ရပါ၏။ မေမေတွေ့ချင်သည်ဆို၍ ရောက်လာတာမို့ ကြိုပြောထားပါသည်။ Sunday ပိတ်ရက်မို့ အိမ်ရှေ့ဆိုင်တွေ အကုန်ပိတ်ထားသလို အပြင်သွားကြသည့် လူတွေရှိသဖြင့် အိမ်မှာ လောလောဆယ် လူနည်းနေလေ၏။

တစ်ခါမှ မရောက်ဖူးသေးသည့် သူ ရှိန်နေမှာစိုးသဖြင့် အိမ်မှာ မေမေနှင့် 'ဝိုင်း' သာ ရှိပါသည်။ ဘွားဘွားက အန်တီငယ်တို့နှင့် မနက်စောစော ရွှေတိဂုံဘုရားဖူးရန် မမလိုက်ပို့ပေးနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



‘မမမီးမီး’ က ကလေးတွေ စာသင်ရန် မိတ္တူသွားဆွဲနေသဖြင့် တအောင့်အကြာမှ ပြန်လာမှာပါ။

“လာလေ ကိုကိုရဲ့”

“လူအများကြီးဆိုပြီး ဘယ်သူမှ မရှိပါလား”

“အပြင်သွားနေကြလို့ပါ”

“အန်တီတို့နဲ့ ဘွားဘွားအတွက်ပါ”

စားစရာ သစ်သီး၊ cake ၊ မုန့်ပုံး၊ Holid၊ Ovaltine ဘူးတွေ တစ်ပြုံကြီးဝယ်လာပေးသဖြင့် ရယ်ချင်မိသွားရပါ၏။ ‘ကိုကြီး’ တုန်းက ဒီလို လက်ဆောင်တွေနှင့် မျက်နှာရအောင် အမှတ်မယူဖြစ် ခဲ့တာ မဟုတ်လား။ ‘ဗိုင်း’ တို့အိမ်က ပကာသန မက်မောသည့် မိသားစုတွေမှ မဟုတ်တာလေ။

“ဟော! ... ရောက်လာပြီလား”

“မင်္ဂလာပါ အန်တီ”

“အေးကွယ် ... ဘာတွေဝယ်လာပေးတာလဲ။ မလိုပါဘူး သားရယ်”

“ဗိုင်းပြောပါတယ် မေမေ၊ သူက လက်ချည်းနဲ့ပဲ လာရတာ မျက်နှာပူစရာကြီးဆိုပြီး ဝယ်လာတာ ဖြစ်မှာ”

“အေးအေးဆေးဆေးပဲ မဟုတ်လား။ ထမင်းစားပြီးမှ





ပြန်နော်။ သားလာမယ်ဆိုလို့ မနက်ကတည်းက သမီးငယ်ကိုယ်တိုင် ဈေးဝယ်ပြီး ချက်ပြုတ်ထားလေရဲ့”

သူ သဘောကျ နှစ်သက်စွာ ပြုံးလိုက်မိပါ၏။ ဘယ်လောက် များ မိန်းကလေးဆီသသည့် ချစ်သူလေးပါလဲ။ ရေချိုးခေါင်းလျှော်ထား၍ ဆံပင်တစ်ဝက်ချည် တစ်ဝက်ချကာ သနပ်ခါးပါးကွက်ကြားလေးက ထုံးစံအတိုင်း သူ့ကို ရင်ခုန်မြန်စေတာလေ။ အိမ်နေရင်း ဝတ်ထားပါသည့် အင်္ကျီနှင့်ဘောင်းဘီ oneset လေးက ပွပွလေးမို့ ကလေးဆန် လွန်းပြီး ချစ်စဖွယ်ဖြစ်နေလေသည်။

“သူငယ်ချင်းတွေ မခေါ်လာဘူးလား”

“ဟင့်အင်း ... ရှုပ်ကရှုပ်နဲ့”

“အံမယ် ... သတ္တိတွေ ရှိပြနေတယ်ပေါ့လေ။ ဗိုင်းအတွက် ဘာပါလဲ”

“ပါတာပေါ့”

သူက အိတ်ကပ်ထဲထည့်လာပါသည့် ချောကလက်ပြားကို ထုတ်ပေးလေ၏။ အချိုမကြိုက်ပေမယ့် စိတ်ခုမည်စိုး၍ ယူလိုက်ရပါသည်။ တိုက်ဆိုင်မှုဆိုတာမျိုးက မကြာခဏဆိုသလို ကြုံနေရတာပါလေ။

“သားတို့က မောင်နှမ နှစ်ယောက်တည်းရှိတာလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန်တီ။ သူသူက ကျွန်တော့်ထက် ငါးနှစ်ငယ်ပါတယ်။ Y.I.T မှာ Archae second year တက်နေတာပါ"

"ဩော် ... ပညာတွေ တော်လိုက်ကြတာ"

နည်းပညာကျောင်းသူတဲ့လား။ ချောကလက်ရလို့ စိတ်ကသူ့ကို ဖျတ်ခနဲ သတိရမိသွားစဉ် ကိုကို့ညီမ 'မေသူ' ၏ ကျောင်းကတိုက်ဆိုင်ပြန်လေပြီ။ ဒီတစ်ကြိမ်မှာဖြင့် မေမေက သဘောမကျမကန့်ကွက်ပါပဲ အေးအေးလူလူ စကားဖောင်ဖွဲ့နေပါသည်။ 'ဝိုင်း' က ဘေးမှာ ငြိမ်သည်နှယ် ငြိမ်ငြိမ်းထိုင်နေရလေ၏။ ရည်မွန်အေးဆေးလွန်းပါသည့် လူရွယ်လေးနှင့်တော့ မေမေက 'ဝိုင်း' ကို သဘောတူတယ်ပေါ့လေ။

"သား ကျောင်းပြီးဖို့ လိုသေးတာပေါ့"

"ဟုတ်ကဲ့ ... နှစ်နှစ်ကျန်ပါသေးတယ် အန်တီ"

"ဩော် ... ညီမလေးရော မျက်မှန်တပ်ရလား"

"မတပ်ရဘူး အန်တီ။ ကျွန်တော်က မေမေနဲ့ပိုတူလို့ မျက်စိအားနည်းပြီး လိုအပ်လို့ တပ်ရတာပါ"

မေမေနဲ့တူလို့တဲ့။ စကားပြောတိုင်း ဒီ 'မေမေ' ဆိုသည့်စကားလုံးကို မပါမဖြစ် ကြားရတာပါ။ 'ဝိုင်း' တို့လည်း မိဘနှစ်ပါးထဲမှာ ဒီအမေပဲ ရှိတော့တာမို့ အချစ်ဆုံး၊ အားအကိုးရဆုံးပါပဲ။





သို့သော် 'ကိုကို' လိုတော့ အမေဖြစ်သူကို သည်းသည်းလှုပ် မချစ်ပြတော်ပါ။ မိဘနှင့်သားသမီး ချစ်ခြင်းက ထုတ်ပြောမပြလည်း မြင်နိုင်သိနိုင်ပါတယ်လေ။

"အေး ... အန်တီတို့လူကြီးတွေလည်း အသက်လေးဆယ်ကျော် ငါးဆယ်ကျော်တာနဲ့ ဒီမျက်စိက ဒုက္ခပေးတော့တာလေ။ နေ့လယ် (၁၂) နာရီထိုးနေပြီ။ သား ဆာလှရောပေါ့"

"ဝိုင်း ဟင်းရည်နွေးလိုက်ဦးမယ် မေမေ။ ပြီးရင် ထမင်းပွဲပြင်လိုက်ပါ့မယ်။ ခဏစောင့်နော် ကိုကို"

"အင်းပါ"

'ကိုကို' ဟု သူမ အမေရှေ့မှာပင် ခေါ်ရသဖြင့် သူ ပြုံးမိပြန်ပါလေ၏။ ဒီမိသားစုက သိပ်ပွင့်လင်းရိုးသားသည်ဟု အစောကြီးကတည်းက သိထားပြီးသားမို့ စိတ်ကျဉ်းကျပ်မှုမဖြစ်ရပါ။ ခဏအကြာမှာခပ်ပြည့်ပြည့်နှင့် အရပ်မြင့်မြင့်ကောင်လေးတစ်ယောက် ရောက်လာခဲ့သည်။ ဧည့်ခန်းထဲမှာ တစ်ယောက်တည်း ထိုင်နေပါသည့် သူ့ကိုမြင်သွားသဖြင့် ခြေလှမ်းတုံ့ခနဲ ရပ်သွားလေ၏။

"ဘယ်သူ ... ဩော် ဝိုင်းချစ်ရဲ့"

"ဟုတ်ကဲ့ စိုးပြေပါ"

"ဝိုင်းချစ်ရဲ့ဝမ်းကွဲအစ်မပါ။ မီးမီးလို့ပဲ ရင်းရင်းနှီးနှီးခေါ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။ မီးနဲ့ရှယ်တူမို့ပါ"

"ဟုတ်ကဲ့"

"မမမီးမီး တစ်ခါတည်း ဝင်စားမှာမဟုတ်လား"

"ညှော်သည့်နဲ့ ဖြစ်ပါ့မလားဟယ်"

"ဖြစ်ပါတယ်။ ကိုကိုက စိမ်းမနေပါဘူး"

"လျှာယားလိုက်တာနော်"

'ဝိုင်း' က အစ်မဖြစ်သူပြောတာကို ရယ်လေတော့၏။ မိန်းကလေးပီပီ မူယာမာယာ မများဘဲ ရယ်သံကြောင့် ညှော်ခန်းမှာရှိနေသည့် သူပါ ရောယောင်ပြုံးမိလေသည်။ ဒီအိမ်က လူတွေက ဆူညံပွက်ညံနှင့် ပျော်တတ်ကြသည့် မိသားစုဝင်တွေဟု သိထားတာ အမှန်ပဲထင်ပါရဲ့။ စားပွဲထက် တိုးထားပါသည့် အလုပန်းအိုးထဲမှ နှင်းဆီပွင့်ဖတ်လေးကို လက်ညှိုးဖြင့် တို့ထိကစားနေမိစဉ် ညှော်ခန်းသို့ 'ဝိုင်း' ရောက်လာလေသည်။

"စားကြမယ် ကိုကို"

"အဲဒီလို တစ်သက်လုံးချက်ပြီး ခေါ်ကျွေးမှာလား"

"ဒါပေါ့။ ကိုကိုစားချင်တာသာပြော"

"ပုရွက်ဆိတ် အသည်းနှလုံး ဟင်း"

"ဟွန်းနော်"





လက်မောင်းကို ဖျတ်ခနဲထုလေ၏။ မျက်စောင်းလေးတစ်ဝင့်မှာ ရင်ထဲ ဒိတ်ခနဲ ခုန်မိပါသည့် နှလုံးသားကြောင့် ကြည်နူးမိတာ အမှန်ပါပဲ။ မီးဖိုခန်း ထမင်းစားပွဲထက် ပြင်ဆင်ထားပါသည့် ဟင်းအမယ်တို့က စုံလင်လှလေ၏။ မေမေ ချက်ကျွေးပါသည့် 'ဆီပင်လယ်' ဟင်းမျိုးတွေချည်း မဟုတ်ပါဘဲ အသီးအရွက် အစုံအလင်နှင့် အာဟာရဖြည့်တစေသည့် ဟင်းလျာတို့ကြောင့် စိတ်ထဲမှ ကျေးဇူးတင်မိသွားရပါသည်။

"အဝစားရမယ်နော်"

"အင်းပါ၊ ဒါကြောင့် ဘာမှမစားဘဲ လာခဲ့တာပဲ"

"စားကြနော် သား၊ အားမနာနဲ့"

"အန်တီရော ဝင်မစားဘူးလား"

"အန်တီက မနက်က အဆာပြေ စားထားလို့ မဆာသေးဘူး။ နှစ်နာရီလောက်မှ စားဖြစ်မယ်။ နေတတ်တယ်မဟုတ်လား"

"ဟုတ်ကဲ့"

အန်တီက အရှေ့ဘက်ထွက်သွားသဖြင့် ထမင်းစားရန် သူတို့လူငယ်သုံးဦးသာ ကျန်ရစ်ခဲ့ပါ၏။ 'ဝိုင်း' ၏ အစ်မက သူရှိနေတာကို မရှိန်မကြောက်ပါဘဲ 'ဝိုင်း' ဘေးမှာပင် ဝင်ထိုင်လိုက်လေသည်။ မျက်နှာချင်းဆိုင်ခုံမှာရှိနေပါသည့် 'ဝိုင်း' က သူ့ကို မျက်ခုံးပင့်ပြလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အစ်မဖြစ်သူကို ငဲ့ကြည့်လိုက်လေ၏။

"ဘာလဲ ငါ့ကို ဆေးရိုးသည်ထင်နေပြီလား"

"မဟုတ်ပါဘူး"

"အေးပါ . . . အေးပါ။ ပါးစပ်ကတော့ ဘူးချည်းပြောပြီး လက်တွေ့မှာ opposite ချည်းပဲ"

"မမမီးမီးကလည်း"

"ငါမေးတုန်းကတော့ မဟုတ်ဘူးဆို။ အခုတော့ လူ အကောင်လိုက်ကြီးရောက်လာပြီ"

"အဲဒီတုန်းက ဟုတ်မှမဟုတ်သေးတာ။ နော် ကိုကိုရယ်"

"နားယားလိုက်တာဟယ်။ အမြင်ကပ်လာပြီ"

"မနာလိုမရှိပါနဲ့"

"အေးပါ . . .။ ပြောအားရှိတော့ ပြောထားဦးပေါ့"

ရယ်ရယ်မောမောဖြင့် သူ့ကို ထမင်းထည့်ပေးကာ ဟင်းဦး ဖယ်ပေးတာတို့ လုပ်နေသဖြင့် လက်ကာပြရင်း တားရလေ၏။ ကြက်သားကိုမှုင်ပြီး မွမွလေးကြော်ထားတာ တစ်မျိုး။ ငါးဖယ် ငါးဆုပ်ဟင်းက ခရမ်းချဉ်သီးနှင့် နံနံပင်လေး အုပ်ထားတာ တစ်မျိုး။ အာလူးကတ်တလိပ်လုံးလုံးလေးက တစ်မျိုး။ ပုစွန်ဆီပြန်တစ်ခွက်၊ ချဉ်ပေါင်နှင့် မျှစ်ကို ပုစွန်ကျော့လေးတွေနှင့် ရောကြော်ထားတာတစ်ပွဲ၊ ငါးကို





အကွင်းလိုက်ကြော်နှပ်ထားတာတစ်မျိုး၊ ကြက်အူချောင်းနှင့် ငါးဆုပ် ညှပ်ထားကာ ရောကြော်ထားပါသည့် အစိမ်းကြော်မှာလည်း colour အစုံပါ။ ပဲပြားကို သေးသေးလေးတွေ ညှပ်ပြီးသုပ်ထားပါသည့် အသုပ် တစ်ပွဲနှင့် အရည်သောက်ကို ကြက်သားငါးဆုပ်လုံးအနည်းငယ်ပါ သည့် မုန့်ညင်းရွက် soup က ငရုတ်ကောင်းနံ့ဖြင့် မွှေးကြိုင်နေလေ သည်။

"Hotel စာလား ထင်ရတယ်"

"ကိုကို့မေမေက ဒီလိုမျိုး ချက်မကျွေးဘူးလား"

"ချက်တော့ ကျွေးပါတယ်။ အမြဲတမ်း ဆီပြန်ဟင်းတွေ ချည်း စားနေရတော့ အီလာတာပေါ့"

ဆီမြုပ်နေပါသည့် ဟင်းတွေအကြောင်းကိုတော့ ထည့် မပြောဖြစ်တော့ပါလေ။ မနက်က သူငယ်ချင်းတွေနှင့် စာတိုင်ပင်စရာ ရှိသည့် အကြောင်းပြပြီး breakfast တောင် ကောင်းကောင်းမစားဖြစ်ခဲ့ ၍ မေမေစိတ်ချပြီး ကျန်ခဲ့တာလေ။ အခုလည်း ဒီကိုရောက်နေတာကို လှမ်းခေါ်မည်စိုး၍ phone ကို silent လုပ်ထားမိပါ၏။ ပြဿနာရှိလာ တော့လည်း ရှင်းရုံပါပဲ။

အချစ်မှာ သတ္တိရှိဖို့လိုတယ် မဟုတ်လား။

"ထမင်းထပ်ယူဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီ ဝိုင်းရယ်။ နှစ်ပန်းကန်စားဖြစ်တာတောင် များနေပြီး"

"ကောင်းလို့လား"

"ကောင်းတယ်၊ verygood ပဲ"

"အိမ်မှာ မီးမီးတို့ အကြီးတွေက မီးဖိုချောင်အလုပ် သိပ်မကျွမ်းကျင်ကြဘူး ကိုစိုပြေရဲ့။ ဝိုင်းချစ်ပဲ အကုန်ကျွမ်းတာ။ အချက်အပြုတ်၊ အချုပ်အလုပ် အားလုံး expert ပဲ"

"ဒါဖြင့် ကျွန်တော် ကံကောင်းတာပေါ့လေ"

"ကံကောင်းလား ကံဆိုးလား စောင့်ကြည့်မှပေါ့"

"မမမီးမီးနော် … တို့မီး ရှို့မီး မလုပ်ချင်နဲ့"

'မမမီးမီး' က ရယ်လိုက်ပြီး ထမင်းစားပြီးပြီမို့ ပန်းကန်အလေယူသွားကာ ဆေးကျောပြီးနောက် သူတို့အနီးမှ ထွက်သွားလေတော့၏။ ထမင်းစားပြီးသည့်နောက် ဧည့်ခန်းသို့ ပြန်ရောက်စဥ် 'ဝိုင်း'က သူ့ကို လက်ဖက်သုပ်နှင့် ရေနွေးပူပူဖြင့် ဧည့်ခံပြန်လေသည်။ အစားတွေ စုံနေပြီမို့ ညကျ ဗိုက်နာမည်စိုး၍ ဆေးသောက်ရတော့မှာလေ။

"ကိုင်လိုက်လေ phone ခေါ်နေတာ ကြာနေပြီ"

စားပွဲထက် တင်ထားပါသည့် phone မှ vibration တုန်ကာလည်နေသဖြင့် 'ဝိုင်း' က သူ့ကို ကိုင်ခိုင်းလေ၏။ မေမေ ဆက်နေ





မှန်းသိသဖြင့် မပြောချင်ပေမယ့် သူ ကိုင်လိုက်ရပါသည်။ ဒီအရွယ်ထိ သူ့ကို ဂရုစိုက်လွန်းပါသည့် မေမေကြောင့် အရင်ကမဖြစ်ဖူးခဲ့သည့် စိတ်ကျဥ်းကျပ်ရှုပ်ထွေးမှုက ပထမဆုံးအကြိမ် ဖြစ်မိလေသည်။

"ဟဲလို မေမေ"

"မေမေ့ကို မညာစဖူး ညာပါရောလား စိုပြေ"

"မေမေ ကျွန်တော်"

"မြင့်မြတ်တို့နဲ့ မေမေ phone ဆက်ပြီးလို့ သိပြီးပြီစိုပြေ။ အိမ်ပြန်လာမှ သေချာဖြေရှင်းပါ။ မေမေမသိအောင် ဖုံးကွယ်လိမ်ညာတာကတစ်ခု၊ phone ခေါ်နေတာကို ချက်ချင်းမကိုင်တာကတစ်ခု သားမှာ အပြစ်နှစ်ခု ရှိနေပြီဆိုတာ သိပါ၊ ဒါပဲ သား"

ရင်မောစွာဖြင့် သက်မော ကျိတ်ရှိုက်လိုက်မိတော့၏။ 'ဝိုင်း' က ကြားနေရသဖြင့် သူ့ကို ဘာမှ မပြောပါလေ။ ဖြေရှင်းစရာကိစ္စက ပေါ်လာလေပြီ။ တစ်နေ့မဟုတ် တစ်နေ့ ပြောမည်ဟု ခွဲထားမိသည့် အချိန်က လျင်မြန်လွန်းပါပေ့။ မှားတယ် မှန်တယ်ဟူသည့် ဝေဖန်ခြင်းတို့ တစ်ခုမှ မပေးခဲ့ပါဘဲ ပညာသားဆီသစွာဖြင့် သူနှင့် 'ဝိုင်း' ကြားမှာ မေမေ ရပ်တည်နေလိမ့်မည်ဟု ထိုစဥ်ကတည်းက သူ ရိပ်မိသင့်တာပါလေ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ကားပေါ်မှဆင်းလိုက်စဉ် သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိ၏။ အဆင့်အတန်းမတူညီမှုနှင့် သိထားပါလျက် ဤမျှ သူတို့ ချမ်းသာလွန်းမှုနှင့် 'ဝိုင်း' မရိပ်မိခဲ့ပါ။ သူကိုယ်တိုင် အနေမှိုးလွန်းတာ ကြောင့်လည်း ဖြစ်မည် ထင်ပါသည်။ သူက 'ဝိုင်း' ၏ လက်များကို ဆုပ်ကိုင်လျက် အားပေးကာ တိုက်ထဲဝင်စေလေ၏။

"ထိုင်ဦးနော်၊ ကိုယ် မေမေ့ကို သွားခေါ်လိုက်ဦးမယ်"

ဧည့်ခန်းဆိုဖာထက် ထိုင်စေပြီးနောက် သူက အပေါ်ထပ်သို့ တက်သွားလေသည်။ ချစ်သူသက်တမ်း (၈) လအတွင်း သူနှင့်ဆုံလိုက်





တိုင်း အမေဖြစ်သူ phone ဆက်ခေါ်တာနှင့် ဝေါက်ခနဲ ထပြန်ခဲ့ရတာက ဘယ်နှစ်ကြိမ်ပါလဲ။ စကားပြောလို့မှ မဝသေးခင် "မေမေ့ကို ဘယ်ကိုပို့ပေးရဦးမယ်" ဆိုပြီး ပြန်ဖို့စိတ်က (99%) ရှိနေခဲ့တာပါလေ။ သူ့ကို အဖြေပေးလိုက်ပြီးကတည်းက အိမ်မှာ မေ့မေ့ကို 'ဝိုင်း' ကပြော ပြီးနေပြီ။

လူကြီးတွေကို အသိပေးပြီးမှ အိမ်ခေါ်လာပြတာက အခုမှ ဒီတစ်ကြိမ်လေးပါပဲ။ သူကဖြင့် ထိုသို့ မဟုတ်ပါဘဲ 'ဝိုင်း' အိမ်မှာ သူရှိနေမှ သူ့အမေက 'ဝိုင်း' တို့ကိစ္စကို သိသွားတာလေ။ မိဘ မသိအောင် ခိုးလုပ်တတ်သည့် ကလေးနှယ် မျက်စိမျက်နှာပျက်နေခဲ့ သည့်နေ့ကို 'ဝိုင်း' မမေ့ပါချေ။

ကဲ! အခုတော့ တစ်ဖက်မိဘကိုလာတွေ့တာပေါ့။ မေမေ ဖော်ရွေခဲ့သလိုမျိုး သူ့မေမေကကော တူညီစွာ တုံ့ပြန်နိုင်ပါ့မလား။ သမီးပေးရမည့်အမေက တွန့်တိုမှုမရှိပေမယ့် သားပေးရမည့်အမေက ဖြင့် တွန့်တိုနေမှာအမှန်ပါ။ ထားပါတော့လေ၊ သူ့မေမေနှင့် ပတ်သက် ပြီး အကြိမ်ပေါင်းများစွာ သည်းခံနိုင်ခဲ့ပြီးမှတော့ (ဒီမိသားစုဝင်ဖြစ်ချင် ၍) ဒီတစ်ကြိမ်လောက်တော့ အတတ်နိုင်ဆုံး သည်းခံနိုင်ရမှာပါလေ။

"မေမေ့ကို ကျွန်တော် ကြိုပြောထားတယ်လေ"

"ဘယ်မှတ်ထားပါ့မလဲ သားရယ်။ ဒီညနေ စိန်[illegible]ပြမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုလို့ စောင့်နေတာ။ အဲဒါပဲ ခေါင်းထဲရှိတယ်"

အပေါ်ထပ်လှေကားမှဆင်းလာရင်း တီးတိုးငြင်းခုန်နေကြပါသည့် သားအမိနှစ်ဦးကို မော့ကြည့်နေမိ၏။ အိမ်နေရင်း အဝတ်အစားကိုတောင် သက်သောင့်သက်သာဖြစ်မည့် ပွပွရွရွ ဝတ်စုံမျိုး မဝတ်ပါဘဲ တောက်ပသစ်လွင်စွာ ဝတ်ဆင်ထားပါသည့်ဟန်က ကိန်းကြီး ခန်းကြီးဆန်နေပါသည်။ ချွေးမလောင်းနှင့် တွေ့မည်မျက်နှာက သုန်မှုန်နေတာကဖြင့် တစ်ဆိတ်လွန်နေလေပြီ။

"ကိုယ့်မေမေပါ ဝိုင်း။ ဒေါ်သပြေညိုတဲ့။ ကျွန်တော့်ချစ်သူ ဝိုင်းဝေသန်ချစ်ပါ မေမေ"

"အင်း"

မျက်မှန် (ရွှေကိုင်းမျက်မှန်) ကိုပင့်လိုက်ပြီး စူးခနဲ ကြည့်လိုက်ပါသည့် စူးရှလွန်းသောအကြည့်တို့ကြောင့် ရင်ထဲ စိမ့်ခနဲ အေးသွားရပါ၏။ တစ်ဖက်သားကို အားနာသမှုမျိုး မရှိပါဘဲ ခပ်နိမ့်နိမ့်အကြည့်မျိုးဟုသာ သုံးသပ်မိလေသည်။ အထူးသဖြင့် ဟန်ပန်တစ်ခွဲသားမျိုး 'ဝိုင်း' တို့ မိသားစုက မနေတတ်တာမို့ ကွာခြားမှုက သိသာလွန်းနေတာပါလေ။

"သား ပြောပြမှပဲ သမီးတို့ကိစ္စကို သိခဲ့ရတယ်။ အန်တီအတော့်ကို စိတ်ဆိုးခဲ့တာ"





"ဟင်"

လေသံကချိုပြီး အထက်စီးဆန်နေတာပါ။ သူက 'ဝိုင်း' အားမှာ ဝင်ထိုင်လိုက်လေ၏။ 'သမီး' ဟု ခေါ်ဝေါ်သုံးနှုန်းလိုက်ပါသည့် လေသံထဲမှာဖြင့် နူးညံ့သည့် မေတ္တာအငွေ့အသက်တို့ ပျော်ဝင်မနေပါဘဲ ခပ်တောင့်တောင့်ကြီး ဖြစ်နေသလိုပါပဲ။ 'အရသာကားချို၏။ သို့သော် ချိုလွန်းသဖြင့် ခါး၏' ဆိုသကဲ့သို့ ဖြစ်နေလေသည်။

"အန်တီက ဘယ်တော့မဆို လိမ်ညာဖုံးကွယ်တာမျိုး မလုပ်ဖို့ သားနဲ့ သမီးကို ဆုံးမပေးခဲ့တာကွယ့်"

"မေမေ စကားပြောလျှင် သေချာနားထောင်ပါ။ ပြီးမှ ပြန်ဖြေပါ" ဟု ကြိုပြောထားသဖြင့် နှုတ်ဆိတ်နေရလေသည်။ ဘာမှ မပြောမဆိုဘဲ ငြိမ်နေရလေသည်။ ဘာမှမပြောမဆိုပါ။ နဂိုကတည်းက 'ဝိုင်း' တို့ မောင်နှမတွေက ဒိုးဒိုးဒေါက်ဒေါက် အသံကျယ်ဖြင့် ပြောလေ့ရှိတာလေ။ သည်းခံ 'ဝိုင်း' ရေ့ သည်းခံပါ။

"အခုလည်း ဒီကိစ္စကို တော်တော်ကြာမှ သိရတာ စိတ်တိုစရာ မဟုတ်လား"

"ဝိုင်းက မေမေ့ကို အစောကြီးကတည်းက ပြောထားတာပါ အန်တီ။ သူ့ကို အဖြေပေးပြီးကတည်းကပါ"

"အင်းပေါ့လေ၊ အန်တီ့သားလို အဖိုးတန်တဲ့ကလေးမျိုးကို



www.burmeseclassic.com

www.burmeseclassic.com



လွယ်လွယ်နဲ့လက်ခံပေးချင်ကြမှာပေါ့။ သားကို အန်တီ ဘယ်လောက် ချစ် ဘယ်လိုတန်ဖိုးထားသလဲဆိုတာ အန်တီ့သား အသိဆုံးပါ”

“မေမေ”

“ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းပြောတာကို နှစ်သက်တယ် ဆိုလို့ ပြောတာလေ သားရယ်။ ဘာဖြစ်လို့လဲ ဟုတ်တယ် မဟုတ်လား သမီး”

“ဟုတ်ကဲ့”

“ဘယ်လိုအဆင့်အတန်း ဂုဏ်ရည်တူမျိုးနဲ့ သဘောတူချင် တယ်ဆိုတာကိုလည်း အန်တီ့သားသမီးတွေကို ပြောပြထားပြီးသားပါ။ ဒါပေမဲ့ကွယ်။ လူငယ်ဆိုတော့လည်း စိတ်စေရာ လုပ်တတ်တော့ ခက်သားလား”

ရင်ထဲနာသွားရတာ အမှန်ပါ။ တစ်ခုံတစ်ခုနှင့် ထိမှ နာကျင်ရ တာမျိုး မဟုတ်ပါဘဲ စကားလုံးတို့နှင့် ထိခိုက်လည်း နာကျင်ရတာ ပါပဲ။ ဒေါ်သတကြီး အသံကျယ်ဖြင့် ပြောတာကမှ ခံသာပေဦးမည်။ အခုလို လေသံပျော့ကလေးဖြင့် သာသာနှင့်နာနာ အနက်ခံနေရတာက ခံရခက်စေတာ မဟုတ်ပါလား။ ပညာသားပါပါပေ့ ‘ဒေါ်သပြေညို’

“ကျွန်တော်က ပိုင်းကိုပဲချစ်တာလေ မေမေရယ်”

“ဟုတ်ပါပြီ၊ မေမေသိပါတယ် သားရယ်။ အိမ်လာတဲ့





ဧည့်သည်ကို ပဋိသန္ထာရပြုနေမှန်း သမီးနားလည်မှာပါနော်။ အန်တီ့ သားက စိုးရိမ်နေတာ သမီးရဲ့”

“ပိုင်းလည်း ပွင့်လင်းတာကို ကြိုက်ပါတယ် အန်တီ”

“အင်း ... ဒါနဲ့ သမီးဘွဲ့ရတာ ရိုးရိုးဘွဲ့ပဲနော်”

“ဟုတ်ကဲ့ ... (B.A, Eng:) ပါ အန်တီ”

“ဒီဘွဲ့လေးနဲ့ အလုပ်ကောင်းကောင်း ရလို့လားကွယ်”

“ရပါတယ်အန်တီ။ ကျောင်းဆက်တက်လို့ရခဲ့ပေမယ့် ပိုင်းက မေမေ့ကိုငဲ့ပြီး ဟိုမှာ ကျောင်းသွားမတက်ဖြစ်တာပါ။ ကိုကိုကလည်း လာတက်ဖို့ ခေါ်ပါတယ်”

“ကိုကိုဆိုတာ”

“ပိုင်းရဲ့အစ်ကိုအကြီးဆုံး ကိုကျော်ရွှေဦးမောင်ကို ပြောတာ ပါ အန်တီ”

“ဪ ... မောင်နှမများလား”

“သုံးယောက်တည်းပါ အန်တီ။ ပိုင်းက အငယ်ဆုံးပါ”

“ဟင်း ဟင်း ... အငယ်ဆုံး အချိုးဆုံးဆိုပါတော့လေ။ ဟုတ်လား”

“ဟုတ်ပါတယ်”

“မေမေကလည်း ပိုင်းက မဆိုးတတ်ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ကြားက နားနေလိုက်တာ သားရယ်။ မေမေက နွဲ့ဆိုးဆိုးတတ်တဲ့ သဘာဝကို ပြောတာပါ။ ဟုတ်တယ်နော် သမီး"

ခေါင်းကိုသာ ညိတ်ပြလိုက်ပါ၏။ အိမ်အကူမိန်းကလေး လာချပေးပါသည့် ကော်ဖီနှင့်မုန့်က စားချင်စဖွယ်မရှိပါ။ ညှော်ခံစကားကိုသာ အေးစက်စက် ဖြစ်နေမှတော့ ကျွေးသည့်အစားအသောက်ကလည်း ပူနေးမှု ရှိပါတော့မလား။ ဝိုင်းတို့အိမ်ကိုလာသမျှ ညှော်သည်တွေကဖြင့် ဖော်ရွေစွာ ပြုံးပြီးပြောတတ်ပါသည့် မိသားစုဝင်တွေကြောင့် တော်ရုံနှင့် ထမပြန်နိုင်ကြပါလေ။

အခုတော့ 'ဝိုင်း' မှာဖြင့် ထပြန်ချင်စိတ်ကို မနည်းကြီးချုပ်နှိမ်ထားရပါ၏။ လူကြီးရှေ့ ချက်ချင်းထပြန်ပါက ရိုင်းပျမှုမျိုးဖြစ်မှာ မဟုတ်ပါလား။ ဘုရားရေ! ကိုကြီးလာစဉ်တုန်းက မေမေပြောခဲ့သလိုမျိုးများ 'ဝိုင်း' တော့ ဝဋ်ပြန်လည်ရျေပြီလား။ ဒီလို စိတ်ကသိကအောက်ဖြစ်ရတာမျိုး 'ကိုကြီး' လည်း ခံစားခဲ့ရမှာလေ။

"ဝဋ်" ဆိုတာမျိုးက ဒီဘဝမှာတင် ပြန်လည်တတ်တာမို့ 'ဝိုင်း" သိခဲ့ပါ၏။ သို့သော် မချစ်နိုင်လို့ လမ်းခွဲခဲ့ရတာမျိုးမှ မဟုတ်တာပဲ။ အသက်ငယ်သေးသည့်အရွယ်မို့ မဖြစ်သင့်တာ မဖြစ်စေရန် စိတ်ကို အလိုမလိုက်မိစေရန် ရည်ရွယ်ချက်ဖြင့်သာ မေမေ တားဆီးခဲ့တာ မဟုတ်ပါလား။





"ဝိုင်း"

"ဟင်"

"လခစားဆိုတော့ လစာဘယ်လောက်များရသလဲလို့ မေးနေတာပါ"

"ဪ . . . ဟုတ်ကဲ့၊ ရက်မှန်ကြေး Over time နဲ့ Bonus အားလုံးပေါင်းလိုက်ရင် သုံးသိန်းဝန်းကျင်တော့ ရပါတယ် အန်တီ"

"မဆိုးပါဘူး" ဟူသည့် မှတ်ချက်မျိုးထွက်မလာပါဘဲ မဲ့ပြုံးပြုံးသာ တုံ့ပြန်လေ၏။ အန်တီ့ကလေးတွေ တစ်လစာ မုန့်ဖိုးလောက်ပဲ ရတာဟုများ ပြောချင်နေမလား။ တကယ်ဆို သူတို့မောင်နှမ နှစ်ယောက်စလုံးကဖြင့် ခုထိ ကျောင်းနေကြတုန်းဖြစ်သလို မိဘတွေထံမှ လက်ဖြန့်တောင်းသုံးနေကြတာလေ။

"အဖေမရှိတော့ အမေကိုပဲ ရှာကျွေးနေရတာပေါ့။ သမီး ဂုဏ်သိုလ်တွေရမှာပါ"

"အဖေမရှိတော့" တဲ့။ အသုံးကလွယ်ပါ့။ 'ဝိုင်း' ငယ်စဉ်ကတည်းက ရုတ်တရက် Accident ဖြစ်ပြီး (ကားအရှိုင်ဘာကြောင့်) ဖေဖေ ကွယ်လွန်ခဲ့ရတာပါ။ ဒါကို ဖခင်မဲ့သားသမီးနှယ် အထင်သေးပြီး ပြောတာကိုတော့ လွန်သည်ထင်ပါ၏။ 'ဝိုင်း' ကို ပြောချင်တာကို

www.burmeseclassic.com



သည်းခံနိုင်ပေမယ့် 'ဝိုင်း' ချစ်ခင်တွယ်တာရပါသည့် မိဘတွေကို လက်ညှိုးညွှန်တာကိုဖြင့် လက်သင့်မခံနိုင်ပါချေ။

"ရှေးကုသိုလ်နည်းခဲ့ရလို့ ဒီဘဝမှာ ဖေဖေ့ကို ပိုင်ဆိုင်ခွင့် မရခဲ့တာပါ အန်တီ။ ဝိုင်းတို့အိမ်မှာ အလုပ်လက်မဲ့နဲ့ ထိုင်စားနေတာ တစ်ဦးတစ်ယောက်မှမရှိပါဘူး။ ဝိုင်းရဲ့ ဘွားဘွားတောင်မှ ဝန်ထမ်း ပင်စင်လစာ အခုထိ ရနေပါသေးတယ်"

"ဟုတ်လား။ လူပီသပြီး လူတာဝန် ကျေပွန်ကြတာပေါ့လေ"

ကြည့်စမ်း! 'လက်လှုပ်မှ ပါးစပ်လှုပ်ရသည်' ဟု စကား ခါးခါးဖြင့် ပြောလို့ရပါလျက် အလိမ္မာသုံးသွားပုံက ပါးနပ်ပါပေ့။ သူကတော့ သူ့မေမေ စကားအကောင်းပြောနေသည်ဟု ထင်နေပြီး ဘေးမှာ ထိုင်ငေးနေရုံပါ။ ကာယကံရှင်ဖြစ်သည့် 'ဝိုင်း' မှာဖြင့် ရင် ထဲမှာ မုန်တိုင်းဝင်မွှေနေပြီ မဟုတ်ပါလား။

ပြန်သင့်ပြီထင်ပါရဲ့ 'ဝိုင်းဝသန်ချစ်'။

"အန်တီကတော့ အန်တို့သားသမီးတွေ မင်္ဂလာဆောင်မှာ နှစ်ဖက်မိဘ အစုံအလင်နဲ့ ပြည့်ပြည့်စုံစုံလေး ဖြစ်စေချင်တာအမှန်ပါ။ ဒါပေမဲ့ ဘယ်တတ်နိုင်ပါ့မလဲကွယ်။ ကံစီမံရာပေါ့"

မျက်နှာရဲသွားရပါ၏။ 'ပွင့်လင်းတာ' ဟု ခေါင်းစဉ်တပ်ပြီး စကားကို Open သဘောဖြင့် ပြောနေတာပါလား။ တစ်ဖက်သားရင်





ထဲကို စူးစိုက်နာကျင်မှာကို မသိသလိုပါပဲလားနော်။ လူဆိုတာ မှန်လို ကျင့်ကြံပြီး တန်ပြန်မှုရှိတတ်တာ သဘာဝကို သိနားလည်ရမှာပါလေ။ ပြန်ချိန်ရောက်ပြီဟု ဆုံးဖြတ်လိုက်မိတော့၏။

"ပြန်ရင်ကောင်းမယ် ကိုကို၊ အန်တီလည်း ညည်းသည်းစောင့် နေတာဆိုတော့ အားနာလို့ပါ"

"ဟုတ်သားပဲ၊ ကြာတော့ ပျင်းနေမှာပေါ့။ သမီးပြန်ချင်ပြီတဲ့ သားရယ်"

"ကိုယ်ပြန်ပို့ပေးမယ်"

"ဝိုင်း Taxi နဲ့ပဲ ပြန်မှာပါကိုကို။ တကူးတကကြီး လိုက်မပို့ ပါနဲ့"

"မဟုတ်တာ ဝိုင်းကလည်း"

သဘောကျသွားသည့်နှယ် ပြုံးလိုက်လေ၏။ စကားတတ် တိုင်း ပြောသင့်ပါမလား။ 'ဝိုင်း' လည်း လူထဲကလူမို့ ထိရင် နာတတ် တဲ့ အမျိုးကောင်းသမီးပါလေ။ ကောင်းပါပြီအန်တီ။ 'ဝိုင်း' က တစ်ခါ လာထိရင် တစ်ကြိမ်တော့ တုံ့ပြန်တတ်တဲ့ အကျင့်ဆိုးလေးတော့ ရှိပါတယ်ရှင်။

"သြော် ... ကျေးဇူးပြုပြီး ဝိုင်းကို ရေအေးအေးလေး တစ်ခွက်တော့ ယူပေးပါနော် ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ရပါတယ် ဝိုင်းရဲ့။ ကိုယ်ယူလာပေးမှာပေါ့"

တမင်တကာပင် နိုင်းလိုက်တာပါ။ ကိုယ့်ကိုတော့ ပြောချင်သလိုပြောပြီး နှုတ်ပိတ်ခိုင်းထားလို့ ဘယ်ရပ့်မလဲ။ 'ဝိုင်း' လည်း ထိုက်သင့်အားလျော်စွာ ပြောတတ်သည့် စကားမျိုး သုံးတတ်ပါတယ်ဆိုတာကို သူ့မေမေ သိစေချင်လို့ပါလေ။ ထင်ထားသည့်အတိုင်းပင် မျက်နှာ ကွက်ခနဲ ပျက်သွားရသူက 'ဒေါ်သပြေညို' ပါပဲ။

ညှော်ခံပါသည့် ကော်ဖီနှင့် မုန့်ကိုတော့ တစ်စက်မှ မတို့ဖြစ်တဲ့ သူကိုယ်တိုင် ယူလာပေးသည့် သောက်ရေသန့်အေးအေးလေးကိုဖြင့် ကုန်အောင် 'ဝိုင်း' သောက်ဖြစ်ခဲ့ပါသည်။ အဲဒီနေ့အပြန် ခြံဝအထိ သူ လိုက်ပို့ပေးစဉ်မှာ စကားတစ်ခွန်းကိုတော့ ပြောဖြစ်ခဲ့လေ၏။

"ဝိုင်းတို့ကိစ္စက လွယ်မလိုနဲ့ ခက်တာအမှန်ပဲကိုကို"

"ဘာကိုလဲ"

"ရှေ့ဆက်ဖို့ စဉ်းစားစရာလိုနေပြီလို့ ပြောတာပါ။ ဒီပုံအတိုင်းတော့ မလွယ်ဘူး။ ကိုကိုလည်းသိမှာပါ။ လူနှစ်ယောက် ချစ်တယ်ဆိုတာက နှစ်ဦးတည်းရဲ့စိတ်နဲ့ ထပ်တူကျပြီးဖြစ်နိုင်ပေမယ့် အဲဒီလူနှစ်ယောက် ပေါင်းစပ်ဖို့က နှစ်ဦးရဲ့စိတ်နဲ့ပဲ ပြည့်စုံမှာ မဟုတ်လို့ပါ။ 'ဝိုင်း' တို့ အချိန်ယူကြရမယ် ကိုကို။ လက်ထပ်ဖို့ဆိုရင်ပေါ့"

❋

ယုံကြည်ပါ့မလား။ ဖူးပွင့်ကာစ အလှနှင့်ပန်းငုံလေးကို စတွေ့တွေ့ချင်း သူချစ်ခဲ့ရတာပါ။ သိပ်ငယ်လွန်းသည့်အတွက် ကလေးနှယ်သဘောထားပြီး အလိုလိုက်မိခဲ့ပါ၏။ ပန်းကလေးကြွေသွားမှာ၊ ညှိုးသွားမှာကို စိုးရိမ်လွန်းသဖြင့် မထိမတို့ရက်ဘဲ တန်ဖိုးထားမြတ်နိုးခဲ့မိတာပါ။ သို့သော် ကံကြမ္မာက သူဖြစ်ချင်သည့်အတိုင်း စေညွှန်ခြင်း မပြုခဲ့ပါလေ။ အချစ်ဆိုသည်က ဆန်းကြယ်သားလား။ ဖူးစာရေးနတ်၏ အချစ်မြားတစ်စင်းက သူ့ရင်ကို နောက်တစ်ကြိမ် ပြန်စိုက်စေခြင်း၏ နောက် သူသိလိုက်သည်က တစ်ချိန်က ချစ်ခဲ့ဖူးပါသည့် အချစ်ဦး ဓိန်းကလေးကို လုံးဝမေ့မရနိုင်သလို နောက်တစ်ကြိမ် ပြန်ချစ်ဖို့ အခွင့်ပေးခြင်းကို ရခဲ့ခြင်းပါပဲ။

(ကျော်သန့်ဇင်)

www.burmeseclassic.com

www.burmeseclassic.com

မင်းကို

မျှော်လင့်ပြီး စောင့်စားနေရတာက . . .

နောက်ဆုံး နှုတ်ဆက်လမ်းခွဲရတာထက် . . .

ပိုပြီးနာကျင်ရပါတယ် . . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

လေဆိပ်အဆောက်အဦးထဲမှ သူထွက်လာခဲ့ပါ၏။ အလုပ်တို့ဖြင့် နိုင်ငံရပ်ခြားမှာ လေးနှစ်ခန့် အချိန်ကြာခဲ့တာမို့ ယခုမှ မြန်မာပြည်ကို သူပြန်ဖြစ်တာပါ။ မိဘတွေအတွက်နှင့် မိတ်ဆွေတွေအတွက် လက်ဆောင်အနည်းအကျဉ်းသာ ဝယ်ခဲ့ပေမယ့် သယ်စရာပစ္စည်းတွေက ဝန်အပြည့်ပါပဲ။ လေဆိပ်ဝန်ထမ်း၏ အကူအညီဖြင့် အထုပ်အပိုးသေတ္တာတို့ကို လှည်းဖြင့် တွန်းခဲ့ပြီး အပြင်သို့ရောက်လာစဉ် ကားအဖြူလေးက သူ့ရှေ့မှာ လျောခနဲ ရပ်သွားလေသည်။

"Morning ပါ ကို။ ရှန်းလာတာ နောက်မကျပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှထွက်လာကာ အပြုံးချိုချိုလေးဖြင့် ပြောလိုက်ပါသည့် မိန်းကလေးကို သူ ဘာမှမပြောဖြစ်ဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်ပါ၏။ ကားနောက်ဘက်အဖုံးကိုဖွင့်ကာ ပစ္စည်းတွေတင်တာကို ပြီးအောင်လုပ်လိုက်ရပါသည်။ ဒီနေရာမှာ ကားကို ကြာကြာရပ်ထားလို့ မရပါလေ။ ရှေ့ခန်းတံခါးကိုဖွင့်၍ သူ တက်ထိုင်လိုက်စဉ် ကားလေးက လေဆိပ်ဝင်းထဲမှ ခပ်မြန်မြန်လေး မောင်းထွက်လာလေ၏။

"အသားတွေ ဖြူလာသလိုပဲ"

"အင်း"

အလိုက်သင့် ထောက်ခံလိုက်မိပါသည်။ စောစောက ငေးကြည့်ခဲ့မိပါသည့် မြင်ကွင်းက အာရုံမှာ ဖျောက်ဖျက်မရနိုင်သေးပါ။ ချစ်ဦးသူ၏ မျက်ရည်တစ်စက်က သူ့နှလုံးသားကို ဆုပ်ကိုင် ညှစ်ခြေလိုက်သည့်နှယ် ခံရခက်စေတာပါလေ။ မင်းရဲ့ချစ်သူနဲ့ အဆင်မပြေကြဘူးလား 'ပိုင်းလေး' ရယ်။ အမြဲတမ်း ပြုံးပျော်နေတတ်တဲ့ ချာတိတ်မလေးရဲ့ အပျော်တွေက ဘယ်သူ့ကြောင့် ဘယ်သူ့အတွက်နဲ့များ ပျောက်ကွယ်သွားခဲ့ရပါသလဲ။

"ကို"

"ဟင် . . . ဘာလဲ ရွှန်းရဲ့"

"ခရီးပန်းပြီး အိပ်ငိုက်နေတာလား။ ရွှန်းတစ်ယောက်တည်း





စကားတွေ ရွှန်းရွှန်းဝေအောင်ပြောနေရတာ ရှက်လာပြီ"

"နောက်မှ အေးအေးဆေးဆေးပြောလည်း ဖြစ်တာပဲ ရွှန်းရယ်။ အရေးမကြီးဘူး မဟုတ်လား"

"အရေးမကြီးဘူး မဟုတ်လား" တဲ့။ စကားဆက်လို့ မရအောင် စကားကို ပိတ်လိုက်ရတယ်လို့။ တကယ်ဆို သတိရကြောင်း လွမ်းကြောင်းတော့ အနည်းအကျဉ်း ပြောသင့်တာပါလေ။ တစ်နယ်စီခြားပြီး ဝေးနေလို့ Net သုံး၍ phone ပြောတော့လည်း 'အင်း ဟုတ်တယ်' ဆိုသည့်စကားတို့ကိုသာ အေးစက်စက်ကြီး ပြောတော့တာပါ။ စကားများများ မပြောတတ်သည့် ရေခဲတုံးကြီးနဲ့မှ 'ရွှန်း' ကို မိဘတွေက ဘာကြောင့်များ စေ့စပ်ပေးချင်ကြပါသလဲဟု 'ရွှန်းလဲ့လဲ့မေ' တွေးမိလေ၏။

'ရွှန်း' ထက် အသက်နှစ်နှစ်သာ ကြီးပေမယ့် သူ့ရုပ်ရည်သူ့ပညာကို လေးစားပြီး မာမီတို့ပြောတာကို လွယ်လင့်တကူ လက်ခံဖြစ်ခဲ့တာပါ။ စတွေ့စဉ်ကတည်းက ခပ်တည်တည်ကြီးဖြင့် လူကိုကြည့်ကာ အရယ်အပြုံး မရှိသလောက် အရုပ်ကြီးနှယ် ရင်းနှီးခဲ့ရတာ မဟုတ်ပါလား။

စိမ်းသေးလို့ နေမှာပါလေဟု၍ ဖြေတွေးပြီး ဒီအချိန်ထိ စိတ်ရှည်ရှည်နှင့် စောင့်ခဲ့ပေမယ့် သူ့ပုံစံကဖြင့် ပြောင်းလဲခြင်းအလျှင်း



www.burmeseclassic.com

www.burmeseclassic.com



မရှိပါပဲ ထုံးစံအတိုင်း အေးစက်စက်ကြီးပါပဲ။ နောက်ဆုံးတော့ 'ရွှန်း လဲ့လဲ့မေ' နှင့် 'ကျော်သန့်ဇင်' က ခုံရင်းက ခုံရင်း သူစိမ်းတွေနှယ်ပါ လေ။

တကယ်ဆို "စိတ်ပြေသလောက်ရှိလို့ ပြန်လာတာပါ"၊ "ကိုယ်တို့စေ့စပ်ချင်လည်း စေ့စပ်ကြပါစို့" ဆိုပြီး ပြောစကားတွေ ပြောစရာအများကြီးရှိနေတာ ပြောပါတော့လား။ ဒါမှမဟုတ် "ရွှန်း အတွက် ကိုယ်လက်ဆောင်ဝယ်လာပေးတယ်" လို့ပြောလည်း ဖြစ်တာ ပဲလေ။ တီတီတာတာ ပြောစေချင်ရအောင် 'ရွှန်း' ကိုယ်တိုင်လည်း အသက် (၂၆) ထဲရောက်နေပြီမို့ မပြောတတ်၊ လျှာမရဲတာအမှန်ပါ။ သို့သော် 'ရွှန်း' နှင့် သက်ဆိုင်သူကိုဖြင့် နွေးနွေးထွေးထွေးလေး ပြောတတ်စေချင်ပါသည်။

"ကို့မျက်နှာ သိပ်မကောင်းသလိုဖြစ်နေသလား တွေးမိလို့ ပြောမိတာပါ"

သူ သက်ပြင်းရှည်ကြီး ရှိုက်လိုက်မိပါ၏။ ချစ်သူတစ်ယောက် လို ဘေးမှာရှိနေခဲ့ပါသည့် 'ရွှန်း' ကို 'လက်ခံသည်' 'လက်မခံပါ' ဟူသည့် Yes! (or) No! ဘာတစ်ခုမှ သူမှတ်ချက်မပေးပါဘဲ မိဘတွေ သဘောကျ အလိုက်သင့် ငြိမ်ခဲ့တာပါ။ မင်းရှိနေတဲ့မြေမှာ မပျော်နိုင်လို့ အဝေးကို ထွက်သွားခဲ့ပေမယ့် ရင်ထဲကအလွမ်းဇာတ်ရာက မသက်သာ





နိုင်သေးပါလား 'ဝိုင်း' ရယ်။

မမြင်တာကြာလို့ မေ့များမေ့နိုင်မလား အထင်က တက်တက် စင်အောင် လွဲတာပါပဲ။ နှစ်တွေ ဤမျှကြာခဲ့တာတောင်မှ ဒီမျက်နှာ ဒီလေသံလေးကို ဖျတ်ခနဲ မြင်ရုံ ကြားရုံမျှဖြင့် နှလုံးသားက မှတ်မိ နေပြီး ဦးနှောက်ကို သတင်းပို့ပေးလို့ လှည့်ကြည့်မိရင်း တွေ့ခဲ့ရတာပါ။ သူနှင့်ဆုံခဲ့စဉ်က ကျောလယ်ခန့်သာ ရှည်ခဲ့ပါသည့် ဆံနွယ်တို့က ယခုတော့ ခါးအထိတောင်မှ ရှည်နေပါရောလား။

ဩော် . . . မြတ်နိုးခဲ့ရပါသည့် ကောင်မလေးရယ်။

"ကိုယ် စောစောကပဲ သူ့ကိုတွေ့လိုက်ရလို့ပါ"

"ဟင်! . . . ဘယ်သူ့ကိုလဲ"

"ဝိုင်းကိုပါ"

"ကို့ကို . . . ကို့ကို . . . မြင်သွားရောလား"

"ဟင့်အင်း . . . မမြင်ပါဘူး။ သူက bangkok လေယာဉ် စီးဖို့ ပြင်နေတော့ ဘေးဘီကို ဘယ်ကြည့်ဖြစ်ပါ့မလဲ"

"ဩော်"

အောက်နှုတ်ခမ်းကို သွားဖြင့်အသာကိုက်ထားလိုက်မိပါ၏။ 'ရွှန်း' ကိုက လျှာရှည်မိတာ မဟုတ်လား။ သူ မပြောချင်လို့ ငြိမ်နေ တာကိုမှ သွားဆွမိတာလေ။ အချစ်ဦး (တစ်ချိန်က ချစ်ခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ) ကို မြင်ရုံဖြင့် ဤသို့ မှိုင်တွေနေတတ်ကြပါသလား။ 'ရွှန်း' သူငယ်ချင်းတွေများ ထည်လဲတွဲခဲ့ကြပြီး အမှတ်မထင် ပြန်တွေ့ကြလည်း "Hi! my friend" ဆိုပြီး ဘာမှ မထူးဆန်းသလို နှုတ်ဆက်နိုင်ကြတာပါ။

တကယ့်အချစ်စစ်စစ်ဖြင့် မချစ်ခဲ့ကြလို့ပဲလား။ ပေါ့ပေါ့တွေးပေါ့ပေါ့တွဲ အလေးအနက် မထားတတ်ခဲ့လို့ ဘာမှ မထူးဆန်းတာများလား။ ဘယ်သူကမှ တငိုငို တရယ်ရယ်၊ တညည်းညည်းဖြင့် မရှင်မနေနိုင်သည့်နှယ် ဖျတ်ဖျတ်လူးခဲ့တာမျိုး မကြုံရပါချေ။ ဖူးစာမမှန်၍ဘာမှသိပ်မခံစားခဲ့ရတာများလား။

ယခု သူကဖြင့် ထိုသို့မဟုတ်ပြီ။ "ကိုယ် မြတ်မြတ်နိုးနိုးနဲ့ချစ်တဲ့ မိန်းကလေးတစ်ယောက်ရှိခဲ့တယ်" ဆို၍ 'ရွှန်း'ကို ပြောခဲ့ဖူးရုံပါ။ "ဘာဖြစ်လို့ ကွဲကွာသွားတယ်" "ဘာကြောင့် လမ်းခွဲခဲ့ရတယ်" ဟူသည့် အကြောင်းပြချက် တစ်စုံတစ်ရာမှ 'ရွှန်း' ကို အသိမပေးမပြောပြခဲ့ပါလေ။ ဒီလိုပဲ ကြာတော့လည်း မေ့မေ့ပျောက်ပျောက်ဖြစ်သွားမှာပါဆိုပြီး ထင်ထားခဲ့သမျှ မှားလေပြီလား။

'ရွှန်း' မြင်နေရပါသည့် ပုဂ္ဂိုလ်ကဖြင့် လူနှင့်စိတ် မကပ်သည့်နှယ် ငိုင်တွေဝေနေပြီး စိတ်တို့က အဝေးကို လွင့်မျောနေသည့်နှယ်ပါ။ ဘုရားရေ! အဲဒီကောင်မလေးနှင့် တွေ့ဆုံခဲ့ပါသည့် အတိတ်ကိုများ





သူ့ဝိညာဉ် လွင့်နေပါသလား။ 'ရွှန်း' စိတ်ပူရအောင် မလုပ်ပါနဲ့လား "ကို" ရယ်။

"တစ်ယောက်တည်းပဲလား"

"မဟုတ်ဘူး။ သူ့အစ်မနဲ့ အတူတူသွားတာ"

"ဒီလောက် နှစ်အတော်ကြာနေတာတောင်မှ ကို မှတ်မိနေတုန်းပဲလား"

"အင်း ... အသံကြားလိုက်လို့ လှည့်ကြည့်လိုက်မိတာနဲ့ မြင်သွားရတာပါ"

"ပိုလှလာလားဟင်"

"ငယ်ရုပ်ကြောင့် ကျက်သရေရှိလာတာပေါ့ ရွှန်းရယ်။ သူ့အသက်က အခုမှ (၂၀) (၂၁) ပဲရှိဦးမှာ"

အလို! အခုမှ (၂၀)၊ (၂၁) တဲ့လား။ 'ရွှန်း' ကလက်ရှိ (၂၆) နှစ်ထဲမှာမို့ အိမ်ထောင်ပြုရသည့်အရွယ်ထက် တစ်နှစ်ပင် ကျော်နေလေပြီ။ သိပ်မကွာလှန်းပေမယ့် 'ရွှန်း' ကိုယ် 'ရွှန်း' ကြီးရင့်သွားသည့်နှယ် ခံစားလိုက်ရပါ၏။ ဤမျှ ငယ်ငယ်လေးက 'ကို' ရဲ့နှလုံးသားကို ရင်ခုန်စေနိုင်စွမ်း ရှိသတဲ့လား။ သူတို့လမ်းထဲ ရောက်နေပြီမို့ စိတ်ကို စုစည်းလိုက်ရပါ၏။ အန်တီတို့နှင့်တွေ့ပါက နှုတ်ဆက်စကားပြောရမှာတို့ ရှိလာတော့မှာလေ။ ကားကို လမ်းထဲသို့ ကွေ့ဝင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ခြံဝင်းထဲသို့ဝင်ကာ တိုက်ရှေ့မှာ ရပ်ပေးလိုက်ပါ၏။ သူက ကားပေါ်မှ ဆင်းကာ ပစ္စည်း တွေချရန်သာ အာရုံစိုက်နေလေသည်။

"ဟော! . . . သားပြန်ရောက်လာပြီ၊ အိမ်ထဲမဝင်တော့ဘူးလား သမီးရယ်"

"မဝင်တော့ပါဘူး အန်တီသက်။ နောက်မှ အေးအေးဆေးဆေးလာပါ့မယ်"

"သားကို သွားကြိုပေးတဲ့အတွက် ကျေးဇူးပါ သမီးရယ်"

"ရပါတယ် အန်တီ"

"သမီးဖို့ လက်ဆောင်တွေပါတယ်တဲ့"

"နောက်မှ ကြည့်ပါ့မယ်အန်တီသက်။ ဒီနေ့ ဆိုင်မှာအလုပ်များမှာမို့ ခွင့်ပြုပါဦး"

"အေးကွယ်"

"ရွှန်း သွားပါဦးမယ် ကို"

ခေါင်းသာညိတ်ပြလေ၏။ ဒါကိုပဲ ကျေးဇူးတင်ရမှာထင်ပါရဲ့။ 'ရွှန်း'ပတ်သက်မိသည့်လူက ခေါင်းညိတ်ခေါင်းခါသာ အများဆုံးလုပ်တတ်သည့် စက်ရုပ်ကြီးဖြစ်နေတာ မဟုတ်လား။ သူ လက်တောင်ပြလိုက်တာကို ကျေနပ်သွားရပြီး ကားလေးကို မောင်းထွက်ခဲ့ပါတော့သည်။





ရင်မောရတာအမှန်ပါ 'ကို'။

"သားကလည်းလေ သမီးကို အိမ်ထဲဝင်ဖို့တောင် မပြောဘူး။ အားနာစရာကြီး။ သူ့ခမျာ စောစောစီးစီးထပြီး လာကြိုပေးတာကို"

"ကျွန်တော်မှ မကြိုခိုင်းတာပဲ မေမေရယ်။ ပြီးတော့ ကျွန်တော် ခရီးပန်းလာမှန်း သူသိပါတယ်"

"ဒါတော့ ဒါပေါ့ . . . ဒါပေမဲ့ကွယ်"

"ကျွန်တော် နားချင်ပြီ မေမေ။ အိပ်ရေးပျက်ခဲ့ရလို့ပါ"

"အေးအေး . . . သွားနားတော့ သား။ မေမေ ပစ္စည်းတွေ ကြည့်သိမ်းလိုက်ပါ့မယ်"

"အဝတ်အစားတွေ အကုန်လုံး လျှော်ခိုင်းပါ မေမေ၊ Suit တွေကလွဲလို့၊ လောလောဆယ်တော့ ကျွန်တော့်အခန်းထဲ ဘယ်သူမှ မဝင်လာပါစေနဲ့နော်"

"အေးပါ သားရယ်၊ အေးပါ"

မေမေ့ကိုပြောရင်း လှေကားမှတစ်ဆင့် အိမ်ပေါ်ထပ်သို့ တက်ခဲ့ပါ၏။ ဒီနေ့ပြန်ရောက်မည်ဟု phone ကြိုဆက်ထားတာမို့ သူ့အခန်းနှင့် အိပ်ရာကို မေမေ အဆင်သင့်ပြင်ထားပေးမှာပါလေ။ အိပ်ခန်းတံခါးကို ဖွင့်လိုက်ပြီးနောက် ပစ်လှဲချ၍ အိပ်လိုက်ချင်သေးမယ့်



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သေးသဖြင့် ရေအရင်ချိုးရန် ရေချိုးခန်းထဲ ဝင်လိုက်ပါသည်။

ခေါင်းထက်မှ ရေပန်းခေလုတ်ကို ဖွင့်လိုက်ပြီး ရေပူပင် မရော စေဘဲ ရေအေးအေးဖြင့်ပင် ချိုးလိုက်မိတော့၏။ ဆံပင်အနည်းငယ် ရှည်နေတာမို့ တစ်ရက်တော့ ခေါင်းသွားညှပ်ဖြစ်ရမှာပါ။ တစ်ကိုယ်လုံး နွမ်းနယ်နေသမျှ လန်းဆန်းသွားစေရန် အချိန်ခပ်ကြာကြာလေး ရေချိုး မိလေသည်။

အသားဖြူလာသတဲ့။ အရင်က အနည်းငယ်ညိုသယောင် ဖြစ်နေပါသည့် အသားတောင်မှ နိုင်ငံရပ်ခြားမှာ နှစ်အတော်ကြာနေ တာနှင့် colour ပြောင်းလာရတယ်လို့။ ဒါဖြင့် ဒီရင်ဘတ်ထဲက နှလုံးသားကရော ဘာလို့ အသစ်မပြောင်းနိုင်ရတာလဲ။ ဘာကြောင့် နောက်ထပ်ချစ်ဖို့ အခွင့်အရေးမပေးနိုင်ရတာပါလိမ့်။

ယုတ်စွအဆုံး သူ့အနီးဝန်းကျင်မှာ ရှိနေတတ်ပါသည့် 'ရွှန်း' ကိုတောင် ရင်ခုန်စိတ်လှုပ်ရှားဖို့ မေ့လျော့နေတာပါလေ။ နှလုံးသား ဆိုတာ တစ်ကြိမ်တစ်ခါသာ ရှင်သန်ခွင့်ရှိပြီးတာနဲ့ သေဆုံးသွားရောတဲ့ လား။ သူ လိုက်မမီတော့ပါလေ။ စိတ်အာရုံ အတွေးမှန်သမျှတို့က 'ဝိုင်း' ၏ပုံရိပ်တို့ကိုသာ တဝဲလည်လည် မြင်ယောင်နေခဲ့ရတာ မဟုတ် ပါလား။

သိပ်ကိုချစ်ခဲ့ရတာပါ။





အချစ်မှာ ပိုင်ဆိုင်ရမှုဆိုတဲ့ လိုချင်လောဘမျိုး ရှိတတ်တာ သဘာဝပေမယ့် သူလိုလူကဖြင့် ချစ်ခွင့်မပိုင်တဲ့ဘဝနဲ့ လူဖြစ်ရတယ်လို့ ကိုယ်တို့နှစ်ဦးရဲ့ ရေစက်က ဘယ်ဘဝ ဆုတောင်းနဲ့မပြည့်ခဲ့လို့ နည်းခဲ့ ရပါသလဲ။ ကိုယ်တို့နှစ်ဦးရဲ့ဖူးစာကရော ဘယ်ဘဝ ကုသိုလ်နည်းခဲ့ရ လို့ ဝေးခဲ့ရပါသလဲ။

ဩော် . . . 'ဝိုင်း' ရယ်။

ချစ်ခွင့်မရှိလို့ နောက်ဆုတ်ခဲ့ရသူရဲ့ရင်ဘတ်ကို ခွဲကြည့် လိုက်ပါ။

ဒီထဲမှာ မင်းကို ချစ်မြဲချစ်ဆဲ ချစ်နေလျက်ရှိနေတဲ့ နှလုံးသား က တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်သက်စွာ ရှိနေပါလိမ့်မယ်။

အဲဒီနှလုံးကို လှုပ်နိုးရှင်သန်စေနိုင်ဖို့က 'ဝိုင်း' ဆိုတဲ့ ကိုယ့် ဘဝရဲ့နတ်သမီးက ချစ်ခြင်း၏ မှော်တုတ်တံနဲ့ လာထိမှသာ ပြန်လည် ရှင်သန်နိုင်ပါလိမ့်မယ်။

ဘဝမှာ တစ်ကြိမ်သာ ချစ်ခဲ့ဖူးပါတယ်။

အဲဒီတစ်ကြိမ်မှာပဲ အလူးလူး အလိမ့်လိမ့်နဲ့ အလဲအကွဲ ကျရှုံးခဲ့ရတာပါ။

တရှိုက်မက်မက် ရူးရူးမူးမူးနဲ့ သည်းသည်းမည်းမည်း ဖြစ်ခဲ့ ခဲ့သည့် ချစ်ခြင်းက လူတစ်ယောက်ရဲ့နှလုံးသားကို နာကျင်ကြေကွဲ



www.burmeseclassic.com

www.burmeseclassic.com



စေရတာယ်ဆိုတာ လက်တွေ့မှပဲ သူ ယုံခဲ့ရတာပါလေ။

'ဝိုင်းလေး' သိနေမှာပါ။

'ဝိုင်း' ကို ဟိုးအရင်အချိန်တွေကတည်းကနေ ယနေ့အချိန် အထိ ကိုယ်ချစ်လျက်နဲ့ စောင့်နေတယ်ဆိုတာပါလေ။

သို့သော် ...

မျှော်လင့်ပြီး စောင့်စားနေရတာက –

နောက်ဆုံး နှုတ်ဆက်လမ်းခွဲရတာထက် –

ပိုပြီး နာကျင်ရပါတယ် 'ဝိုင်း' ရယ်။

❋



## အခန်း (၁၈)

ကားကို 'ဖေယျာ'တို့တိုက်ရှေ့မှာ ရပ်လိုက်ပါ၏။ ညနေ စောင်းလေးမို့ ဒီကောင် အိမ်ပြန်မရောက်သေးမှန်း သိနေပါသည်။ ဆံပင်ညှပ်ပြီးနောက် အိမ်သို့ မပြန်ချင်သေးသဖြင့် သူငယ်ချင်းဖြစ်သူ ဆီ လှည့်ဝင်ခဲ့ခြင်း ဖြစ်လေ၏။ ကားသံကြားသည်နှင့် အိမ်ထဲမှ နှစ်နှစ်အရွယ် ကလေးငယ်က ခြေမနိုင့်တနိုင်ဖြင့် လမ်းလျှောက်ကာ ထွက်လာလေသည်။

"မီးမီးရေ! ... ဘယ်သွားမလို့လဲ၊ ဖေဖေ ပြန်လာဦးမှာ မဟုတ်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



အနောက်မှ ပြေးလိုက်လာပါသည့် ကလေးအမေ (ဖေယျာ၏ဇနီး) 'မွှေးရနံ့' က သူ့ကိုမြင်သွားပါ၏။ ကလေးက သူ့ရှေ့နားသို့ ရောက်နေပြီဖြစ်၍ သူ ကောက်ချီလိုက်မိပါသည်။ ဝဝကစ်ကစ်ဖြင့် မျက်နှာအလွန်ချိုသည့် သမီးငယ်လေးပါလား။ သူ မသွားခင် မင်္ဂလာဆောင်ဖြစ်ခဲ့သည့်စုံတွဲက အခုတော့ သားသမီးပင် ထွန်းကားနေလေပြီ။

"အစ်ကိုပြန်မရောက်သေးဘူး ကိုသန့်ဇင်ရဲ့"

"သိပါတယ်၊ လက်ဆောင်လည်းပေးရင်းနဲ့ တမင်ဝင်ခဲ့တာ"

"လာလာ ... မီးမီး အောက်ကိုဆင်းတော့နော်။ ဦးဦးရဲ့ အကျႌလုလုတွေ ကြေကုန်လိမ့်မယ်"

"ရပါတယ် မွှေးရယ်။ ဘာမှမဖြစ်ဘူး။ ကလေးနေသလောက် ထိုင်ပါစေ"

"အမလေး ... သမီးက သူသဘောကျတဲ့လူဆိုရင် ကပ်နေရော ကိုသန့်ဇင်ရဲ့။ တော်တော်နဲ့ မခွာတော့ဘူး"

"ဟုတ်လား၊ ဒါနဲ့ သမီးကို နာမည်ဘယ်လိုပေးထားလဲ"

"ယုယချစ်တဲ့ရှင်"

"ဟင်!"

သူ အံ့ဩသွားရပါ၏။ ဒီကောင် 'ဖေယျာ' ရူးတာလား။





ဦးနှောက်ပျက်တာလား။ တစ်ခုခုဖြစ်မှာပင် ကိုယ်မွေးတဲ့သမီးကို မိဘအမည်ပေါက်အောင် မပေးဘဲ ဘယ့်နှယ် 'ယုယချစ်' တဲ့လဲ။ အာရုံထဲမှာ ညီအစ်မနှစ်ဦး၏ ပုံရိပ်က ဖျတ်ခနဲ ပေါ်လာလေသည်။ မင်းတော့ သေတော့မှာပဲ 'ဖေယျာ' ရယ်။

"ဘာလဲ အံ့ဩသွားတာလား။ မအံ့ဩပါနဲ့ ကိုသန့်ဇင်။ မွှေး သိပါတယ်။ သမီးကို မွှေးတို့နာမည်မပါဘဲ ဒီလိုနာမည် ဘာလို့ သူပေးသလဲဆိုတာကို"

"မွှေးက ဘာမှမပြောဘူးလား"

"သူဘာသာ ဘယ်လိုပဲ နာမည်ပေးပေး သမီးက မွှေးရဲ့သမီးပါ ကိုသန့်ဇင်။ သူ့ရင်ထဲမှာ ခုချိန်ထိ ဘယ်သူပဲရှိနေပါစေ အချိန်တန် အလုပ်သွားပြီး အချိန်မှန် အိမ်ပြန်လာတယ်။ နားရက်တွေမှာ သမီးကို အချိန်ပေးပြီး ကစားပေးတယ်။ သူ့သမီးကို သူချစ်တာမို့ ပြီးတာပဲ မဟုတ်လား"

အလို! နားလည်ပေးသည့် ဇနီးမျိုးပါပဲလား။ ရည်းစားဟောင်းကို သတိရလို့ဆိုပြီး ပြဿနာရှာ ရန်ဖြစ်တာမျိုး မဖြစ်၍ ကျေးဇူးတင်ရမှာပါ။ ဒါဖြင့် 'ရွှန်း' မှာရော ဤသို့သော် နားလည်မှုမျိုး ရှိနိုင်ပါ့မလား။ 'ဝိုင်း' နှင့်ပတ်သက်ပြီး စကားသုံးလေးခွန်းမျှ ပြောမိလျှင်တော့် မျက်နှာပျက်ချင်လာတော့တာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဖေယျာက ကျွန်တော့်အပေါ် သိပ်ကောင်းခဲ့တဲ့ သူငယ်ချင်းပါ မွေး"

"ဟုတ်ပါတယ်၊ အဲဒီလို စာနာစိတ်ရှိမှန်းသိလို့လည်း သူ့ကို လက်ထပ်ဖို့ မွေး ဆုံးဖြတ်ခဲ့တာပေါ့။ မွေးနဲ့သူ့ကြားမှာ ချစ်ခြင်းဆိုတာထက် နားလည်မှုတစ်ခုကိုပဲ အားကိုးပြီး အိမ်ထောင်ထူဖြစ်ခဲ့တာပါ ကိုသန့်ဇင်။ သူ့စိတ်ဆိုတာကိုတော့ ထိန်းချုပ်လို့ ဘယ်ရပါ့မလဲ"

"အင်း"

"ဘာကိုများ သဘောကျပြီး ပြုံးလိုက်တာလဲ ကိုသန့်ဇင်"

"ကျွန်တော်ဖတ်ဖူးတဲ့စာသားလေးကို သတိရသွားမိလို့ပါ"

"ဘာများလဲ"

"ချစ်ခြင်းဖြင့် တည်ဆောက်သော အိမ်ထောင်ရေးက (၃) နှစ်တာခံပါ၏။ ယုံကြည်အားကိုးခြင်းဖြင့် တည်ဆောက်သော အိမ်ထောင်ရေးမှာမူကား အကန့်အသတ်မရှိပါတဲ့"

"ဟင်း ဟင်း ... ဒါဖြင့် မွေးတို့က ဒုတိယအချက်နဲ့ ညီတယ်ဆိုပါတော့"

"မှန်ပါတယ်"

"ဒါဆို ကိုသန့်ဇင်အလှည့်မှာရော ဘာကိုရွေးချယ်ဖြစ်မှာလဲ။ နံပါတ်တစ်လား၊ ဒါမှမဟုတ် နံပါတ်နှစ်လား"





သူ နှုတ်ဆိတ်သွားရပါ၏။ တမင်တကာ မေးလိုက်ပုံမျိုးတော့ ထောင်ပါ။ ရှိသင့်သလောက် ရင်းနှီးမှုဖြင့် မေးသင့်တာကို မေးလိုက်ခြင်းပါပဲ။ ခက်သည်က ဤမေးခွန်းကို ဖြေဆိုရန် သူ့မှာ အဆင်သင့်မဖြစ်သေးပါလေ။ စားပွဲထက် တင်ထားပါသည့် လက်ဆောင်ထုပ်တွေကိုသာ 'မွေး' ရှေ့သို့ တွန်းပို့ပေးလိုက်ပါ၏။

"ဖေယျာ့အတွက်တော့ ဝယ်တတ်ပေမယ့် မိန်းကလေးပစ္စည်းတွေ မရွေးတတ်လို့ ပိတ်စတွေပဲ ရွေးဝယ်ခဲ့ပါတယ် မွေး"

"ကျေးဇူးပါ ကိုသန့်ဇင်၊ ဒီလောက်ဝယ်လာတာပဲ တော်လှပြီ။ မွေးပြန်မေးတာကို မဖြေချင်မှန်းသိပါတယ်။ ဒါပေမဲ့ စေတနာနဲ့တော့ ပြောပါရစေ ကိုသန့်ဇင်။ ရွှန်းကိုရွေးချယ်ရင် မမှားနိုင်ဘူးဆိုတာပါပဲ။ အချက်နှစ်ခုစလုံးနဲ့ ပြည့်စုံရင်တော့ ပိုကောင်းတာပေါ့လေ"

အချက်နှစ်ချက်စလုံးတဲ့လား။ သူ့ကို လောဘကြီးသူဟု မြင်ကြတော့မှာပါပဲ။ သို့သော် သူ့အချစ်က တစ်နေရာမှာ ကျပျောက်ခဲ့ရတာလေ။ အတိတ်ကို ပြန်လှည့်မကြည့်ဖြစ်ခဲ့ပေမယ့် သူ့နောက်ကျောဘက်မှာ ကျန်ရစ်ခဲ့သည့် အလွမ်းခြေရာတို့ကို ဘယ်သူတွေက တွေ့နိုင်မှာတဲ့လဲ။

"ညီ့သည်မဟုတ် အိမ်ရှင်မဟုတ်တဲ့လူ ရောက်နေရွားတော့။ ဖေ့အသည်း ဘယ်မှာလဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ပေပေ . . . ပေပေ"

"ဖေဖေလို့ ပီသအောင်ခေါ်မှပေါ့ သမီးရာ။ ကြည့်စမ်း! အား! ခါးခါးတွေ မွှေးနေတာပဲ။ အမောပြေသွားတာပဲကွာ"

'ဖေယျာ' က သမီးဖြစ်သူကို မွှေ့ချီမွှေးကြူလိုက်လေ၏။ 'မွှေး' က ခင်ပွန်းဖြစ်သူ၏လက်ထဲမှအိတ်နှင့် အပေါ်ဝတ်အင်္ကျီကိုယူ၍ အိမ်ထဲဝင်သွားပါသည်။ သူ့ကို ညွှန်ခံရန် တစ်ခုခုသွားစီစဉ်ပုံပါပဲ။ အလုပ်မှပြန်လာပြီး ပင်ပန်းနေပေမယ့် သူနှင့်စကားပြောချိန်တော့ ပေးဖြစ်မည်ထင်ပါ၏။

"မင်း အတော်ဖြူလာတယ်"

"အင်း"

"ဘယ်လိုလဲ၊ အထဲမှာ ရှင်းသလောက်ဖြစ်သွားပြီလား"

"ဒီလိုပါပဲ"

"Phone နဲ့ပြောရင်လည်း ဖြစ်ပါလျက်နဲ့ လူကိုယ်တိုင် တမင်တကာ ရောက်ချလာတာဆိုတော့ ကိစ္စက ပေါ့သေးသေး မဖြစ်လောက်ဘူးထင်တယ်"

"လက်ဆောင်လာပေးရင်း မင်းနဲ့လည်း တွေ့ချင်လို့ပါ ဖေယျာ"

"ညနေစာစားပြီးမှ ပြန်ပါလား ကိုသန့်ဇင်"





"အဲဒါတော့ မရဘူးမွှေးရဲ့။ ဖေဖေနဲ့ ထမင်းလက်ဆုံစားဖြစ်သေးလို့ ပြန်မှဖြစ်မယ်"

"အံမယ် . . . သားအဖတွေ တစ်အိမ်တည်းအတူနေပြီးတော့ အဲဒါကို အကြောင်းမပြပါနဲ့ ကိုသန့်ဇင်ရဲ့။ သူငယ်ချင်းနှစ်ယောက် အေးအေးဆေးဆေး စကားပြောလို့ရပါတယ်။ ဒီလောက်တော့ မွှေးလည်း ပါးပါတယ်နော်။ ဘီယာဝိုင်းလုပ်ပေးရမလား"

"ဟာ! . . . မဟုတ်တာ။ နေပါစေ မွှေး။ မလုပ်ပါနဲ့"

"အားမနာပါနဲ့ ကိုသန့်ဇင်ရဲ့။ အချင်းချင်းတွေပဲဟာ ရပါတယ်"

"ကျွန်တော် သိပ်အကြာကြီးမနေပါဘူး မွှေးရဲ့။ တအောင့်နေပြန်မှာပါ"

"ကော်ဖီပူပူလေး သုံးဆောင်ပါရှင်။ အပြုံးရေ! သမီးကို ထမင်းခွံ့ဖို့ အဆင်သင့်ဖြစ်ပြီလား"

"လုပ်နေပါတယ် မမ၊ ခဏလေး"

"ခဏစောင့်ပေးမယ် မဟုတ်လား။ ငါ ရေအမြန်ချိုးလိုက်ဦးမယ်"

"အေးပါ"

ကလေးကိုစွန့်နှင့် 'မွှေး'က အိမ်နောက်ဘက်ရှေ့သွားသလို



www.burmeseclassic.com

www.burmeseclassic.com



'ဇေယျာ' ကပါ ရေချိုးဖို့ လိုက်ဝင်သွားလေတော့၏။ ညှိခန်းမှာ သူတစ်ယောက်တည်းသာ ကျန်ခဲ့ပါသည်။ အထီးကျန်မှုဆိုတာက 'ကျော်သန့်ဇင်' အတွက်ပဲလား။ လောကကြီး၏ မျက်နှာသာပေးခြင်းက နည်းနည်းမှမရှိပါလားနော်။

ဥပေက္ခာရပ်ဝန်းတစ်နေရာမှာ ကိုယ်မပျော်နိုင်တာကို 'ပိုင်းလေး'' သိပါလေစကွယ်။

''ကြာသွားလား''

''မကြာပါဘူး။ ငါ ကော်ဖီတစ်ခွက်အကုန်ပါပဲ''

''ညစာ စားလိုက်ပါဆိုမှ''

''မင်းဆာနေရင် စားလိုက်ပါ၊ ငါစောင့်နိုင်ပါတယ်''

''မဆာပါဘူးကွာ၊ ဒီမှာပဲပြောမလား။ ခြံထဲမှာထိုင်ချင်လား''

''မှောင်နေပြီလား''

''မှောင်ရင် မီးထွန်းပေးမှာပေါ့ကွာ၊ လာပါ''

အိမ်ထဲမှထွက်ခါ တိုက်ရှေ့ ဒန်းအဖြူလေးမှာ ထိုင်လိုက်ကြပါ၏။ ညနေခင်းလေအေးတို့က ခပ်ဖြည်းဖြည်း တိုက်ခတ်လာလေသည်။ ဘာလိုလိုနှင့် ဒီဇင်ဘာကိုရောက်တော့မှာမို့ ဆောင်းရာသီ၏ အနှစ်သာရကို အပြည့်အဝရတော့မှာပါ။ အတန်ကြာသည်အထိ နှစ်ယောက်သား ဘာမှမပြောဖြစ်ဘဲ ငြိမ်နေမိ၏။ 'ဇေယျာ'က





သူပြောမှာကို စောင့်နေပုံပါ။

''ခုထိ မင်းကိုငါ အားနာနေတုန်းပါပဲ ဇေယျာ။ အစားပြန်မပေးနိုင်တဲ့ကိစ္စမို့ အဲဒီအကြွေးကို ဒီဘဝ ငါပြန်ဆပ်နိုင်မယ် မထင်တော့ဘူး''

''မလိုပါဘူး သန့်ဇင်ရာ။ ပြီးသာတွေ အတိတ်မှာပဲ ထားခဲ့လိုက်ပါ။ လက်ရှိပစ္စုပ္ပန်တည့်တည့်ကိုပဲ မင်းမြင်ကြည့်။ အနာဂတ်အတွက် လုပ်ဆောင်စရာတွေ အများကြီးရှိနေတာကို တွေ့ရမှာပါ''

''သမီးရဲ့နာမည်ကို မေးကြည့်မှပဲ မင်းရင်ထဲကို ငါ ရှင်းရှင်းလင်းလင်း မြင်လိုက်ရတာပါ ဇေယျာ''

'ဇေယျာ' တစ်ချက်မျှ ရယ်လေ၏။ အမှန်တကယ်မှာဖြင့် သူစိမ်းနှစ်ယောက်အဖြစ်မှာ ချစ်သူမျိုးက စိမ်းသက်နေပြီး မိတ်ဆွေ သူငယ်ချင်းမျိုးကဖြင့် တစ်သက်တာ ခင်မင်မှုဖြင့် နှောင်တွယ်မှု ပိုရှည်ကြာနေတာပါလေ။ သူ့ပခုံးကို ခပ်သာသာ ပုတ်လျက် 'ဇေယျာ' က ခပ်တိုးတိုးပြောလိုက်ပါသည်။

''အလွမ်းပြေသဘောပါ သန့်ဇင်။ ရင်ထဲမှာ ယုကို ချစ်ခွင့်မရှိလို့ မချစ်နိုင်တော့တာတောင်မှ တစ်ခါတလေ တိုက်ဆိုင်မှုရှိလာတိုင်း သတိရမိတာမျိုးတော့ ရှိတာပေါ့။ ဒါပေမဲ့ တသသဖြစ်နေတာမျိုး မဟုတ်တော့ဘူး။ ဖျတ်ခနဲ မှတ်မိ၊ ဖျတ်ခနဲ ပြန်ပျောက်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးလေ။ ငါပြောတာ မင်းသိမှာပါ''

''ဘာပဲဖြစ်ဖြစ် ငါ့အတွက်နဲ့ မင်းတို့ လမ်းခွဲခဲ့ရတာ မဟုတ်လား''

''ဖူးစာမင်ရည်ကျခဲ့တယ်လို့ပဲ သဘောထားပါတယ် သန့်ဇင်။ အခု ငါ့ဘဝမှာ သမီးနဲ့ဇနီး ရှိနေပြီ။ သူတို့က ပထမနေရာယူသွားပြီး ငါ့မိဘတွေက ဒုတိယနေရာမှာ ပြောင်းနေလိုက်ရတယ်။ ဦးစားပေးရတဲ့အဆင့်ကို ဆိုလိုတာပါ''

''အင်း''

''ဘဝမှာ ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုပဲ ရွေးချယ်ရတာပါ သန့်ဇင်။ အခု ငါ့မိသားစုနဲ့ ငါ ပျော်ပျော်နေနိုင်ပါပြီ။ အရင်လို လပ်လျားလပ်လျား အချိန်မဖြုန်းနိုင်တော့ဘူး။ လူလွတ်ဘဝမှာ ဘယ်လိုပဲ စိတ်ကြိုက်ပျော်ခဲ့ပါစေ အိမ်ထောင်သည်ဘဝမှာတော့ အချိန်တန်ရင် ချည်တိုင်ကို ပြန်လာရတယ်။ ဘာပဲဖြစ်ဖြစ် တစ်နေကုန် စိတ်ပင်ပန်းခဲ့သမျှ ညနေပြန်လာချိန် သမီးရဲ့မျက်နှာလေး မြင်တာနဲ့ ငါ အမောပြေတာတ်နေပြီ''

''ငါ ဝမ်းသာပါတယ် ဖေယျာ''

''မလိုပါဘူးကွာ။ မင်းလည်း အခြေကျသင့်ပြီသန့်ဇင်။ တစ်သက်တာမလွတ်နိုင်မယ့် ထောင်ထဲတော့ ငါ့သူငယ်ချင်းကို အတင်း





တွန်းမပို့ချင်ပါဘူး။ စဉ်းစားဆုံးဖြတ်ပါလို့ပဲ အကြံပြုချင်ပါတယ်''

အချိန်မဖြုန်းနိုင်တော့ပါတဲ့။ ဒါဖြင့် သူက 'ဖေယျာ' ၏ တစ်ရက်တာအချိန်ကို ဖဲ့ယူနေသလိုများ ဖြစ်နေပြီလား။ မှန်ပါသည်။ လူလွတ်နှင့် အိမ်ထောင်သည်ဘဝက အတော်လေးကို ခြားနားသွားပြီပဲ။ ဒါကြောင့်လည်း တချို့အိမ်တွေမှာ 'လူလိုသိဝါ'လို့ စာတမ်းချိတ်ထားကြတာ ဖြစ်ဖေမည်။

''ငါ ပြန်တော့မယ်''

''ဟောဗျာ၊ ဘာမှ မပြောတော့ဘူးလား''

''ပြန်လာတဲ့နေ့က သူ့ကိုတွေ့ခဲ့တယ်''

''ဘယ်မှာလဲ''

''လေဆိပ်ထဲမှာ''

''နှုတ်ဆက်လိုက်သေးလား''

''ဟင့်အင်း''

''သန့်ဇင် … သန့်ဇင် … ဒီလောက်နှစ်တွေကြာလာတာတောင်မှ မင်းဒဏ်ရာက အကောင်းမသေသေးပါလား။ အံ့ပါ့ကွာ''

''ပြန်ဦးမယ် ဖေယျာ၊ မွှေးကိုလည်း ပြောလိုက်ပါ။ နောက်မှ မင်းပိတ်ရက် အေးအေးဆေးဆေး လာတွေ့ပါ့မယ်''

''အေးပါ … ရှုန်းနဲ့ Ok ရင် ငါ့ကိုအသိပေးဦး''



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကိုသာ ပြန်ညိတ်ပြလိုက်၏။ ကားပေါ်တက်လိုက်စဉ် ခြိမ်းတွေလင်းလာလေတော့သည်။ အထီးကျန်ညတွေကို ဖြတ်သန်းရဦးမှာပါလား 'ကျော်သန့်ဇင်'။

❋



## အခန်း(၁၉)

Taxi ကို လက်ပြတားလိုက်ပြီး လက်ဖြင့်ဆွဲလာပါသည့် **Luggage** ကို နောက်ခန်းထဲရှိခုံမှာပင် ထည့်ကာ သေးမှာ လူပါ ဝင်ထိုင်လိုက်ပါ၏။ အိမ်လိပ်စာကိုရွတ်ပြရင်း မောင်းရမည့်လမ်းကိုပါ ညွှန်လိုက်ပါသည်။ (၁၀) မိုင်လမ်းဆုံမှာ ကားလမ်းကျပ်မည်၊ ပြီးလျှင် ကျောက်တော်ကြီးဘုရားလမ်းကွေ့မှာ ကျပ်နေဦးမည်။ ထို့မှတစ်ဆင့် လမ်းသစ်လမ်းဆုံမှာ ပွိုင့်မိပြီး ကြာဦးမှာပါ။

"ဦးလေး"

"အေး . . . ပြောသမီး"



www.burmeseclassic.com

www.burmeseclassic.com



"လမ်းသစ်ကို ဆက်မမောင်းဘဲနဲ့ အဲဒီ ဗိုဒ်ကုန်းလမ်းကို ချိုးလိုက်ပါလား"

"စော်ဘွားကြီးကုန်းလား၊ နံ့သာကုန်းလား၊ ရောက်မှာ သမီးရဲ့"

"ဟုတ်တယ်လေ၊ အဲဒီကုန်းကဆင်းလိုက်ပြီး ကွေ့ပြီးဆက်မောင်းရင် ဗိုင်းတို့အိမ်ကို အမြန်ရောက်မှာမို့လို့ပါ။ ဒီတိုင်းသာ မောင်းနေရင် တစ်နေကုန်သွားလိမ့်မယ်"

"အေးအေး"

Taxi ဒရိုင်ဘာကို လမ်းသေချာညွှန်နေရသဖြင့် အိပ်ငိုက်ပြီး မလိုက်ဖြစ်တော့ပါ။ လက်ညှိုးဖြင့် ဟိုညွှန် ဒီပြလုပ်ရင်း 'ဗိုင်း' တို့ ဟိုက်ပတ်ထိပ်ကို ရောက်လာရတော့၏။ သိတယ်မဟုတ်လား။ မောင်းတတ်ရင် Gas ချွေတာရာ ရောက်ပါတယ်။ ခြံရှေ့မှာ ကားရပ်နိုင်းလိုက်ပြီး ကားခရှင်းကာ ဆင်းလိုက်ပါ၏။

"ဗိုင်းချစ်ပြန်လာပြီဟေ့!"

"ကူသယ်ပေးပါ ကိုညီ"

"အေးအေး"

ရေမြောင်းကူးတံတားရှိတာမို့ အိတ်ကို မသယ်နိုင်၍ ဆံပင်ညှပ်ဆိုင်မှအစ်ကိုကို အကူအညီတောင်းလိုက်ရပါ၏။ 'မဓ' က ဟိုမှာ





ဝင်နေဖြစ်ခဲ့ပြီမို့ အိမ်မှာ လူတစ်ယောက် ထပ်လျော့ပြန်လေပြီ။ မေမေတော့ ကိုကို အိမ်ထောင်ကျသွားပြီးကတည်းက နေသားကျနေပြီမို့ ပြသာမှာပါ။ 'ဗိုင်း' မှာသာ ပူဆာမုန့်ဖိုးတောင်းဖို့ အစ်မတစ်ယောက် လျှော့ပြီ မဟုတ်လား။ မတည့်အတူနေ ဝမ်းကွဲအစ်မနှင့်သာ နောင်ကျိန်ချီး ရှေ့ဆက်ရပေမည်။

"ငါ့တူမကြည့်လိုက်ရင် ဘာမှ ပုံပြောင်းမသွားဘူး။ ဒုံရင်းကဒုံရင်းပဲ။ ဖြူလာတာမရှိ ဝလာတာမရှိ"

"ဗိုင်းတို့အမျိုးက အရိုးမျိုးပဲကို"

"ဒါဖြင့် .. ငါက ဘာလဲ"

'မမီးမီး' ကျူးရှင်လိုက်ပြရန် ဆင်းလာသည်နှင့် တိုးလေ၏။ Wedding Ceremony ကို memory stick ဖြင့် ကူးလာပေးသဖြင့် အောက်စက်မှာတပ်ပြီး မိသားစုအကုန် တိုးငွေ့ကြည့်နေကြလေသည်။ မောမောနှင့်ပြန်လာသည့် 'ဗိုင်း' ကို ဘာမှတောင် ကျွေးဖို့ သတိမရကြပါလားနော်။

"မီးမီးက ပြန်လာမှပဲ အေးအေးဆေးဆေး ကြည့်တော့မယ်"

'မမီးမီး' က 'ဗိုင်း' အိမ်နောက်ဘက်သို့ ဝင်လာတာကို လိုက်လာလေ၏။ ရေခဲသေတ္တာထဲမှ ရေပုလင်း (သိပ်မအေးတာကြီး) ယူ၍ ဖန်ခွက်ထဲ ရေလောင်းထည့်ကာ မော့သောက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



‘မမ’ မင်္ဂလာဆောင်မှာ စိတ်ရောလူပါ မောခဲ့ရတာ မဟုတ်လား။

“ဝိုင်းချစ်”

“အင်း”

“နင့်နားကပ်ရော phone ပါ နင့်စားပွဲအံခွဲထဲ ထည့်သိမ်းထားပေးတယ်”

“အင်းပါ”

“ကိုစိုးပြေ phone ဆက်ထားသေးတယ်”

“မမမီးမီးကိုလား”

“နင့် phone ကို ဆက်လို့ တစ်ကြိမ်ပဲ ငါ လက်ခံပြောခဲ့တာပါ”

“ဘာတဲ့လဲ”

“နင်ပြန်လာရင် ဆက်ဆက်တွေ့မယ်လို့ ပြောပေးပါတဲ့”

“ဒါပဲ မဟုတ်လား”

“အေး ... ငါသွားပြီ”

အိမ်ရှေ့မှာ ဆူညံအော်ဟစ်နေကြသဖြင့် အနားယူရန် အပေါ်ထပ်သို့ တက်လာခဲ့ပါသည်။ အိပ်ခန်းထဲမှာ ဘွားဘွားက ခုတင်ဖြင့် မအိပ်တတ်သဖြင့် ကော်ဇောထက် မွေ့ရာခပ်ထူထူခင်းထားပေးတာ အဆင်သင့်ပဲမို့ ခန္ဓာကိုယ်ကို ပစ်လှဲချလျက် အိပ်လိုက်မိပါ၏။





‘ဝိုင်း’ ပြန်ရောက်ပြီ ‘ကိုကို’။ မပြတ်ဘဲ တည်းတည်းလေး တွယ်နေသေးတဲ့ ကြိုးကို တိခနဲ ဖြတ်ပေးရမှာ မဟုတ်လား။ တွေ့ကြဖို့မပြောလည်း ‘ဝိုင်း’ က မတွေ့တွေ့အောင် သွားတွေ့ဦးမှာပါ။ ရင်ထဲ သိမ်းဆည်းထားခဲ့ရပါသည့် အစိုင်အခဲကို ဖွင့်မထုတ်ရလျှင် သေသွားနိုင်သည်လေ။

“အချစ်” ဆိုတာ ‘ဝိုင်း’ အတွက် ‘အဆိပ်’ များဖြစ်နေပြီလား။ တစ်ကြိမ်ချစ်ခဲ့ဖူးပေမယ့် အဖြေမပေးနိုင်ဘဲ လမ်းခွဲခဲ့ရတာလေ။ အခုနောက်တစ်ကြိမ် ရင်ခုန်ရင်း နောက်တစ်ခါ ထပ်ချစ်မိပေမယ့် ဒီတစ်ခေါက်လည်း ကျောခိုင်းနှုတ်ဆက်ရပြန်သတဲ့။

‘ကိုကို’ ‘ကိုကို့’ အမေက ‘ဝိုင်း’ ကို ‘ကိုကို’ နဲ့ သဘောမတူချင်မှန်း သိခဲ့ပါတယ်။ နှိမ်ချင်တဲ့အကြည့်၊ နှိမ်ချတဲ့အပြုံး၊ အဆင့်အတန်း ခွဲခြားပြတဲ့ မျက်နှာမဲ့အရယ်တွေကို ‘ဝိုင်း’ က အခုအချိန်ထိ မမေ့ခဲ့သေးပါလေ။ ‘မမ’ Wedding ကိစ္စကြောင့် ဝိုင်း ကူပေးရင်း အလုပ်ရှုပ်စဉ် ခဏလေးမှာသာ ရင်အပူက ခဏတာမျှ ငြိမ်းခဲ့ရုံပါ။

ဒီမြေကိုပြန်လာတဲ့အခိုက် ဒီရင်ခွင်ကိုအမှတ်ရပြီး နာကျင်ခြင်းတ ဝိုက်တွေးမိပြန်ပါရော မဟုတ်လား။ ချစ်သူထားကြတယ် ဆိုတာ [illegible]က သူများတွေအတွက် အပျော်တမ်း စိတ်အာသာဖြေစရာ ကစားခြင်းမျိုး ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ‘ဝိုင်း’ ကတော့ ကိုယ့်ကိုယ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ထက် ပိုချစ်လို့ ရွေးချယ်တာဟုသာ ယူဆမိခဲ့တာပါ။

တစ်ကြိမ်ရခဲ့တဲ့ဒဏ်ရာကို သက်သာစေလိုတဲ့ အစားထိုးကုသမှုတစ်ခု ဖြစ်နိုင်ပေမယ့် ဘယ်အရာကိုမဆို ရင်နှင့်ရင်းရတာချည်းပါပဲ။ ဒီနှလုံးသားက ချစ်စေချင်လို့ ဒီရင်ဘတ်ထဲက ချစ်နိုင်းလို့ ဦးနှောက်က ဆုံးဖြတ်ချက်ချပြီး ခေါင်းညိတ်လက်ခံခဲ့ရတာပဲ မဟုတ်လား။

မုန်းဖို့လွယ်ပေမယ့် မေ့ဖို့ခက်လွန်းတာကို ငယ်နုသည့် အရွယ်ကတည်းက သိခဲ့ရတာပါ။ နောက်တစ်ကြိမ် ရင်နာခွင့်၊ နောက်တစ်ခါ အက်ရာထင်ခွင့်၊ နောက်ထပ်တစ်မျိုး ရှုံးအောင့်နာကျင်ခွင့်မျိုး မလိုချင်ပါလို့ သူ့ကို အဖြေပေးပြီးကတည်းက 'ဝိုင်း' ပြောပြခဲ့ပါတယ်။

"တိတိပပ ချစ်သူမရှိခဲ့လို့ ကျေးဇူးပါ" ဆိုတဲ့ နှုတ်ခမ်းပါးက ထွက်လာသည့် စကားတို့က လေနှင့်အတူ လွင့်ပါကုန်လေသလား။ ပြောတော့ဖြင့် မေတ္တာစစ်နှင့် ချစ်တာဆိုပြီး လက်တွေ့မှာဖြင့် 'ဝိုင်း' ကို ပထမဦးစားပေးခြင်း အလျဉ်းမရှိခဲ့ပါလေ။

Phone ခေါ်လိုက်တိုင်း သူ့မေမေ ဘေးနားမှာရှိပါက 'ဝိုင်း' ၏ phone call ကို သူလုံးဝမကိုင်ပါ။ 'ဝိုင်း' နှင့်အတူတွေ့စဉ်မှာ သူ့ မေမေခေါ်သည်နှင့် ပြန်ချင်ပြီပြောတာက ဘယ်နှကြိမ်တောင် ရှိခဲ့ပါသလဲ။ အမေဖြစ်သူနှင့် သားဖြစ်သူကြားမှာ 'ဝိုင်း' က လူပို





သက်သက်သာ ရှိခဲ့ရုံထက် မပိုပါလေ။

သူ့မေမေကို ချစ်တာနှင့်မတူတူးဟု ချေပချင်မှာပါပဲ၊ လောကမှာ (၅၂၈) နှင့် (၁၅၀၀) မတူမှန်းလည်း သိထားကြမှာပါ။ သို့သော် ဘယ်သူမဆို ကိုယ့်ချစ်သူရဲ့ချစ်ခြင်းအလုံးစုံကို ပိုင်ဆိုင်ချင်ကြမှာချည်းပါပဲ။ မိခင်လောက် မချစ်မှတော့ (မချစ်နိုင်မှတော့) 'ဝိုင်း' ကိုချစ်တာ အလကားပဲဟုသာ မြင်မိပါ၏။ ကွယ်ရာမှာ တမ်းတပြီး လွမ်းတာသာသာ ဖြစ်ရတာကို မုန်းလွန်းပါသည်ဟု ပြောခဲ့ပါလျက် တမင်တကာပင် နှိပ်စက်ခဲ့တာများလား 'ကိုကို' ရယ်။

"သမီးငယ်"

ခြေသံတရှပ်ရှပ်နှင့်အတူ မေမေ့ခေါ်သံကို ကြားလိုက်ရပါ၏။ ပါးပြင်ထက် မျက်ရည်တွေ စီးကျနေပါသည့် မျက်နှာကို မေမေ မမြင်စေချင်ပါ။ နံရံဘက်သို့ မျက်နှာမူလျက် အပေါက်ဝကို ကျောပေးထားပြီး ငြိမ်နေမိလေ၏။ ခပ်အုပ်အုပ်ခေါ်လိုက်ပါသည့် မေမေ့ခြေသံက အခန်းဝမှာ ရပ်သွားပါသည်။ လိုက်ကာကို ဖယ်ကြည့်ပြီထင်ပါရဲ့။

"ငါ့မြေး အိပ်ပျော်နေပြီထင်တယ်။ နားပါစေ သမီးရယ်၊ ခရီးပန်းလာတာကို"

"ဘာမှမစားဘဲ အိပ်ပေါ်တက်သွားတာမို့ လာကြည့်တာပါ မေမေ။ ဗိုက်ထဲ အစာမရှိရင် ဘယ်ကောင်းကောင်းအိပ်ပျော်ပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နိုးတော့ စားမှာပေါ့ကွယ်"

ဘွားဘွားက အပေါ်ထပ်ဝရန်တာမှာ ခုံဖြင့်ထိုင်၍ ပုတီးစိပ်နေရာမှ လှမ်းပြောလိုက်ပုံပါ။ မေမေ ပြန်ဆင်းသွားမှန်းသိလေမှ မျက်ရည်က တပေါက်ပေါက်ဖြင့် ပို၍ စီးကျလာသဖြင့် ကျိတ်ရှိုက်လိုက်မိ၏။ မငိုဘူးဟု တင်းထားခဲ့သမျှ စိတ်ကိုလွှတ်ပေးလိုက်ရုံပါ။ 'မမ' ကိုလှမ်း၍ ငိုသည်ဟုပဲ ထင်ကြပါစေလား။

ကိုယ့်သားသမီး မိုက်မပြည့်မှာကို မိဘတိုင်းစိုးရိမ်တတ်ပါလား။ သို့သော် တော်ရုံသင့်ရုံပေါ့နော်။ သူမမေမေလို ကြောင်သားရှိသည့်နှယ် သွားလေရာခေါ်တာမျိုး၊ ကြက်သားအုပ်မကြီးနှယ် အုပ်သိမ်းထားချင်တာမျိုးလောက်အထိတော့ မဟုတ်ကြပါဘူး။ အချိန်တန်အရွယ်ရောက်သည်နှင့် ရင်ငွေ့အောက်က လွှတ်ပေးကြတာချည်းပါပဲ။

ဘွားဘွားမကြာခဏ ဆိုဆုံးမခဲ့သည့် စကားတို့ကို ပြန်ကြားယောင်မိပါ၏။ တရားဖြင့် မွေ့လျော်နေပါသည့် ဘွားဘွားက စိတ်အေးချမ်းရာသလောက် ချစ်ခြင်းဖြင့် ပျော်မွေ့နေပါသည့် 'ဝိုင်း'မှာဖြင့် စိတ်တွေ ပူလောင်မြိုက်နေခဲ့ရတာပါလေ။

"မြတ်သောစိတ်၏ အကြောင်း (၅) ဖြာ"

(၁) တန်ဖိုးထားတတ်ရမည်။

(၂) ကြင်နာစာနာတတ်ရမည်။





(၃) သနားညှာတာတတ်ရမည်။

(၄) ခွင့်လွှတ်တတ်ရမည်။

(၅) စွန့်လွှတ်တတ်ရမည်။

ဒီ (၅) ချက်စလုံးကို သိနားလည်ထားပါက လောကဓံ (၈) ပါးဒဏ်ကို ကြံ့ကြံ့ခံနိုင်ပြီး ဘဝကို ရောင့်ရဲရှင်သန်နိုင်မှာပါတဲ့။

'ဝိုင်း' တို့ပုထုဇဉ်တွေရဲ့ သဘောသဘာဝအတိုင်း လူတွေမှာ လောဘ၊ ဒေါသ၊ မောဟမီးတွေနဲ့ နေ့စဉ် အပူမီးထဲမှာ မေ့လျော့ပြီး ပျော်ပိုက်နေခဲ့ကြတာပါလေ။ 'ဝိုင်း' ကိုယ်တိုင်လည်း လူထဲက လူတစ်ယောက်မို့ ဒီပင်လယ်ထဲမှာ မျောချင်တိုင်း မျောပြီး မောချင်တိုင်း မောနေမှန်း သိနေပါသည်။

သို့သော် ပထမအရွယ်ကိုကျော်၍ ဒုတိယအရွယ်မှာဖြင့် ဥစ္စာရှော ကြင်ယာပါ ရှာချင်သည့်သဘာဝကို တွန်းလှန်နိုင်မှာမှ မဟုတ်တာလေ။ ချစ်ခွင့်ရှိခိုက် ချစ်ပြလိုက်ရုံပါ။ ဒီထက်မပိုပါဘူး။ သို့သော် အချစ်၏ နောက်ဆက်တွဲအတိုင်း အတူတူနေခွင့်မျိုးကိုတော့ သဘာဝအတိုင်း ပိုင်ဆိုင်ချင်ရုံပါ။

ချစ်ပြီးမှတော့ နောက်ဆုတ်ဖို့ပြင်ရဦးမှာလား။ တစ်ကြိမ်ကွဲမှုတဲ့ အသည်းကို ကုစားပေးမယ်ဆိုသည့် 'ကိုကိုဒေါက်တာ' က ထိုသို့ ခေါ်ခွင့်မရခင်မှာပင် 'ဝိုင်း' ကို ရက်စက်ပြချင်နေသလော။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဝိုင်း' က မိန်းကလေးဖြစ်နေပေမယ့် ပျော့ညံ့ညံ့မိန်းမထဲမှာတော့ မပါဘူးဆိုတာ ကိုကိုသိထားပါ။

"ဝိုင်းချစ် . . . ဝိုင်းချစ်"

"အင်း"

"နိုးသင့်နေပြီ . . . ထတော့လေ။ မနက်ကတည်းက ဘာမှမစားရသေးဘူးဆို"

ကိုယ်ခန္ဓာကို ကိုင်လှုပ်နှိုးနေသဖြင့် မျက်ခွံကို အားယူဖွင့်လိုက်ရပါ၏။ 'မမမီးမီး' တောင် ပြန်ရောက်လာမှုဖြင့် ညနေစောင်းနေလေပြီ။ မှိုအစ်နေသည့် မျက်နှာဖြင့် မွေ့ရာထက် ငုပ်တုတ်ထထိုင်လိုက်ပါသည်။ ခေါင်းထဲမှာ တစ်စစ်စစ်ကိုက်ခဲနေလေ၏။

"အန်တီကြီးလည်း ထမင်းစားမကောင်းလို့ ဘာမှ မချက်တော့ဘူး။ ညနေဘက် ထမင်းသုပ်စားကြမယ်တဲ့"

"ဝိုင်း, မသုပ်ချင်ဘူးနော်"

"အေးပါ . . . သိပါတယ်၊ ထတော့ ရေလေးဘာလေးချိုးစမ်းပါ။ လူက သရဲရုပ်ဖြစ်နေပြီ၊ ငိုထားသေးလား"

"မသိချင်ပါနဲ့"

"မပြောချင်လည်းနေ၊ မပြတ်နိုင်ရင်လည်း မြုံမထားဘဲ ပွင့်ပွင့်လင်းလင်း ဖွင့်ပြောမှပေါ့။ ကွယ်ရာမှာ မျက်ရည်ကျနေတာ အရှုံး





အလုပ်ဟဲ့"

"ဝိုင်းက မမမီးမီးလိုမှ အသည်းမမာတာ"

"နိုင်ရာလူ ပတ်မယမ်းနေနဲ့။ ပါးစပ်ကဖြင့် ခပ်မာမာဆိုပြီး လူက ဒီလိုပျော့ခွေမှတော့ ဟိုက ပိုပြီးဖိနင်းပြချင်တော့မှာပေါ့"

"မမမီးမီး"

"ဘာလဲ"

"ကိုဇေ မင်္ဂလာဆောင်တဲ့သတင်းကြားတုန်းက ငိုမိသေးလား"

"မငိုဘူး"

"ဘာဖြစ်လို့လဲ၊ ရင်ထဲမှာ မနာဘူးလား မမရာ"

"ကံစီမံရာပေါ့ဟယ်။ ငါမှ လက်မခံခဲ့တာကို။ ကျောခိုင်းပြီး လှည့်ကြည့်ရင် လွမ်းနေမိဦးမယ်။ မျက်ရည်ဆိုတာ အရှုံးတဲ့။ ချာတိတ်မရဲ့၊ မြဲမြဲမှတ်ထား"

အလို! "မျက်ရည်ဆိုတာ အရှုံး" တဲ့လား။ ဒါဆိုရင်တော့ သူ့ရှေ့မှာ ဒီမျက်ရည်တွေ မကျမိစေဖို့ 'ဝိုင်း' အထူးသတိထားရတော့မှာပါလေ။ တွေ့ကြဦးမှာပါ 'ကိုစိုးပြေ'။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ရေချိုးခန်းမှထွက်လာစဉ် မေမေက ကြက်သွန်ဆီသပ်နေတာမို့ အိမ်ထဲမှ ဩဇာန့်က မွှေးနေလေတော့၏။ အပျင်းထူနေမိပေမယ့် ဒီမနက် အလုပ်ပြန်စဆင်းရမှာမို့ ဝီရိယရှိစွာ ခပ်စောစော ထဖြစ်ပါသည်။ ငိုထားသည့်အရှိန်ဖြင့် ခေါင်းကိုက်ခဲ့ရတာမို့ ညက Para On လိုက်ရတာ မဟုတ်ပါလား။

"ဘာချက်မလို့လဲ မေမေ"

"ချက်တာတွေပြီးကုန်ပါပြီ။ ဒါက သမီးအတွက် ထမင်းချိုင့်ထဲမှာ သရက်ချဉ်သုပ်လေး ထည့်ပေးလိုက်မလို့ ဆီသပ်နေတာ"





"ငရုပ်သီးစိမ်းနဲ့ သုပ်ပေးပါ မေမေ"

"အေးအေး"

ထမင်းချိုင့်ခေါးပြီး မော့ကြည့်ထားတာကိုကြည့်မိစဉ် မမကို သတိရမိလေ၏။ ခါတိုင်းဆို ထမင်းချိုင့်နှစ်ခုစာထည့်နေကျ မဟုတ်ပါလား။ မေမေကတော့ ထုံးစံအတိုင်း အလုပ်ရှုပ်ရင်း 'မမ' ကို သတိမရဘဲ တမင်မေ့ထားပုံပါလေ။ အပေါ်ထပ်သို့ ခပ်သွက်သွက်တက်လာကာ သနပ်ခါးလူး အဝတ်လဲလိုက်ပါ၏။ ဆံပင်ရှည်နေပြီမို့ ခါတိုင်းလို မြင်းသစ်ဆံထုံးလှလှလေး မထုံးဖြစ်တော့ဘဲ ခပ်မြင့်မြင့်လေးစည်းကာ ကျစ်ဆံမြီး ကျစ်ပြီးမှ ပုံပုံလေး ထုံးလိုက်ပါသည်။

သနပ်ခါးပါးကွက်ကို ပါးပါးလေးလူးကာ မျက်ခုံးဆွဲ၊ နှုတ်ခမ်းဆိုးဆေးပန်းရောင်ဖျော့ဖျော့ဆိုးလိုက်ပြီး အလှပြင်တာပြီးလေ၏။ ညက အားသွင်းပြီးသား phone ကို power ဖွင့်လိုက်စဉ် message တွေ တစ်ပြုံတစ်ခေါင်းကြီး ဝင်လာလေသည်။ မတတ်နိုင်ပါ။ လမ်းသွားရင်း ဖွင့်စစ်ရတော့မှာပါပဲ။

ဝန်ထမ်းကတ်ကို Uniform ရင်ဘတ်နေရာမှာ ချိတ်လိုက်ပြီး မှန်ထဲမှာ တစ်ချက်ကြည့်လိုက်ပါ၏။ ကိုယ့်ကိုယ်ကိုယ် စိတ်တိုင်းကျလေမှ ယူစရာပစ္စည်းတွေ သေချာစစ်ကာ slimbag ထဲထည့်လိုက်ပါသည်။ မိုးတွင်းမဟုတ်တော့သဖြင့် ထီးမယူဖြစ်တော့ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"ပဲဟင်းချိုချက်ပေးမယ့် သမီးထည့်သွားလို့ မရဘူး ထင်တယ်"

"မထည့်တော့ဘူး မေမေ။ ဘာဟင်းနဲ့ ထည့်ထားပေးလဲ"

"ဘူးညွန့်ကြော်ချက်လေ။ အရည်နည်းနည်းနဲ့ ထည့်ထားတယ်။ တစ်အံမှာက သရက်ချဉ်သုပ်နဲ့ ငါးကြော်နှပ်၊ ထမင်းက တစ်အံ"

"Good ပဲ"

"ထမင်းလိုမှ ထားတာ စားသွားဦးလေ။ မေမေ ကော်ဖီဖျော်ပေးထားတယ်။ နွေးတုန်းသောက်သွား"

"မမကို လွှမ်းလွှမ်းနဲ့ အလုပ်တွေဖိပြီး မလုပ်ပါနဲ့ မေမေ။ ကျန်းမာရေးလည်း ဂရုစိုက်ပါဦး"

"အံမာ ... ငါတို့အမျိုးက အသက်ရှည်တဲ့အမျိုးပါနော်။ ငါ့ဖယ်က ပြောင်းပြန်ပြောနေပါပြီ။ သမီးသာ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်၊ မောင်စိုပြေနဲ့ ကောက်နေကြပြန်ပြီလား"

"ကောက်တာထက် ပိုပြင်းတယ်အန်တီကြီးရေ"

"မမမီးမီးနော်၊ အချွန်နဲ့ မ,ပြန်ပြီ"

အိပ်ရာမှနိုးပြီး ရေချိုးရန် ဆင်းလာပါသည့် 'မမမီးမီး' က 'ဝိုင်း' ကို စလိုက်လေ၏။ ထမင်းကြော်တစ်ပန်းကန်ကို မြန်မြန်စားကာ





ကော်ဖီနှင့် မျှောချလိုက်ရပါသည်။ ဘိုစာနှင့် ဗမာစာကို တစ်ခါတည်း ရောထည့်မိပြန်ပါရောလား။ မေမေပြင်ပေးသမျှ အကုန်စားပြီးမှ အလုပ်သွားရန် ခုံမှထလိုက်ပါ၏။

"ဝိုင်းသွားတော့မယ် မေမေ၊ ဘာမှာဦးမလဲ"

"အပြန်စောရင်တော့ သစ်သီးလေး နည်းနည်းစီ ဝယ်ခဲ့ပါသမီး။ မနက်ခွန်းတော်ကပ်ရအောင်၊ လတ်လတ်ဆတ်ဆတ် ရွေးခဲ့ဦးနော်"

"ဟုတ်! ... ဘိုင်း! ... မားမီ"

"ရွှတ်!"

"အရှုံးမ အရူးထပြန်ပြီ"

မေမေ့ပါးပြင်ကို မွှေးမွှေးပေးလိုက်ပြီး steel ချိုင့်ကို ဆွဲယူ၍ ထွက်လာခဲ့ပါ၏။ နောက်ထပ်တစ်ရံ ဝယ်ထားပါသည့် ကြိုးသိုင်းဖိနပ်အမြူကို ဘူးထဲမှ ထုတ်စီးလိုက်ပါသည်။ Uniform ဝတ်ထားပါသည့် မိန်းကလေးက ဖိနပ်အမြင့်နှင့် ကြွကြွရွရွလေး ဖြစ်သွားလေ၏။

"ဆိုက်ကားဟေ့!"

"လာပြီ အစ်ကိုရေ့၊ လာပြီ"

ဆိုင်တံခါးဖွင့်နေသည့် 'ကိုညီ' က အလိုက်သိစွာပင် ဆိုက်ကားခေါ်ပေးပါသည်။ လမ်းဆုံမှာရပ်ထားပါသည့် ဆိုက်ကား



www.burmeseclassic.com

www.burmeseclassic.com



တွေထဲမှ စီးနေကျလူက ခပ်မြန်မြန်မောင်းလာလေ၏။ လမ်းတွေ ခင်းပြီးနေပြီမို့ ဘာစီးစီး အမြန်နှုန်းဖြင့် ကားဂိတ် (လမ်းမကြီးထိပ်) ကို လျှောခနဲ ရောက်လေ့ရှိပါသည်။

"လေးလိုက်တာ"

"ညည်းဝလာလို့နေမှာပေါ့"

"အာ . . . ဦးနိုင်ကြီးကလည်း မဝပါဘူး။ ဒီမှာ Uniform က fit ပဲ"

"ဟား ဟား ဟား . . . စတာပါ ငါ့တူမရာ။ နည်းနည်းမှ အစမခံပါလား"

"တခြားနည်းနဲ့ စချင်စပါ။ ဝိန်တာ ဝတာမျိုးနဲ့တော့ မစပါနဲ့။ အိမ်မှာ မမမီးမီးနဲ့ ပြဿနာဖြစ်လွန်းလို့"

"ဟို ဆရာမလေးလား"

"ဟုတ်တယ်"

နှုတ်မှစကားလည်းပြောရင်း Phone ကိုဖွင့်ကာ message တွေ စစ်လိုက်ပါ၏။ သိပ်အရေးမကြီးတာမှန်သမျှ ဖတ်ရင်း Delete လုပ်ကာ ဖျက်ပစ်ရပါ၏။ Boss မမပို့ထားတာကိုတော့ သေချာမှတ်ရပါသည်။ အလုပ်ကိစ္စမို့ အရေးကြီးသည်ကို။ လမ်းထိပ် ရောက်ပြီမို့ ဆိုက်ကားခပေးကာ တစ်ဖက်လမ်းကို ကူးလိုက်၏။ မြို့ထဲ





သွားမည့်ကားကို စောင့်ရင်း Phone ကို ဆက်ကြည့်နေဖြစ်ပါသည်။

"မျက်မှန်လိုတော့မှာပဲ။ ဒီလောက် မြူးပြီ game ဆော့နေရလား"

"အလုပ်ကိစ္စရှင့်၊ အလုပ်ကိစ္စ။ အားအားလျားလျား game ဆော့ဖို့ အချိန်မရှိဘူး"

လူက ထုံးစံအတိုင်း (ဘေးမှစလိုက်သည့်လူကို) ပက်ခနဲ ပြန်ပြောလိုက်မိကာ မျက်စောင်းပါ ထိုးလိုက်မိ၏။ Bus လာနေပြီမို့ ရန်ဆက်မတွေ့ဖြစ်တော့ဘဲ ကားပေါ်တက်လိုက်ရပါသည်။ ရုံးချိန်စော နေသေး၍ ကားပေါ်မှာ လူရှင်းသလောက်ပါပဲ။

"ဘယ်နှယောက်လဲ မမလေး"

"တစ်ယောက်တည်းရပ်နေတာ ရှင်မမြင်ဘူးလား။ မျက်စိ သွားစစ်ဦး"

"ရာသီဥတု မသာယာဘူးဟေ့၊ သတိထားကြ"

စပယ်ယာကို ကားခပေးစဉ် အစခံရပြန်လေ၏။ ရော်! လူကို ဘယ်လိုဖြစ်ပြီး စချင်နောက်ချင်နေကြပါလိမ့်။ စိတ်ထဲမှာ သတိဆွဲကာ အလုပ်ကိစ္စကိုသာ တွေးလိုက်ရပါသည်။ Computer မှာ mail စစ်ရမယ်။ ဆိုင်အသစ်နှစ်ဆိုင် ပစ္စည်းမှာထားတာ သွားပို့ရမယ်။ စတိုခန်း ဝင်ရမယ်၊ ဒါပါပဲ။ ဆင်းရမည့်မှတ်တိုင်ရောက်ပြီမို့ ပွဲ့အုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြားထဲမှ တိုးခေါင်းလိုက်ပါသည်။ ကုမ္ပဏီရှိရာလမ်းသို့ ခပ်သွက်သွက် လှမ်းခဲ့ရလေ၏။ Phone မှ message ဝင်သံကြားပေမည့် အလုပ်ရောက်နေပြီမို့ မကြည့်ဖြစ်တော့ပါ။ Time card ကို စက်ထဲထည့်လိုက်ပြီးမှ အလုပ် ခန်းရှိခုံမှာ ဝင်ထိုင်လိုက်ရပါသည်။

သန့်ရှင်းရေးဝန်ထမ်းက Hall ထဲမှာရှိပြီး 'ပိုင်း' ထိုင်ရသည့် အခန်းထဲကိုတော့ မဝင်စေရပါ။ အရေးကြီးသည့် စာရွက်စာတမ်းစာချုပ်တွေက 'ပိုင်း'နှင့် 'Boss မမ' ရှိနေသည့် ဒီရုံးခန်းကိုဖြင့် တာဝန်ရှိသည့် 'ပိုင်း'နှင့်'မမထားထားစံ'သာ ဝင်ခွင့်ယူထားတာပါလေ။

"ပိုင်းချစ်ရောက်ပြီလား"

အပြင်မှ မေးသံကြားရပေမယ့် Mail box မှ print ထုတ်နေတာကိုသာ အာရုံစိုက်နေသဖြင့် လှည့်မကြည့်ဖြစ်ပါချေ။ စာရွက်တွေကို နှစ်ရွက်စီကူးဖြစ်တာမို့ file ဖြင့်တွဲကာ သိမ်းရမှာကို အံဆွဲဖွင့်၍ ထည့်သိမ်းလိုက်ပါသည်။ ယူသွားရမည့်စာရင်းကို သေချာစီထပ်ကာ pin ဖြင့် တွဲထားလိုက်ပါသည်။

Mart တွေ၊ phone ဆက်ပြီးမှာထားပါသည့် စာရင်းတွေက Daet တိုင်းအပြည့်မို့ ပစ္စည်း list ကို မျိုးတူတာ အရင်ရွေးနေမိစဉ် ရုံးခန်းတံခါးပွင့်သွားပါ၏။ ဖျတ်ခနဲ လှည့်ကြည့်မိစဉ် Boss မမက အပြုံးဖြင့် ဝင်လာလေသည်။





"Morning မမ"

"Morning ပါ ပိုင်းချစ်။ Leave ယူလိုက်ရတာနဲ့ အလုပ်တွေ ပုံနေပြီလား"

"ဟုတ်တယ်၊ တော်တော်များတာပဲ"

"ကားမောင်းဖို့နဲ့ သယ်ဖို့ ကောင်လေးတွေ ခေါ်သွားနော်။ တစ်ယောက်တည်း သိမ်းကြုံးလုပ်မနေနဲ့"

"ဟုတ်ကဲ့ မမ"

"စိုပြေနဲ့ တွေ့ဖြစ်သေးလား"

"ရှင်! "

"ဪ . . . မေးကြည့်တာပါ ပိုင်းချစ်ရဲ့။ ဘာလို့လန့်သွားရတာလဲ"

"ဘာမှမဖြစ်ပါဘူး"

"ဘယ်ကနေ ဘယ်လို သတင်းရသွားမှန်းမသိဘူး။ မမကို မေသူတောင် phone ဆက်မေးသေးတယ် ပိုင်းချစ်ရဲ့။ ဝန်ထမ်းရဲ့ personal မို့ မမနဲ့မဆိုင်ဘူးလို့ အပြတ်ပြောလိုက်ရတယ်။ ပိုင်းချစ်သိထားဖို့က သူတို့မိသားစုမှာ စိုပြေနဲ့ အန်ကယ်ဦးအောင်သူက စိတ်သဘောထားပြည့်ပြီး မေသူနဲ့ အန်တီသပြေညိုက နည်းနည်း pround ဖြစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဝိုင်း သိပါတယ်"

"တွေ့ဖူးပြီးပြီပေါ့လေ"

"ဟုတ်ကဲ့၊ သုံးလေးခါလောက်ပေါ့"

"ဘယ်လိုလဲ၊ လိုလိုလားလားရှိရဲ့လား"

ပြန်မဖြေမိပါ။ ပထမတစ်ကြိမ်မှာတင် အဖုအထစ်ရှိခဲ့ရပြီး နောက်ထပ်အကြိမ်တွေမှ မရယ်မပြုံးနိုင်ပေမယ့် ဟန်ဆောင်ပန်ဆောင်ဖြင့်သာ ညှိခံခဲ့တာပါလေ။ မေမေနှင့် မရင်းနှီးပေမယ့် ဆွေမျိုးထဲမှာ အသိတွေရှိသဖြင့် ထိုလူတွေကတစ်ဆင့် 'ဝိုင်း'တို့ကို သဘောမတူချင်ကြောင်း အထက်စီးဆန်ဆန် သတင်းရောက်စေတာ မဟုတ်ပါလား။

'မမ' အိမ်ထောင်ကျသွားသဖြင့် မေမေ့ကို စိတ်ချမ်းသာအောင် 'ဝိုင်း' က ဂရုစိုက်နေရတာပါ။ ဒီကြားထဲ ဒီသတင်းဆိုးသာ မေမေကြားသွားပါက ပြဿနာဖြစ်တော့မှာလေ။ နဂိုကတည်းက 'ဝိုင်း' စိတ်ကြိုက် ရွေးချယ်ခဲ့ပါသည့် ချစ်သူ၏အဆိုးအကောင်းကို 'ဝိုင်း' ပင် ခံယူဖြေရှင်းဖို့ အပြတ်ပြောထားတာ မဟုတ်ပါလား။

'ဝိုင်း' ကိစ္စနှင့် မေမေပါ အပြောခံရပြီး စိတ်ဆင်းရဲရပါလျှင် မိသားစု ဆွေမျိုးတွေ အပြောဖြင့် ပြစ်တင်ခံရတော့မှာ အသေအချာပါလေ။ ဒီတော့ 'ဝိုင်း' သာ စိတ်ပြတ်သားဖို့ လိုနေပြီမဟုတ်ပါလား။ သူများတွေတော့ ဘယ်လိုအဆင်ပြေကြမှန်းမသိပါ။ 'ဝိုင်း' မှာဖြင့်





'အဆိုတော်စိုင်းထီးဆိုင်' ၏ သီချင်းထဲကလို နှလုံးလမ်းကြောင်းမှာ ဘူနီးခံနေတာထင်ပါရဲ့။

"ဝိုင်း စတိုသွားလိုက်ဦးမယ် မမ။ ပြီးတာနဲ့ ပစ္စည်းပို့တော့မယ်နော်"

"Ok! ဖော်မျိုးဦးတို့ကို တစ်ခါတည်း ခေါ်သွားနော်"

"ဟုတ်ကဲ့ပါ မမ"

ရုံးခန်းထဲမှ ထွက်ခဲ့ပြီး ဂိုဒေါင်ရှိရာဆီ လျှောက်ခဲ့ပါ၏။ စတိုထဲမှ ပစ္စည်းပုံးတွေကို ချိန်းပြီး စာရွက်စာရင်းအတိုင်း ရွေးထည့်စေပြီး ပုံးကိုပိတ်ကာ အပေါ်မှ ဆေးပင်ဖြင့် ဆိုင်အမည်ကို 'ဝိုင်း'ကိုယ်တိုင် ရေးလိုက်ပါသည်။ ဒီမှာပင် အချိန်အတော်ကြာနေပြီမို့ ဒီတစ်ရက်တည်း အပြီးပို့နိုင်မည်မထင်ပါ။ မြို့ထဲဆိုင်တွေပဲ ပြီးမည်မို့ ထိုဆိုင်တွေ ပို့ရမည့်ပုံးတွေကိုသာ ပစ္စည်းသယ်ပို့သည့်ကားပေါ် တင်ခိုင်းရလေ၏။ နောက်နေ့ပို့ရမည့်ပုံးတွေကို သပ်သပ်စီခိုင်းထားကာ တခြားပစ္စည်းပုံးတွေနှင့် မရောမိစေရန် စတိုစာရေးမလေးကို သေချာမှာရပါသည်။

ကားပေါ်တက်၍ သုံးယောက်သား ထွက်ခဲ့စဉ် message တဂွမ်ဂွမ် ရောက်နေပါသည့် phone ကို ဖွင့်ကြည့်လိုက်မိပါ၏။ ထင်သည့်အတိုင်းပင် သူ့ထံမှ ပို့ထားသည်က အစောင် (၂၀) နီးနီး ရှိနေလေသည်။ ပြန်ရောက်နေပြီမှန်း သိနေပြီပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်စောင်ချင်းပြန်မရေးတော့ပါဘဲ 'နားရက်တွေ့မည်' ဟု သည့်စာကြောင်းကိုသာ ရေးပို့လိုက်ရလေ၏။ အလုပ်ရှုပ်ပြီး ပင်ပန်းဖို့က တစ်နေ့ကုန်မှ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်ဖြင့် မောပန်းနေလေပြီ။ ကောင်လေးတွေ ပစ္စည်းသယ်ရစဉ် 'ဝိုင်း' ပင် ကားတစ်လှည့်မောင်း ပေးလိုက်ပါသည်။ ကိုယ်တိုင်သယ်ပြီးပို့ရတာလည်း ရှိသဖြင့် ဟန်တစ်ခွဲ သားဖြင့် ထိုင်လိုက်၍ မရပါချေ။ နေ့လယ် ထမင်းစားချိန်က (၂) နာရီထိုးနေပြီမို့ အဆာလွန်ကာ သိပ်မစားဖြစ်ဘဲ ကုမ္ပဏီမှာ တအောင့် လေးနားလိုက်ရပါ၏။

ညနေပို့ရမည့်ဆိုင်က ဆိုင်ဟောင်းသုံးဆိုင်နှင့် ဆိုင်သစ် နှစ်ဆိုင်မို့ ညနေ (၅) နာရီကျော် အိမ်ပြန်လို့ ရနိုင်မည်ဟု ခန့်မှန်းထား မိပါသည်။ ဆိုင်သစ်တစ်ခုက ပစ္စည်းအမျိုးလည်းစုံပြီး အတော်များများ မှာထားသဖြင့် နောက်ဆုံးမှ ပို့ရမည်ဖြစ်လေ၏။ ကားဖြင့်ထွက်လာပြီး နောက် နာရီတစ်ချက်ကြည့်ကာ ကောင်လေးတွေ ပင်ပန်းမှန်းသိ၍ အအေးအရင်တိုက်ပြီးမှ ဆိုင်သစ်ထံ လှမ်းခဲ့ကြပါသည်။

အကယ်၍သာ ထို Mart မှာ 'ကိုကြီး' ၏ သက်ဆိုင်သူ ရှိနေမှန်း သိခဲ့ပါက 'ဝိုင်း' ကိုယ်တိုင်သွားပို့မိမည် မဟုတ်ပါ။ သို့သော် ကံကြမ္မာဆိုသည်က ကိုယ်ထင်သလို ကိုယ်ဖြစ်စေချင်သလို ဖြစ်လာ တာမှ မဟုတ်တာလေ။

❋



## အခန်း (၂၁)

"ကေရီ Mart" ရှေ့မှာကားကိုရပ်လိုက်ပါ၏။ လက်ထဲမှ voucher အုပ်ကိုကိုင်၍ ကားပေါ်မှ ဆင်းလိုက်ပါသည်။ တစ်နေ့ကုန် ဝင်ပန်းခဲ့သမျှ ညနေ (၅) နာရီထိုးမှသာ ဒီဆိုင်ကို နောက်ဆုံးရောက်ခဲ့ ရလေ၏။ ပစ္စည်းတွေ မချရသေးခင် ဆိုင်မှန်တံခါးကိုတွန်း၍ ဝင်လိုက် ပါသည်။ တာဝန်ရှိသည့် ပုဂ္ဂိုလ်နှင့်တွေ့ပြီးမှ ပစ္စည်းပေးခဲ့ရမှာ မဟုတ် လား။

"ဘာများ အလိုရှိပါသလဲရှင်"

"ဪော် ၀၄၀ ဆိုင်မန်နေဂျာများရှိပါသလား။ မှတ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေ လာပို့ပေးတာပါ"

"မပြန်သွားပြီ ထင်တယ်၊ နောက်နေ့မှ လာပို့ပေးပါလား"

"ကျစ်! . . . နောက်နေ့က တခြားနေရာတွေကို သွားပို့ပေးရမှာမို့ မဖြစ်ဘူး။ ဒီအချိန်ဆိုင်သိမ်းသေးတာမှ မဟုတ်တာ။ တာဝန်ခံအကြီးအကဲတစ်ယောက်ယောက် မရှိဘူးလား"

"မရှိဘူးရှင့်၊ သမီးတို့ အရောင်းစာရေးတွေပဲ ရှိတယ်"

"ဒါဆို ဘယ်လိုလုပ်မလဲ။ ပစ္စည်းတွေသေချာစစ်ပြီးမှ ထားခဲ့လို့ရမှာ"

အသက်သိပ်မကျွမ်းပါပဲ သမီးဟုပြောပြီး ငြင်းနေပါသည့် Sale girl လေးကြောင့် စိတ်ညစ်သွားရပါ၏။ ကြန့်ကြာမှုဖြစ်တာလောက် စိတ်တိုစရာကောင်းတာ မရှိတော့ပါ။ နောက်ရက်တွေ ထပ်လာဖို့က ဘယ်လိုမှ မဖြစ်နိုင်လို့ပါပဲ။ တောင်နဲ့မြောက်ခရီးကို ပြောင်းပြန်ပို့ရအောင် လမ်းမှာတင် မိုးချုပ်သွားပေမည်။

"ခဏလေး စောင့်ပါနော်၊ သမီး သွားရှာကြည့်ဦးမယ်"

ကောင်မလေးက မျက်စိရှေ့မှ ပျောက်သွားပါ၏။ Mini Mart အလတ်စားလေးဖြစ်ပေမယ့် သပ်ရပ်ကာ စနစ်တကျဖြင့် ပြင်ဆင်ပြီးရောင်းချသည့် ဆိုင်မို့ သဘောကျမိလေသည်။ ပစ္စည်းတွေလည်း တော်တော်များများ စုံလင်နေပြီး ဒီတစ်နေရာတည်းမှာပင်





လိုအပ်သည့်ပစ္စည်းကို ရှာဝယ်လို့ရအောင် ဒီနေရာမှာ လာဖွင့်သည့်ဆိုင်ပါပဲ။ တစ်ဖက်အခြမ်းမှာ ကြွေပြားခင်းပြီး ဆောက်လက်စအခန်းတချို့ရှိနေသဖြင့် ဆိုင်ချဲ့ပြီး ထပ်ဖွင့်ဦးမည် ထင်ပါ၏။

"ပစ္စည်းပို့မယ်ဆိုလည်း စောစောပို့တာ မဟုတ်ဘူး"

"အေးလေ . . . ဆိုင်ပိတ်ခါနီးမှ လာရတယ်လို့"

တီးတိုးပြောသံတွေ ကြားရပေမယ့် မကြားယောင်သာဆောင်လိုက်မိလေသည်။ ဆိုင်တန်းတွေနားရပ်မိပါက တစ်မျိုးထင်မည်စိုးသဖြင့် ငွေရှင်းကောင်တာရှေ့မှာပင် ရပ်နေမိပါ၏။ သွားရှာပါသည်ဆိုသည့် မိန်းကလေးရော တာဝန်ခံပါ ဘယ်သူမှ တော်တော်နှင့်ရောက်မလာပါချေ။ ဒီတိုင်းရပ်နေရတာ မိနစ် (၂၀) ကျော်နေပါရောလား။

"ဘယ်ကလဲ"

"ထိပ်ထားစံကုမ္ပဏီက မှာထားတဲ့ပစ္စည်းတွေ လာပို့ပေးတာပါ"

"မနက်က လာမပို့ပေးဘဲနဲ့ မှောင်ခါနီးမှ လာပို့ပေးရလား"

"တစ်နေကုန် ပစ္စည်းလိုက်ချပေးနေရတာမို့ ဒီဆိုင်ကို အခုမှ ရောက်တာပါ"

တောက်ပသစ်လွင်စွာ ဝတ်ဆင်ထားခြင်းကြောင့် မိုးရှင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မည်မှန်း ရိပ်မိလိုက်ပါ၏။ ဘာလဲ . . . ပစ္စည်းတွေကို ပြန်ယူသွားရမှာလား။ ရုံးဆင်းချိန်မို့ ဒီလိုလုပ်လို့ မရပါ။ ဆိုင်တွေက အနည်းဆုံး (၈) နာရီမှ ပိတ်ကြတာမှန်းသိလို့ လာခဲ့ကာမှ ပြဿနာရှင်းရပါရောလား။

ဂဂျိုက်ကျောင်းများလို့ကတော့ 'ပိုင်' က ဒီလိုဆိုင်မျိုးကို ဘယ်တော့မှ လှည့်မကြည့်တော့ပါ။ Boss မမအတွက် ဖောက်သည်ပျက်မှာစိုး၍ သည်းခံစိတ်ကိုသာ မွေးထားရတာလေ။ "စိတ်ရှည်သည်းခံ လမ်းကြောင်းမှန်" ဆိုပြီး ကားမောင်းသမားတွေလို လမ်းစဉ်ဖြင့် တာဝန်ထမ်းဆောင်နေရတာ မဟုတ်ပါလား။

"ဒါဆိုလည်း ထားခဲ့လေ။ ငွေတစ်ခါတည်း ရှင်းပေးလိုက်ရမလား"

"ပစ္စည်းသေချာစစ်ပြီးမှ လက်ခံရယူပြီးကြောင်း လက်မှတ်ထိုးပေးပါ။ ငွေရှင်းတာက ဘဏ်ကနေ လွှဲပေးလည်း ဖြစ်ပါတယ်"

"ပစ္စည်းက ဘယ်နှပုံးလဲ"

"(၁၅) ပုံးပါ"

"ကျွတ်! . . . အဲဒီလောက်အများကြီး စစ်ဖို့ ဘယ်အချိန်ရှိပါ့မလဲ"

"ကျွန်မတို့ စစ်လာတာမှန်ပေမယ့် လက်ခံသူဘက်ကလည်း





ပြန်စစ်ဖို့လိုပါတယ်။ စာရင်းကိုက်ဖြစ်မှ အဆင်ပြေမှာပါ။ နောက်မှ ထိုပြီးတောင်းလို့ အဆင်မပြေပါဘူး"

"ခက်တာပဲ"

"ပုံးဖွင့်ပြီး စစ်လိုက်ရင် ဘာမှမကြာပါဘူး။ ကျွန်မ ဝိုင်းစစ်ပေးပါ့မယ်"

"အင်းလေ . . . ဒါဆိုရင် ပြီးတာပဲ"

အထက်စီးဆန်သည့် ပုဂ္ဂိုလ်မျိုး ထပ်ပြီးတွေ့ရပြန်ပါရောလား။ အတော့်ကို စိတ်ပျက်ဖွယ်ရာပင်။ သို့သော် ကိုယ့်တာဝန်နှင့် ရှေ့ရောင်းရပြီးစီးဖို့သာ အဓိကမို့ စိတ်ကို အတတ်နိုင်ဆုံး ဆွဲဆန့်ထားရမှာပါပဲ။ ဆိုင်ရှေ့သို့ပြန်ထွက်ကာ ကောင်လေးနှစ်ဦးကို ပုံးတွေ သယ်လာခိုင်းလိုက်ပါ၏။ ကုမ္ပဏီပြန်ပြီးမှ အိမ်ပြန်လျှင် မိုးချုပ်မှာမို့ ကားပြန်ပို့ရန်သာ မှာလိုက်ရလေသည်။

"မပိုင်းချစ် မလိုက်ဘူးလား"

"မလိုက်တော့ဘူး ကုမ္ပဏီကို ကားပြန်အပ်ခဲ့ပြီး အိမ်ပြန်ကြတော့။ ငါ Boss ကို phone ဆက်လိုက်မယ်"

"ဟုတ်ကဲ့ . . . ဒါဆို သွားပြီနော်"

"အေး"

ဆိုင်ထောင့်နေရာလွတ်မှာ စီချထားပါသည့် ပုံးတွေဆီ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လျှောက်ခဲ့ပါ၏။ ဆိုင်ပိုင်ရှင်နှင့်အတူ ပစ္စည်းစစ်မည့်တစ်ယောက်ကို ပါ ခေါ်၍ ပုံးတစ်ခုစီ Tape ပိတ်ထားတာကိုဖွင့်ကာ စစ်စေပါသည်။ ဒီဆိုင်ကိုက အကုန်စုံရောပြီးပို့တာ မဟုတ်သဖြင့် ပါကင်ဘယ်နှဘူး ဘယ်နှစ်ကဝ်ဆိုတာကိုသာ ရေတွက်စစ်ဆေးပေးရ၍ မြန်ပါ၏။ ဒါလေးကိုတောင် မစစ်ချင်ဘူး ပြောရပါသလား။

"ဒါက Pen box ပါ၊ ပြီးရင် pen stand နဲ့ keychain ဘူးနော်။ အရေအတွက်က"

ဒူးတစ်ဖက်ထောင်တစ်ဖက်ချ၍ ပစ္စည်းတွေ စစ်ပေးနေပါသည့် မိန်းကလေးကို 'ရှုန်း' ငုံ့ကြည့်နေမိပါသည်။ ပထမတော့ နောက်ကျရလားဟု အပြစ်တင်မိလိုက်ပေမယ့် တာဝန်ယူတတ်သည့် စိတ်လေးကိုဖြင့် လေးစားသွားမိပါ၏။ အတူတူလာသည့် ကောင်လေး တွေကို ပြန်လွှတ်လိုက်ပြီး ဒီမှာ မိုးချုပ်သည်အထိ မိန်းကလေးတစ် ယောက်တည်း နေရဲရတယ်လို့။

ပစ္စည်းဝိုင်းစစ်ပေးမည်ဟု ပြောရင်း ပြန်လျှောက်လာလေမှ သူမရင်ဘတ်မှ ဝန်ထမ်းကတ်ထဲ အကြည့်ရောက်သွားရပါသည်။ အလို! 'ဝိုင်းဝသန်ချစ်' တဲ့လား။ ဘယ်လိုမှ ထင်မထားပါဘဲ 'ကို' ၏ တစ်ချိန်က ချစ်ခဲ့သူက 'ရှုန်း' မျက်စိရှေ့မှာ ဆိုက်ဆိုက်မြိုက်မြိုက် ကြီး ရောက်လာနေလေပြီ။





အဘယ်မျှ ယဉ်နလွန်းပါသည့် မိန်းကလေးပါလဲ။ ဆံပင်ကို ခပ်မြင့်မြင့်လေးစည်းကာ ကျစ်ဆံမြီးကျစ်ထားပြီး ပြန်ပတ်ခွေထုံးထား သဖြင့် မျက်နှာမွတ်မွတ်လေးကို အရှင်းသားမြင်နေရပါ၏။ နဖူးထက် ဆံစအချို့ကျနေသလို အချိုးကျလှပလွန်းပါသည့် မေးရိုးချွန်ချွန်လေး က ကော်လံပါ coat (uniform) ထက် လည်တိုင်သွယ်သွယ်လေးနှင့် လိုက်ဖက်လွန်းနေလေသည်။

နဖူးပြောင်အောင် ဆံပင်ကို ပင့်တင်ဖြီးထားသော်လည်း ရင့်မသွားသည့် မျက်နှာက (၂၀) (၂၁) ဟု သိထားရပါသည့် အသက် တောင်မျှ ရှိမည်မထင်ရပါ။ ခေါက်မြင့်ကြိုးသိုင်းဖိနပ်ကြောင့် smart ကျလွန်းပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်ထားပါသည့် confidence မျက်နှာထားနှင့် ကိုယ်ဟန်က အပြည့်ပါပဲ။

အထူးသဖြင့် ရှုရတောက်ပလွန်းပါသည့် သူမ၏မျက်ဝန်းအစုံ က အရာရာကို လွယ်လွယ်နှင့် အလျှော့မပေးတတ်သည့် ဖွဲကြိုးမှုကို ဖော်ပြနေသလိုပါ။ ကိုယ်လုံးကိုယ်ပေါက်နှင့် အရပ်အမောင်းကအစ သာမန်မိန်းကလေးတွေထက် ထင်သာမြင်သာဖြင့် ထင်းနေသည့် မိန်းမချောလေးပါပဲ။

ဤသည်ကား 'ကျော်သန့်ဇင်' ၏ နှလုံးသားကို ကိုင်လှုပ် နိုင်စွမ်းရှိသည့် ချစ်ခြင်း၏ နတ်သမီး 'ဝိုင်းဝသန်ချစ်' ပါပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက နောက်ဆုံးပုံးနော်။ ကွဲနိုင်တာတွေပါလို့ ဖော့ခံပြီး ထည့်လာပေးတယ်။ Fancy သဲပန်းချီတွေနဲ့ Fancy ဖန်လုံးလေးတွေပါ။ Colour မတူ Design ဆန်းတာလေးတွေ ရွေးထည့်ထားပါတယ်။ အပုံ့ပါမပါ စစ်လိုက်နော်။ သဲပန်းချီက တစ်ဒါဇင်၊ ဖန်လုံးက အခု (၂၀)၊ မှန်ကာ fancy ပန်းအိုးက (၁၀) လုံးနော်။ ဒါတွေက ဘူးထဲမှာပဲဆိုတော့ ကွဲစရာ ပဲ့စရာမရှိဘူး။ အဲဒီအပြင်ကဟာပဲစစ်လိုက်ပါနော်"

ဘောလ်ပင်ဖြင့် ညွှန်ပြလိုက်ပြီး 'သော်တာ' စစ်ပြီးသည့် ပစ္စည်းတွေကို စက္ကူပြန်ပတ်ပေးကာ ဖော့ဘူးထဲ ပြန်စီထည့်နေပုံက သွက်လက်လွန်းလေ၏။ ငယ်ရွယ်ပြီး ဖျတ်လတ်တက်ကြွသည့် မိန်းကလေးပါပဲ။ 'ကို' သဘောကျစရာ အချက်တွေက ဤမိန်းကလေးကို ခဏလေးမြင်နိုက်မှာပင် သိသာသွားစေတာပါလေ။

"Ok ပါတယ် မမ"

"မရွှန်းလဲ့လဲ့မေ လက်မှတ်ထိုးပေးဖို့ပဲ လိုပါတယ်။ ဒီမှာ ထိုးပေးပါ"

မျက်နှာကို ခပ်တည်တည်လေးသာ ထားပြီး မလိုအပ်ဘဲ ပြုံးတတ်ပုံမရပါ။ Voucher စာအုပ်ကမ်းပေးလိုက်သည့်အတွက် ယူမိစဉ် သူမလက်ချောင်းသွယ်သွယ်တို့ကို ကြည့်မိသွားရလေသည်။





ကြည့်စမ်း! … ဒီလောက်တောင်မှ အသားအရေ လှရပါသလား။ လက်ချောင်းနှင့်လက်သည်းခွံလေးတွေက ကြည့်ကောင်းလွန်းသည့် အပြင် ဖြူဝင်းနေပါသည့် အသားရောင်ကြောင့် လက်ခုံထက် သွေးကြောစိမ်းလေးတွေကို အထင်းသားမြင်နေရလေ၏။

ဤမိန်းကလေးထံမှ မိန်းမချင်း မနာလိုချင်စရာ အလှတရားတို့ကိန်းအောင်းပိုင်ဆိုင်ထားရပါသလား။ အံ့ဩစရာပါလေ။

"ဒီလို ပစ္စည်းပို့တာကို တာဝန်ခံပြီးပို့တာ တစ်ယောက်တည်းလား"

"ရှင်! … ဪ ဟုတ်ပါတယ်၊ ကျွန်မအလုပ် သိပ်များနေရင်တော့ တခြားသူတွေကို တာဝန်ခွဲပြီးလုပ်နိုင်းပါတယ်"

"Supervisor လား"

"အင်း … ပြောလို့ရပါတယ်။ ကျွန်မအထက်မှာ Boss မပဲ ရှိလို့ပါ"

"ဪ"

ရင်းနှီးချင်ပုံမရပါဘဲ မေးခွန်းတွေမေးနေသဖြင့် အံ့ဩသွားရပါသည်။ လက်ခံစာရွက်မှာ လက်မှတ်ထိုးပေးရုံဖြင့် ပြီးပါလျက် ထိုးမပေးပါဘဲ အဘယ့်ကြောင့် စပ်စုနေပါလိမ့်။ စောစောက ဒီပိုင်ရှင် အမျိုးသမီးကို သွားခေါ်လာသည့် ကောင်မလေးက code တွေဘူးကို



www.burmeseclassic.com

www.burmeseclassic.com



ဖန်ခွက်တစ်ခွက်နှင့်အတူ ဗန်းလေးထဲထည့်သယ်ယူလာလေ၏။

"သုံးဆောင်ပါဦး ပင်ပန်းသွားရပြီ"

"နေပါစေ မမ၊ မသောက်တော့ပါဘူး"

"ဘာမှသည့်မခံရလို့ သောက်ခိုင်းတာပါ။ စေတနာနဲ့ပါ ဝိုင်းဝသသန်ချစ်"

'ဝိုင်း' အမည်ကို အပြည့်အစုံခေါ်လိုက်သဖြင့် အနည်းငယ်တော့ ရှိန်သွားရလေသည်။ အစကတည်းက သိနေတာများလား။ မဖြစ်နိုင်ပါဘူး။ အကျီရင်ဘတ်က ဝန်ထမ်းကတ်ကို ကြည့်ရုံဖြင့် သိနိုင်တာပါလေ။ Code က cola ဖြစ်နေသဖြင့် 'ဝိုင်း' မကြိုက်သည့်အအေးကို အားနာသမှုဖြင့် မော့မသောက်ချင်ပါ။ နဂိုကတည်းက ကိုယ်မကြိုက်သည့်အစားအသောက်ကို လက်ဖြင့် တို့တောင်မတို့တာ 'ဝိုင်း' အကျင့် မဟုတ်လား။

"ကျေးဇူးတင်ပါတယ် မမ။ ဝိုင်းကိုက အအေးသောက်လေ့သောက်ထမရှိလို့ပါ။ အထူးသဖြင့် cola ကို လုံးဝမကြိုက်တာပါပဲ"

ပြတ်လှချည်လား။ စကားကိုရှင်းရှင်းဘွင်းဘွင်းပြောတတ်ပုံက ရှိန်ခြင်း လန့်ခြင်းမျိုး မရှိပါလော။ 'ရွှန်း' လို ပိုင်ရှင်တစ်ယောက်ကို သူမလို ဝန်ထမ်းက စေ့စေ့ကြည့် ရဲရဲပြောပုံတာ အံ့သြမိပါရဲ့။ တကယ်ဆို နည်းနည်းပါးပါးတော့ ရှိန်သင့်တာ မဟုတ်ပါလား။





"ပြီးပြီဆို ဝိုင်းကို ပြန်ခွင့်ပြုပါ"

"ဪ . . . အင်းလေ"

လက်ထဲ ပြန်ထည့်ပေးလိုက်ပါသည့် စာရွက်ထက် date နှင့် 'ဝိုင်း' လက်မှတ်ထိုးရေးကာ စာရွက်ကို ဖြတ်ပေးလိုက်ပါ၏။ ကိုယ်ပိုင်ကားနှင့်ပြန်မည့်လူက ဘယ်လောက်နောက်ကျကျ ပြန်လည်းကိစ္စမရှိပေမယ့် 'ဝိုင်း' လို Bus နှင့်ပြန်မည့်သူက ခက်ခဲရမှာလေ။ လွယ်ထားသည့် slimbag ထဲ voucher စာအုပ်ကို ပြန်ထည့်ကာ Boss ထံ phone ခေါ်ရင်း ဆိုင်ထဲမှထွက်ရန် လှည့်လိုက်မိပါ၏။

"မပြန်သေးဘူးလား ရွှန်း"

"ဪ . . . ကိုရောက်လာပြီလား"

"ဟင်!"

"ဟာ . . . ဝိုင်း!"

တအံ့တသြဖြင့် ငေးကြောင်ကြည့်နေပါသည့် 'ကိုကြီး' ကို ပြန်မနှုတ်ဆက်နိုင်ဘဲ ခဏမျှ မင်သက်သွားရလေ၏။ 'ကို' တဲ့။ ဒါဖြင့် ဒီဆိုင်က 'ကိုကြီး' ရဲ့ သက်ဆိုင်သူရဲ့ဆိုင်ပေါ့နော်။ နှစ်ယောက်သား အပြန်အလှန်ငေးနေရင်းမှ သတိဝင်သွားရပြီး ဆိုင်ထဲမှ အပြေးတစ်ပိုင်းဖြင့် 'ဝိုင်း' ပြေးထွက်ခဲ့မိလေတော့သည်။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

Mart ထဲမှ ပြေးထွက်သွားပါသည့် 'ဝိုင်း' ၏နောက်သို့ လိုက်ခဲ့ပါ၏။ ဆိုင်ရှေ့သို့ရောက်စဉ် ဟိုဒီရှာကြည့်လိုက်ပေမယ့် အရိပ်သော်မျှ မမြင်ရတော့ပါလေ။ ဘယ်လိုဖြစ်ပြီး မျက်စိရှေ့မှာတင် ဖျတ်ခနဲ ပျောက်ကွယ်သွားရပါသလဲ။ Taxi တစ်စီးစီးပေါ်တက်သွားတာပဲ ဖြစ်နိုင်ပေမည်။

'ဝိုင်း' ရယ်။ ကိုယ်နဲ့ဆုံတွေ့မှတော့ နှုတ်ဆက်ပြီးပြေဖို့ လုပ်ရမှာပေါ့။ တစ်ချိန်က ရှိခဲ့တဲ့ သံယောဇဉ်ကို ခဏတာမေ့ထားပြီး စကားလေးအနည်းငယ်ပြောရုံမျှဖြင့် ဘာများဖြစ်မှာမို့လို့လဲ။ အရွယ်





ဆိုင်ငယ်တော့တာမဟုတ်ဘဲ အလုပ်လုပ်တဲ့အရွယ်မှာတောင် ကိုယ်နဲ့ ခေါ်ပြောမလုပ်ဖို့ 'ဝိုင်း' မေမေက တားမြစ်ထားပြန်ပြီလား။

"ကို"

အသက်ရှူရန်ပင် မေ့နေသလားထင်မှတ်ရလောက်အောင် ချိပြီးငေးနေသည့် သူ့ကို အနောက်မှ ခေါ်လိုက်ပေမယ့် ကြားဟန်မတူပါ။ ဒီလောက်အထိတောင်မှ ထိုမိန်းကလေးအပေါ် တွယ်တာမှု ရှိနေသေးတုန်းပါလား။ တကယ်ဆို မကြာခင် စေ့စပ်တော့မည့် 'ရွှန်း' ကို နည်းနည်းလေးတော့ ငဲ့ညှာသင့်ပါတယ်လေ။

"ကို"

"ဪ . . . အင်း"

"ဘယ်လိုဖြစ်ရတာလဲ"

"ရုတ်တရက် တွေ့လိုက်ရလို့ပါ"

ဒါပဲလား။ ဒီထက်ပိုပြီးပြည့်စုံအောင် မရှင်းပြနိုင်ဘူးလား 'ကို'။ ဆိုင်ဝန်ထမ်းတွေရှေ့မှာ ဂရုမစိုက်ဘဲ ပြေးလိုက်သွားသည့် 'ကို' ကို ဘယ်လိုမြင်ကြမှာလဲ။ 'ရွှန်း' ရဲ့သိက္ခာကို ထိပါးအောင် မဖြစ်ပါစေနဲ့လား။ ပြောချင်သည့်စကားတို့က နှုတ်မှ သွက်လက်စွာ ထွက်လာပါချေ၏။ ဟိုကောင်မလေးနှင့် 'ရွှန်း' ကဆန့်ကျင့်ဘက်ပါပဲ။

"ကားမယူလာဖြစ်ဘူးဆိုလို့ ရွှန်းကို လာကြိုပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ပူလို့' ဟုပြောလည်း ရပါလျက် အဘယ်ကြောင့် မပြောရတာပါလိမ့်။ တကယ်ဆို 'ရွှန်း' နှင့်သိခဲ့သည့် ကာလက နှစ်ရှည်ကြာနေပြီမို့ ဒီထက်ပိုပြီး ရင်းနှီးသင့်တာအမှန်ပါ။ သို့သော် ဤရေခဲတုံးကြီးကဖြင့် 'ရွှန်း' နှင့် ပတ်သက်လျှင် နည်းနည်းမျှ လွှပ်ခတ်ခြင်းမရှိပါဘဲ 'ပိုင်းဝသန်ချစ်' ကို မြင်သည်နှင့် အရည်ပျော်ချင်လာတော့တာ မဟုတ်ပါလား။

"ဆိုင်က (၈) နာရီမှ ပိတ်မှာပါ"

ခေါင်းကိုသာ ညိတ်ပြလိုက်ပါ၏။ မည်သည့်အပိုစကားမှ မဆိုပါလေ။ 'စောင့်ပေးနိုင်ပါတယ် ရွှန်းရယ်' ဟု ဆိုရုံမျှဖြင့် သူနှင့် 'ရွှန်း'က ဒီထက်ပိုနီးကပ်သွားနိုင်တာပါ။ ဘယ်လိုဖြစ်ပြီး အေးစက်စက်လူတစ်ယောက်ကိုမှ 'ရွှန်း' က သဘောကျမိတာပါလိမ့်။ မိဘတွေကြောင့် စတွေ့ခဲ့စဉ်က နွေးထွေးမည့်သူဟု ထင်မှတ်ခဲ့သမျှ လက်တွေ့မှာ တခြားစီဖြစ်နေလေပြီ။

"သူ ဒီကို မကြာခဏ လာတတ်သလား"

"ဟင့်အင်း . . . ဒါ ပထမဦးဆုံးအကြိမ်ပါ"

"ဪ"

'ရွှန်း' နှင့်အတူရှိနေတာတောင်မှ မေးသည့်ကိစ္စက 'ပိုင်းဝသန်ချစ်' အကြောင်းတဲ့လား။ အားနာသမှုမျိုးမှ သူ့ဆီမှာမရှိဘူး





ထင်ပါရဲ့။ ဒီလို ကြွပ်ဆတ်မာကျောသည့် မိန်းကလေးကို ဘာလို့များ နှစ်ခြိုက်သဘောကျရပါသလဲ။ လှသည်၊ ယဉ်သည်၊ ခေတ်မီသည် စသည့် မှတ်ချက်မျိုးပေးပါက အဲဒီစာရင်းထဲမှာ 'ရွှန်း' လည်းအပါအဝင်ပါ။ သာမန်ကုမ္ပဏီဝန်ထမ်းလေးနဲ့ Mart ပိုင်ရှင်နှစ်ဦးကို ချိန်ခွေးသင့်တာပေါ့ 'ကိုကျော်သန့်ဇင်' ရယ်။

"ဆိုင်ထဲမှာဝင်ပြီး လာစောင့်ပါလား ကို"

"ရပါတယ်၊ အထဲမှာ မွန်းကြပ်မလားလို့ပါ။ ကားထဲကပဲ စောင့်ပါ့မယ်"

"တစ်ခုခုသောက်မလားလို့"

"ဟင့်အင်း . . . မသောက်တော့ဘူး ရွှန်း။ အိမ်ပြန်ရင် ညစာစားရမှာမို့ပါ"

"ရွှန်းက . . . ရွှန်းက . . . ကို့အတွက် သူစိမ်းအနေအထားမှာပဲ ရှိနေတုန်းပဲလားဟင်"

"ဟာ! . . . ဘယ်လိုပြောလိုက်တာလဲ"

ဆိုင်ရှေ့မီးထိန်ထိန်အောက်မှာ မျက်ရည်ဝဲလျက် ပြောနေသည့် 'ရွှန်း'ကြောင့် သူ ရုတ်တရက် အံ့ဩသွားရလေ၏။ စောစောလေးတင် 'ပိုင်း' ကို မျက်မြင်ကိုယ်တွေ့ပြီးခဲ့တာတောင်မှ ဒီစကားမျိုးဖြင့် လူကိုချောင်ပိတ်ချင်ရပါသလား။ တကယ်ဆို စိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ယက်ခတ်ပြီး ထွေပြားသလို ဖြစ်နေပါသည့် သူ့ကို နားလည်ပေးသင့်တာပါလေ။

"ဟုတ်တယ်လေ၊ ခုချိန်ထိ အိမ်လာပါဦးဆိုပြီး ခေါ်မှပဲ ရောက်လာတတ်တယ်။ ဆိုင်ကိုလာတော့လည်း ပြန်ခါနီးအချိန်ကိုက်ပြီး ရောက်လာတာမဟုတ်လား။ ရွှန်းနဲ့ အေးအေးဆေးဆေး စကားပြောဖို့ အချိန်ပေးသင့်တာပေါ့"

"ပြောစရာမှ သိပ်မရှိတာ"

သူမမျက်နှာ ကွက်ခနဲ ပျက်လေ၏။ သူပြောတာ လွန်များသွားလားဟု မတွေးဖြစ်ပါ။ စိတ်ထဲရှိသည့်အတိုင်း ပြောလိုက်မိနေသာ ထိုင်သာ ရှိသွားသဖြင့် 'ဝိုင်း' ၏စိတ်ကို နားလည်မိနေပါ၏။ ငယ်သည့်အရွယ်ကြောင့် စိတ်မြန်စိတ်ဆတ်သည့် အကျင့်ဟု ထင်ခဲ့ပေမယ့် ရင်ထဲသိမ်းဆည်းထားသည့် အပြုံးစိတ်မျိုး မရှိနိုင်တာကို သိခဲ့ရတာပါလေ။

သူငယ်ချင်းဖြစ်သူ 'ဇေယျာ' တစ်ယောက် ကိုယ့်ဘဝနှင့်ကိုယ် ပျော်နေနိုင်ပေမယ့် သူမှာဖြင့် ခုထိ မရေမရာ ဖြစ်နေတုန်းပါပဲ။ ဟိုကိုလည်းပြန်ပြီး အလုပ်မလုပ်ချင်တော့သဖြင့် ဒီမှာ 'ဇေယျာ' လို ကုမ္ပဏီ (Construction) ဝင်လုပ်ဖို့လည်း စိတ်မကူးမိပါ။ ဖေဖေကတော့ ကိုယ်ပိုင်ကန်ထရိုက်ဆွဲပြီးလုပ်သည့် project မျိုးလုပ်ရန်





တိုက်တွန်းပြီး အဆက်အသွယ်ရှာပေးပါ၏။ ဒါကိုလည်း စဉ်းစားဦးမည်ဆိုပြီး အချိန်ဆွဲထားမိပြန်လေသည်။

ရှေ့ဆက် ဘာလုပ်ရမလဲ 'ဝိုင်း' ရယ်။

"ဟိုတစ်ယောက်တုန်းကလည်း ဒီလိုပဲပြောစရာမရှိဘူးဆိုပြီး နှုတ်ဆိတ်နေခဲ့တာလား၊ ကို"

"ရွှန်း"

"ရွှန်းက သူ့ထက် ဘာများနိမ့်ကျနေလို့ သူ့လိုအရာမဝင်ရတာလဲ"

"ကျစ်!... မဟုတ်တာကွာ"

အလို! ဘယ်လိုဖြစ်ပြီး သူမက 'ဝိုင်း' နှင့် ယှဉ်ချင်ရတာပါလိမ့်။ သီးသန့်စိတ်ရှိနေပါလျက် တစ်ဖက်သတ် ဝန်တိုခြင်းတို့က ဘယ်ကရောက်လာပါသလဲ။ ကလေးလည်းမဟုတ်ပါဘဲ ကလေးနှင့်အပြိုင် ကလေးဆန်ပြချင်တာများလား 'ရွှန်းလဲ့လဲ့မေ'။

"ရွှန်းနဲ့ ဒီလောက်ရင်းနှီးခဲ့တာတောင် ကို ဒီလို ပျာယာခတ်တဲ့ အမူအရာမျိုးဖြစ်တာ တစ်ခါမှမတွေ့ခဲ့ဘူး။ ဒါ ဦးဆုံးအကြိမ်မြင်ဖူးတာပဲ"

"တူမှမတူဘဲ။ ဝိုင်းကဝိုင်း ရွှန်းကရွှန်းလေ"

"အဲဒီလိုပြောလာကိုက မှားနေတာ။ အရင်က ပင်းသက်ခဲ့ရ



www.burmeseclassic.com

တာကို ရွှန်း အပြစ်မတင်ပါဘူး။ ဒါပေမဲ့ ရွှန်းတစ်ယောက်လုံးရှေ့မှာ တောင် ရည်စားဟောင်းကြောင့်"

"ကိုယ်နဲ့ဝိုင်းက ချစ်သူရည်းစားဖြစ်ပြီးမှ လမ်းခွဲခဲ့ကြတာမျိုး မဟုတ်ဘူး ရွှန်း"

"ဘယ်လို"

"ကျေးဇူးပြုပြီး ဝိုင်းရဲ့သိက္ခာကို မရှုချင်ပါနဲ့"

ကြည့်စမ်း! သူကောင်မလေးကို ထိမှာကို ဆတ်ဆတ်ခါနာပြ နေပါရောလား။ ကိုယ်ထိလက်ရောက်မျိုး မဟုတ်ပါဘဲ စကားဖြင့် တောင် အပြောမခံနိုင်ပုံပါပဲလား။ အဲဒီလောက်တောင်မှ သည်းသည်း လှုပ် ချစ်တတ်သတဲ့လား 'ကိုကျော်သန့်ဇင်'။ မချစ်တတ်ဘူးထင်ထား တဲ့ ရင်ဘတ်ထဲကို ရှင်းရှင်းလင်းလင်း မြင်စေပါရောလား။

"ကိုပြောတော့ဖြင့်"

"ကိုယ်က ချစ်ခဲ့တာပါ"

"ဟင်! "

"ကိုယ့်ဘက်က နှင့်နှင့်သည်းသည်း မြတ်နိုးခဲ့တာဖြစ်ပေမယ့် ကံတရားကြောင့် နောက်ဆုတ်ခဲ့ရတာပါ ရွှန်း။ နှစ်ယောက်သား ချစ် ကြိုက်ပြီးမှ စိတ်ပြောင်းပြီး အမုန်းနဲ့လမ်းခွဲခဲ့တာမျိုး မဟုတ်တဲ့အတွက် ရည်းစားဟောင်းဆိုတဲ့ အမြင်မျိုးနဲ့ အမှောင်ချပြီး မပြောပါနဲ့လား"





ဘုရားရေ! အချစ်တဲ့။ နှင့်နှင့်သည်းသည်း မြတ်နိုးခဲ့တာတဲ့ လား။ အချစ်ဆိုတာကို ပေါ့ပေါ့တွေး ပေါ့ပေါ့ပြောတတ်ကြပေမယ့် မြတ်နိုးခြင်းဆိုသည်က ချစ်ခြင်းထက် အများကြီးလေးနက်လွန်းသည့် အရာပါလေ။ ထိုသို့သောအရာကိုမှ 'ဝိုင်းဝသန်ချစ်' ကို ပုံပေးခဲ့တာတဲ့ လား ရှင်ရယ်။

"ဒါဆိုရင် ရွှန်းက ကို့အတွက် ဘာလဲ"

သူပြန်မဖြေမိပါ။ ဖြေစရာမလိုအပ်ဘူးဟု ယူဆမိသော ကြောင့်ပါပဲ။ သူနှင့် အသက်သိပ်မကွာတာမို့ သိပ်ညှိစရာမလိုဘူးဟု ထင်ထားခဲ့တာလေ။ ဘယ်မှာလဲ နားလည်မှု၊ ဘယ်မှာလဲ တည်ငြိမ် လေးနက်မှု၊ ဘယ်မှာလဲ အလိုက်သင့်သည်းခံမှုဆိုတာတွေ၊ မင်းပြော သလိုမျိုး 'ရွှန်း' မှာ ရှိမနေပါလား 'ဇေယျာ'။

"ရွှန်း မေးနေတယ်လေ"

"သိထားပြီးသားအဖြေကို ပြောဖို့လိုအပ်လို့လား"

"ရွှန်းအတွက်တော့ လိုတယ်"

"ကောင်းပြီ . . ဒါဆိုလည်း ပြောမယ်။ ကိုယ်တို့ Engage လုပ်မယ့်ကိစ္စကို စဉ်းစားသင့်ပြီဆိုတာပဲ"

"ဘာကိုဆိုလိုတာလဲ"

"လူကြီးမိဘတွေကြောင့် မင်းကို ကိုယ် လက်သင့်ခံဖို့

ရွှေပဒေသာစာပေ

www.burmeseclassic.com



ခဲ့ဖြတ်ခဲ့တာပါ ရွှန်း။ အခုတော့ ကိုယ်တို့ကြားမှာ ရှိသင့် ရှိထိုက်တဲ့ နားလည်မှုတံတိုင်းက နိမ့်လွန်းတယ်ထင်ပါရဲ့"

"ဘာ"

သူ့လက်မှနာရီက ည (၈) နာရီထိုးပြီဟုသည့် တတီတီ အသံမြည်လာလေတော့သည်။ ဆိုင်ထဲမှာ ပစ္စည်းပြန်စီသူစီ၊ သန့်ရှင်းရေးလုပ်သူလုပ်ဖြင့် အလုပ်သိမ်းရန် ပြင်ဆင်နေကြလေပြီ။ သူနှင့် 'ရွှန်း' ကဖြင့် Mart အပြင်မှာ ယခုတိုင် မတ်မတ်ရပ်၍ စကားပြောနေတုန်းပါပဲ။ ညက အမှောင်ကြီးစိုးလာလေပြီ။ ကားလမ်းမှ မီးရောင်တို့က သူတို့ကို လင်းလင်းထင်းထင်း မြင်နေစေလေ၏။

"ဒီကောင်မလေးကို ပြန်တွေ့လိုက်တာနဲ့ပဲ ကို့နှုတ်က ဒီလိုစကားမျိုး ပြောထွက်လာပြီပေါ့လေ"

"ရွှန်း"

"တမင်တကာ မဆင်မခြင်နဲ့ ပြောဖြစ်တာမဟုတ်ဘူး၊ ကို။ ရွှန်းအနေနဲ့ ပြောခွင့်ရှိတယ်ယူဆလို့ ပြောလိုက်ရုံပါ။ ဒါထက် မပိုပါဘူး"

"ကိုယ်ပြောပြီးပြီလေ။ ဝိုင်းနဲ့ယှဉ်ပြီး မပြောပါနဲ့လား ရွှန်း"

ရင်ထဲ အောင့်သက်သွားရပါ၏။ မယှဉ်နဲ့တဲ့လား။ ဘာသဘောလဲ။ တကယ်ဆို တစ်ဦးနဲ့တစ်ဦး မသက်ဆိုင်တော့လျှင်





သူ စိမ်းသက်သက်အဆင့်နဲ့သာ ရပ်လိုက်သင့်တာပါလေ။ အခုတော့ ထိုတုန်းကချစ်ခြင်းတွေနဲ့ တွယ်တာမှုသံယောဇဉ်တွေက ယခုတိုင် ရှိနေတုန်းပဲတဲ့လား။ အံ့ဩစရာပါလေ။

"ရွှန်းက အဲဒီကောင်မလေးလောက်တောင် အဆင့်မရှိဘူးလို့များ ကို ထင်နေသလား"

"ကျစ်! ... ခက်လိုက်တာရွှန်းရာ"

"မိတ်ဆွေကြောင့်လို့ရှည်း ပုံမရချင်ပါနဲ့ ကို။ ရွှန်းတို့ လူငယ်ချင်း သဘောပါမှ ဒီကိစ္စ ဖြစ်လာရတာပါ။ ရှေ့ဆက်ဖြောင့်ဖြူးဖို့လမ်းမြင်ပြီးကာမှပဲ အတားအဆီးရှိလာရတယ်လို့"

"ဘာလဲ ... ရွှန်းက ဝိုင်းကို ဆူးငြောင့်ခလုတ်ကန်သင်းလို့ ပြောလိုက်တာပေါ့လေ"

"အမှန်ပဲဟာ။ သူ့ကြောင့် ကို စိတ်ပြောင်းသွားတာ မဟုတ်လို့လား"

"မှားတယ်"

"ဘာရယ်"

"မင်းထင်နေတာ မှားတယ်လို့ ပြောလိုက်တာလေ။ သူ့ဘာသာသူ အေးအေးနေနေတဲ့ ကလေးကို ကိုယ်တို့ကိစ္စထဲ ဆွဲမထည့်ချင်ပါနဲ့ ရွှန်း။ ဝိုင်းနဲ့ကိုယ်က ခုချိန်ထိ အရင်းကြီးနေခဲ့ကြတာ အဆက်



www.burmeseclassic.com

www.burmeseclassic.com



အသွယ် လုံးဝမရှိဘဲ ပြီးပြတ်ခဲ့တာပါ။ မေမေတို့မျက်နှာကို ထောက်ထားပြီး အလိုက်သင့်နေပေးရုံနဲ့ ကိုယ်တို့နှစ်ယောက် နီးစပ်မလာဘူး ရွှန်း''

''ဟင်''

''နှလုံးသားတစ်ခုကို နှလုံးသားနဲ့ပဲ လဲလှယ်ယူလို့ရတာပါ။ ရင်ဘတ်ချင်း မညှိနိုင်ရင် သွေးအေးစိမ်းသက်ခြင်းတွေပဲ ကိုယ်တို့နှစ်ယောက်ကြားမှာ ရှိနေပါလိမ့်မယ်။ သူစိမ်းနှစ်ယောက် အတူတူ ဘဝတစ်ခု ထူထောင်ဖို့ အဓိကလိုအပ်တဲ့ အုတ်မြစ်ကို ရွှန်း နားလည်ပြီး သိနိုင်ပါစေလို့ပဲ ကိုယ်ပြောခဲ့ပါရစေ''

ကျောပေး၍ ကားပေါ်တက်မောင်းသွားပါသည့် သူ့ကို အံ့ဩလျက် ငေးကျန်ရစ်ခဲ့လေတော့၏။ သူစိမ်းနှစ်ဦးရဲ့ဘဝအတွက် အခြေခံအုတ်မြစ်တဲ့လား။ ဘာကို ရည်ညွှန်းပါသလဲကွယ်။ 'ရွှန်း' တကယ် မသိခဲ့တာ အမှန်ပါ။ ရင်ထဲမှာ စွဲစွဲမြဲမြဲရှိခဲ့သည့် မာနနှင့် အတ္တတို့က ချစ်ခြင်းကို ဖုံးကွယ်စေပြီး ရင်ထဲမှာ မုန်းရိပ်ယတွေသာ ပြည့်ခဲ့ပါသလား။

ချစ်ခြင်းက ဝန်တိုခြင်းဆိုတာကို 'ကို' မသိမမြင်နိုင်တာလား ကွယ်။

❋



## အခန်း (၂၃)

ညနေခင်းမှာ နှစ်ဖက်မိဘတွေ့ဆုံတွေ့နေကြပြီမို့ သူ ဆင်းခဲ့ရပါ၏။ ရှေ့ဆက်တိုးဖို့ထက် နောက်ဆုတ်ဖို့ကိုသာ တွေးခဲ့ကာမှ လူကြီးတွေကို ခံတပ်ယူ၍ ရောက်လာပါရောလား။ ကိုယ့်စိတ်ကို လုံးဝ မမြင်တတ်ပါလား 'ရွှန်းလဲ့လဲ့မေ'။ ကိုယ်က ဆုံးဖြတ်ချက်ချပြီးရင် ဘယ်တော့မှ ပြန်မပြင်တတ်ဘူးဆိုတာကို မင်း သိသင့်ပါတယ်။

''ဟော!...သား ဆင်းလာပြီ''

နှစ်ယောက်ထိုင်ဆက်တီထက်မှာ သူမ တစ်ဦးတည်း ထိုင်နေပြီး ဘေးမှာ အလွတ်ထားပေးထားသဖြင့် သူ ဝင်ထိုင်လိုက်ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေ၏မျက်နှာမှာ အပြုံးမပျက်ရှိနေသဖြင့် ဟိုတစ်ညက ပဋိပက္ခကို သူမ အသိမပေးသေးဘူး ထင်ပါရဲ့။ မိသားစုချင်းတောင်မှ ပွင့်လင်းမှုမရှိရင် အိမ်ထောင်ရေးကို ဘယ်လိုတွက်ဆရပါ့မလဲ မသိပါချေ။

"သားတို့ စေ့စပ်ဖို့ကိစ္စကို လာဆွေးနွေးကြတာပဲ။ ဟိုနိုင်ငံလည်း မပြန်ဖြစ်ဘူးဆိုရင် ဒီကိစ္စကို အကောင်အထည်ဖော်သင့်ပြီ မဟုတ်လား"

"ယဉ်သဘောနဲ့ဆို စေ့စပ်တာထက် တစ်ခါတည်း မင်္ဂလာဆောင်ပေးလိုက်ချင်တာပဲ မမသက်ရယ်"

"မမသက်တို့လည်း အတူတူပါပဲ ယဉ်ယဉ်။ ကလေးတွေ သဘောကိုပဲ စောင့်နေရလို့ပါ"

"ကိုဇင်မင်းရဲ့သမီးလေးက စီးပွားရေးအတည်ကျနေပြီမို့ အဆင်ပြေနေပြီလေ။ ကျွန်တော်တို့သားက အခုမှ ဒီမှာ အလုပ်အထိုင်ကျဖို့ ကြိုးစားနေရတုန်းမို့ပါ"

"ဘာပဲဖြစ်ဖြစ် ဟိုမှာလည်း သား ငွေရှာပြီး စုဆောင်းခဲ့တာပဲ မဟုတ်လား"

"ဒါတော့ . . . ဒါပေါ့။ ဒါပေမဲ့ လောလောဆယ်တော့ construction contract ယူဖို့အတွက် တချို့ချို့စရာတွေ ရှိနေသေးလို့ သားကို မလောသေးတာပါ"





တွန်းအားတွေပေးနေကြပေမယ့် သူက မှုန်ကုပ်ကုပ်ဖြင့် ထိုင်နေသလို သူမကလည်း ဘာတစ်ခုမှ ဝင်မပြောပါလေ။ တကယ်ဆို အချင်းချင်း သဘောတူညီပြီးမှ လူကြီးတွေကို ဖွင့်ပြောသင့်တာ မဟုတ်ပါလား။ အတွေးအခေါ်တွေ မှားနေပြီဆိုတာ မသိဘူးလား 'ရွှန်း'။ ကိုယ်က မိဘစကားကိုပဲ ခေါင်းညိတ်နာခံတတ်ရလေအောင် ဆယ်ကျော်သက် လူငယ်လေးမဟုတ်တော့တာလေ။

"ဟုတ်ပါတယ်လေ။ ဒါဆိုလည်း အရင်ဆုံး Engage လုပ်ပေးဖို့ပဲ စီစဉ်ကြတာပေါ့"

"သား သဘောကရော"

သူမထံ ဖျတ်ခနဲ ကြည့်မိစဉ် အကြည့်မဆုံစေဘဲ မျက်လွှာချနေတာကို တွေ့ရလေ၏။ ရှောင်တာလား 'ရွှန်း'။ ရင်ထဲမှာ အမှတ်အတေးထားပြီး အစိုင်အခဲတွေ ဖြစ်နေရင် ဘဝလမ်းအတွက် ခလုတ်တန်သင်းဖြစ်နိုင်တာကို မတွေးမိဘူးလား။ သူလိုချင်သည့် မေးခွန်းမျိုး မေးလာပြီဖြစ်သဖြင့် ပွင့်ပွင့်လင်းလင်း ဖွင့်ချရန် သူပြင်လိုက်ရလေတော့သည်။

"ကျွန်တော် ရွှန်းကို ပြောခဲ့ပြီးပါပြီ"

"သမီးပြောပါတယ် မောင်သန့်ဇင်။ ခုတလောလေး သားနဲ့ စကားကလေး ဖြစ်ထားတယ်လို့။ ကလေးတွေမှ မဟုတ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘဲဟာ။ အမှတ်မထားပါနဲ့''

ကောင်းပါလေ့။ ပေါ့ပေါ့တွေးပြီး ပေါ့ပေါ့ပြောလိုက်သလိုပါပဲ။ ရင်ဘတ်ထဲက ဝေဒနာက ဒီလောက်မပါးဘူး 'ရွှန်းလဲ့လဲ့မေ'။ ပြောတုန်းကဖြင့် စိတ်လွှတ်ပြီး ပြောခဲ့ပါလျက် ခုမှ ဘွာခတ်ရအောင် ကိုယ်တို့က အိုးပုတ်ချိုးရပ်ဆော့တဲ့အရွယ်မှ မဟုတ်တော့တာလေ။ အချစ်မှာ သတ္တိရှိဖို့လိုတယ် 'ရွှန်း'။ ဒီလိုမျိုး တစ်တပ်တအားနဲ့ စစ်ကူခေါ်ပြီးတိုက်မှ အနိုင်ရတာ မဟုတ်မှန်း မင်းသိစေရပါမယ်။

''ကျွန်တော်တို့ကိစ္စ ဖြစ်မယ်မထင်လို့ပါ ဦးနဲ့အန်တီ။ အဲဒီအတွက် အနူးအညွတ် တောင်းပန်ပါတယ်''

''ဟင်''

''သား''

''ဘယ်လိုပြောလိုက်တာလဲ မောင်သန့်ဇင်''

''ဟုတ်သားပဲ သားရယ်။ သမီးကို စိတ်ခုနေတာဆိုရင် တောင်မှ''

''စိတ်ခုနေတာမျိုး မဟုတ်ပါဘူး အန်တီ။ ရှင်းရှင်းလင်းလင်း ဖြစ်စေချင်လို့ ပြောရတာပါ''

''သားကလည်းကွယ် . . . ယဉ်ယဉ်တို့ကို အားနာစရာ''

''ကိုက . . . ကိုက မိန်းကလေးတစ်ယောက်နဲ့ပတ်သက်ပြီး





ရွှန်းကို အထင်မှားနေတာပါ အန်တီသက်''

''ဘယ်လို''

''မင်း ဘာတွေလျှောက်လုပ်နေလဲ သား''

ထင်ထားသည့်အတိုင်းပင် ပြဿနာက အကျယ် အကျယ်ဖြစ်လာလေပြီ။ အေးအေးဆေးဆေးဖြစ်မှသာ သူ ရှင်းပြမည်ဟု တွေးခဲ့ပါလျက် ကိစ္စက အလောတကြီး ပူပြင်းလာရတယ်လို့ နာမည်ကို အတိအကျ မပြောပါဘဲ မသိလျှင် သူက သူမကွယ်ရာမှာ ချော့ချွတ်နေသည့် ပုံစံမျိုး သက်ရောက်အောင် ပြောရပါသလား။

''ဘယ်က မိန်းကလေးလဲ သား''

''မေမေ သိပါတယ်''

''ဟင်!''

''ဟုတ်ပါတယ်၊ ကျွန်တော့်ရင်ထဲမှာ ဘယ်သူရှိခဲ့သလဲဆိုတာ မေမေရော ဖေဖေပါသိထားပြီးသားဖြစ်တဲ့အတွက် ကျွန်တော် နာမည်ထုတ်ပြောဖို့ မလိုပါဘူး''

''သား''

''တစ်ခုပဲရှိပါတယ်။ သူနဲ့ပတ်သက်မှု၊ ဆက်သွယ်မှု၊ အပြောအဆို ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူး မေမေ။ လေးနှစ်ကျော်ကြာပြီးမှ ထေမဦးဆုံးအကြိမ်အဖြစ် ရုတ်တရက် တွေ့လိုက်ရုံပါ။ အပြုံးယဲ့ယဲ့



www.burmeseclassic.com

www.burmeseclassic.com



လေးတောင်မှ မပြခဲ့ရပါဘူး မေမေ”

“ဘာကိုပြောတာလဲ မောင်သန့်ဇင်၊ ဦးတို့ နားမလည်ဘူး”

သူ့မိဘတွေက အစကတည်းက သိထားနှင့်ကြသဖြင့် သေချာပြောစရာမလိုပါ။ သို့သော် သူမ၏မိဘတွေကဖြင့် သူ့အကြောင်းကို သေချာ ဂယနထာ သိမထားပါလေ။ ဒါနဲ့များတောင်မှ သူနှင့်သူမကို ပေါင်းဖက်လက်ဆက်စေချင်ကြရတယ်လို့။ မျက်နှာနီရဲလာသည်က 'ရှွန်း' ကိုယ်တိုင်ပါပဲ။

“ကိုကို ရှွန်းပြောခဲ့ပြီးပြီလေ”

“ကိုယ်လည်း ရှွန်းကို ပြောခဲ့ပြီးသားပါပဲ”

“ဘာပဲဖြစ်ဖြစ် ဒီဘာမဟုတ်တဲ့ မိန်းကလေးအတွက်နဲ့ ရှွန်းတို့ အစီအစဉ်ကို မဖျက်စေချင်ဘူး ကို။ ရှွန်းဘက်ကို ငဲ့ကွက်ကြည့်ပေးပါဦး”

သူ ဆတ်ခနဲ ထရပ်လိုက်ပါ၏။ ဘာမဟုတ်တဲ့ မိန်းကလေးတဲ့လား။ ပြောရက်ပါပေ့။ သူ အတန်တန်သတိပေးခဲ့ပါလျက် အရှိုက်ထိစေမည့် အသုံးအနှုန်းမျိုးကို ဆက်သုံးနေဦးမှာပဲလား။ 'ပိုင်း'နှင့် ပတ်သက်လာတိုင်း သူ့နှလုံးသားက အထိမခံနိုင်အောင် ပါးလုပ်လွန်းတာကို တစ်ကြိမ်ကြုံခဲ့ပါလျက် အမှတ်မရှိပါလား 'ရှွန်းလဲ့လဲ့မေ'

“ကျွန်တော် ဘာမှ ဆက်ပြောဖို့ မရှိပါဘူး ဦးနဲ့အန်တီ။





နိုင်းမျှမိရင် နားလည်ပေးဖို့ တောင်းဆိုပါရစေ”

“သား”

“သူစိမ်းနှစ်ဦး ပေါင်းဖက်လက်ဆက်နိုင်ဖို့အတွက် လူနှစ်ယောက်တည်းနဲ့ ဆုံးဖြတ်လို့မရပေမယ့် အဲဒီ ကာယကံရှင်နှစ်ဦးရဲ့ စိတ်နှစ်ခုက တစ်ထပ်တည်း ထပ်တူကျဖို့လိုပါလိမ့်မယ်။ ဦးနဲ့အန်တီတို့ သမီးက ကျွန်တော်နဲ့ စိတ်တူကိုယ်တူဖြစ်ဖို့ ကံပါမလာပါဘူး”

“ကို”

“သား”

“ဝမ်းနည်းပါတယ် ရှွန်း။ အဲဒီမိန်းကလေးဟာ မင်းမျက်စိထဲမှာ ဘာမှ မဟုတ်တဲ့ အသေးအမွှားလေးပဲ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် အဲဒီမိန်းကလေးက ကျော်သန့်ဇင်ရဲ့ နှလုံးသားကို ရှင်သန်စေနိုင်သလို ကိုယ့် တန်ဖိုးအထားရဆုံးဆိုတာ မင်းသိထားပါလို့ပဲ ပြောချင်ပါတယ်”

“မောင်သန့်ဇင်”

“သား နေပါဦး”

သူက ရပ်ထဲမှာ ဆိုနှင့်လာပြီမို့ မျက်ရည်ဝဲလာသဖြင့် ဧည့်ခန်းမှထွက်ရန် လှည့်လိုက်ပေမယ့် မေမေက သူ့လက်မောင်းကို ဆွဲထိုင်ထားလေ၏။ ဘယ်သူမဆို ကိုယ်ချစ်မြတ်နိုးသည့် လူအပေါ် အယုတ်



www.burmeseclassic.com

www.burmeseclassic.com



အလှ အမြတ်မရွေး တန်ဖိုးထားတတ်ကြမှာအမှန်ပါ။ အခုလည်း 'ရွှန်း' က သူချစ်သူအပေါ် အထင်အသေးနှင့် ပြောခဲ့တာ ဘယ်နှကြိမ် ရှိခဲ့ပြီလဲ။

"သမီးဘက်က အပြောမှားတာမျိုးရှိရင် အကြီးဖြစ်တဲ့သားက နားလည်ပေးရမှာပေါ့ သားရယ်"

"မှန်ပါတယ် မေမေ၊ အဲဒီလို နားလည်ပေးနိုင်မယ်လို့လည်း ကျွန်တော် မျှော်လင့်ထားခဲ့တာပါ။ ဒါပေမဲ့"

"ရွှန်း တောင်းပန်ပါတယ် ကို"

"ကြမ်းကျွံရင် နုတ်လို့ရပေမယ့် နုတ်ကျွံရင် နုတ်ရခက်ပါ တယ် ရွှန်း။ ကိုယ်တို့နှစ်ယောက် ပတ်သက်ဖို့အတွက် အစပျိုးချိန်မှာ တောင် ကိုယ့်အပေါ် မင်းမှနားလည်မပေးနိုင်တာ။ အစောကြီးကတည်း က သဘောထားကို ရှင်းရှင်းလင်းလင်း သိခဲ့ရတဲ့အတွက် နောက် ဆုတ်ဖို့ အချိန်မီပါတယ်။ အိမ်ထောင်ကျပြီးမှ ပျက်ရရင် နှစ်ယောက် စလုံးအတွက် ဘယ်ကောင်းနိုင်ပါ့မလဲ"

"သားရယ် . . . သမီးဘက်က တောင်းပန်နေမှပဲ။ စိတ်ကို လျှော့လိုက်ပါ"

"အပြောလွယ်ပေမယ့် လက်တွေ့ကျခက်ခဲပါတယ် မေမေ။ သူ့အတွက် အသေးအမွှားထားတဲ့အရာက ကျွန်တော့်အတွက် ကြီးကြီး





မားမား ဖြစ်နေတာ ဘယ်လိုလုပ်ရမလဲ"

"နှစ်နာချင်း နှစ်နာရင် ရွှန်းဘက်ကပဲ နာရတာပါ အန်တီ"

"အဲဒီလိုတော့ မပြောပါနဲ့ သမီးရွှန်း။ သမီးတို့ လူငယ်တွေ ကိစ္စကို ဦးတို့ မိဘတွေက စပြီးစီစဉ်ပေးခဲ့တာပါ။ သားရဲ့ဆန္ဒပါတာမျိုး မရှိသေးဘူး။ ခုကတည်းက မရှုပ်အောင် ရှင်းနိုင်မှ နောင်ကို ပြဿနာ မရှိမှာ။ ဦး ရှင်းရှင်းမေးပါ့မယ်။ သမီးကိုတော့ လက်ထပ်လိုက်ပါပြီတဲ့။ သားရဲ့ရင်ထဲမှာ တခြားတစ်ယောက်ရှိနေတာကို လက်သင့်ခံနိုင်ပါ့ မလား"

"အို! . . . အဲဒါကတော့"

ဖေဖေ့စကားက ထိရောက်ပါ၏။ ပြောမထွက်သည့်စကားလုံး တို့ကို သူ့ကိုယ်စား ဖေဖေပြောပေးလိုက်သဖြင့် ကျေးဇူးတင်မိပါသည်။ 'ဖေယျာ' ပြောခဲ့သည့် နားလည်မှုနှင့် တွယ်တာမှုသံယောဇဉ်က သူနှင့် 'ရွှန်း' ကြားမှာ အလျဉ်းမှ မရှိတာလေ။

"အေး . . . အဲဒါပဲ၊ မှန်ကိုပဲ ဝေဖန်ချင်ကြမှာ သဘာဝ ကိုး"

"မေမေတို့ပြောတော့ ချစ်တာနဲ့လက်ထပ်တာ တစ်ကဏ္ဍဆီ ပဲဆို"

"သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ဒီကိစ္စကို ဒီမှာတင်ရပ်လိုက်ကြရအောင်။ အစီအစဉ် ပျက်သွားတဲ့အတွက်တော့ စိတ်မကောင်းဖြစ်မိပါတယ် ကိုဇင်မင်း။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ စီးပွားဖက်မိတ်ဆွေတွေအဖြစ် ဆက်လက် ရှိနေဖို့ မျှော်လင့်ပါတယ်"

"အန်တီ စိတ်မကောင်းလိုက်တာ သမီးရယ်။ ယဉ်ယဉ့်ကို လည်း မမသက် တောင်းပန်ပါတယ်ကွယ်"

"ဘယ်တတ်နိုင်ပါ့မလဲ မမသက်ရယ်။ ဖူးစာက မမှန်တာ ကိုး"

"အင်း ...ဟုတ်ပါတယ်လေ၊ အိမ်ထောင်သာယာဖို့ အတွက် သမီးတို့နှစ်ယောက်စလုံး စိတ်ချမ်းသာဖို့က ပိုအဓိကျပါ တယ်။ ကဲကဲ ...ပြန်ကြရအောင်"

သိပ်ကြီး မျက်နှာမပျက်ကြတော့ဘဲ ထပြန်ကြပြီမို့ သူတို့ မိသားစု တိုက်အဝ ကားအနီးထိ လိုက်ပို့ပေးကြပါသည်။ သူလည်း မရှိသေရာကျမည်စိုး၍ မေမေ့ဘေးမှ လိုက်လာခဲ့ပါ၏။ ဦးဇင်မင်းနှင့် အန်တီဒေါ်ယဉ်ယဉ်လဲ့က ကားပေါ်တက်နှင့်ပေမယ့် 'ရွှန်း' က သူ့ရှေ့ မှာ မျက်လွှာချကာ ရပ်နေတုန်းပါလေ။

"မေးစရာရှိလို့ပါ"

"မေးပါ ရွှန်း၊ ရပါတယ်"





သူမက မငိုမိစေရန် စိတ်ကိုထိန်းထားပုံရလေ၏။ သို့သော် တရုဏာသက်မိရုံနှင့် ချစ်ခြင်းတစ်ခုကို မဖန်တီးနိုင်ပါလေ။ သူ့နှလုံး သားက သူမနှင့်ပတ်သက်ပြီး ထူးဆန်းမှုမပြတာမို့ ခက်သားလား။ Sorry ပါ 'ရွှန်း' ရယ်။

"ရွှန်း နားလည်ဖို့လိုအပ်တယ်ဆိုတဲ့အရာပါ"

"ဩော် ... အဲဒါလား"

"ဟုတ်ကဲ့"

"လူနှစ်ယောက် လက်ထပ်ပြီး အိမ်ထောင်ထူထောင်ဖို့ အတွက် အဓိကအခြေခံအုတ်မြစ်က နားလည်မှုပါ။ တစ်ယောက်နဲ့ တစ်ယောက် ချစ်ခင်တွယ်တာရပါမယ်။ တစ်ဦးအပေါ်တစ်ဦး တန်ဖိုး ထားတတ်ရမယ်။ ကြင်နာစာနာတတ်ရမယ်၊ သနားညှာတာတတ်ရ မယ်။ တစ်ယောက်ကိုတစ်ယောက် ခွင့်လွှတ်တတ်ရတယ်။ ပြီးတော့ တစ်ယောက်အတွက် ကျန်တစ်ယောက်က စွန့်လွှတ်ပေးနိုင်ရပါတယ် ရွှန်း။ ယုံကြည်မှု အားကိုးမှုဆိုတာတွေ မရှိဘဲ အတ္တမာနနဲ့ ဘဝတစ်ခု တည်ဆောက်ဖို့ မရနိုင်ပါဘူး။

သူမ ခေါင်းညိတ်ပြကာ ကားပေါ်တက်သွားလေတော့၏ သူဆိုလိုတာကို နားလည်လိမ့်မည်ဟု ယူဆမိပါသည်။

✻



www.burmeseclassic.com

## အခန်း (၂၄)

မှန်ရှေ့မှာ အချိန်အတော်ကြာထိုင်လျက် မျက်နှာကို အလှဆုံး ဖြစ်အောင် စိမ်ပြေနပြေ ပြင်ဆင်ခြယ်သနေမိပါ၏။ လွှမ်းဖို့တောင် အားမရှိတော့ပါလား။ တွေ့ပါမည်ဟု အကြောင်းပြန်ခဲ့ပါလျက် ပြဿနာက မီးတောင်ပေါက်သလိုနှယ် အမြန်ဆုံးရောက်လာတာပါ လေ။

"ပိုင်းချစ်! ပိုင်းချစ်!"

ခန္ဓာကိုယ်ပြည့်ပြည့်လေးကိုမှ အားမနာတဲ့ 'မမမီးမီး'က အိမ်ပေါ်သို့ အပြေးတက်လာလေ၏။ အခန်းထဲဝင်လာပြီမို့ ခေါင်းဖြီး





နေရင်း လှည့်ကြည့်လိုက်ရပါသည်။ လက်ထဲမှာ သတင်းစာဖြန့်ရင်း ဘာမှမပြောနိုင်ဘဲ 'ပိုင်း' ကို ငေးခနဲကြည့်လိုက်လေ၏။ ပါလာပြီ လား။ အနေးနဲ့အမြန် ဒီသတင်းပါလာလိမ့်မည်မှန်း သိနေပါသည်။ ရင်ထဲမှာတော့ အောင့်သက်သက်ခံစားနေရပါ၏။

"သတင်းစာထဲမှာ"

"ဘာလဲ စေ့စပ်ကြောင်းလမ်းခြင်းသတင်း ပါလာပြီလား"

"ဟင်! . . . နင်သိနေတယ်"

"အတိအကျတော့ မဟုတ်ဘူးပေါ့။ ပိုင်းရဲ့ Boss မမက ကျန်ခဲ့တဲ့လကတည်းက အရိပ်အမြွက် ပြောလို့ သိထားတာ"

"နင် ဘာမှမဖြစ်ဘူးလား"

ဆံပင်ကို မကျစ်မထုံးပေမယ့် မြင့်မြင့်လေး ချည်လိုက်ပါ၏။ အစိမ်းရောင် one set နှင့် လိုက်ဖက်စေမည့် လိမ္မော်ရောင် နှုတ်ခမ်း ဆိုးဆေးကို ပြေပြေလေးဆိုးလိုက်ပါသည်။ မျက်ခုံးလည်း ဆွဲပြီးပြီမို့ ပြည့်စုံသွားပါ၏။ ဒီနေ့တော့ သနပ်ခါးပါးကွက်ကို မလူးတော့ဘဲ အကျီလုံခြည်ဖြင့် လူကြီး style ဖမ်းပြရတော့မှာလေ။

"ပိုင်း"

"ဘာလဲကွာ"

"တကယ် ဘာမှမဖြစ်တာသေချာရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ငိုမှာစိုးရိမ်လို့လား။ ငိုချင်လည်း ခဏတော့ အောင့်ထား လိုက်ပါ့မယ် မမီးမီးရယ်။ အိမ်ပြန်ရောက်မှပဲ အတိုးနဲ့အရင်းပေါင်းပြီး မျက်ရည်ကျပွဲကြီး ကျင်းပကြတာပေါ့"

"ဟဲ့! . . . ဘယ်လိုကြီးလဲ အခုက"

"သူနဲ့သွားတွေ့မလို့လေ"

"ဟယ် . . . ဟုတ်ရဲ့လား ဝိုင်းချစ်ရယ်"

"စိတ်ချပါ မမီးမီးရယ်၊ ဝိုင်း ဘာမှမဖြစ်စေရပါဘူး"

"နင် သူနဲ့ငိုးရာလိုက်မှာတော့ မဟုတ်လောက်ပါဘူးနော်"

Blouse အင်္ကျီခါးကို ဆွဲဆန့်ရင်းမှ မျက်စောင်းလှည့်ထိုး လိုက်မိပါ၏။ လူကို အထင်သေးလှချည်လား။ ကိုယ့်အစ်မမို့ စိုးရိမ် တကြီးဖြင့် မေးတာပဲဖြစ်မှာပါ။ အရင်ဆုံး မေမေ့ကို မျက်နှာပူမိပါ၏။ မေမေကိုယ်တိုင် လိုလိုလားလားဖြင့် အိမ်ခေါ်တွေ့ခဲ့ပါသည့် သမက် လောင်းလေးက နောက်ဆုံးနေ့မှာပင် 'ဝိုင်း' ကို ပစ်ပယ်ကန့်ထုတ်လိုက် ပြီ မဟုတ်ပါလား။ စိတ်မကောင်းဖြစ်ရပါတယ် မေမေ။ တကယ်ပါ။

"ဝိုင်းမှာ မာနတော့ရှိပါတယ်။ ကိုယ်သိက္ခာကျစေမယ့် အလုပ်မျိုး လုပ်ပါ့မလား"

"အေးပါ . . . လက်လွန်ခြေလွန်တွေတော့ မလုပ်လာမိ စေနဲ့ဦး"





"အင်းပါ"

Slimbag မလွယ်တော့တဲ့ phone ကို ဝိုက်ဆံအိတ် အနေ တော်အပြားလေးထဲထည့်ကာ 'မမီးမီး' နှင့်အတူ ဆင်းခဲ့ပါ၏။ မနက် စာလည်း မေမေနှင့်အတူ စားပြီးပြီမို့ အပြင်ခဏထွက်မည်ဟုသာ ခွင့်တောင်းခဲ့တာပါ။ သတင်းစာထဲကကိစ္စကို မေမေသိနေပြီမို့ စကား တော့ ပြောရဦးမှာပါပဲ။

"သမီးငယ်"

"စိတ်မကောင်းဖြစ်သွားလား မေမေ"

"သူနဲ့သွားတွေ့မလို့လား"

"ဟုတ်!"

"အိမ်မှာတွေ့မလို့လား သမီး"

"မဟုတ်ပါဘူး မေမေ။ လိုလိုချင်ချင်နဲ့ မဖိတ်ခေါ်တဲ့ တံစက် မြိတ်အောက်ကို နောက်ထပ်သွားစရာမှ မလိုတော့တာ"

"မေမေ့ကြောင့်များလား သမီးရယ်"

"မဟုတ်တာ မေမေရယ်"

မေမေက 'ဝိုင်း' ကို ခပ်တင်းတင်းလေး ဖက်ထားလိုက်ပေ ၏။ မေမေ့ကြောင့် မဟုတ်ရပါ။ 'ဝိုင်း' ရဲ့ ကံကြမ္မာကိုက ဖူးစာပဲ့ရေစည် ကျဲလို့ တစ်ယောက်ပြီးတစ်ယောက် လွဲခဲ့ရတာပဲ ထင်ပါရဲ့။ သူများကို

www.burmeseclassic.com



အပြစ်မြင်ဖို့ထက် 'ဗိုင်း' ကိုယ် 'ဗိုင်း' သာ အပြစ်တင်ရမှာပါလေ။

"မေမေ့ကြောင့် မောင်သန့်ဇင်နဲ့လည်း"

"ပြီးတာတွေ ပြီးပါစေလား မေမေ"

"အဲဒီတုန်းက သမီးက သိပ်ငယ်လွန်းသေးလို့ မေမေက တားခဲ့မိတာပါကွယ်"

"ဗိုင်းသိပါတယ် မေမေ။ နားလည်ပါတယ်၊ စိတ်မကောင်း မဖြစ်ပါနဲ့"

"မိုးမချုပ်စေနဲ့နော်"

"အခုပြောပြီး ပြန်လာရုံပါ မေမေ။ တရှည်တဝေး ပြောစရာ တွေမှ မရှိတော့တာ။ ဗိုင်းသွားပြီ မေမေ"

"အေးပါကွယ်"

အိမ်ထဲမှထွက်ကာ လမ်းမထက် လျှောက်ခဲ့ပြီး လမ်းဆုံမှာ ရပ်ထားပါသည့် Taxi ပေါ်သို့ တက်ထိုင်၍ စီးခဲ့ပါ၏။ အင်းလျားကန် ဘောင်မှာ တွေ့ဖို့ ပြောထားသဖြင့် အင်းစိန်လမ်းမှ မမောင်းဘဲ ဇော်ဘွားကြီးကုန်းထိပ်မှ ပြည်လမ်းသို့ သွားစေပါသည်။ နာရီဝက်ခန့် အကြာမှာ (၆) မိုင်ခွဲဂိတ်သို့ ရောက်ပြီး ဟိုဘက်အခြမ်းသို့ ကားရှင်း အောင် စောင့်ပြီး ကားကိုကွေ့ရပ်စေပါ၏။ ကားခထုတ်ရှင်းလိုက်ပြီး နောက် ကန်ဘောင်လှေကားထစ်တို့ကို ဖြည်းဖြည်းခြင်း တက်လာခဲ့





ပါသည်။ (၉) နာရီနေက စတင်ပူနေပေမယ့် လေကတော့ အေးနေ လေ၏။

အုတ်လှေကားထစ်များမှ တစ်ထစ်ချင်း တက်လာနေပါသည့် အစိမ်းနုရောင် မိန်းကလေးကို သူ ငေးခနဲကြည့်နေမိလေသည်။ လှကြီးဆန်သည့် ပုံစံမျိုးဖြင့် သူနှင့် တစ်ခါမှ မတွေ့ဖူးခဲ့ပါလေ။ လေပြည်သွေးလိုက်ခြင်းကြောင့် ကျောနောက်မှ ဆံစတို့ လွင့်သွားပုံက တမျာဆန်လွန်းလေစွ။

ဟြော် . . . 'ဗိုင်း' ရယ်။

"ဗိုင်း"

"ရောက်နေပြီလား"

"ကိုယ်"

"ခဏလေး ကိုကို၊ တအောင့်နေမှ ပြောကြရအောင်၊ ဗိုင်း မောနေလို့ပါ"

'ကိုကို' ဟု အခေါ်အဝေါ်မပြောင်းသေးသဖြင့် တော်ပါသေး သည်။ သူ့ကိုမြင်သည်နှင့် အော်ဟစ်ငိုပါက်ကွဲမည်ဟု ထင်ထားပါ လျက် ဆန့်ကျင်စွာ တည်ငြိမ်နေတာကိုလည်း အလိုလို လန့်နေမိတာ ပါ။ မုန်တိုင်းမလာခင် လေငြိမ်နေတတ်တာ သဘာဝမဟုတ်ပါလား။

နှစ်ယောက်သား ထိုင်ခုံတန်းထက် ထိုင်လိုက်ကြပြီး ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မပြောဖြစ်ပါပဲ ငြိမ်နေမိကြ၏။ သူ့ကိုမတိုင်ပင်ပါဘဲ 'ရှိစ့်မေရီ' နှင့် ခရစ်ကြောင်းလမ်းခြင်းကို သတင်းစာထဲ ထည့်ကြော်ငြာလိုက်သဖြင့် အိမ်မှာ ပွက်လောရိုက်ခဲ့ရတာပါ။ တစ်ကြိမ်တစ်ခါမှ မအော်ခဲ့ဖူးပါဘဲ မေမေ့ကို သူ အော်ပြောခဲ့မိလေသည်။ မေမေကဖြင့် အလျှော့မပေးပါဘဲ 'ဝိုင်းကို ရအောင်အပြီးဖြတ်ခဲ့ပါ' တဲ့လေ။ သူ ဤသို့မလုပ်နိုင်ရင် 'ဝိုင်း' တို့အိမ်ကို သွားပြီးပြောမှာတဲ့။ လူကို သက်မဲ့အရုပ်နှယ် မေမေက ကြိုးဆွဲပြချေလေပြီ။

"ကိုယ် ဘာမှမသိဘဲ မေမေတို့ လုပ်လိုက်တဲ့ကိစ္စပါ ဝိုင်း"

"ပြီးစလွယ်တာဝန်မဲ့ မပြောပါနဲ့ ကိုကို။ နှစ်ဦးနှစ်ဖက် မရင်းနှီးကြဘဲနဲ့ ဒီလိုကိစ္စမျိုး ဖြစ်လာစရာအကြောင်းကို မရှိဘူး"

"ကိုယ် တောင်းပန်ပါတယ် ဝိုင်း"

"တောင်းပန်ရုံနဲ့ ပြီးသွားမယ့်ကိစ္စမျိုးမှ မဟုတ်တာကိုကို"

"ဝိုင်းရယ် . . . ကိုယ် ဘယ်လိုရှင်းပြမှ ကိုယ့်ကိုယုံကြည်ပေးမှာလဲ"

ယုံကြည်ရမှာတဲ့လား။ သူ့ကိုယ်သူတောင်မှ မပိုင်ဆိုင်ပါပဲ အမေဖြစ်သူ၏အမိန့်နှင့် အရိပ်အောက်မှာ ရှင်သန်နေရပါလျက် ဒီစကားမျိုး ပြောရဲရတယ်လို့။ ပြတ်ပြီဟု ပြောလည်း မရပါဘဲ message အစောင်စောင်ပို့ phone တဂွမ်ဂွမ်ဆက်သွယ်ခဲ့လို့ 'ဝိုင်း'





စိတ်ကို လျှော့ခဲ့ရတာလေ။

"နင့်အသည်း မမာနိုင်ပါဘူး" ဟု 'မမမီးမီး' တောင် 'ဝိုင်း' ကို ပြောခဲ့တာမဟုတ်ပါလား။ ဒီတစ်ယောက်နှင့်သာ တိတိပပ တွဲဖြစ်ခဲ့တာမို့ ဒီတစ်ပွင့်ကိုသာ 'ဝိုင်း' ပန်ချင်ခဲ့တာပါ။ မမလက်ထပ်ပြီးတာ နှစ်ကျော်တော့မှာမို့ 'ဝိုင်း' ကို 'နောက်နှစ်လား' ဟု မကြာခဏ မေးနေခဲ့ပါသည့် အသိမိတ်ဆွေတွေ၊ ဆွေမျိုးတွေကို ယဲ့ယဲ့မျှသာ ပြုံးပြခဲ့ရတာပါလေ။

အခုတော့ ပတ်ဝန်းကျင်မှာ ဘယ်လိုမျက်နှာမျိုးနဲ့ 'ဝိုင်း' ဆက်ရှင်သန်ရပါ့မလဲ။

"ဝိုင်း ပြောခဲ့ဖူးပါတယ်။ ဝိုင်းက ကိုယ့်ကိုယ်ကိုယ်တောင်မှ မယုံရဲဘူးလို့"

"ဝိုင်း"

"ဒါပေမဲ့ . . . ကိုကို့ကိုတော့ ယုံချင်ခဲ့ပါတယ်။ ကိုကို့မေမေ မလိုလားမှန်းသိလျက်နဲ့ ဝိုင်းအပေါ် အနစ်နာခံနိုင်ပြီး ချစ်ရှာတယ်လို့ပဲ တွေးခဲ့မိတာ"

"ကိုယ် တကယ်ပြောတာပါ ဝိုင်း။ ဒီကိစ္စကို ကိုယ့်သဘော မပါဘဲနဲ့ မေမေ တမင်လုပ်လိုက်တာပါ"

မျက်နှာကို မဲ့လိုက်မိ၏။ ပြောကြတာဖြင့် မိဘနှင့်အားသာမီး



www.burmeseclassic.com

www.burmeseclassic.com



ယှဉ်ကြလျှင် မိဘကသာ အလျှော့ပေးရစမြဲဆို၊ ခုတော့ သားသမီးကပဲ အရှုံးပေးရတာ မဟုတ်ပါလား။ အထူးသဖြင့် အမေ့စကားကို အမြဲနာခံခဲ့ပါသည့်သူက မည်သို့သော ခွန်အားမျိုးနှင့် တွန်းလှန်နိုင်ပါမည်နည်း။

"တော်ပါတော့ ကိုကိုရယ်။ အစကတည်းက ဝိုင်းပြောခဲ့သားပဲ၊ ဝိုင်းတို့နှစ်ယောက် အခြေအနေက မဖြစ်နိုင်ပါဘူးလို့"

"အဲဒီလိုတော့ မပြောပါနဲ့ပလား ဝိုင်းရယ်။ ကိုယ် ဝိုင်းကိုပဲ သိပ်ချစ်တာပါ။ ဝိုင်းကလွဲပြီး"

"ဒါဆို ဝိုင်းကို လူကြီးတွေ သဘောမပါဘဲ လက်ထပ်ရဲပါ့မလား"

အလို! ဘယ်လိုပြောလိုက်တာပါလိမ့်။ 'ဝိုင်း' နှုတ်က ဒီလိုစကားမျိုး ပြောထွက်လာလိမ့်မည်ဟု သူ ထင်မထားမိပါ။ နှစ်ယောက်သား ဖြစ်ချင်ရာဖြစ်ဆိုပြီး မျက်စိမှိတ်ကာ အမှောင်ထဲ ဖွတ်တိုးဝင်ရဲလောက်အောင်လည်း သူ သတ္တိမရှိပါပေ။ အိမ်မှာ မိဘကို ကလန်ကဆန် ပြောမိတာကပင် အပြစ်ကြီးနေပြီဟု သူကိုယ်သူသိနေတော့ ခက်သားလား။

"ကိုကိုမပြောနိုင်ဘူး မဟုတ်လား။ ဝိုင်းမျက်နှာကို တည့်တည့်ကြည့်ပါ ကိုကို"





"ဝိုင်း"

"ဒါ နောက်ဆုံးတွေ့ခြင်းမို့ ရင်ထဲရှိသမျှ အကုန်အစင် ပြောခဲ့ပါမယ်"

"မဟုတ်ဘူး။ ကိုယ် ဝိုင်းကို မပြတ်နိုင်ဘူး ဝိုင်း။ ကျေးဇူးပြုပြီး"

လက်ဖျားကို ကိုင်လိုက်မိစဥ် ရုန်းဖယ်ခြင်းခံလိုက်ရလေ၏။ ရှုရှုတောက်ပသည့် မျက်ဝန်းတွေထဲမှာ ဝမ်းနည်းအားငယ်ခြင်းတို့ မရှိပါဘဲ မာနတို့ဖြင့် ပြည့်နေတာပါလေ။ 'ဝိုင်း' မသိဘူးလား။ အချစ်မှာ မာနတွေ၊ အတ္တတွေ စွန်းပေနေပါလျှင် အဲဒီအချစ်က အရောင်ပြောင်းသွားတတ်တာကိုလေ။

"မျက်နှာများတယ်ဆိုတဲ့အလုပ်က ယောက်ျားတွေရဲ့ဘဝမှာ ပဲရှိတာ မဟုတ်ဘူး။ ချစ်သူဖြစ်တဲ့ ကာလလေးမှာတောင် 'ဝိုင်း' က 'ကိုကို' ရဲ့နံပါတ် (၁) နေရာမှာ မရှိရင် ဘယ်အချိန်မှာမှ အဲဒီနေရာကို 'ဝိုင်း' ပိုင်ဆိုင်ရမှာလဲ။ မိသားစုအတွင်းမှာ ပထမဦးစားပေးခြင်းခံရတာ 'ကိုကို' တစ်ယောက်တည်းလို့ ထင်မနေပါနဲ့။ ဘယ်သားသမီးမဆို မိဘတိုင်းရဲ့ ဦးစားပေးတန်ဖိုးထားခြင်းကို လက်ခံခဲ့ရတာချည်းပါပဲ။ မိဘတွေထက်ပိုချစ်လို့ 'ကိုကို' ကို 'ဝိုင်း' ရွေးချယ်ခဲ့တာ၊ 'ဝိုင်း' ကိုယ် 'ဝိုင်း' ထက် ပိုမြတ်နိုးလို့ 'ကိုကို' လက်ထဲကို ဘဝကြီးတစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



ပုံပေးဖို့ မိုက်မိုက်မဲမဲ ဆုံးဖြတ်ခဲ့တာပါ။ 'ဝိုင်း' ယုံကြည်ထားတဲ့ ချစ်ခြင်းရဲ့အဆုံးသတ်က ဒီလိုကျောခိုင်းချန်ထားခဲ့ခြင်းတဲ့လား။ ကောင်းပြီ 'ကိုကို'။ ဘယ်အရာမဆို တူညီတဲ့ တန်ဖိုးနဲ့ တုံ့ပြန်မှုတစ်ခုခုတော့ ရှိနေမှာ ဓမ္မတာပဲ။ 'ကိုကို' ခြေမွခဲ့တဲ့ 'ဝိုင်း' ရဲ့အသည်းနှလုံးအတွက် ပြန်ပေးရမယ့် လျော်ကြေးက ကြီးလိမ့်မယ်ဆိုတာကိုတော့ သိထားပေးပါ။ ဒါပါပဲ"

"ဝိုင်း! "

"နောက်ဆို phone လည်း ဆက်စရာမလိုဘူး။ message လည်း မပို့ပါနဲ့။ လမ်းမှာ မတော်တဆဆုံခဲ့ရင်တောင် မသိချင်ယောင်ဆောင်ပေးပါ"

"ဝိုင်း ... ဝိုင်း"

သူ့ရှေ့မှ ပြေးဆင်းသွားပါသည့် 'ဝိုင်း' ၏ ကျောပြင်လေးကို ငေးရင်း ရပ်ကျန်ခဲ့ရလေတော့၏။ သူချန်ခဲ့လို့ အသည်းနှလုံးကြေမွခဲ့ရပါတဲ့။ လက်တွေ့မှာဖြင့် သူကသာ အသည်းကြေခဲ့ရတာပါလေ။

'ဝိုင်း' ရယ်။

စတွေ့စဉ်ကတည်းက အစွဲလမ်းကြီး စွဲလမ်းခဲ့ရတဲ့ သံယောဇဉ်ကြိုးကို ဒီလိုလွယ်လွယ်နဲ့ ဖြတ်တောက်ပစ်လို့ ရပါ့မလား။ နှစ်ကိုယ်တူ ချည်နှောင်ခဲ့သည့် ချစ်ကြိုးမျှင်က သေးသေးလေးဖြစ်ပေမယ့်





အလွန်ခိုင်ခံ့ပါသည်ဟု သူ ယုံကြည်မိခဲ့တာပါ။

ချစ်ခြင်း၏ အခုံးသတ်က နာကျင်ခြင်းဆိုတာကို အစောကြီးကတည်းက သူ ကြိုပြီးသိခဲ့ပါလျှင် 'ဝိုင်း' ကို 'ချစ်တယ်' ဟူသည့် စကားတစ်ခွန်းကို ပြောမိမည် မဟုတ်ပါချေ။

'ဝိုင်း' ၏အပြုံး 'ဝိုင်း' ၏အကြည့်၊ 'ဝိုင်း' ၏ရယ်သံလေးတွေနှင့် သူ အဘယ်မျှ ပျော်ရွှင်ခဲ့ရပါသလဲ။ ပန်းညိုညွှာသီပြီး ကြွယ်ဝသော်ငြား စေတနာအရင်းခံဖြင့် ရင်းနှီးနွေးထွေးခဲ့ပါသည့် မိသားစုအတွင်းမှာ တစ်ယောက်အနေဖြင့် သူ ပါဝင်ချင်ခဲ့တာ အမှန်ပါ။

တစ်ယောက်တစ်ပေါက် အော်ဟစ်ရယ်မောသံတွေဖြင့် ချက်ကြွတ်ကျွေးမွေးခဲ့ကြသည့် အိမ်လေးထဲကို အဝင်မခံတော့ဘူးတဲ့လား။ 'ဝိုင်း' ရဲ့အသည်းကို ခြေမွခဲ့မိတဲ့အတွက် အလျော်ပေးရမှာတဲ့လား ကွယ်။

အဲဒီအတွက် ဘာကိုများ ကိုယ်လျော်ပေးရမှာလဲ။ 'ဝိုင်း' အတွက်ဆိုရင် ကိုယ့်အသက်ကိုတောင် နုတ်ပေးလို့ရရင် ပေးချင်တယ်ဆိုတာကို သိစေချင်ပါရဲ့။

'ဝိုင်း' ရယ်။

ရင့်သီးရက်စက်တဲ့ စကားလုံးတွေထက် စိမ်းကားမှုရှုတဲ့ မင်းမျက်ဝန်းတွေက ကိုယ့်နှလုံးသားကို အက်ဆစ်ပက်ခံရသလိုမျိုး



www.burmeseclassic.com

www.burmeseclassic.com



ခံရခက်စေခဲ့တာအမှန်ပါ။

အခုတော့ မေ့ဖို့ ခဲ့ဖြစ်လိုက်ပြီတဲ့လား။

ငယ်စဉ်ကတည်းက မိတစကားကို အမြဲနာခံခဲ့သဖြင့် အကျင့်လိုဖြစ်ခဲ့ရပါ၏။ မေမေ စိတ်ခုမှာ၊ ပြုငြင်မှာကို နည်းနည်းမျှ မဖြစ်စေခဲ့ပါ။ အပြစ်လုပ်မိသည့်အခါမျိုးမှာ ဆူပူရိုက်နှက်ခဲ့ခြင်းမျိုး မရှိဘဲ 'မေမေ မကြိုက်ဘူး' ဟူသည့် စကားတစ်ခွန်းနှင့်အတူ လိမ္မာပြခဲ့ရတာလေ။ ထိုသို့ မေမေသိပ်ချစ်ခဲ့ပါသည့် သားဖြစ်သူက မေမေ့စိတ်နှင့်မတွေ့သည့် မိန်းကလေးကိုမှ ချစ်မိသွားရတယ်လို့။ ဘာမဆို မေမေနှင့် ဆန့်ကျင်ဘက်ဖြစ်နေတတ်ပါသည့် 'ဝိုင်း' နှင့် အမိန့်ပေးနာခံစေလေ့ရှိသည့် မေမေတို့နှစ်ဦးကြားမှာ သူက မြေဇာပင်နယ် ဖြစ်ခဲ့ရလေသည်။ တစ်ဦးနှင့်တစ်ဦး အလျှော့မပေးကြပါဘဲ သူ့ကိုလွန်ဆွဲသလိုဆွဲနေကြပါသည့် မေမေနှင့် 'ဝိုင်း' ကို ဘယ်ဘက်ကိုမှ မယိုင်မိဘဲ တွေစေခဲ့မိတာ သူ့အမှားလား။ သေချာတာတစ်ခုကဖြင့် မေမေ့ကို သူ သိပ်ချစ်သည်။ ထို့အတူ 'ဝိုင်း' ကိုလည်း။



*

## အခန်း (၂၅)

ကားကို ပြည်လမ်းဘက်ယူ၍ ကွေ့လိုက်ပါ၏။ သူ ဆောက်ပေးရမည့် အဆောက်အဦးက မော်ဘီဘက်မှာမို့ လှည်းတန်းဗိုလ်ကြွင်းသွတ်သည်နှင့် လမ်းကြောင်းယူလိုက်ရတာပါ။ မှတ်တိုင်တစ်ခုပြီးတစ်ခု ကျော်ဖြတ်ခဲ့ပြီးနောက် AD လမ်း IBC အဆောက်အဦးနားသို့ရောက်စဉ် အင်းလျားကန်ဘောင်မှ ပြေးဆင်းလာသည့် မိန်းကလေးတစ်ဦးကို ရုတ်တရက်တွေ့လိုက်ရပါ၏။

Platform သို့ရောက်စဉ် ရပ်သွားမည်ထင်သော်ငြား မရပ်သေးဘဲ ဆက်ပြေးဟန်ပြုနေ၍ သူ ရင်ထဲထိတ်သွားရပါသည်။ ဘာလဲ



www.burmeseclassic.com

www.burmeseclassic.com



လမ်းမကို ဖြတ်ပြေးမလို့လား။ ဒီလောက်ကားတွေအများကြီး တဝီဝီ မောင်းနေပါသည့် လမ်းကို သေချာကြည့်မကူးပါဘဲ မျက်နှာကိုအုပ်ပြီး ဖွတ်ကူးမလို့ပေါ့လေ။

"ဟာ!"

"တီ!"

"ကျွီ!"

ကားကို အရှိန်လျှော့လိုက်စဉ်မှာပင် မိန်းကလေးက လမ်းဘေးမှာ ပုံလဲကျသွားလေ၏။ ကားကို အမြန်ဘရိတ်နင်းကာ ကားပေါ်မှ သူ ဆင်းလိုက်ပါသည်။ လမ်းမှာ လူအတော်ရှင်းနေသဖြင့် ကူညီမည့်သူ တစ်ယောက်မှ ရှိမနေပါလား။

"ဒီမှာ၊ ဟင်! ဝိုင်း"

ခန္ဓာကိုယ် ကျစ်ကျစ်လေးကို ဆွဲထူမိစဉ် သူ့ရင်ထဲ ဒိန်းခနဲ မြည်သွားရလေ၏။ ဘုရားရေ! သူ၏အသည်းနှလုံးကိုမှ မထင်မှတ်ဘဲ နေရာမှာ ရုတ်တရက်ပြန်တွေ့ရပြန်ပါရောလား။ တကြော်ကြော်ခေါ်နေသော်ငြား မျက်ရည်တို့ဖြင့် သတိလစ်နေပါသည့် သူမက မကြားနိုင်ပါလေ။ ခန္ဓာကိုယ် သေးသေးသွယ်သွယ်လေးကို ခွေ့ခနဲပွေ့ချီလျက် ကားပေါ်တင်ထိုင်စေကာ ခုံကို ခပ်လျှောလျှောလုပ်၍ ခုံမှ ကြိုးသိုင်း ပတ်ပေးလိုက်ပါ၏။ ပြီးမှ အနီးဆုံးဖြစ်မည့် ပုဂ္ဂလိက ဆေးခန်းကြီးဆီ





အမြန်ဆုံး မောင်းလိုက်ရလေသည်။

"ဘာဖြစ်လာလို့လဲ"

"သတိမေ့ပြီး လဲသွားတာပါ ဒေါက်တာ"

"နာမည်နဲ့အသက်က"

"ဝိုင်းဝသသန်ချစ်၊ အသက် (၂၁) နှစ်ပါ"

"ခဏဖယ်ပေးပါ"

လူနာကို အရေးကြီးဆောင်ပို့လိုက်သဖြင့် သူ အပြင်မှာ ကျန်ရစ်ခဲ့ရပါ၏။ ဘယ်လိုလုပ်ရပါ့မလဲ။ 'ဝိုင်း' အိမ်ကို အကြောင်းကြားချင်ပေမယ့် စိတ်ပူနေတာမို့ မဖြစ်သေးပါ။ လူက ဗျာများပြီး ဘာလုပ်ရ ဘာကိုင်ရမည်မှန်း မသိတော့ပါလေ။ နောက်မှ 'ဝိုင်း'၏ ပိုက်ဆံအိတ်ကိုဖွင့်ရှာရင်း phone ကိုတွေ့ရသဖြင့် ဖွင့်ကြည့်ကာ 'မီးမီး' ၏နံပါတ်ကို ခေါ်လိုက်ရပါသည်။

'ကလေး' သတိ အမြန်ရပါစေနော်။

"ဟယ်!...ငါ စာပြနေတုန်း phone ခေါ်တာ မကြိုက်ဘူး ပြောထားတယ် မဟုတ်လား"

"ယုယ ကိုယ်ပါ"

"ကိုယ်ဆိုတာ ဘယ်သူလဲ၊ ဒါ ဝိုင်းချစ်ရဲ့ phone လေ"

"ဟုတ်ပါတယ်၊ ဝိုင်း သတိလစ်သွားတာတွေ့လို့ ဆေးခန်း



www.burmeseclassic.com

www.burmeseclassic.com



ပို့လိုက်ရတယ်။ ကိုယ် ကျော်သန့်ဇင်ပါ"

"ဘာရယ်"

"စိတ်အရမ်းမပူပါနဲ့နော်။ လူကြီးတွေကို အသိမပေးလိုက်နဲ့ဦး ကိုယ်"

"မီးမီးလာမယ် ကိုသန့်ဇင်၊ ဘယ်ဆေးခန်းဆိုတာကိုပဲပြောပါ"

ဆေးခန်းအမည်ကို သူပြောလိုက်ပါ၏။ လူနာရှင်နေရာမှာ သူ့နာမည်ဖြည့်ကာ ဆေးသွင်းထားပါသည့် 'ဝိုင်း' ၏ခုတင်ဘေးရှိ ခုံမှာ သူ ထိုင်စောင့်နေမိလေသည်။ မျက်ခွံတို့ စေ့ပိတ်ထားသဖြင့် မျက်တောင်ကော့ကော့လေးတို့ကို သူ အငေးသား ကြည့်နေမိပါ၏။ လုံချည်ဝတ်ထားတာမို့ ရင့်ကျက်တည်ငြိမ်သည့် ပုံရိပ်တို့ဖြင့် ယဉ်နေလေသည်။

ဟိုတုန်းကလို ချစ်စရာကောင်းတုန်းပါပဲလား။ ဟိုစဉ်က ပြည့်ဖောင်းဖောင်းလေးဖြစ်ခဲ့သည့် ပါးပြင်မို့မို့လေးထက်မှာ သူ သဘောကျ နှစ်ခြိုက်ခဲ့ပါသည့် သနပ်ခါးပါးကွက်ကြားလေး ရှိမနေတော့ပြီ။

ဟိုစဉ်က ဆိုးဆေးမတင်ခဲ့သည့် ပန်းသွေးရောင်နှုတ်ခမ်းထက် လိမ်မှော်ရောင် colour က မပြယ့်တပြယ်။ ဟိုတစ်ချိန်က မရိတ်ခဲ့ပါသည့် မျက်ခုံးထူထူလေးက ခုတော့ဖြင့် အမျှင်တန်း ခုံးခုံး





လေးသာ ရှိနေပြီး အညိုရောင်ရင့်ရင့် ခဲသားဆွဲထားလို့ပါလေ။

တစ်ချိန်ကဖြင့် ကလေးဆန်ပြီး အလှဖြစ်ခဲ့ပါသည့် ချာတိတ်မှာ ခုတော့ဖြင့် အလှကြိုက်တတ်နေပြီပေါ့။ အဘယ်သို့သောအရာက 'ဝိုင်း' ကို လှစေချင်လာရပါသနည်း။

ဖြူဝင်းမွတ်နေပါသည့် လက်ဖျံထက် အပ်စိုက်ကာ ဆေးရည်တစ်စက်ချင်း ကျထားစေတာမို့ နာကျင်မှာစိုးပြီး သနားနေမိပါ၏။ စိတ်ပန်းတနည်းငိုကြွေးပြီး သတိလစ်သည်အထိ ဖြစ်ရလေအောင် အဘယ်သို့သော အဖြစ်ဆိုးမျိုးနှင့် ကြုံခဲ့ရပါသလဲ။

"ဒေါက်တာ"

"စိတ်ထိခိုက်စရာတစ်ခုခုနဲ့ ကြုံသွားလို့ shock ဖြစ်သွားတာပါ။ ဘာမှ စိုးရိမ်စရာမရှိပါဘူး။ တအောင့်နေ သတိရလာပါလိမ့်မယ်"

"သူသတိရရင် ပြန်လို့ရပါသလား"

"ရပါတယ်။ Drip ကုန်ရင် Nurse ကိုခေါ်ပြီး ဖြုတ်ခိုင်းလိုက်ပါ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဒေါက်တာ"

ဆရာဝန်ထွက်သွားပြီမို့ သူမ ခေါင်းရင်းမှာ ပြန်ထိုင်ရင်း လက်ချောင်းနုနုလေးကို ဆုပ်ကိုင်ထားလိုက်မိပါ၏။ ကျေးဇူးပြုပြီး သတိပြန်ရ



www.burmeseclassic.com

www.burmeseclassic.com



ပါတော့လား 'ဝိုင်း' ရယ်။

စိတ်ထိခိုက်ဝမ်းနည်းခဲ့သမျှ စိတ်ချမ်းသာရအောင် ကိုယ်ကြိုးစားပေးပါ့မယ်။

စိတ်ဆင်းရဲနာကျင်ခဲ့ရသမျှ 'ဝိုင်း' ရဲ့ ဒဏ်ရာကို သက်သာစေဖို့ ကိုယ် ပြုစုပေးပါ့မယ်။

နလုံးသားကြေကွဲခဲ့ရလျှင်လည်း 'ဝိုင်း' ရဲ့အသည်းကို ကိုယ့်ပဲ အစားပြန်လျှော်ပေးပါ့မယ်နော်။

"အင်း"

"ဝိုင်း . . . ဝိုင်းလေ။ သတိရလာပြီလား ဝိုင်း"

"အင်း . . . ဟင်!"

"ကိုယ့်ကို မှတ်မိလား"

"ကိုကြီး"

"တော်ပါသေးရဲ့။ ဘာမှမဖြစ်လို့"

"ဝိုင်း ဘယ်ကိုရောက်နေတာလဲ"

"သတိလစ်ပြီးလဲကျသွားလို့ ကိုယ် ဆေးခန်းခေါ်လာပေးတာ"

"ကိုကြီးက"

"မော်တော်ဘိုက် သွားရင်းနဲ့ လမ်းမှာ ကြုံသွားတာပါ။





တော်သေးတာပေါ့။ ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် အဲဒီလမ်းကို ကိုယ်သွားဖြစ်လို့"

သူမ ဘာမှထပ်မပြောပါဘဲ မျက်ရည်ဝဲလျက် ငြိမ်သွားလေ၏။ ဆေးသွင်းနေတာ မပြီးသေးသဖြင့် မလှုပ်မိစေရန် သူ သတိပေးလိုက်ရပါသည်။ ဒါပဲလား။ နောက်ထပ် ပြောစရာမရှိအောင် သူတို့နှစ်ယောက်ကြားမှာ ဘာတွေများ ကာဆီးခြားထားပါသလဲ။

"ဟိုတစ်လောက"

"ကေရီ Mart မှာဆုံခဲ့တာကို ပြောချင်တာလား"

"ဟုတ်တယ်"

"ရွှန်းနဲ့ ရင်းနှီးခဲ့သလောက် ရင်းနှီးခဲ့ရှုပါ"

"ဩော်"

"ကိုယ့်ကို အထင်လွဲသွားတာလား"

"မဟုတ်ပါဘူး"

"ကိုယ်နဲ့ရွှန်းက အရင်းကြီးနော်။ ဘာမှ မပတ်သက်ဘူး"

"အင်းပါ . . . ဝိုင်းက ဘာမေးနေလို့လဲ"

များပျားသလဲဖြေရှင်းနေပါသည့် သူ့ကို အားနာနေမိ၏။ ကြမ္မာများ 'ဝိုင်း' ကို လိုသလို လှည့်စားနေပါရောလား။ ရည်းစားဖြစ် သူနှင့် လမ်းခွဲပြီး ပြတ်လာကာမှ 'ကိုကြီး' နှင့် တွေ့ရတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



တွေ့ခွင့်မရှိတော့သည့် လူနှစ်ယောက်က မည်သို့သောပုံစံဖြင့် အခုလို ဆုံတွေ့နေရပါသလဲ။

"ကိုယ် နိုင်ငံခြားရောက်နေတာ လေးနှစ်စလုံးပဲ။ ပြန်လာတဲ့ နေ့တုန်းက ဝိုင်းကို လေဆိပ်မှာ တွေ့ခဲ့တယ်။ မမတို့နဲ့အတူလေ"

"ဟင်"

"Mart မှာပြန်ဆုံတာက ဒုတိယအကြိမ်ပဲ။ အခုက တတိယ အကြိမ်ပဲ"

"------"

"ဖေယျာ အိမ်ထောင်ပြုသွားပြီ"

"ဝိုင်းတို့သိတယ်"

"အခု သမီးလေး ရနေပြီ"

"သြော်"

"အဲဒီကလေးလေးရဲ့နာမည်က ဘာလဲသိလား။ ယုယချစ် တဲ့"

လူနာအခန်းဝရောက်စဉ် 'ယုယ' ခြေလှမ်းတို့ တုံ့ခနဲ ရပ်သွားရပါ၏။ တစ်ချိန်က တိတ်တခိုးချစ်ခဲ့ကြပါသည့် 'ဝိုင်းချစ်' တို့နှစ်ဦးကို အနှောင့်အယှက်မပေးချင်၍ အသံမပေးဘဲ ရပ်နေကာမှ ကြားလိုက်ရသည့်က 'ကိုဇေ' အကြောင်းတဲ့လား။ သမီးလေးတောင်ရနေပြီတဲ့။





ဘာလို့များ 'ယု' တို့နာမည်ပါအောင် မှည့်ရပါသလဲ။

"ကိုယ် ခုထိတစ်ယောက်တည်းရှိနေတုန်းပဲ"

ကြည့်စမ်း! ဒါက Intro ဝင်တော့မှာမို့ အစပျိုးလိုက်တာပေါ့လေ။ တံခါးဟကာ ချောင်းကြည့်မိစဉ် ခုတင်ထက် ပက်လက်လေး ဖြစ်နေပါသည့် ညီမလေးက မျက်ရည်အဝဲသားနှင့် အားငယ်နေသည့် နယ်ပါ။ ဒါပေမဲ့ ဘေးမှာက အားပေးဖော်အဆင်သင့် ရှိနေပါ၏။

"ဝိုင်း မသိချင်ပါဘူး"

"သိချင်မလားလို့ ပြောပြတာလေ"

"ဝိုင်းမှာ ... ဝိုင်းမှာ ချစ်သူရှိခဲ့တယ်"

"အင်း"

"ကိုကြီး စိတ်မဆိုးဘူးလား"

"ဘာလို့ဆိုးရမှာလဲ။ အရွယ်ရောက်လို့ ချစ်သူထားတာ သဘာဝပဲဟာ။ အိမ်ကခွင့်ပြုတယ် မဟုတ်လား"

ပါးပြင်ထက် မျက်ရည်က ပေါက်ခနဲ စီးကျသွားပါ၏။ မငိုမိအောင် ထိန်းထားပေမယ့် သူ့ရှေ့မှာ မထိန်းနိုင်လို့ပါလေ။ သူကဖြင့် ခုချိန်ထိ တစ်ယောက်တည်းနေတတ်ပြီး 'ဝိုင်း'ကဖြင့် 'ဝိုင်း'ကဖြင့် ရင်ခုန်ဘက်ရှာခဲ့မိတာလေ။ နောက်ဆုံးတော့လည်း အဲဒီရင်ခုန်ဘက်တ ရင်ကို ဟက်တက်ခွဲသွားရက်တာ မဟုတ်ပါလား။

www.burmeseclassic.com



ဩော် 'ကိုကြီး' ရယ်။

"ဘာဖြစ်လို့လဲ ပိုင်။ နာလို့လား"

"အင်း . . . ဒီထဲက နာတာပါ"

"ဆေးသွင်းတာ တစ်ခုခုမှားပြီလား။ ကိုယ် ဆရာဝန် သွားခေါ်"

"ဟင့်အင်း . . . မခေါ်ပါနဲ့"

"ပိုင်းပဲ နာတယ်ဆို။ ဘာဖြစ်ပါ့မလဲ"

"ကိုကြီးအတွက်ပါ"

"ဘယ်လို"

"ကိုကြီးနဲ့တုန်းကတော့ မေမေက ပိတ်ပင်ခဲ့ပြီး သူနဲ့ကျ ခွင့်ပြုခဲ့တယ်လေ"

"ဩော် . . . ဒါကတော့ ပိုင်းရယ်။ အဲဒီတုန်းက ပိုင်းကမှ အရွယ်မရောက်သေးတာ။ ကိုယ်နားလည်ပါတယ်"

ကြည့်ပါဦး။ ချစ်သူရှာခဲ့ပါသည့် ပိုင်းကိုမှ နားလည်သတဲ့လေ။ ဘာဆက်ပြောရမှန်းပင် မသိတော့ဘဲ တည်ကြည်ခန့်ငြားလွန်းပါသည့် သူ့မျက်နှာကို ခပ်ငေးငေး ကြည့်နေမိပါ၏။ စောစောက စိုးရိမ်တကြီး ကိုင်ထားပါသည့် လက်က 'ပိုင်း' မှာ ချစ်သူရှိမှန်းသိသည်နှင့် အသာဖယ်သွားတော့တာပါလေ။





မေမေ . . . မေမေသဘောမတူခဲ့ပါသည့် လူတစ်ယောက်က ခုထိ 'ပိုင်း' အပေါ် စည်းစောင့်နေဆဲဆိုတာကို မြင်ပါရဲ့လား။

"အဲဒီလူက ပိုင်းရင်ကို ကွဲစေခဲ့လို့ မေမေလည်း စိတ်ကောင်းဖြစ်နေရပါတယ်"

"ဖြစ်ရလေ ပိုင်းရယ်"

"ပိုင်းအဖြစ်က ဆိုးတယ်နော်"

"မဟုတ်တာ၊ Drip ကုန်ရင် ပြန်လို့ရပြီတဲ့။ ကိုယ် အိမ် လိုက်ပို့ပေးပါ့မယ်"

"နေပါစေ"

"ဘာနေပါစေလဲ ပိုင်းရဲ့"

"မေမေနဲ့ တွေ့ရဲလို့လား"

"အင်း . . . ဘယ်လိုပြောရမလဲ။ တွေ့ရဲပြီဆိုပါတော့"

"ဘာဖြစ်လို့လဲ"

"ပိုင်းက အရွယ်ရောက်နေပြီဆိုတော့လေ"

"ဟင်! . . . ဘာဆိုင်လို့လဲ"

"မဆိုင်ဘူးလား။ ကိုယ်က ဆိုင်ချင်တယ်ဆိုရင်ရော"

"ဘယ်လိုဆိုင်ချင်တာလဲ"

"သိချင်လား"



www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း! အဟမ်း! ... လူနာလာကြည့်လို့ ရပြီလားဟေ့။ ငါ ဝင်လာပြီနော်"

"ဟာကွာ ... အဲဒီယုယကတော့ ထုံးစံအတိုင်း အရေး အကြောင်းဆို ရောက်လာပြီ"

"အံမယ် ... မီးမီးကို အပြစ်မတင်ချင်ပါနဲ့နော်။ ရှင်တို့ နှစ်ယောက်အတွက် အန်တီကြီးကို ပွဲစားလုပ်ပြီး ပြောပေးဖို့ ငါပဲ ရှိတာ"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ၊ အားကိုးပါရစေ"

"ဒါဆို ပြန်ကြမယ်လေ"

သူက ဆေးခန်းကြီးမှဆင်းရန် စီစဉ်ပေးကာ ဆေးကုသ စရိတ်ငွေရှင်းပေးလေ၏။ 'ဝိုင်း' ကို 'မမမီးမီး' နှင့်အတူ ကားနောက် ခန်းမှာ ထိုင်စေပြီး အိမ်သို့ မောင်းခဲ့ပါသည်။ ခြံရှေ့ရောက်စဉ် ကား တံခါးကို ဖွင့်ပေးပြီး ကူတွဲလိုက်လေ၏။ 'မမမီးမီး' က 'ဝိုင်း' ကို တွဲမခေါ်ဘဲ အိမ်ထဲသို့ အရင်ပြေးနှင့်လေပြီ။

"မေမေ့ကို ဘယ်လိုပြောမှာလဲ"

"အန်တီ့သမီးကို အခုတော့ ချစ်ခွင့်ပေးပါလို့ ပြောမှာပေါ့ ဝိုင်းရဲ့"

"ဟင်းနော် ... လူလည်ကြီး"






"လူလည်ကြီး မဟုတ်ပါဘူး။ ကိုကြီးပါ ဝိုင်းရဲ့"

နှစ်ယောက်သား အတူတူရယ်လိုက်စဉ် အိမ်တံခါးချပ်က ပွင့်သွားလေ၏။ တံခါးဝမှာ ရပ်စောင့်နေပါသည့် မေမေက 'ဝိုင်း' တို့ကို နွေးထွေးစွာပြုံးလျက် စောင့်ကြိုနေလေသည်။ ဒီတစ်ခါတော့ 'ဝိုင်း' တို့ ကံကောင်းပါတယ်နော်။

လေးစားလျက် ....



21st Oct 2016
PM (11:11)

[ကြိုးစားမှုကို ဂုဏ်ယူနိုင်ရောက် ညီမလေး "ဝိုင်းချစ်" ခေါ် "ရွှေစေသန်ကျော်" အတွက် အမှတ်တရရေးသားခြင်း ဖြစ်ပါသည်]



www.burmeseclassic.com

www.burmeseclassic.com

နောက်လထွက်မည့်စာအုပ်

"မောင်နှင့်အတူ"

၂၀၁၆ ဒီဇင်ဘာတွင်
ဖတ်နိုင်ပါပြီ . . .

**မမသဒ္ဒါမောင်**
အသည်းကို အလျော်ပေးမယ်

**ကြယ်စင်မှူးဝေ**
အချစ်က တိမ်လို... မြူလို

**မိုးစက်ပွင့်**
ပန်းပေမို့ ကြွေမှာစိုးတယ်လေ

**အလင်းသစ်**
မမေ့နိုင်ဘူးကွယ်... ငယ်ချစ်ဆွေ

**မမသဒ္ဒါမောင်**
အသည်းကို အလျော်ပေးမယ်

**လှိုင်းကြာဖြူ**
ကြွေကွဲပွင့်တို့ ငိုရှိုက်သံ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ကြော်ငြာပွင့်တို့ ငုံရှိက်သံ

ဖအေတူ မအေကွဲ မောင်နှမတွေ မဖြစ်သင့်တာတွေ ဖြစ်တော့မှာပဲ ဆိုပြီး ငါ ညည်းတို့နောက် အရိုန်နဲ့ လိုက်ခဲ့တယ်။ ဒါပေမယ့် . . . ငါ့ကိုအရွဲ့တိုက်ဖို့ ငါမကြိုက်တာတွေကိုပဲလုပ်ဖို့ ဆန္ဒရှိတဲ့ ညည်းကတော့ လင်းခေအောင်နဲ့ သန်လျင်ခြံကို လိုက်သွားခဲ့တယ်၊

မကိုစည်သူထိုက်

ဒီအခန်းထဲကိုဝင် . . . ဒီမျက်နှာဖုံးကိုမြင်ကတည်းက လေးလေးဆိုတာ ယမင်း အလိုလို သိသွားခဲ့တယ်၊ သိသွားလို့ပဲ ဒီရဲ့ကိစ္စကို ရှေ့မဆက်တော့ဖို့ ဆုံးဖြတ်ခဲ့တယ်။ ပြန်စခဲ့မိတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် နောင်တရမိတာ . . . အဲဒါကို လေးလေးက . . . ဘယ်လိုလုပ်ပစ်ရတာလဲ . . . လေးလေး . . .

ယမင်းစံစည်သူထိုက်

ဘာ . . . ဘယ်သူ့ကို . . . ငြိမ်းဆုပန် . . .၊ မင်းရဲ့ စကားလုံးတွေက အောက်တန်းကျ လှချည်လား . . . ပေါက်လွတ်ပဲစား လမ်းဘေးက စကားလုံးတွေကို မင်းဘယ်တုန်းက ပြောတတ်သွားတာလဲ . . .။

နေရက်မြတ်

ကျွန်မရဲ့ညည်းခံနိုင်မှု အတိုင်းအတာက မနက်ကပဲ ကုန်ဆုံးသွားပြီ . . . မိန်းမသားတစ်ယောက်ရဲ့ စိတ်ခံစားချက်ကို ရှင်က ပေါက်လွတ်ပဲစား အတွေးအခေါ်လို့သတ်မှတ်ရင်လည်း ပေါက်လွတ်ပဲစားအတွေးအခေါ်ပဲပေါ့ ...

ငြိမ်းဆုပန်

လှိုင်းကြာဖြူ(လားရှိုး)

# တစ်စိတကိုးပြိုင်ပွဲ

## မူလတန်း ❀ အလယ်တန်း ❀ အထက်တန်း

ပြိုင်ပွဲဝင်တစ်ဦးလျှင် နှစ်သက်ရာစာစီစာကုံး (၃) ပုဒ် ...ပို့နိုင်ပါသည်။ တစ်ပုဒ်လျှင် ဖလာစာရွက် (၇) မျက်နှာခန့် ...ရေးသားနိုင်ပါသည်။

တစ်စီစာကုံးများကို ပေးပို့သူ၏ လိုင်စင်ဓာတ်ပုံ (၁) ...ပုံ၊ ကိုယ်ရေးအကျဉ်း၊ လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်နှင့် ...ကိုယ်တိုင် ရေးသားခြင်းဖြစ်ကြောင်း ဝန်ခံချက်ပါ ပူးတွဲ၍ ...အောက်ပါလိပ်စာသို့ ပေးပို့နိုင်ပါသည်။

(စာအုပ်အဖြစ် ထုတ်ဝေပါမည်)

**ဝက်ထူးပဒေသာ စာတည်းအဖွဲ့**

အမှတ် ၂၂၁၊ (ပထမထပ်)၊ ၃၁ လမ်းအထက်၊
...င်ထရယ်ဟိုတယ်အနား၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၉ - ၉၇၉၀၀၅၆၃၃

www.burmeseclassic.com